

# ဘုရားပဒိုဗုဒ္ဓဝင်

၉၉၉၃

# ဆုထူးပန် ဗုဒ္ဓဝ

ဆုထူးပန် ဦးကျော်

စကားပြေပြန်သည်။

မူပိုင်ရှင်

[ဒေါ်စိန်ကြည်]

ဆုထူးပန် စာပေတိုက်

အမှတ် - ၂၂၁၊ ၂၉ - လမ်း၊ ရန်ကုန်မြို့။

အဖိုး သုံးကျပ်။

ပထမအကြိမ်ပုံနှိပ်ခြင်း

စာအုပ်ရေ(၃၀၀၀)

၁၉၇၁ - ခုနှစ်၊ ဇန္နဝါရီလ။

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၅၃၂)]

ဦးကျော်၊ မှတ်ပုံတင်အမှတ် (မြဲ-၀၁၀၀) ဆုထူးပန်စာပေ၊ အမှတ်-၂၂၁၊ ၂၉-လမ်း၊ ရန်ကုန်မြို့-က ထုတ်ဝေ၍၊ ဒေါ်စန်းရီ၊ မှတ်ပုံတင်အမှတ် (မြဲ-၀၀၂၇) က၊ မဟာဝိဇ္ဇာ စာပုံနှိပ်တိုက်၊ အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့-တွင် ရိုက်နှိပ်သည်။ [ဖုံး-၁၄၇၉၅]



ဗုဒ္ဓမြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားနေပုံ။



ဆုတ္တူးပန် ဦးကျော်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကြုံကြိုက်ခဲ့ခြင်း ၆-ပါး | .... | ၁ |
| ၂။ | စိတ်ကြံဆုပန် ၇-သင်္ချေ | .... | ၂ |
| ၃။ | နှုတ်မြွက်ဆုပန် ၉-သင်္ချေ | .... | ၃ |
| ၄။ | ကိုယ်၊ နှုတ်၊ ဆုပန် ၄-သင်္ချေ | .... | ၄ |
| ၅။ | ဘုရားဖြစ်ရန် ပါရမီဖြည့်ခြင်း | .... | ၅ |
| ၆။ | အသင်္ချေယျ အကြောင်း | .... | ၈ |
| ၇။ | အရှင်ဂေါတမအလောင်း စကြဝတေးမင်း ဖြစ်၍ ဗျာဒိတ်ခံယူခြင်း | .... | ၉ |
| ၈။ | မဟာကပ် ၉-သင်္ချေတို့ထက် ပွင့်တော်မူသော ဘုရားရှင်များ | .... | ၁၀ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၉။ | ဒီပင်္ကရာ ဘုရားရှင် အကြောင်း | .... | ၁၁ |
| ၁၀။ | သုမေဓာရှင်ရသေ့ အလျှားမှောက်၍ တံတား ခင်းခြင်း | .... | ၁၃ |
| ၁၁။ | ဗျာဒိတ်ရခြင်း အင်္ဂါရှစ်ပါး | .... | ၁၅ |
| ၁၂။ | ကောဏ္ဍည ဘုရားရှင် အကြောင်း | .... | ၁၆ |
| ၁၃။ | မင်္ဂလ ဘုရားရှင် အကြောင်း | .... | ၁၈ |
| ၁၄။ | သုမန ဘုရားရှင် အကြောင်း | .... | ၂၁ |
| ၁၅။ | ရေဝတ ဘုရားရှင် အကြောင်း | .... | ၂၂ |
| ၁၆။ | သောဘိတ ဘုရားရှင် အကြောင်း | .... | ၂၃ |
| ၁၇။ | အနောမဒဿီ ဘုရားရှင် အကြောင်း | .... | ၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၈။ | ပဒုမ ဘုရားရှင် အကြောင်း | .... | ၂၆ |
| ၁၉။ | နာရဒ ဘုရားရှင် အကြောင်း | .... | ၂၇ |
| ၂၀။ | ပဒုမုတ္တရ ဘုရားရှင် အကြောင်း | .... | ၂၉ |
| ၂၁။ | သုမေဓ ဘုရားရှင် အကြောင်း | .... | ၃၀ |
| ၂၂။ | သုဇာတ ဘုရားရှင် အကြောင်း | .... | ၃၁ |
| ၂၃။ | ပိယဒဿီ ဘုရားရှင် အကြောင်း | .... | ၃၂ |
| ၂၄။ | အတ္ထဒဿီ ဘုရားရှင် အကြောင်း | .... | ၃၆ |
| ၂၅။ | ဓမ္မဒဿီ ဘုရားရှင် အကြောင်း | .... | ၃၇ |
| ၂၆။ | သိဒ္ဓတ္ထ ဘုရားရှင် အကြောင်း | .... | ၃၈ |

(ည) မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇။ | တိဿ ဘုရားရှင် အကြောင်း | .... | ၄၂ |
| ၂၈။ | ဖုဿ ဘုရားရှင် အကြောင်း | .... | ၄၅ |
| ၂၉။ | ဝိပဿီ ဘုရားရှင် အကြောင်း | .... | ၄၉ |
| ၃၀။ | သိခီ ဘုရားရှင် အကြောင်း | .... | ၅၂ |
| ၃၁။ | ဝေဿဘူ ဘုရားရှင် အကြောင်း | .... | ၅၄ |
| ၃၂။ | ကကုသန် ဘုရားရှင် အကြောင်း | .... | ၅၇ |
| ၃၃။ | ကောဏာဂုံ ဘုရားရှင် အကြောင်း | .... | ၅၉ |
| ၃၄။ | ကဿပ ဘုရားရှင် အကြောင်း | .... | ၆၁ |
| ၃၅။ | ဂေါတမ ဘုရားရှင် အကြောင်း | .... | ၆၄ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆။ | လုမ္ဗိနီအင်ကြင်းတော၌ ဘုရားအလောင်း အား ဘွားမြင်တော်မူခြင်း .... | ၆၅ |
| ၃၇။ | ဘွားမြင်တော်မူရာ၌ နိမိတ်အထူးထူးပြခြင်း .... | ၆၇ |
| ၃၈။ | ဘွားမြင်တော်မူသည်နှင့် တပြိုင်နက် ခုနှစ်ဘဝါး လှမ်းတော်မူခြင်း .... | ၇၁ |
| ၃၉။ | နတ်, ဗြဟ္မာ အပေါင်းတို့ ထီးဖြူကြီးကို ဖြန့်မိုးခြင်း .... | ၇၂ |
| ၄၀။ | နိမိတ်ကြီးလေးပါးကို မမြင်ရအောင် စောင့်ရှောက်ထားခြင်း .... | ၇၆ |
| ၄၁။ | အလောင်းတော်မင်းသား မိထွေးတော် ဂေါတမီ လက်၌သာ ကြီးမြင့်တော်မူရခြင်း .... | ၇၈ |

## မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | သုဒ္ဓေါဒန မင်းကြီး လယ်ထွန်မင်္ဂလာ ထွက်တော်မူခြင်း .... | ၁၀ |
| ၄၃။ | အလောင်းတော်မင်းသား၏ ပြာသာဒ် သုံးဆောင် အကြောင်း .... | ၁၃ |
| ၄၄။ | လေး အတတ်ကို ပြခြင်း .... | ၁၆ |
| ၄၅။ | အလောင်းတော်မင်းသားအား သိကြားမင်း တန်ဆာ ဆင်စေခြင်း .... | ၉၁ |
| ၄၆။ | သားတော်ရာဟုလာ ဘွားတော်မူခြင်း .... | ၉၄ |
| ၄၇။ | အလောင်းတော်မင်းသား တောထွက်တော် မူခြင်း .... | ၉၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၈။ | အနောမာမြစ်၌ ဆံတော်ပယ်ခြင်း .... | ၁၀၆ |
| ၄၉။ | ဆံတော်ကို စူဠာမဏိစေတီ တည်ခြင်း .... | ၁၁၀ |
| ၅၀။ | ဝတ်လဲတော်ကို ဒုဿစေတီ တည်ခြင်း .... | ၁၁၁ |
| ၅၁။ | ကဏ္ဍကမြင်း နတ်သားဖြစ်ခြင်း .... | ၁၁၃ |
| ၅၂။ | အလောင်းတော် ရဟန်းပြုပြီး၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ ဝင်တော်မူခြင်း .... | ၁၁၄ |
| ၅၃။ | ဗိမ္ဗိသာရမင်း တောင်းပန်ခြင်း .... | ၁၁၇ |
| ၅၄။ | ရသေ့နှစ်ဦးထံ နည်းခံခြင်း .... | ၁၂၀ |
| ၅၅။ | ပဥ္စဝဂ္ဂီ ငါးယောက်တို့ အကြောင်း .... | ၁၂၁ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၆။ | ဒုက္ကရစရိယာ ကျင့်တော်မူခြင်း | .... | ၁၂၃ |
| ၅၇။ | အလောင်းတော် သေလွန်ပြီဟု ခမည်းတော်ထံ နတ်တို့ သွား၍ လျှောက်ထားခြင်း | .... | ၁၂၇ |
| ၅၈။ | ဒုက္ကရစရိယာကျင့်စဉ် မာရ်နတ် တားခြင်း | .... | ၁၃၁ |
| ၅၉။ | ဘုရားလောင်းကို စွန့်၍ ပဉ္စဝဂ္ဂီတို့ သွားကြခြင်း | .... | ၁၃၄ |
| ၆၀။ | ဿနာဒီနို့ဆွမ်းကို ရွှေခွက်နှင့်တကွ ခံယူတော်မူခြင်း | .... | ၁၃၅ |
| ၆၁။ | နေရဥ္စရာမြစ်နား၌ ဿနာနို့ဆွမ်းကို ဘုဉ်းပေးခြင်း | .... | ၁၃၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၆၂။ ဘုရားလောင်း မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ခတော်မူခြင်း .... ၁၄၁

၆၃။ ဝီရိယအင်္ဂါနှင့်အညီ အားထုတ်ခြင်း .... ၁၄၄

၆၄။ မာရ်စစ်သည်တို့ကို အောင်မြင်ခြင်း .... ၁၄၆

၆၅။ နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်တို့ ကြွေးကြော်ကြခြင်း .... ၁၆၄

၆၆။ နတ်၊ သိကြား၊ ဗြဟ္မာတို့ အထူးထူး ပူဇော်ကြခြင်း .... ၁၆၇

၆၇။ ဘုရားလောင်း ပဋိစ္စသမုပ္ပါဒ်တရားကို ဆင်ခြင်ခြင်း .... ၁၇၁

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း .... | ၁၇၇ |
| ၆၉။ | ရင့်မာတကျိပ်တို့ကို ဆိုခြင်းအကြောင်း .... | ၁၉၂ |
| ၇၀။ | အရိမေတ္တေယျ ဘုရားရှင် အကြောင်း .... | ၁၉၂ |
| ၇၁။ | ရှေးဘုရားတို့ထံ ဗျာဒိတ်ခံယူခြင်း .... | ၁၉၅ |
| ၇၂။ | နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့အကြောင်း .... | ၂၀၆ |
| ၇၃။ | သိဒ္ဓတ်မင်းသား၏ မိဖုရားငါးပါးနှင့် သားတော်ငါးပါး .... | ၂၁၁ |
| ၇၄။ | နှစ်ကျိပ်ရှစ်ဆူ စေတီတော်များ .... | ၂၁၃ |

# ဆုကျူးပန်းဗုဒ္ဓဝင်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ ကြုံကြိုက်ခဲခြင်း ခြောက်ပါး

ရှင်တော်ဘုရားသည် လက်ျာတော်ရံ အရှင်သာရိပုတြာ မထေရ်အား ဟောကြား မိန့်မြွက်တော်မူသည်မှာ.... ၁။ချစ်သား သာရိပုတြာ....ကမ္ဘာသင်္ချေ မရေမတွက်နိုင်အောင် လွန်လေငြား သော်လည်း ကမ္ဘာတိုင်းတို့၌ ဘုရားပွင့်တော်မမူကုန်၊သာရကမ္ဘာ, ဝရကမ္ဘာ, မဏ္ဍကမ္ဘာ, သာရမဏ္ဍကမ္ဘာ, ဘဒ္ဒကမ္ဘာ၊ ဤကမ္ဘာ ငါးရပ်တို့၌သာလျှင် ပွင့်တော်မူကြကုန်၏။ ထို့ကြောင့် ဘုရား ပွင့်တော် မူသော ကမ္ဘာကိုလည်း ကြုံကြိုက်ခဲလှ၏။ ၂။ များ ပြားလှသော စကြဝဠာ အနန္တရပ်ရပ်တို့၌လည်း ဘုရားပွင့်တော်မမူ၊ ငါတို့ စကြဝဠာ၌သာလျှင် ပွင့်တော်မူကုန်သောကြောင့် စကြဝဠာ အားဖြင့်လည်း ကြုံကြိုက်ခဲလှ၏။ ၃။လူတို့အသက်တရာ တမ်းမှအထက် အသက် တသိန်းဟန်းမှအောက် ဤအတွင်း၌သာ လျှင် ဘုရားပွင့်တော် မူသောကြောင့် ကာလ အားဖြင့် လည်း ကြုံကြိုက်ခဲလှ၏။ ၄။ နတ်,ဗြဟ္မာများ၏ ဘုံတို့၌လည်း ဘုရား ပွင့်တော်မမူ၊ လူ့ဘုံ၌သာလျှင် ဘုရားပွင့်တော် မူသောကြောင့် ဘုံအားဖြင့်လည်း ကြုံကြိုက်ခဲလှ၏။ ၅။ သူဌေးမျိုး, သူကြွယ်

မျိုးတို့၌လည်း ဘုရားပွင့်တော်မမူ၊ မင်မျိုး ပုဏ္ဏားမျိုးတို့၌သာလျှင် ပွင့်တော်မူသောကြောင့် အမျိုးအားဖြင့်လည်း ကုံကြိုက်ခဲလှ၏။ ၆။ ပစ္စန္တရစ်အရပ်၌လည်း ဘုရားပွင့်တော်မမူ၊ အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသ မဟာဗောဓိမဏ္ဍိုင်၌သာ ပွင့်တော်မူသောကြောင့် ဌာနအားဖြင့်လည်း ကုံကြိုက်ခဲလှ၏။

÷ ÷ ÷ ÷

## ၂။ စိတ်ကြံဆုပန် ၇-သင်္ချေ

ထိုသို့ ကုံကြိုက်ခဲလှစွာသော ဗုဒ္ဓုပ္ပါဒနဝမခဏကို ကုံကြိုက်လို့, ရလို့, ဘုရားဖြစ်လိုသော အာသာဆန္ဒ အားကြီးလွန်းလှသဖြင့် နှုတ်တော်က မမြွက်သော်လည်း စိတ်နှလုံးဖြင့်သာ ဘုရားဆုကို တောင်းတော်မူသည်ကား ကမ္ဘာခုနစ်သင်္ချေတို့တည်း၊ခုနစ်သင်္ချေတို့ မည်သည်ကား- ၁။ နန္ဒအသင်္ချေ၊ ၂။ သုနန္ဒအသင်္ချေ၊ ၃။ ပထဝီအသင်္ချေ၊ ၄။ မဏ္ဍအသင်္ချေ၊ ၅။ ဓရဏီအသင်္ချေ၊ ၆။ သာဂရအသင်္ချေ၊ ၇။ ပုဏ္ဍရိကအသင်္ချေဟူ၍ ခုနစ်သင်္ချေ မည်ကုန်၏။ ၁။ချစ်သား သာရိပုတြာ....နန္ဒအသင်္ချေထက် ပွင့်တော်မူသော ဘုရားရှင်တို့ကား ဗြဟ္မဒေဝ စသော ဘုရားရှင်နှင့်တကွ ငါးသောင်း၊ ၂။ သုနန္ဒအသင်္ချေထက် ဘုရားရှင် ကိုးသောင်း၊ ၃။ ပထဝီအသင်္ချေထက် ဘုရားရှင် တသောင်း၊ ၄။ မဏ္ဍအသင်္ချေထက် တသောင်း ဘုရားရှင် တသောင်း၊ ၅။ ဓရဏီအသင်္ချေထက် ဘုရားရှင် နှစ်သောင်း၊ ၆။ သာဂရအသင်္ချေထက် ဘုရားရှင်သုံးသောင်း၊ ၇။ ပုဏ္ဍရိက အသင်္ချေထက် ဘုရားရှင် လေးသောင်း၊ ဤခုနစ်သင်္ချေထက် ပွင့်သော ဘုရားရှင်တို့ကို အကုန်အစင် ပေါင်းသော် တသိန်း နှစ်သောင်း ငါးထောင် ဖြစ်

ကုန်၏။ ထိုမျှလောက်သော ဘုရားရှင်တို့ကို ဖူးတွေ့လိုက်ရ၏။ အလှူပေး၍ တရားတော်ကို နာလိုက်ရ၏၊ စိတ်နှလုံးဖြင့် ဘုရားဆုကို တောင်းလိုက်ရ၏၊ ဗျာဒိတ်ကိုကား မခံလိုက်ရပေ။

÷ ÷ ÷ ÷

## ၃။ နှုတ်မြွက်ဆုပန် ၉-သင်္ချေ

နှုတ်ကမြွက်၍ ဘုရားဆုကို တောင်းသည့်မှာ ကမ္ဘာကိုးသင်္ချေ တိုင်တိုင်တောင်း၏၊ ကိုးသင်္ချေတို့၏အမည်ကား- ၁။ သဗ္ဗဘဒ္ဒ အသင်္ချေ၊ ၂။ သဗ္ဗဖုလ္လအသင်္ချေ၊ ၃။ သဗ္ဗရတနအသင်္ချေ၊ ၄။ ဥသဘက္ခန္ဓအသင်္ချေ၊ ၅။ ပါဏိဘဒ္ဒအသင်္ချေ၊ ၆။ ပဒုမအသင်္ချေ၊ ၇။ ဥသဘဘဒ္ဒအသင်္ချေ၊ ၈။ ခန္ဓအသင်္ချေ၊ ၉။ သဗ္ဗဘလ္လအသင်္ချေဟူ၍ ကိုးသင်္ချေမည်ကုန်၏။ ၁။ ချစ်သား သာရိပုတြာ....သဗ္ဗဘဒ္ဒ အသင်္ချေထက်ပွင့်တော်မူသော ဘုရားရှင်တို့ကား ပေါရာဏ ဂေါတမစသော ဘုရားရှင်ငါးသောင်း ၂။ သဗ္ဗဖုလ္လအသင်္ချေထက် ဘုရားရှင် ခြောက်သောင်း၊ ၃။ သဗ္ဗရတန အသင်္ချေထက် ဘုရားရှင် ခုနစ်သောင်း၊ ၄။ ဥသဘက္ခန္ဓအသင်္ချေထက် ဘုရားရှင် ရှစ်သောင်း၊ ၅။ ပါဏိဘဒ္ဒအသင်္ချေထက် ဘုရားရှင် ကိုးသောင်း၊ ၆။ ပဒုမအသင်္ချေထက် ဘုရားရှင် နှစ်သောင်း၊ ၇။ ဥသဘဘဒ္ဒအသင်္ချေထက် ဘုရားရှင် တသောင်း၊ ၈။ ခန္ဓအသင်္ချေထက် ဘုရားရှင် ငါးထောင်၊ ၉။ သဗ္ဗဘလ္လ အသင်္ချေထက် ဘုရားရှင် နှစ်ထောင် ဖြစ်၏။ ဘုရားရှင်ပေါင်းကား သုံးသိန်း ရှစ်သောင်း ခုနစ်ထောင် ပွင့်တော်မူကုန်၏၊ ဤကိုးသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို ဖူးတွေ့လိုက်ရ၏၊

သို့သော်လည်း အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသောကြောင့် ဗျာဒိတ်တော်ကို မခံလိုက်ရပေ။

÷ ÷ ÷ ÷

## ၄။ ကိုယ်, နှုတ်, ဆုပန် ၄-သင်္ချေအကြောင်း

ကိုယ်, နှုတ်, နှလုံး, သုံးပါးဖြင့် ဘုရားဆုကို တောင်းသည်ကား လေးသင်္ချေမည်၏၊ ထိုလေးသင်္ချေတို့ ဟူသည်ကား- ၁။ သေလအသင်္ချေ၊ ၂။ ဘာသအသင်္ချေ၊ ၃။ ဇေယျအသင်္ချေ၊ ၄။ ရုစိယအသင်္ချေဟူ၍ လေးသင်္ချေမည်ကုန်၏။ ၁။ သဗ္ဗာဘလ္လမည်သော အသင်္ချေ၏ အဆုံး၌ ကမ္ဘာတသိန်း အလွန် လေးသင်္ချေတို့တွင် သာရမဏ္ဍ ကမ္ဘာထက်၌ တဏှင်္ကရာ၊ မေဓင်္ကရာ၊ သရဏင်္ကရာ၊ ဒီပင်္ကရာ၊ မြတ်စွာလေးဆူ ပွင့်တော်မူ၏၊ ထိုလေးဆူတို့တွင် ဒီပင်္ကရာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော နောက်ကာလအတိုင်း၌ ကမ္ဘာတသင်္ချေသုဉ်း၏၊ သေလမည်သော အသင်္ချေတည်း။ ၂။ ထိုအသင်္ချေတခုကိုလွန်၍ သာရကပ် ကမ္ဘာထက် ကောဏ္ဍညဘုရားတဆူ ပွင့်တော်မူ၏။ ထိုဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော နောက်ကာလအတိုင်း၌ ဘုရားမပွင့်လျှင်းဘဲ ကမ္ဘာတသင်္ချေသုဉ်း၏၊ ထိုသင်္ချေကား ဘာသမည်သော အသင်္ချေလျှင်တည်း။ ၃။ ထိုအသင်္ချေတခုကိုလွန်၍ သာရမဏ္ဍကမ္ဘာထက် မင်္ဂလ, သုမန, ရေဝတ, သောဘိတဘုရား လေးဆူပွင့်တော်မူ၏၊ ထိုဘုရားရှင်လေးဆူတို့တွင် သောဘိတဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော နောက်ကာလအတိုင်း၌ ဘုရားမဖြစ်လျှင်းဘဲ ကမ္ဘာတသင်္ချေသုဉ်း၏၊ ဇေယျမည်သော အသင်္ချေတည်း။ ၄။

ထိုအသင်္ချေတခုကိုလွန်၍ ဝရကပ်ကမ္ဘာထက်၌ အနောမဒဿီ၊ ပဒုမ၊ နာရဒဘုရား သုံးဆူပွင့်တော်မူ၏၊ ထိုဘုရားသုံးဆူတို့တွင် နာရဒဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရားမဖြစ်လျှင်းဘဲ ကမ္ဘာတသင်္ချေသုဉ်း၏၊ ရှုစိယမည်သော အသင်္ချေတည်း။

ထိုအသင်္ချေတခုကို လွန်ခဲ့၍ သာရကပ် ကမ္ဘာထက်၌ ပဒုမုတ္တရဘုရား ထင်ရှားတဆူ ပွင့်တော်မူ၏၊ ထိုပဒုမုတ္တရဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရား မပွင့်လျှင်းဘဲ တကမ္ဘာသုဉ်း၏၊ မဏ္ဍကပ်ကမ္ဘာထက်၌ သုမေဓာ၊ သုဇာတဘုရား ထင်ရှားနှစ်ဆူပွင့်တော်မူ၏၊ ထိုသုဇာတဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရား မပွင့်လျှင်းဘဲ ကမ္ဘာတထောင့်ရှစ်ရာသုဉ်း၏၊ ထိုကမ္ဘာကိုလွန်ခဲ့၍ ဝရကပ်ကမ္ဘာထက်၌ ပိယဒဿီ၊ အတ္ထဒဿီ၊ဓမ္မဒဿီဘုရားသုံးဆူ ပွင့်တော်မူ၏၊ ထိုဓမ္မဒဿီဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ကိုးဆယ့်လေးကမ္ဘာ သုဉ်း၏၊ ထိုကိုးဆယ့် လေးကမ္ဘာကိုလွန်ခဲ့၍ သာရကပ်ကမ္ဘာထက်၌ သိဒ္ဓတ္ထဘုရား ထင်ရှားတဆူပွင့်တော်မူ၏၊ ထိုသိဒ္ဓတ္ထဘုရားရှင် ပရိနိဗ္ဗာန်စံလွန် တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရားမပွင့်လျှင်းဘဲ ကိုး ဆယ့်နှစ်ကမ္ဘာတို့ ကာလပတ်လုံး သုဉ်း၏၊ ထိုကိုးဆယ့်နှစ်ကမ္ဘာ ကို လွန်ခဲ့၍ မဏ္ဍကပ်ကမ္ဘာထက်၌ တိဿဘုရား၊ ဖုဿဘုရား နှစ်ဆူပွင့်တော်မူ၏၊ ထိုနှစ်ဆူသောဘုရားရှင်တို့တွင် ဖုဿဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရား မပွင့်လျှင်းဘဲ ကိုးဆယ့်တကမ္ဘာသုဉ်း၏၊ ထို ကိုးဆယ့်တကမ္ဘာ တို့ကိုလွန်ခဲ့၍ သာရကပ်ကမ္ဘာထက်၌ ဝိပဿီဘုရား ထင်ရှားတဆူ

ပွင့်တော်မူ၏၊ ထိုဝိပဿီဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရားမပွင့်လျှင်းဘဲ ကမ္ဘာသုံးဆယ် သုဉ်း ပြန်၏။

ထိုကမ္ဘာသုံးဆယ်ကိုလွန်၍ မဏ္ဍကပ် ကမ္ဘာထက်၌ သိခီ ဘုရား၊ ဝေဿဘူဘုရား နှစ်ဆူပွင့်တော်မူ၏၊ ထိုဝေဿဘူဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဘုရား မပွင့်လျှင်းဘဲ ကမ္ဘာသုံးဆယ်သုဉ်း၏၊ ထိုကမ္ဘာသုံးဆယ်ကိုလွန်၍ ဤဘဒ္ဒကပ်ကမ္ဘာထက်၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျဘုရားနှင့်ကား ထင်ရှားငါးဆူ ပွင့်တော် မူမည် အမှန်တည်း။ ဖြဟ္မာဒေဝဘုရား အစ, တဏှင်္ကရာဘုရား အဆုံးရှိသော မြတ်စွာဘုရားတို့၏ အထံတော်၌ကား အနိယတ ဗျာဒိတ်တော် မျှကိုသာ ခံလိုက်ရ၍ နိယတဗျာဒိတ်ကိုကား မခံ လိုက်ရပေ၊ ဒီပင်္ကရာဘုရား အစ, ကဿပဘုရား အဆုံးရှိသော နှစ်ကျိပ်လေးဆူသောဘုရားရှင်တို့၏ အထံတော်ရှောက် ရွှေတော် မှောက်၌သာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသတည်း၊ ဤ နိယတဗျာဒိတ်တော်ကား သာမန်မျှနှင့် ရနိုင်သည်မဟုတ်၊ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံလိုလောက်မှ ရနိုင်လေသတည်း။

÷ ÷ ÷ ÷

## ၅။ ဘုရားဖြစ်ရန် ပါရမီဖြည့်ခြင်း

ဘုရားရှင်တို့ကား ၁။ ပညာဓိက၊ ၂။ သဒ္ဓါဓိက၊ ၃။ ဝီရိယာဓိကအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်-
၁။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ရသည်

ကား ပညာဓိကမည်၏။ ၂။ ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ရသည်ကား သဒ္ဓါဓိကမည်၏။ ၃။ တဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ရသည်ကား ဝီရိယဓိက သကျထွတ်ထား မြတ်ဘုရားတို့တည်း။

ချစ်သား သာရိပုတြာ.... ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ရသောကြောင့် ပညာဓိကမည်၍၊ ဗျာဒိတ်ရသောဘဝနှင့် မရသောဘဝ အတန်တန်ကို ပြန်လှန်တွက်ဆ ရေတွက်ရသည်ရှိသော် သင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတသိန်း နှင်နှင်တည်း၊ ဘုရားရှင်တို့၏ သက်တမ်းပော်မှာ ရှည်၊ တို၊ နိမ့်၊ မြင့်၊ အဆင့်ဆင့် ကွဲလွဲကုန်၏၊ ကယ်တင်ဟောချွတ် ချွေချွတ် တော်မူကြကုန်သော သာဝက ကျွတ်တမ်းချင်းကား တူကြ၏၊ ဘုရားတဆူ ချွတ်တော်မူ၍ ကျွတ်သူတို့ကား နှစ်ဆယ့်လေး သင်္ချေနှင့် ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေ တသိန်းနှင်နှင် ကျွတ်လေသတည်း။

ကပ်အပြားကား ငါးပါးရှိ၏၊ ငါးပါးဟူသော်ကား- ၁။ သာရကပ်၊ ၂။ မဏ္ဍကပ်၊ ၃။ ဝရကပ်၊ ၄။ သာရမဏ္ဍကပ်၊ ၅။ ဘဒ္ဒကပ်ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့တွင်- ၁။ သာရကပ်ထက်ကား သုံးလူ့ထွတ်ထား ဘုရားတဆူသာ ပွင့်တော်မူ၏၊ ၂။ မဏ္ဍကပ်ထက် နှစ်ဆူ၊ ၃။ ဝရကပ်ထက် သုံးဆူ၊ ၄။ သာရမဏ္ဍကပ်ထက် လေးဆူ၊ ၅။ ဘဒ္ဒကပ် ထက်ကား ဘုရားငါးဆူ ပွင့်ကုန်ကြ၏၊ ထိုမှတပါး အယုတ်ဒေသလွန် အတိုင်း အရှည်ပမာဏကား ဤမျှကိုလွန်၍ ပွင့်တော်မမူချေ။

ဤကား သောတဗ္ဗကထိနိဒါန်းအလိုတည်း။

÷ ÷ ÷ ÷

## ၆။ အသင်္ချေယျအကြောင်း

နှုတ်တော်မမြွက် ကြံစည်ချက်ဖြင့် ဆုကိုတောင်းသည်မှာ ခုနှစ်သင်္ချေ တိုင်တိုင်တည်း၊ ၁။ နန္ဒမည်သော အသင်္ချေထက် သာရမည်သော ကမ္ဘာ၌ ကရန္တကမည်သော ပြည်ဝယ် ငါဘုရား ကားအဂ္ဂိဒေဝမင်းကြီးဖြစ်၏။ အမတ်ကြီးပိတ္တုရ အလောင်းကား သိရိဂုတ်မည်၏၊ ထိုကမ္ဘာထက်၌ ဗြဟ္မဒေဝဘုရား ထင်ရှားတဆူ ပွင့်တော်မူလေ၏၊ ထိုဘုရားရှင်နှင့် ပေါင်းသော်ကား ငါးထောင် ဖြစ်ကုန်၏။ ၂။ သုနန္ဒမည်သော အသင်္ချေထက် ဘုရားရှင် ကိုးထောင်၊ ၃။ ပထဝီမည်သောအသင်္ချေထက် ဘုရားတသောင်း၊ ၄။ မဏ္ဍမည်သော အသင်္ချေထက် ဘုရားတသောင်းတထောင်၊ ၅။ ဓရဏီမည်သော အသင်္ချေထက် ဘုရားနှစ်သောင်း၊ ၆။ သာဂရမည်သော အသင်္ချေထက် ဘုရားသုံးသောင်း၊ ၇။ ပုဏ္ဍရိက မည်သော အသင်္ချေထက် ဘုရားလေးသောင်း။ ဤသို့အားဖြင့် ခုနှစ်သင်္ချေတွင်း၌ ပွင့်တော်မူကုန်လော ဘုရားအပေါင်းကား တသိန်း နှစ်သောင်း ငါးထောင်ဖြစ်ကုန်၏။

နှုတ်တော်ကိုမြွက်၍ ကြံစည်ပြီးလျှင် ဘုရားကို ဆုတောင်း သည်မှာ ကိုးသင်္ချေ တိုင် တိုင် တည်း၊ ထိုကိုးသင်္ချေတို့ကား- ၁။ သဗ္ဗဘဒ္ဒအသင်္ချေ၊ ၂။ သဗ္ဗဖုလ္လအသင်္ချေ၊ ၃။ သဗ္ဗရတန အသင်္ချေ၊ ၄။ ဥသဘက္ခန္ဓ အသင်္ချေ၊ ၅။ ပါဏိဘဒ္ဒအသင်္ချေ၊ ၆။ ပဒုမအသင်္ချေ၊ ၇။ ဥသဘဘဒ္ဒ အသင်္ချေ၊ ၈။ ခန္ဓအသင်္ချေ၊ ၉။ သဗ္ဗဘလ္လအသင်္ချေ၊ ဟူ၍ ကိုးသင်္ချေတို့တည်း၊ ထိုကိုးသင်္ချေ တို့၌လည်း နှုတ် တော် မြွက် ၍ ဘု ရား ဆုကို တောင်းတော် မူသတည်း။

## ၇။ အရှင်ဂေါတမအလောင်း စကြဝတေးမင်းဖြစ်၍ ဗျာဒိတ်ခံသောအကြောင်း

ထိုသဗ္ဗဘဒ္ဒမည်သော အသင်္ချေထက် သာရမဏ္ဍကပ်မည်သော ကမ္ဘာ၌ ဓညဝတီပြည်တွင် ချစ်သားသာရိပုတြာ.... ငါဘုရားသည် လောကသာရမည်သော စကြဝတေး လေးကျွန်းသဘင်္ဂနှင်း မင်းကြီးနှင့်နှင်ဖြစ်၏၊ ထိုအခါ သာကီဝင်မင်းမျိုး၌ သကျမုနိပေါရာဏ ဂေါတမမည်သော ဘုရားရှင် ပွင့်တော်မူသတတ်၊ ထိုဘုရားရှင်အား ငါ အလှူကြီး အတန်းကြီး ပေးခဲ့ရသည်မှာ စန္ဒကူး သရက္ခာန်အတိဖြင့် ပြုအပ်သော စုလစ်မွန်းချွန်တပ်သော ကျောင်းကုဋိလည်း တသိန်း, မဏ္ဍပ်ကန္နားလည်း တသိန်း, စကြံလည်းတသိန်း, စရပ်လည်းတသိန်း, ရေအိမ်လည်း တသိန်း, တံခါးမုခ်လည်း တသိန်း, ဆွမ်းဝတ်လည်း တသိန်း, အပ်လည်းတသိန်း၊ ဤသို့သော အလှူကြီးကို ပေး၍ "အကျွန်ုပ်လည်း နောင်အခါ အရှင်ဘုရားကဲ့သို့ အလုံးစုံဘူမျှသော ဘုရားဖြစ်ရပါလို၏"ဟု နှုတ်တော်ကမြွက်၍ ပတ္ထနာ ဆုတောင်းတော်မူလိုက်ရ၏၊ တောင်းဟန်ကား-

"အရှင်ဘုရားကဲ့သို့ အမည်တော်လည်း သကျမုနိဂေါတမ ဟူ၍ရင်း, ခမည်းတော်လည်း သုဒ္ဓေါဒနဟူ၍ရင်း, မယ်တော်လည်း သိရိမဟာမာယာ ဟူ၍ရင်း ကြင်ဘက်တော် လည်း ယသောဓရာ ဟူ၍ ရင်း သားတော်လည်း ရာဟုလာ ဟူ၍ရင်း, တောထွက်တော်မူသော် စီးတော်ယာဉ်လည်း ကဏ္ဍကမြင်းဟူ၍ရင်း, ကျွန်ယုံလည်း အိမ်တော်ပါမှန် ဆိုးမျိုးခံသော မောင်ဆန်ဟူ၍ရင်း ပြည်တော်လည်း ကပိလဝတ်ဟူ၍ရင်း မို့ရာစွင့်စွင့်

ပင်မြင့်အောင်ရပ်လည်း ဗုဒ္ဓဟူသော သြောင် ဟူ၍ရင်း၊ ဤသို့ခပ်သိမ်းစုံ အတူအမျှ အရှင်ဘုရားကဲ့သို့ နှင်နှင်ချည်း ဘုရားဖြစ်ရပါလို၏” ဟု ဆုတောင်းလိုက်၏။ ထိုအခါ သကျမုနိ ပေါရာဏ ဂေါတမ ဘုရားရှင်လည်း “အလုံးစုံငါ၏နည်းတူ ဘုရားစင်စစ် ဖြစ်လတ္တံ့၊ ဝေးမူကား ဝေးသေး၏” ဟု အနိယတဗျာဒိတ်စကား မြွက်ကြား ငြိမ့်အေး ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ခံယူလိုက်ရ၏။

∸ ∸ ∸ ∸

## ဂ။ မဟာကပ် ၉-သင်္ချေတို့ထက် ပွင့်တော်မူသော ဘုရားရှင်တို့အကြောင်း

ဤသို့လျှင် သဗ္ဗဘဒ္ဒအသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကား သကျမုနိ ပေါရာဏ ဂေါတမဘုရားနှင့်တကွ အကုန်အစင်ပေါင်းသော် ငါးသောင်းဖြစ်၍ သဗ္ဗဘဒ္ဒမည်သော အသင်္ချေထက် ပွင့်တော်ကုန်သော ဘုရားရှင်တို့ကား ခြောက်-သောင်း ဖြစ်သတည်း၊ သ ဗ္ဗ ရ တ န မည် သော အသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို အကုန်အစင်ပေါင်းသော် ခုနစ်သောင်းဖြစ်၏၊ ဥ သ ဘ က္ခ န္ဓ မည် သော အသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို အကုန်အစင်ပေါင်း သော် ရှစ်သောင်းဖြစ်၏၊ ပါဏ်ဘဒ္ဒမည်သော အသင်္ချေထက် ပွင့်တော် မူကုန်သော ဘုရားရှင်တို့ကို အကုန်အစင်ပေါင်းသော် ကိုးသောင်း ဖြစ်၏၊ ပဒုမ မည်သော အသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို အကုန်အစင် ပေါင်းသော် နှစ်သောင်း ဖြစ်၏၊ ဥသဘ ဘဒ္ဒ မည်သော အသင်္ချေထက် ပွင့် တော် မူ ကုန် သော

ဘုရားရှင်တို့ကို ပေါင်းသော် တသောင်းဖြစ်၏၊ ခန္ဓမည်သော အသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို ပေါင်းသော် ငါးသောင်းဖြစ်၏၊ သဗ္ဗဘဒ္ဒမည်သော အသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို ပေါင်းသော် နှစ်ထောင်ဖြစ်၏။ ဤအသင်္ချေထက် ပွင့်တော်မူကုန်သော ဘုရားရှင်တို့ကို ပေါင်းသော် သုံးသိန်း ရှစ်သောင်း ခုနစ်ထောင် လေးဆူ ဖြစ်သတည်း၊ ဤမျှလောက်သော ဘုရားရှင်တို့ အထံတော်၌ နှုတ်ကမြွက်၍ ဘုရားဆုကိုလည်း တောင်းလိုက်ရ၏။အလှူကြီးကိုလည်း ပေးလိုက်ရ၏၊ တရားကောင်းကိုလည်း နာလိုက်ရ၏၊ ပါရမီဆယ်ပါး စွန့်ခြင်းကြီး ငါးပါးကိုလည်း ဖြည့်ကျင့်လိုက်ရ၏၊ ထိုဘုရားရှင်တို့တွင် အနိယတ ဗျာဒိတ်မျှကိုသာ ခံလိုက်ရ၏။

သေလမည်သော အသင်္ချေ, ဘာသမည်သော အသင်္ချေ, ဇေယျမည်သော အသင်္ချေ, ရုစိယမည်သော အသင်္ချေ၊ ဤ-လေးပါးသော အသင်္ချေတို့တွင် ဘုရားလည်းမပွင့်၊ ပစ္စေကဗုဒ္ဓါလည်းမဖြစ်၊ စကြဝတေးမင်းလည်းမဖြစ်၊ ဤသို့သော သူမြတ်သုံးပါးတို့ မပွင့် မဖြစ်ကြကုန်၊ အချည်းနှီးသုဉ်းခဲ့၏။

÷ ÷ ÷ ÷

## ၉။ ဒီပင်္ကရာဘုရားရှင်၏အကြောင်း

ကမ္ဘာတသိန်းနှင့် လေးသင်္ချေမှ သာရမဏ္ဍကမ္ဘာ ဖြစ်လေသတည်း၊ ထိုကမ္ဘာထက် တဏှင်္ကရာဘုရား, မေဓင်္ကရာဘုရား, သရဏင်္ကရာဘုရား, ဒီပင်္ကရာဘုရား ထင်ရှားလေးဆူ ပွင့်တော်မူ၏၊ ဒီပင်္ကရာဘုရား ပွင့်တော်မူသော ပြည်ကား ရမ္မဝတီ ပြည်မည်၏၊

ခမည်းတော် သုဒ္ဓေါဒန မင်းကြီး မယ်တော် သုမေဓာ မိဘုရားတို့မှ ဘွားတော်မူသော အလောင်းတော်မြတ်အား ရမ္မဝတီတိုင်းပြည် ထီးနန်းနှင့်တကွ အပ်နှင်းတော်မူ၍ ဟံသ၊ ကောဉ္စ၊ မယူရ ဟူသော ပြာသာဒ် သုံးဆောင် နန်းရေတောင်ထက် ပဒုမာ မိဖုရား စသော မောင်းမ အပေါင်း သုံးသိန်း ခြံရံလျက် အနှစ်တသောင်း မင်း၏ စည်းစိမ်ကို ခံစံရ၏။

ဥသဘက္ခန္ဓ သားတော်ကို ဘွားတော်မူလျှင် ညဉ့်တွင်း ချင်း ဆင်ယာဉ်စီး၍ ဆင်ယာဉ်အပေါင်း ရှစ်သောင်းလေးထောင် ခြံရံလျက် တောထွက်တော်မူ၏၊ အကုဋေမျှသော ဗိုလ်ခြေ ပါလေ၏၊ ဗြဟ္မာမင်း ကပ်လှူသော သင်္ကန်းကို ဝတ်ရုံတော်မူ၍ ဆယ်လ ဒုက္ကရစရိယာ ကျင့်တော်မူ၏၊ ပြည်ရွာ၊ နိဂုံး၊ ဇနပုဒ်တို့သို့ ဆွမ်းအလို့ငှါ ကြွရောက် ချပ်ခံတော်မူ၏၊ ထို ပြည်သူ ပြည်သား တို့သည်း ဃနာ နို့ ဆွမ်းကို လှူဒါန်းလိုက်ကုန်၏၊ ဘုဉ်းပေး သုံး ဆောင်တော်မူပြီးလျှင် အင်ကြင်းတော်၌ နေ့အဘို့ နေ့သန့်တော် မူပြီး၍ ညချမ်းသောအခါမှ မဟာဗောဓိသို့ ကြွတော်မူလေရာ သုနန္ဒာမည်သော မြက်ရိတ်လုလင် လှူဒါန်းလိုက်သောနေဇာမြက် ရှစ်ဆုပ်ကို ညောင်ကြတ်ပင် အောက် ကြဲ မြှောက် တော် မူ က တာဆယ့်သုံးတောင် အမြင့်ဆောင်သော ရွှေပလ္လင်သည် အဆော တလျှင် ပေါ်ပေါက်လာ၍ ရွှေပလ္လင်တော်၌ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူမိလျှင် သစ္စာလေးပါး မြတ်တရားကို သိမြင်တော် မူလေ၏။

ဗြဟ္မာကြီးလည်း တရားဟောတော် မူပါမည့်အကြောင်း ကို တောင်းပန်သဖြင့် နန္ဒာရုံမည်သော ဥယျာဉ်တော်၌ ကုဋ္ဌိ ပင်ရင်းတွင် ဓမ္မစကြာတရားကို ဟောတော်မူ၏၊ နတ်ဗြဟ္မာ

တကုဋေမျှလောက် ကျွတ်လေကုန်၏၊ ဒီပင်္ကရာ မြတ်စွာဘုရား၏ လက်ျာရံ အဂ္ဂသာဝကကား သုမင်္ဂလ ရဟန္တာ၊ လက်ဝဲရံကား တိဿ ရဟန္တာ နှစ်ပါးဖြစ်ကုန်၏၊ အလုပ်အကျွေး မထေရ်ကား သာဂတ အရှင်တည်း၊ လက်ျာရံ ရဟန္တာမကား နန္ဒာ ထေရီမ၊ လက်ဝဲရံမှာ သုနန္ဒာ ထေရီမ၊ တပုဿနှင့် ဘလ္လိက မှာ ဒါယကာတွင် ဥက္ကဋ္ဌ အကြီး၊ သိရိမာ နှင့် သောဏာ မှာ ဒါယိကာမ အလုပ်အကျွေးတည်း၊ အရပ်တော်မှာ အတောင် ရှစ်ဆယ်၊ အသက်တော်ကား တသိန်း တိုင်တိုင် ရှည်တော်မူ၏၊ နန္ဒာရုံ၌ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏၊ ဓာတ်တော် မွေတော်တို့ကို သုံးဆယ့် ခြောက်ယူဇနာ ရှိသော စေတီ တည်တော်မူလေ၏။

÷ ÷ ÷ ÷

## ၁၀။ သုမေဓာရှင်ရသေ့ အလျားမှောက်၍ တံတားခင်းသောအကြောင်း

ချစ်သား သာရိပုတ္တရာ.... ထိုအခါ၌ ငါဘုရားသည် အမရဝတီပြည်၌ သူဌေးသား သုမေဓာရသေ့ဟူ၍ အဘိညာဉ် ငါးပါးနှင့် ပြည့်စုံသည်ဖြစ်၏၊ ထိုအခါ ဒီပင်္ကရာ မြတ်စွာဘုရား သခင်သည် အမရဝတီပြည်သို့ ဆွမ်းအလို့ငှါ ကြွတော်မူရာတွင် ပြည်သူပြည်သားတို့ တာဝေကြ၍ ခရီးလမ်း ပြင်ကြရာ၌ သုမေဓာ ရှင်ရသေ့လည်း အများတို့နည်း ညွှန်ပျောင်း၌ နှစ်ဘိုတွက် ဝေပုံတာ ခံလေ၏၊ ဘုရားကြွလာတော် မူလတ်သော်လည်း ထာဘိုတည်းမျှသာ ပြီးစီးသေးသဖြင့် တာဘိုကား မပြီးစီးသေးခင် ဖြစ်သောကြောင့် သုမေဓာ ရှင်ရသေ့လည်း ညွှန်ပျောင်းတွင်

စမ္မခဏ်ကိုခင်းသကဲ့သို့ အလျားဝပ်လျက် "တပည့်သံဃာတော် အများနှင့်တကွ ရှင်ပင်ဘုရား .... အကျွန်ုပ် ကျောက်ကုန်း သို့ တက်နင်း လျှောက်သွားတော်မူပါဘုရား"ဟု လျှောက်ထား တောင်းပန်သော စကားကို ဒီပင်္ကရာမြတ်စွာဘုရား ကြားတော် မူလေလျှင်—

ရှင်ရသေ့သုမေဓာသည် အဘယ်ဆုကို တောင်းသနည်းဟု ရှေ့ဉာဏ်တော်ဖြင့် ကြည့်တော်မူလတ်သော် ခုနစ်သင်္ချေ တကြိမ် ကိုးသင်္ချေတကြိမ်၊ ထိုနှစ်ကြိမ်မျှ အလီလီသော ဘဝတို့၌ ပါရမီ ဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါးတို့ကို ဖြည့်တော်မူခဲ့ပြီးလျှင် နောင် လာလတ္တံ့သောလေးသင်္ချေနှင့်ကမ္ဘာတသိန်းထက်ဘဒ္ဒကပ်ကမ္ဘာ တွင် ကကုသန်ဘုရား၊ ကောဏာဂုံဘုရား၊ ကဿပဘုရား၊ သုံးဆူ ပွင့်တော်မူကုန်ပြီး၍ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက် ကာလအတွင်း၌လျှင် ကပိလဝတ် ပြည်တွင် သာကီဝင်မင်းမျိုး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၊ မယ်တော် သိရိမဟာမာယာမှ ဘွားတော်မူသော အလောင်းတော် သိဒ္ဓတ္ထကုမာရ၊ ကြင်ဘက် တော်ယသောဓရာ ဗိမ္ဗာဒေဝီ၊ သားတော်ရာဟုလာ၊ မိထွေးတော် ဂေါတမီ၊ ကဏ္ဍကမြင်း စီးတော်ယဉ်ကို ခြေတော်တင်လျက် တောထွက်တော်မူ၍ အနောမာမြစ်နားတွင် ဆံတော်ကို ပယ်တော်မူပြီးမှ ဗြဟ္မာကပ်သော သင်္ကန်းကို ဝတ်ရုံသပ္ပါယ်တော် မူပြီးလျှင် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်တော်မူပြီး၍ သုဇာတာ သူဌေးသမီး ကပ်လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် အင်ကြင်းတောတွင် နေ့သန့်တော်မူ၍ ညချမ်းသောအခါမှ မဟာဗောဓိမဏ္ဍလသို့ ကြွလှမ်း တော်မူရာ တွင် မြက်ရိတ်လုလင် သုတ္တိယာစင် လှူဒါန်းလိုက်သော နေဇာမြက်

ရှစ်ဆုပ်ကို ညောင်ဗုဒ္ဓဟောပင်အောက် လွှင့်မြောက် ဖြန့်ကြဲတော်မူက ဆောဆောလျှင်လျှင် ရွှေပလ္လင်ပေါ်က်လေ၍ ရွှေပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျှင် မာရ်စစ်သည် ရောက်လာသဖြင့် နေမဝင်မီ အောင်မြင်တော်မူပြီးမှ မိဂဒါဝုန်တောဝယ် ဓမ္မစကြာတရားကို ဟောတော်မူပြီးမှ—

အမည်တော်မှာ သကျမုနိဂေါတမ, အရပ်တော်မှာ တဆယ့်ရှစ်တောင်၊ အသက်တော်မှာ အနှစ် ရှစ်ဆယ် တိုင်တိုင် ရှည်တော်မူလတ္တံ့၊ လက်ျာရံ အဂ္ဂသာဝကမှာ ဥပတိဿ မထေရ် ရဟန္တာ, လက်ဝဲရံ အဂ္ဂသာဝကမှာ ကောလိတမထေရ် ရဟန္တာ, အလုပ်အကျွေးမှာ အာနန္ဒာ မထေရ်တည်း၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမမှာ ဥပ္ပလဝဏ် ထေရီမ, လက်ဝဲရံ အဂ္ဂသာဝိကာမမှာ ခေမာထေရီ ရဟန္တာမ တည်း၊ ချစ်သားသာရိပုတြာ... ငါဘုရားသည် သုမေဓာရသေ့ ဖြစ်စဉ်အခါ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံစွာသော ပဌမဗျာဒိတ်ကို ဒီပင်္ကရာ မြတ်စွာဘုရား ပေးသနားတော်မူသဖြင့် ဗျာဒိတ်တော်ကို ခံလိုက်ရ၏။

÷ ÷ ÷ ÷

## ၁၁။ ဗျာဒိတ်ရခြင်း အင်္ဂါရှစ်ပါး

လူသားစင်စစ် အမှန်ဖြစ်ရခြင်း ယောကျ်ား မြတ် တို့၏ အင်္ဂါလက္ခဏာဟု ဆိုအပ်သော လိင်နှင့်ပြည့်စုံခြင်း၊ တိဟိတ် ပဋိသန္ဓေ နေရခြင်း၊ သဗ္ဗညုသခင် ရှင်တော်ဘုရားနှင့် ဆိုက်ဆိုက်ကြုံကြိုက် ဖူးတွေ့လိုက်ရခြင်း၊ ရသေ့ရဟန်း ဖြစ်ခြင်း၊ အဘိညာဉ်ငါးပါးနှင့် ပြည့်စုံခြင်း၊ဘုရားဖြစ်လိုသောဟု ပတ္ထနာဆုတောင့်တ

ပြုခြင်း၊ အာသာငင်းငင်း ချဉ်ခြင်း ဝပ်မက် နှစ်သက်လိုချင်ခြင်း၊ ဘုရားဖြစ်ချင်ခြင်း အားကြီးလှသောဆန္ဒ၊ ဤသည်လျှင် အင်္ဂါ ရှစ်ပါးတို့တည်း။ ဤအင်္ဂါရှစ်ပါးနှင့် မပြည့်စုံသောကြောင့် ကိုးသင်္ချေတွင်း၌ ပွင့်တော်မူသမျှ မြတ်ရှင်ပင်တို့သည် အနိယတ ဗျာဒိတ်မျှသာ မြွက်ကြားငြိမ့်အေး ပေးတော်မူလေသတည်း။ [လေးသင်္ချေတွင်းဝယ်ရသော ဗျာဒိတ်တော်ကား နိယတ ဗျာဒိတ်ပေတည်း။]

÷ ÷ ÷ ÷

## ၁၂။ ကောဏ္ဍည ဘုရားရှင်၏ အကြောင်း

ဒီပင်္ကရာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအတွင်း၌ ဘုရားမပွင့်လျှင်းဘဲ ကမ္ဘာတသင်္ချေ သွဲ့ႏ ၏၊ ထိုတသင်္ချေကို လွန်လျှင် သာရကပ်ကမ္ဘာထက် ကောဏ္ဍည ဘုရား ထင်ရှားတဆူ ပွင့်တော်မူ၏။ ချစ်သားသာရိပုတြာ.... ကောဏ္ဍညဘုရား ပွင့်တော်မူသောပြည်ကား ရမ္မဝတီမည်၏၊ ခမည်းတော်ကား သုနန္ဒမင်ကြီး၊ မယ်တော်ကား သုဇာတာ မိဖုရားတည်း၊ ဘုရားအလောင်းတော်ကို ဘွား၍ အရွယ်သို့ရောက် လျှင် ခမည်းတော် သုနန္ဒ မင်ကြီးသည် တိုင်းပြည်ထီးနန်းကို အပ် နှင်းတော်မူ၏၊ သုစိ၊သုရုစိ၊သုဘ-ဟူသော ပြာသာဒ်သုံးဆောင် ရွှေတောင်နန်းမထက် ကြင်ဘက်တော် ရုစိဒေဝီ မိဖုရားနှင့် မောင်းမအပေါင်း သုံးသိန်း ခြံရံလျက် အနှစ်တသောင်းတိုင်တိုင် စံတော်မူပြီးမှ ဝိဇိတသေန သားတော်ရတနာကို ဘွားမြင်လျှင် ညဉ့်တွင်းခြင်း ရထားယာဉ်တော်ကိုစီး၍ တောထွက်တော် မူလေ၏။

ဝေနေယျကြွာ သတ္တဝါထိုထို လူဗိုလ် အများ တို့ လည်း တကုဋေမျှလောက် လိုက်ပါကြ၍ ရဟန်းပြုကြလေကုန်၏၊ ဗြဟ္မာ ကပ်လှူသည့် သင်္ကန်းကို ဝတ်ရုံသပ္ပါယ်တော်မူ၍ ဆံယ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးလျှင် သုနန္ဒာမည်သော နိဂုံးရှာ၌ သူဌေးသမီး ယသောရောသည် ကပ်လှူလိုက်သော ရွှေခွက်နှင့် တကွသော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးမှ အင်ကြင်းတော၌ နေ့အတို နေ့သန့်တော်မူ၍ ညချမ်းသောအခါမှ မဏ္ဍလဗောဓိသို့ ကြွသွားတော်မူသောအခါ သုနန္ဒာ မည်သော မြက်ရိတ်လုလင် လှူလိုက်သော နေဇာမြက် ရှစ်ဆုပ်ကို သာလ ကလျာဏီပင် အောက် သစ္စာပြု၍ ကြဲ ဖြန့် တော် မူ လေ လျှ င် ငါး ဆ ယ့် ရှစ် တောင် အမြင့်ဆောင်သော ရွှေပလ္လင်သည် ဆောဆောလျှင်လျှင် ပေါက်လာလေ၏၊ ထိုပလ္လင်ပေါ်၌ ထက် ဝယ်ဖွဲ့ခွေစံနေတော်မူလျှင် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီး၍ ဘုရားကိစ္စ အောင်မြင်ပြီးစီးခြင်းသို့ ရောက်တော်မူလေ၏။

သတ္တပဏ္ဏဟူသော ဥယျာဉ်တော်၌ ဓမ္မစကြာတရားတော် ကို ဟောတော်မူလေ၏၊ လူရောနတ်ပါ ဗြဟ္မာနှင့်တကွ အကုဋေ တသိန်းမျှ ကျွတ်လေကုန်၏၊လကျ်ာရံ အဂ္ဂသာဝက ရဟန္တာကား ဘဒ္ဒ မထေရ်တည်း၊ လက်ဝဲရံကား သုဘဒ္ဒ ရဟန္တာ မထေရ်တည်း၊ စမ္မခဏ်နေရာတော်စွဲ၍ သပိတ်တော်ကိုကိုင်သော အလုပ်အကျွေး ကား အနုရုဒ္ဓ တည်း၊ လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမကား တိဿာ ထေရီမတည်း၊ လက်ဝဲရံကား ဥပတိဿာ ထေရီရဟန္တာမ မည်၏၊ ဥပါသကာ ဒါယကာ အလုပ်အကျွေးကား သောဏ, ဥပသောဏ နှစ်ယောက်တို့တည်း၊ဥပါသိကာ ဒါယိကာမ အလုပ်

အကျေးကား နန္ဒာ နှင့် သိရိမာ မည်သော သီတင်းသည်မ နှစ်ယောက်တို့တည်း၊ အရပ်ဉာဏ်တော်ကား ရှစ်ဆယ့် ရှစ်တောင် မြင့်တော်မူ၏၊ အသက်အာယုတော်ကား အနှစ် တသိန်း တိုင်တိုင် ရှည်တော်မူ၏။

ချစ်သား သာရိပုတြာ....ထိုရှေးအခါ ငါဘုရားသည် ဝိဇိတာဝီ မည်သော လေးကျွန်းသေဌ်နင်း စကြဝတေးမင်းကြီး ဖြစ်၍ ဘုရားဟောတော်မူသော တရားတော်မြတ်ကို ကြားနာရလျှင် ဆွမ်း,သင်္ကန်းနှင့်တကွသော အလှူအတန်းကြီးကို လုပ်ကျွေးလှူဒါန်းရ၏၊ ဗျာဒိတ်တော်ကိုလည်း ခံလိုက်ရ၏၊ "ဒါယကာ စကြဝတေးမင်းသည် သုံးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ဘုရားမြတ်လှ ဂေါတမလျှင် ဖြစ်လတ္တံ့"ဟု ဗျာဒိတ် ကြားတော်မူသဖြင့် ဝမ်းမြောက်ဝမ်းသာ ဗျာဒိတ်ရ၍ ရဟန်းပြုလေသတည်း။ ချစ်သား သာရိပုတြာ... စုတေ့ခဲ့သော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏၊ အသက်အာယုတော်မှာ အနှစ် တသိန်း တိုင်တိုင် ရှည်တော်မူ၏၊ မြိုင်မင်းရဂုံ စန္ဒာရုံ၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏၊ ဓာတ်တော်မွေတော် အပေါင်းကိုကား ဉာဏ်တော် ခုနစ်ယူဇနာ အမြင့်ရှိသော စေတီကြီးပြု၍ တည်ထား ကိုးကွယ်လေ၏။

---

## ၁၃။ မင်္ဂလ ဘုရားရှင်၏ အကြောင်း

ကောဏ္ဍညဘုရား ပရိနိဗ္ဗာန် စံ လွန် တော် မူပြီး သော နောက်ကာလအဘို့၌ ကမ္ဘာတသင်္ချေ-သုဉ်းလေ၏၊ ထိုတသင်္ချေ လွန်ပြီးမှ သာရမဏ္ဍ ကပ်ကမ္ဘာထက် မင်္ဂလဘုရား, သုမနဘုရား,

ဒရဝတဘုရား, သောဘိတဘုရား ထင်ရှားလေးဆူ ပွင့်တော်မူ၏။ "ချစ်သား သာရိပုတြာ.... မင်္ဂလဘုရား ပွင့်သောပြည်မှာ ဥတ္တရာမည်၏၊ ခမည်းတော်မှာ ဥတ္တရမင်းကြီး၊ မယ်တော်ဒေဝီ မဟေသီမှာ ဥတ္တရာ မိဖုရားကြီးတည်း၊ ဘုရားတော်မူလတ်၍ အရွယ်သို့ရောက်တော်မူလျှင် ခမည်းတော်မင်းကြီးက တိုင်းပြည်ထီးနန်းကို အပ်နှင်းတော်မူ၍ ယသဝါ, သုစိမာ, သိရိမာ- တည်းဟူသော ပြာသာဒ်သုံးဆောင် နန်းရွှေတောင်ထက် ကြင်ဘက်တော် ယသဝတီ မိဖုရားနှင့် မောင်းမအပေါင်း သုံးသောင်းခြံရံလျက် အနှစ်ကိုးသောင်းတိုင်တိုင် မင်းစည်းစိမ်ကို စံတော်မူပြီးမှ သားတော် သီဝလကို ဘွားမြင်တော်မူလျှင် ညဉ့်ဘွင်းချင်း ပတ္တရမည်သော မြင်းယာဉ်ကို ခြေတော်တင်၍ တောထွက်တော်မူလေသော် တကုဋေမျှလောက်သော ဗိုလ်ခြေတကာ လူများစွာတို့လည်း ရဟန်းပြုကြလေကုန်၏။

ဖြဟ္မာ ကပ်လှူသည့်သင်္ကန်းကို ဆင်ဝတ်တော်မူ၍ ရှစ်လတိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ဥတ္တရမည်သော နိဂုံးရွာ၌ ဥတ္တရာမည်သော သူဌေးသမီး လှူဒါန်းလိုက်သော ရွှေခွက်နှင့်တကွသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးသော် အင်ကြင်းတော၌ နေ့အတွို နေ့သန့်တော်မူ၍ ညနေချမ်းအခါမှ အောင်ဗောဓိသို့ ကြွတော်မူလေသော် ဥတ္တရမည်သော မြက်ရိတ်လုလင် လှူဒါန်းလိုက်သော နေဇာမြက်ထုံး ရှစ်စည်းလုံးကို ကံ့ကော်ပင် ရင်းတွင် သစ္စာဓိဋ္ဌာန်မြွက်၍ ကြဲမြှောက်တော်မူလေက တခဏခြင်းပင် အဆောတလျင် ငါးဆယ့်ရှစ်တောင် အမြင့်ဆောင်သော ရွှေပလ္လင်သည် မြေမှထွင်းဖေါက် ပေါက်လာပေ၏၊ ရွှေပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူက သစ္စာလေး

ပါး မြတ်တရားကို သိမြင်တော်မူ၍ ဘုရားကိစ္စ အောင်မြင်ပြီးစီး ခြင်းအဆုံးသို့ ရောက်တော်မူလေ၏။

သိရိဝရဥတ္တရာ ရာမမည်သော ဥယျာဉ်တော်၌ ဓမ္မစကြာ ဟောတော်မူတည်း၊ တကုဋေမျှလောက်သော နတ်, လူ, ဗြဟ္မာ များစွာတို့ ဗိုလ်ခြေအပေါင်း သောင်းသောင်းဖြဖြ ကျွတ်ကုန် ကြ၏၊ လကျ်ာရံ အဂ္ဂသာဝကမှာ သုဒေဝ ရဟန္တာ၊ လက်ဝဲရံမှာ ဓမ္မသေန မထေရ် ရဟန္တာ၊ အလုပ်အကျွေးမှာ ပါလိတ မထေရ် တည်း၊ လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမမှာ သီဝလာ ထေရီမ၊ လက်ဝဲရံမှာ အသောကာ ရဟန္တာထေရီမတည်း၊ ဥပါသကာ ဒါယကာယောကျ်ား အလုပ်အကျွေးကား နန္ဒ နှင့် ဝိသာခတို့ အကြီးအမှူးတည်း၊ ဥပါသိကာ ဒါယိကာမ အလုပ်အကျွေးကား အနုလာ နှင့် သုတနာ မည်သော သီတင်းသည်မ နှစ်ယောက်တို့ သည် အကြီးအမှူးတည်း၊ အရပ်ဥာဏ်တော်ကား တဆယ့် ရှစ် ရှစ်တောင် မြင့်တော်မူ၏၊ အသက်အာယုတော်ကား အနှစ် ကိုးသောင်း တိုင်တိုင် ရှည်တော်မူ၏။

"ချစ်သား သာရိပုတြာ... ထိုအခါ င ါဘုရားသည် သုရုစိ မည်သော ပုဏ္ဏားဖြစ်၍ သံဃာတော်နှင့်တကွ မြတ်စွာဘုရားကို ရေမရောသော နို့ဃနာဆွမ်းဖြင့် ခုနစ်ရက်တိုင်တိုင် လုပ်ကျွေး လှူဒါန်း၏၊ ထိုခုနစ်ရက်အဆုံးစွန် လွန်မြောက်သောနေ့၌ သင်္ကန်း စုံနှင့်တကွ အလှူကြီးကိုပေး၍ ဗျာဒိတ်တော်ကို ခံရသည်မှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းထက် သင်ဒါယကာ သုရုစိ ပုဏ္ဏား ကား ဂေါတမဟူသော အမည်ဖြင့် ပွင့်လတ္တံ့" ဟု ဗျာဒိတ်စကား ထားတော်မူခဲ့၏၊ ဗျာဒိတ်စကား ကြားရလတ်သော် ဝမ်းမြောက်

ဝမ်းသာ ပီတိသောမနဿဖြစ်၍ ရဟန်းပြုပြီးလျှင် တရားကို အား ထုတ်သဖြင့် စုတိမရဏသို့ ရောက်လေသော် ဗြဟ္မာ့ပြည်သို့ရောက် ၏၊ မင်္ဂလာဘုရားသခင်လည်း အသက်တော် ကိုးသောင်း တိုင်တိုင် ရှည်တော်မူပြီးသော် ဝဿရာရုံ တော၌ ပရိနိဗ္ဗာန် စံဝင်တော်မူ လေ၏၊ ဓာတ်တော် မွေတော်မြတ်ဟိုကိုကား ယူဇနာသုံးဆယ် စွင့်စွင့် မိုးတိမ်မြင့်မျှ ဓာတုက စေတီကြီး တည်လေ၏။

---

## ၁၃။ သုနမ ဘုရားရှင်၏ အကြောင်း

ထိုမင်္ဂလာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက် ကာလအတို၌ ရှည်ကြာနှောင်းက သုမနဘုရား ထင်ရှားတဆူ ပွင့် တော်မူပြန်၏၊ "ချစ်သား သာရိပုတြာ....သုမန ဘုရား ပွင့်သော ဌာနစံပျော် နေပြည်တော်ကား မေခလ မည်၏၊ ခမည်းတော်မှာ သုဒတ္တ မင်းကြီး၊ မယ်တော်ဒေဝီ မဟေသီမှာ သိရိမာ မည်သော မိဖုရားတည်း၊ သုမန မည်သော ဘုရားလောင်းကို ဘွားတော်မူ၍ အရွယ်သို့ရောက်တော်မူလျှင် ခမည်းတော် သုဒတ္တမင်းကြီးက ထီး နန်းနှင့်တကွ မေခလ မည်သော ပြည်ကြီးစည်းစိမ်ကို အပ်နှင်း တော်မူသဖြင့် အနှစ်တသောင်းတိုင်တိုင် စံစားပြီးမှ ဆင်ယာဉ်စီး၍ တောထွက်တော်မူပြီးလျှင် ဆယ်လ ဒုက္ကရစရိယာကို ကျင့်တော်မူ ၍ ကံ့ကော်ပင် ရင်း၌ ဘုရားဖြစ်တော်မူ၏၊ အသက်အာယုတော် ကား ကိုးသောင်းတိုင်တိုင် ရှည်တော်မူလေ၏။

ငါတို့ အရှင်ဂေါတမ အလောင်းတော်မြတ်သည် နဂါး ပြည်၌ တန်ခိုးကြီးသော အတုလ အမည်ရှိသော နဂါးမင်းဖြစ်၍ လူ့ပြည်၌ ဘုရားဖြစ်သည်ဟု ကြား၍ ဆွေမျိုး အပေါင်းတို့ဖြင့်

ခြံရံလျက် နဂါးပြည်မှ ထွက်ခဲ့၍ ပဌမအာစည်းအဝေး၌ ကုဋေ တသိန်း အခြံအရံရှိသော မြတ်စွာဘုရားအား နတ်တို့၏ စည်စောင်းငြင်းတို့ဖြင့် ပူဇော်၍ ကြီးစွာသော အလှူကြီးကို ဖြစ်စေ၏၊ အသီးအသီး သင်္ကန်းလျာပုဆိုး တစုံစီ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား လှူ၏၊ သရဏဂုံ ဆောက်တည်၏၊ သုမန ဘုရားရှင်လည်း "သင်နဂါးမင်း... နောင်သောအခါ ဂေါတမ အမည်ရှိသော ဘုရားဖြစ်သတ္တံ့" ဟု ဗျာဒိတ် ကြားတော်မူ၏၊ သုမန မြတ်စွာဘုရားပွင့်သောပြည်တော်ကား မေခလ၊ ခမည်းတော်ကား သုဒတ္တ၊ မယ်တော်ကား သိရိမာ၊ လက်ျာရံကား သရဏ၊ လက်ဝဲရံကား ဘာဝိတ္တ၊ အလုပ်အကျွေးကား ဥဒေန၊ သောဏာနှင့် ဥပသောဏာကား လက်ျာရံ့လက်ဝဲရံ တပည့် သမီးအကြီးတည်း၊ ဗောဓိကား ကံ့ကော်ပင်၊ အရပ်တော်ကား အတောင် ကိုးဆယ်၊ သက်တော် ကိုးသောင်းပြည့်လျှင် ပရိနိဗ္ဗာန် စံယူတော်မူလေ၏။

---

## ၁၅။ ရေဝတ ဘုရားရှင်၏ အကြောင်း

ထို သုမနဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက် ကာလအဘို့၌ ရေဝတ ဘုရား ထင်ရှားတဆူ ပွင့်တော်မူလေ၏၊ တိုင်းဌာနကား သုဓညဝတီ ပြည်ပုရီတည်း၊ ခမည်းတော်မှာ ဝိပုလမင်း၊ မြတ်မယ်တော်လည်း ဝိပုလာဒေဝီ မဟေသီတည်း၊ လက်ျာရံ အဂ္ဂသာဝက ရဟန္တာကား ဝရုဏ တွင်ခေါ် မထေရ် ကျော်တည်း၊ လက်ဝဲရံကား ဗြဟ္မဒေဝ ရဟန္တာတည်း၊ အလုပ်အကျွေးမှာ သမ္ဘဝတည်း၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမိန်းမကား ဘဒ္ဒါထေရီမတည်း၊လက်ဝဲရံကား သုဘဒ္ဒါ ရဟန္တာမ

မည်၏၊ မိုရာဗေ၁မိကား ကံ့ကော်ပင်တည်း၊ အရပ်ဥာဏ်တော်ကား အ၁တောင်ရှစ်ဆယ် မြင့်တော်မူ၏၊အသက်တော်ကား အနှစ်ခြောက်သောင်း တိုင်တိုင် ရှည်တော်မူ၏။

ထို ရေဝတ ဘုရားရှင် လက်ထက်တော်၌ "ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ရမ္မဝတီ မည်သောပြည်၌ အတိဒေဝ မည်သော ပုဏ္ဏားလုလင်ဖြစ်၍ အလုံးစုံသော ပုဏ္ဏားတို့၏ ကျင့်ဝတ်တရားတို့ကို တတ်မြောက်လိမ္မာတော်မူ၏၊ရေဝတ မြတ်စွာဘုရားကို ဖူးမြင်ရ၍ ထိုမြတ်စွာဘုရား၏ တရားဓမ္မကို နာခံရသဖြင့် သရဏဂုံ၌ တည်၍ လောက၌ ပညာရှိတို့ပြုရာသော ဝတ်နိဗဒ် အစီအရင်တို့ဖြင့် ထိုရေဝတ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို ကြေးကြော်၏၊ အ သ ပြ၁ တ ထောင် ထိုက်တန်သော အပေါ်ရုံသက်န်းဖြင့်လည်း လှူဒါန်းပူဇော်လေ၏၊ ထို ရေဝတ မြတ်စွာဘုရားသည်လည်း ငါတို့ ဘုရားအလောင်းအား ဤကမ္ဘာမှ ရေသည်ရှိသော် ကမ္ဘာတထောင်နှင့်တကွ နှစ်သင်္ချေလွန်သဖြင့် ဂေါတမ အမည်ရှိသောဘုရား ထင်ရှားဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူ၍ နိယတဗျာဒိတ်ကို ခံယူလိုက်ရ၏။

---

## ၁၆။ သောဘိတ ဘုရားရှင်၏ အကြောင်း

ထို ရေဝတဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ သောဘိတ ဘုရား ပွင့်တော်မူ၏၊ပြည်တော်မှာ သုဓမ္မ ပြည်မည်၏၊ ခမည်းတော်ကား သုဓမ္မ မည်တွင် ဘုရင်မင်းကြီးတည်း၊ မယ်တော်ဒေဝီ မဟေသီကား သုဓမ္မာ မိဖုရားကြီး

တည်း၊ လက်ျာရံ အဂ္ဂသာဝက ရဟန္တာယောကျ်ားကား အသမ မထေရ် မည်၏၊ လက်ဝဲရံ ရဟန္တာကား သုနေတ္တ မထေရ် မည်၏၊ အလုပ်အကျွေးကား အနောမ မည်၏၊ လက်ျာရံ ရဟန္တာ မိန်းမ ကား နကုလာ ထေရီမတည်း၊ လက်ဝဲရံကား သုဇာတာ ထေရီမ မည်၏၊ မိုရာဗောဓိကား ကံ့ကော်ပင်တည်း၊ အရပ်ဥာဏ်တော် ကား ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ အသက်တော်ကား အနှစ် ကိုးသောင်း တိုင်တိုင် ရှည်တော်မူ၏။

ထိုသောဘိတ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမ ဘုရားရှင်၏ အလောင်းတော်မြတ်သည် ရမ္မတီ မည် သောပြည်၌ သုဇာတ မည်သော ပုဏ္ဏားလုလင်ဖြစ်၍ သောဘိတ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရလျှင် သရဏဂုံတို့၌ ကောင်းစွာတည်၍ ဘုရား အမှူး ရှိသော သံဃာတော်တို့အား ဝါတွင်း သုံးလပတ်လုံး ကြီးသော အလှူကိုလှူ၏၊ ငါတို့ ဘုရား အလောင်းတော်မြတ်အားလည်း "နောင်အခါ ဂေါတမ အမည် ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ် တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၁၇။ အနောမဒဿီ ဘုရားရှင်၏ အကြောင်း

ထိုသောဘိတ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သော နောက်ကာလအဘို့၌ ကမ္ဘာတသင်္ချေကို လွန်၍ တခုသော ကပ်၌ အနောမဒဿီ မြတ်စွာဘုရား, ပဒုမဘုရား, နာရဒဘုရား ထင်ရှားသုံးဆူ ပွင့်တော်မူ၏၊ ထို အနောမဒဿီ မြတ်စွာဘုရား

ပွင့်တော်မူသောပြည်ကား စန္ဒဝတီ မည်၏၊ ခမည်းတော် မှာ ယသဝ ါ ပြည့်ရှင် ဘုရင်မင်းတရားကြီးတည်း၊ မယ်တော် မိဖုရားကြီးကား ယသောဓရာ ဒေဝီ မဟေသီတည်း၊ လကျ်ာရံ ကား နိသဘ ရဟန္တာမထေရ်မည်၏၊ လက်ဝဲရံကား အနောမ ရဟန္တာတည်း၊အလုပ်အကျွေးမှာ ဝရုဏ မည်၏၊ လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမိန်းမကား သုန္ဒရီ ထေရီမတည်း၊ လက်ဝဲရံကား သုမနာ ရဟန္တာမ မည်၏၊ မှီရာဗောဓိကား ဖေါက်ကြံ့ပင် တည်း၊ အရပ် ဥဘာဏ်တော်ကား ငါးဆယ့်ရှစ်တောင် အတိုင်းအရှည် မြင့်တော်မူ၏၊ အသက်တော်ကား အနှစ် တသိန်း တိုင်တိုင် ရှည်မြင့်တော်မူလေ၏။

ထိုအနော်မ ဒဿီ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌ ငါတို့ ရှင်ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် တန်ခိုးဣဒ္ဓိပ ါဒ်နှင့် ပြည့်စုံသော ဘီလူးစစ်သူကြီးဖြစ်၍ ကုဋေရာ, ထောင် မကသော နတ်ဘီလူးတို့ကို အစိုးရလေ၏၊ ထို အလောင်းတော်မြတ် နတ်ဘီလူးစစ်သူကြီးသည် ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူပြီဟု ကောလာဟဋ္ဌ သတင်းစကား ကြားလတ်သဖြင့် ရတနာခုနှစ်ပ ါးဖြင့်ပြီးသော နတ်သုခမ္မာ စရပ်ကြီးနှင့် တူသော အလွန်နှစ်လိုဘွယ် တင့်တယ်ကောင်းမွန်လှသော ရတနာမဏ္ဍပ်ကြီးကို ဖန်ဆင်း၍ ခုနှစ်ရက်ပတ်လုံး နတ်တို့၌ဖြစ်သော ဆွမ်း စသော အာဟာရတို့ဖြင့် မြတ်စွာဘုရားနှင့်တကွ ဘုရားအမှူးရှိသော ရဟန်းသံဃာတော် မြတ်တို့အား ကျွေးမွေး လှူဒါန်း၏၊ အနော်မဒဿီ မြတ်စွာဘုရားလည်း ဤ ငါတို့ဘုရား အလောင်းတော်ကို "ကမ္ဘာတသိန်းတို့၏ အထက်၌ တခုသော

အသခေ်ျကိုလွန်၍ ဂေါတမ အမည်ရှိသောဘုရား ထင်ရှားဖြစ်လတ္တံ့”ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရသတည်း။

---

## ၁၈။ ပဒုမ ဘုရားရှင်၏ အကြောင်း

ထိုအနောမဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ပဒုမ မြတ်စွာဘုရား ထင်ရှားတဆူ ပွင့်တော်မူ၏၊ ပြည်တော်ကား စမ္ပကပြည်တည်း၊ ခမည်းတော်မှာ အသမ မည်သော မင်းကြီးတည်း၊မယ်တော်မိဖုရားကား အသမာဒေဝီ မဟေသီတည်း၊ လက်ျာရံ အဂ္ဂသာဝက ရဟန္တာယောက်ျားကား သာလ မည်သော မထေရ်တည်း၊ လက်ဝဲရံကား ဥပသာလ မထေရ် ရဟန္တာမည်၏၊ အလုပ်အကျွေးကား ဝရုဏမည်၏၊လက်ျာရံ အဂ္ဂသာဝိကာ ထေရီမကား ရာမာ မည်သောရဟန္တာမတည်း၊ လက်ဝဲရံကား သုရာမာ ရဟန္တာထေရီမ မည်၏၊ မှီရာ ဗောဓိမဏ္ဍိုင်ကား ကြောင်လျှာပင် တည်း၊ အရပ်ဥာဏ်တော်ကား ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊အသက်တော်ကား အနှစ်တသိန်းတိုင်တိုင် ရှည်တော်မူ၏။

ထို ပဒုမ မြတ်စွာ ဘုရား ရှင် လက်ထက်တော်၌ ငါတို့ ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် မြတ်စွာ ဘုရား ရှိတော်မူရာ ဌာန၏အနီးဖြစ်သော တခုသော တောအုပ်ကြီး၌ သားအပေါင်းတို့ကို အစိုးရသော ခြင်္သေ့မင်းဖြစ်၍ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားတော်မူသော ဘုရားရှင်ကို

မြင်လတ်သော် ကြည်ညိုသောစိတ်ဖြင့် ရှိခိုးပြီးသော် လကျၤာရစ် လှည့်၍ နှစ်သက်ဝမ်းမြောက်ခြင်းဖြင့် သုံးကြိမ်တိုင်တိုင် ဟောက်ပြီးသော် ခုနစ်ရက်ပတ်လုံး ဘုရားတည်းဟူသော အာရုံကိုယူ၍၊ ပီတိအဟုန်ဖြင့် အစာရှာသွားခြင်းကို မပြုမူ၍ ဆည်းကပ်ခစား၏၊ ထိုအခါ ပဒုမမြတ်စွာဘုရားသည် နိရောဓသမာပတ်ကို လွန်သဖြင့် ခြင်္သေ့မင်းကို ကြည့်တော်မူ၍ ရဟန်းသံဃာ၌လည်း ကြည်ညိုစေ၏၊ ထိုအခါ ပဒုမမြတ်စွာဘုရားသည် ခြင်္သေ့မင်းအား "နောင်သောအခါ ဂေါတမ မည်သောဘုရား ထင်ရှားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၁၉။ နာရဒ ဘုရားရှင်၏ အကြောင်း

ထို ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ နာရဒ မြတ်စွာဘုရား ထင်ရှားတဆူ ပွင့်တော်မူ၏၊ ပွင့်သောပြည်ကား ဓညဝတီ၊ ခမည်းတော်ကား သုဒေဝ ပြည့်ရှင်ဖြစ်၏၊ မြတ်မယ်တော်ကား အနောမာ မိဖုရားကြီးမည်၏၊ လကျၤာရံ အဂ္ဂသာဝက ရဟန္တာယောကျ်ားကား ဘဒ္ဒသာလ မထေရ်မည်၏၊လက်ဝဲရံကား ဇိတမိတ္တမထေရ် ရဟန္တာမည်၏၊ အလုပ်အကျွေးကား ဝါသေဋ္ဌ တည်း၊ လကျၤာရံ ရဟန္တာထေရီမကား ဥတ္တရာ မည်၏၊ လက်ဝဲရံကား ဖဂ္ဂုနီထေရီ ရဟန္တာမမည်၏၊ မိုရာဗောဓိကား ကြောင်လျှာပင် တည်း၊ ကိုယ်တော်မြတ်

၏ အရပ်တော်ကား အတောင် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ အသက်တော်ကား အနှစ်ကိုးသောင်းတိုင်တိုင် ရှည်တော်မူ၏။

ထိုနာရဒမြတ်စွာဘုရားရှင် လက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်မြတ်သည် ရသေ့ရဟန်း ပြု၍ ဟိမဝန္တာတောင်ခြေ၌ ကျောင်းသခ်မ်းကို ဖန်ဆင်းပြီးသော် ငါးပါးသော စျာန်အဘိညာဉ်တို့၌ရင်း၊ ရှစ်ပါးသော သမာပတ်တို့၌ရင်း၊ လေ့လာသည်ကိုပြု၍ နေတော်မူ၏၊ ထိုအခါ၌ နာရဒမြတ်စွာဘုရားသည် ငါတို့ဘုရား အလောင်းတော် ရှင်ရသေ့အား အစဉ်သနားတော်မူသဖြင့် ကုဋေရှစ်ဆယ်သော ရဟန္တာအပေါင်းတို့ဖြင့်ရင်း၊ အနာဂါမိဖိုလ်၌ တည်ကြကုန်သော ဥပါသကာအပေါင်းတို့ဖြင့်ရင်း ကောင်းစွာ ခြံရံအပ်ကုန်သည်ဖြစ်၍ ထိုဘုရားလောင်း ရှင်ရသေ့၏အထံသို့ ကြွသွားတော်မူ၏။

ငါတို့ ဘုရားအလောင်းတော် ရှင်ရသေ့သည် လည်း မြတ်စွာဘုရားသခင်ကိုမြင်လျှင် အလွန်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဘုရားသခင်၏ ကျေးဇူးတော် ဂုဏ်အပေါင်းကို ကြွေးကြော်ပြီးသော် တဖန်သောနေ့၌ ဥတ္တရကုရုကျွန်းသို့ စျာန်အဘိညာဉ်တန်ခိုးဖြင့် သွားရောက်ပြီးလျှင် မြတ်စွာဘုရားအား ဆွမ်း ဘောဇဉ် အာဟာရတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်၏၊ ထိုကဲ့သို့ ခုနစ်ရက်ကာလပတ်လုံး ကြီးစွာသော အလှူအတန်းကို ပေး၍ ဟိမဝန္တာတောမှ အဘိုးအနဂ္ဃ ထိုက်တန်သော စန္ဒကူးနီကို ဆောင်၍ မြတ်စွာဘုရားအား ပူဇော်လှူဒါန်းခြင်းကိုပြု၏၊ထိုအခါ ဘုရားလောင်းရှင်ရသေ့အား "နောင်အခါ ဂေါတမအမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

## ၂၀။ ပဒုမုတ္တရဘုရားရှင်၏ အကြောင်း

ထို နာရဒမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်၍ ဤကမ္ဘာမှ တသိန်းသောကာလအဘို့၌ ကမ္ဘာတသချေ်ကိုလွန်၍ ဤကမ္ဘာမှ တသိန်းသောကမ္ဘာ တခုသောကပ်ဝယ် ပဒုမုတ္တရ ဘုရား ထင်ရှား တဆူ ပွင့်တော်မူ၏၊ နေပြည်တော် ကား ဟံသဝတီ မည်၏၊ ခမည်းတော်ကား အာနန္ဒတွင် ဘုရင်မင်းမြတ်တည်း၊ မယ်မြတ် ဒေဝီ မဟေသီကား သုဇာတာ တည်း၊ လကျ်ာရံဖြစ်သော အဂ္ဂသာဝက ရဟန္တာယောကျ်ားကား ဒေဝိလ တွင် မထေရ်ပင်တည်း၊ လက်ဝဲရံ အဂ္ဂသာဝက ရဟန္တာကား သုဇာတ မထေရ်မည်၏၊ အလုပ်အကျွေးကား သုမန မည်၏၊ လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမကား အမိတာ ထေရီမည်၏၊ လက်ဝဲရံ ထေရီမကား အသမာ မည်သော ရဟန္တာမတည်း၊ မှိရာဗောဓိကား အင်ကြင်းပင်တည်း၊ အရပ်ဥာဏ်တော်ကား အတောင် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ ကိုယ်တော်မြတ်၏ ရောင်ခြည်တော်သည်ကား ထက်ဝန်းကျင် တဆယ့်ယူဇနာတိုင်တိုင် ထွန်းတောက်ပတော်မူ၏၊ အသက်တော်ကား အနှစ်တသိန်းတိုင်တိုင် ရှည်တော်မူ၏။

ထိုပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ရှင်ဂေါတမ ဘုရားရှင်၏ အလောင်းတော်သည်ကား ကုဋေ, ရာထောင်မက ပေါများလှသော ဇဋိလ မည်သော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား သင်္ကန်းစုံနှင့်တကွသော အလှူကြီး အတန်းကြီးတို့ကို ပေးလှူ၏၊ ထိုပဒုမုတ္တရ မြတ်စွာဘုရားသည်ကား ငါတို့ရှင်ဂေါတမ အလောင်းတော်မြတ်

ကို ဆွမ်းအနုမောဒနာ ပြုသည်၏အဆုံးဝယ် "နောင်သောအခါ ကမ္ဘာတသိန်းတို့၏ အထက်၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၂၁။ သုမေဓဘုရားရှင်၏ အကြောင်း

ထိုပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်လာလအဘို့၌ ကမ္ဘာသုံးသောင်းတို့ကိုလွန်၍ တခုတည်းသော ကမ္ဘာ၌ သုမေဓဘုရား, သုဇာတဘုရား ထင်ရှားနှစ်ဆူ ပွင့်တော်မူ၏၊ ထိုဘုရားရှင် နှစ်ဆူတို့တွင် သုမေဓ ဘုရားရှင်၏ ပွင့်တော်မူရာ ရွှေပြည်ကား သုဒဿန တိုင်းကြီးတည်း၊ ခမည်းတော်ကား သုဒတ္တ ဘုရင်ကြီးတည်း၊ မယ်တော်ကား သုဒတ္တာ မိဖုရားကြီးတည်း၊ လက်ျာရံ အဂ္ဂသာဝကကား သရဏ ရဟန္တာ မထေရ်မည်၏၊ လက်ဝဲရံ အဂ္ဂသာဝက ရဟန္တာကား သဗ္ဗကာမ မထေရ်မည်၏၊ အလုပ်အကျွေးကား သာဂရ မည်၏၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမကား ရာမာ ထေရီမ မည်၏၊ လက်ဝဲရံ ထေရီမကား သုရာမာ ရဟန္တာမ မည်၏၊ မှီရာဗောဓိကား ထိမ်ပင်၌ ပွင့်တော်မူ၏၊ အရပ်ဥာဏ်တော်ကား ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၏၊ အသက်တော်ကား အနှစ်ကိုးသောင်း တိုင်တိုင် ရှည်တော်မူ၏။

ထိုသုမေဓဘုရားရှင် လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ခပ်သိမ်းသော သူတို့ထက် မြတ်သော

ဥတ္တရ အမည်ရှိသော လုလင်ယောကျ်ားဖြစ်၍ မြှုပ်ထားအပ်သော ကုဋေ ရာထောင်မကသော ရွှေငွေဘဏ္ဍာ, ဥစ္စာဓန အစရှိသော စည်းစိမ်ချမ်းသာတို့ကို စွန့်ကြဲ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသောအလှူကို ပေးလှူ၏၊ ထိုသုမေဓ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရသဖြင့် သရဏဂုံ တို့၌ ကောင်းစွာတည်၍ တောထွက်ပြီးလျှင် ရသေ့ ရဟန်း ပြု ၏၊ သုမေဓ မြတ်စွာဘုရားသည်လည်း ဘုရားလောင်းအား ဆွမ်းအနုမောဒနာ ပြုသည်၏ အဆုံး၌ "နောင်အခါ ရှင်ဂေါတမ မည်သော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ် ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၂၂။ သုဇာတ ဘုရားရှင်၏ အကြောင်း

ထို သုမေဓဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသောနောက်ကာလအဘို့၌ သုဇာတ ဘုရား ထင်ရှားတဆူ ပွင့်တော်မူ၏၊ ပွင့်သော ပြည်ကား သုမင်္ဂလ တိုင်းပြည်တော်တည်း၊ ခမည်းတော် မြတ်ကား ဥဂ္ဂတ မင်း၊ မြတ်မယ်တော်မှာ ပဘာဝတီ မိဖုရားတည်း၊ လက်ျာရံ အဂ္ဂသာဝက ရဟန္တာကား သုဒဿန မထေရ်တည်း၊ လက်ဝဲရံ အဂ္ဂသာဝက မထေရ်ကား သုဒေဝ ရဟန္တာမည်၏၊ အလုပ်အကျွေးကား နာရဒ မည်၏၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမကား နာဂ ါ ထေရီမ မည်၏၊ လက်ဝဲရံ ရဟန္တာမကား နာဂသမာလာ ထေရီ မည်၏၊မှိုရာ အောင်ဗောဓိကား ဝေဠုရုက္ခ ဝ ါးပင်ကြီး တည်း၊ အရပ်ဉာဏ်တော်ကား အတောင် ၎ ါးဆယ်

မြင့်တော်မူ၏၊ အသက်တော်ကား အနှစ် ကိုးသောင်း တိုင်တိုင် ရှည်တော်မူ၏။

ထို သုဇာတ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမဘုရား အလောင်းတော်သည် စကြဝတေးမင်း ဖြစ်၍ "ဤလောက၌ လူတွင်ထင်ရှား ဘုရားဖြစ်တော်မူ၏"ဟု ကောလ ဟဋ္ဌ သတင်းစကား ကြားလတ်သော် မြတ်စွာဘုရား အထံတော် သို့ ဆည်းကပ်၍ တရားတော်ကို နာ၏၊ဘုရားအမှူးရှိသော သံဃာ တော်တို့အားလည်း ရတနာခုနစ်ပါးတို့နှင့်တကွ လေးကျွန်းလုံး၌ ဖြစ်သော မင်း၏စည်းစိမ်ကို လှူဒါန်းပြီးသော် မြတ်စွာဘုရား အသံတော်၌ ရဟန်းပြုတော်မူ၏၊ လေးကျွန်းလုံး၌တည်ကုန်သော မင်း စသော သူတို့သည် တိုင်းနိုင်ငံမှ ဖြစ်သော အခွန်ဘဏ္ဍာတို့ကို ယူခဲ့ကုန်၍ အာရာမ်စောင့်ကိစ္စကို ပြီးစေပြီးလျှင် ဘုရားအမှူး ရှိသော သံဃာတော်တို့အား အမြဲ အလှူအတန်းကြီးကို ပေးလှူ ကြကုန်၏၊ ထို သုဇာတ မြတ်စွာဘုရားသည်လည်း ငါတို့ ဘုရား အလောင်းတော်ကို "နောင်သောအခါ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၂၃။ ပိယဒဿီဘုရားရှင်၏ အကြောင်း

ထိုသုဇာတ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သော နောက်ကာလအဘို့၌ ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတသောင်း ရှစ်ထောင်တို့၏ အထက်၌ တခုသောကပ်ဝယ်

ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီဘုရား ထင်ရှားသုံးဆူ ပွင့်တော်မူ၏၊ ထိုသုံးဆူသော ဘုရားရှင်တို့တွင် ပိယဒဿီ မြတ်စွာဘုရားသည် အစဉ်အားဖြင့် ပါရမီတို့ကို ဖြည့်ကျင့်တော်မူရ၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ ထိုအခါ အလောင်းတော်နတ်သားသည် တုသိတာနတ်ပြည်မှ စုတေခဲ့၍ သုဓည မည်သော နေပြည်တော်၌ သုဒတ္တ မည်သော မင်းကြီး၏သားတော် ဖြစ်လာလေ၏၊ မယ်တော်မိဖုရားကြီးက စန္ဒာဒေဝီ မည်၏၊ ဘုရားလောင်း ပဋိသန္ဓေယူတော်မူ၍ ဆယ်လလွန်မြောက်လတ်သော် ဝါနူမည်သော ဥယျာဉ်တော်၌ မီးရှူးသန့်စင် ဘွားမြင်တော်မူ၏။

အမည် မှည့်အံ့သောနေ့၌ ခပ်သိမ်းစုံ တခုသော လောကဓာတ် အလုံး၌ ရှိရှိသမျှသော လူအပေါင်းတို့သည် အချင်းချင်း ချစ်ခင်ကြင်နာခြင်း မေတ္တာ,ကရုဏာ,တန်ခိုးပြာဋိဟာ ထင်ရှားလှသည် ဖြစ်၍ ဘုရားအလောင်းတော်ကို ‘ပိယဒဿီ’ ဟု မှည့်ကြကုန်သဖြင့် အရွယ်သို့ ရောက်လတ်သော် အနှစ်ကိုးထောင် တို့ပတ်လုံး သုနိမ္မလ, ဝိမလ, ဂိရိဂုဟာ, မည်သာ ပြာသာဒ် သုံးဆောင်ထက်၌ ကြင်ဘက်တော် ဝိမလာဒေဝီ အမှူးရှိသော မောင်းမအပေါင်း သုံးသောင်း သုံးထောင် ခြံရံလျက် လူ၏ဘောင်၌ စံစားတော်မူပြီးမှ ဇိဏ္ဏ, ဗျာဓိ, မတ, ပဗ္ဗဇ-ဟူသော နိမိတ်ကြီး လေးပါးကို မြင်တော်မူပြီးနောက် ကဉ္စနဝေလ မည်သော သားတော်ရတနာကို မီးရှူးသန့်စင် ဖွားမြင်တော်မူလတ်သော် ညဉ့်တွင်းခြင်း ရထားယာဉ်ကို ခြေတော်တင်လျက် တောထွက်တော်မူလေ၏၊ ဘုရားလောင်းသို့ အတုလိုက်၍ တကုဋေမျှလောက်သော လူများအပေါင်းတို့လည်း ရဟန်းပြုကြကုန်၏။

ဒုက္ကရစရိယာ ခြောက်လကျင့်တော်မူ၍ ကဆုန်လပြည့် ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဝရဏမည်သော ပုဏ္ဏားရွာ၌ ဗြဟ္မဏမဟာသာလ သူဌေးသမီးသည် ရွှေခွက်နှင့်တကွ ကပ်လှူ အပ်သော နတ်ဩဇာဖြင့် ထုံအပ်သော ပျားဃနာဆွမ်းကို လေးဆယ့်ကိုးလုပ် မယုတ်မလွန် ဘုဉ်းပေး သုံးဆောင်တော်မူ၍ အင်ကြင်းတော၌ နေ့အဘို့ နေ့သန့်တော်မူ၍ ညချမ်းသောအခါ မှ ကြွတော်မူရာ သုဇာတ အမည်ရှိသော အာဇီဝကသည် အားရ ရွှင်လန်း လှူဒါန်းဆက်ကပ်လိုက်သော မြက်ရှစ်ဆုပ်ကို ရေခတက် ပင် အောက် မိဋ္ဌာန်မြှောက်၍ ငါးဆယ့်သုံးတောင် အပြန့် ကျယ်အောင် ဖြန့်ခင်းတော်မူလတ်သော် ရွှေပလ္လင်ပေါ်လာ လျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီးလျှင် မာရ်စစ်သည် အပေါင်းကို အောင်တော်မူ၍ သဗ္ဗညုတဉာဏ်အထွတ်သို့ ရောက် တော်မူက "အနေကဇာတိ သံသာရံ" စသဖြင့် ဥဒါန်းကျူးရင့် တော်မူ၏။

ထိုဗောဓိမဏ္ဍိုင်ထက်ဝန်းကျင်၌ လေးဆယ့်ကိုးရက်တို့ကို လွန်စေသဖြင့် မိမိ၏ပါရမီကို အမှီပြုပြီးလျှင် အတူလိုက်၍ ရဟန်း ပြုကြလေကုန်သော သူတော်ကောင်း ပရိသတ်အပေါင်းတို့အား မဂ်ဖိုလ်ကိုရကြစေရန် ရည်သန်တော်မူပြီး၍ ကောင်းကင်ခရီးဖြင့် ထိုသူတို့ ရှိရာဌာနသို့ ကြွရောက်တော်မူပြီးမှ ဥပဝတီ မည်သော မြို့၏အနီး ဥပဘာဝ မည်ခေါ် ဥယျာဉ်တော်သို့ ကြွရောက် သက် ဆင်းတော်မူလာ၍ တကုဋေမျှ လောက်သော ရဟန်း ပရိသတ် အများတို့အား မွေစကြာတရားကို ဟောတော်မူသဖြင့် မဂ်ဖိုလ် တရားထူးကို လက်ဦးစွာ နာကြရလေကုန်၏။ဤသို့ ကြားနာကြရ စေခြင်းသည် ဦးစွာအစ ပဌမဆုံးဖြစ်သော အဘိသမယတည်း။

ထိုပိယဒဿီ မြတ်စွာဘုရား၏ နေပြည်တော်ကား သုဓညပြည်မည်၏၊ ခမည်းတော်ကား သုဒတ္တမင်း ဖြစ်၏၊ မြတ်မယ်တော်ကား စန္ဒာဒေဝီ မိဖုရားကြီးတည်း၊ လကျ်ာရံ အဂ္ဂသာဝက ရဟန္တာယောကျ်ားကား ပါလိတမထေရ်မည်၏၊ လက်ဝဲရံမထေရ်ကား သဗ္ဗဒဿီ ရဟန္တာမည်၏၊ အလုပ်အကျွေးကား သောဘိတမထေရ်မည်၏၊လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမကား သုဇာတာထေရီမည်၏၊ လက်ဝဲရံထေရီမကား ဓမ္မဒိန္နာရဟန္တာမ မည်၏၊ မှိုရာဗောဓိမဏ္ဍိုင်ကား ရေခတက်ပင်တည်း၊ ထိုပိယဒဿီ မြတ်စွာဘုရားသည် မန္နိုင်းယှဉ်အပ်သော တပည့်ပရိသတ်လည်း များပြားလှလေကုန်၏။

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့်ရှင်း, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် ၎င်းဝင့်တယ်ဘွယ်ရာ တန်ဆာဆင်သကဲ့သို့ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးအသွင် ထင်ရှားကျော်စောသဖြင့် မီးရောင်, လရောင်, နေရောင် တို့ ကို လွှမ်းမိုးဖုံးအုပ်၍ မြတ်စွာဘုရားရောင်ခြည်တော်တို့ဖြင့်သာလျှင် အချင်း ခပ် သိမ်း ထွန်းလင်းတောက်ပကုန်၏၊ အသက်တော်ကား အနှစ် ကိုးထောင် တိုင်တိုင်ရှည်တော်မူ၏။

ထိုပိယဒဿီ မြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ရှင်ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် ကဿပအမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ ဗေဒတိဟာသကျမ်းလျှင် ငါးခုမြောက်သော ဗေဒင်သုံးပုံတို့ကို ကမ်း တ ဘက် ရောက် တတ်မြောက်ကျွမ်းကျင်တော်မူ၏၊ ထိုအခါ အလောင်းတော် ပုဏ္ဏားသည်

ကုဋ္ဌေ ရာ့ထောင်မက ကြွယ်ဝသမျှသော စည်းစိမ်ဥစ္စာတို့ကို စွန့်၍ ကောင်းမွန်လှစွာ သံဃာတော်တို့ ကိန်းဝပ်သီတင်းသုံးကြရန် အာရာမ်ကို ဆောက်လုပ်လှူဒါန်း၏၊ သရဏဂုံသီလတို့၌ ကောင်းစွာတည်၏၊ ထိုအခါ ပိယဒဿီ မြတ်စွာဘုရား သည် ငါတို့ဘုရားအလောင်းတော်ကို "နောင်သောအခါ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ် ပေး တော် မူ သ ဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ဝမ်းသာ အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၂၄။ အတ္ထဒဿီဘုရားရှင်၏ အကြောင်း

ထိုပိယဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ အတ္ထဒဿီ မြတ်စွာဘုရား ပွင့်တော်မူ၏၊ နေပြည်တော်ကား သောဘဏမည်၏၊ ခမည်းတော်ကား သာဂရမင်းဖြစ်၏၊မြတ်မယ်တော်ကား သုဒဿနာတည်း၊ လက်ျာရံ အဂ္ဂသာဝက ရဟန္တာ ယောကျ်ားကား သန္တမထေရ်မည်၏၊ လက်ဝဲရံ ရဟန္တာကား ဥပသန္တမထေရ်မည်၏၊ အလုပ်အကျွေးကား အဘယမထေရ်မည်၏၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမကား ဓမ္မာထေရီမ မည်၏၊ လက်ဝဲရံ ရဟန္တာမကား သုဓမ္မာထေရီမည်၏၊ မိဖုရားအောင်ဗောဓိကား စကားပင်ကြီးတည်း၊ အရပ်ဥာဏ်တော်ကား အတောင်ရှစ်ဆယ် မြင့်တော်မူ၏၊ ကိုယ်တော်မြတ်၏ အရောင်အဝါတော်သည်ကား ထက်ဝန်းကျင် အခါခပ်သိမ်း တယူဇနာ တိုင်တိုင်ရှိသော အရပ်ကို ပျံ့နှံ့တောက်လင်း

သွန်းပတော်မူ၏၊ အသက်တော်ကား အနှစ်တသိန်း အတိုင်း အရှည် ရှိတော်မူ၏။

ထိုအတ္ထဒဿီ ဘုရားရှင် သက်ထက်တော်၌ ငါတို့ရှင် ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည်ကား စမ္မက မည်သော ပြည်၌ သိမအမည်ရှိသော ပုဏ္ဏားသူဌေးဖြစ်၍ များစွာသော စည်းစိမ်အခြံအရံရှိ၏၊ ထိုပုဏ္ဏားသူဌေးသည် ကိုးကွယ်ရာမဲ့ ချို့တဲ့ဥစ္စာ ခိုရာမဲ့တည်းဖြစ်သော သူတို့အား စည်းစိမ်ဥစ္စာကို ပေးကမ်းစွန့်လှူ၍ ဟိမဝန္တာ၏ အနီး ဖြစ်သော တခုသော တောအုပ်၌ ရသေ့ရဟန်းပြု၍ နေတော်မူသဖြင့် ရှစ်ပါးသော သမာပတ်, ငါးပါးသော ဈာန်အဘိညာဉ်တို့နှင့်တကွ ကြီးသော တန်ခိုးအာနုဘော်နှင့် ပြည့်စုံသည်ဖြစ်၍ လူအပေါင်းတို့အား ကောင်းသောတရားကို ညွှန်ကြားပြသ ဆုံးမ ဟောပြော၏၊ ဘုရား ထင်ရှားပွင့်တော်မူသကဲ့သို့ နေ့ညဉ့်မစဲ အုတ်အော် သောင်းသဲ ဖြစ်လေကုန်၏၊ ထိုအခါ အတ္ထဒဿီ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုပြီးလျှင် သုဒဿနမြို့၌ ပရိသတ်တို့၏ အလယ်တွင် ကောင်းစွာ နေထိုင်သဖြင့် တရားတော်ကို နာယူ၏၊ အတ္ထဒဿီ မြတ်စွာဘုရားသည်လည်း ထိုအလောင်းသူမြတ်ကို စိမ့်စိမ့်ရှုတော်မူ၍ "ဘုရားစင်စစ်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ခံယူလိုက်ရ၏။

---

## ၂၅။ ဓမ္မဒဿီ ဘုရားရှင်၏ အကြောင်း

ထိုအတ္ထဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ **ဓမ္မဒဿီ** မြတ်စွာဘုရား

ထင်ရှားတဆူ ပွင့်တော်မူ၏၊ ပွင့်သောပြည်ကား သရက္ခပြည်တော်တည်း၊ ခမည်းတော်မြတ် သမုနတ်ကား သ ရ န မည် သော မင်းတည်း၊ မြတ်မယ်တော်ကား သုနန္ဒာ မိ ဖုရား ကြီး တည်း၊ လက်ျာရံ အဂ္ဂသာဝက ရဟန္တာကား ပဒုမ မထေရ်မည်၏၊ လက်ဝဲရံ ရဟန္တာကား ဖုဿဒေဝ မထေရ်မည်၏၊ အလုပ်အကျွေး ကား သုနေတ္တမည်၏၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမကား ခေမာ ထေရီမည်၏၊ လက်ဝဲရံကား သစ္စနာမာ ရဟန္တာထေရီမ မည်၏၊ မှီရာအောင်ရပ်ကား ရေခတက်ပင် တည်း၊ အ ရပ် ဉာဏ် တော်ကား အတောင် ရှစ်ဆယ် မြင့်တော်မူ၏၊ အသက်တော် ကား အနှစ် တသိန်း တိုင်တိုင် ရှည်တော်မူ၏။

ထို ဓမ္မဒဿီဘုရား လက်ထက်တော်၌ ငါတို့ ဂေါတမ မြတ်စွာဘုရားအလောင်းတော်သည် သိကြားမင်း ဖြစ်၍ နှစ်ထပ် သော နတ်ပြည်တို့၌ နတ်ဖာပေါင်းတို့သည် ခြံရံအပ်သည်ဖြစ်၍ လာကုန်ပြီးသော် နတ်၌ဖြစ်သော ပန်း တို့ ဖြင့် ၎င်း, တူရိယာ မျိုးငါးပါးတို့ဖြင့်၎င်း မြတ်စွာဘုရားအား ပူဇော်၏၊ ထိုဓမ္မဒဿီ မြတ်စွာဘုရားသည်လည်း သိကြားမင်းကို“နောင်အခါ ဂေါတမ မည်သော မြတ်စွာဘုရား ထင်ရှားဖြစ်လတ္တံ့”ဟု ဗျာဒိတ် ပေး တော်မူသဖြင့် ဗျာဒိတ်တော်ကို ဝမ်းမြောက်ကြည်ဖြူ ခံယူလိုက် ရ၏။

---

## ၂၆။ သိဒ္ဓတ္ထ ဘုရားရှင်၏ အကြောင်း

ထို ဓမ္မဒဿီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သော နောက်ကာလအဘို့၌လျှင် ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိ

သော် ကိုးဆယ့်လေးကမ္ဘာထက်ဝယ် တခုသော သာရကမ္ဘာ၌ လူတို့၏အကျိုးကို ကျင့်ဆောင်တော်မူသဖြင့် သိဒ္ဓတ္ထ အမည်တော် ရှိသော ဘုရားဖြစ်တော်မူ၏၊ ထိုသိဒ္ဓတ္ထဘုရား အလောင်းတော်သည် ပါရမီတို့ကို ဖြည့်တော်မူ၍ တုသိတာ နတ်ပြည်၌ ဖြစ်လေပြီးမှ စုတေခဲ့၍ ဝေဘာရ မည်သောပြည်၌ ဥဒေန မင်းကြီး၏ တောင်နန်းစံဖြစ်သော သုဖဿာ မိဖုရားကြီး၏ ဝမ်းတိုက်၌ ပဋိသန္ဓေယူတော်မူ၍ ဆယ်လလွန်သောအခါ၌ ဝိဒိယမည်သော ဉယျာဉ်တော်တွင် မျက်နှာသန့်စင် မီးရှူးဖြင့်တော်မူက ထိုကာလ၌ အလုံးစုံသော အမှုကြီးငယ်တို့ကို ဆောင် ရွက် အားထုတ် လုပ်ကိုင်သမျှသော လူအပေါင်းတို့၏ အလိုခပ်သိမ်းစုံကို အကုန်အစင် အောင်မြင်ပြီးစီးခြင်းအဖြစ်သို့ ရောက်စေ၏၊ ထိုအကြောင်းကို အစွဲပြုသောအားဖြင့် "သိဒ္ဓတ္ထ"ဟူသော အမည်ကို မှည့်ကြကုန်၏။

အလောင်းတော်မြတ် မင်းသိဒ္ဓတ်ကား ကောကာ, သုပ္ပလာ, ကောကနဒါ ဟူသော ပြာသာဒ် သုံးဆောင်ထက်၌ ကြင်ဘက်တော် သောမနဿာဒေဝီ မည်သော မိဖုရားနှင့်တကွ မောင်းမအပေါင်း လေးသိန်း လေးသောင်း ခြံရံလျက် အနှစ်တထောင် ကာလပတ်လုံး လူ၏ဘောင်၌ ထီး နန်း စည်း စိမ် ကို စံတော်မူပြီးမှ သောမနဿာဒေဝီ မဟေသီမိဖုရား၌ အနုပမကုမာရ မည်သော သားတော်ကို ဘွားတော်မူက ညတွင်းချင်း ဝါဆိုလပြည့်နေ့၌ ရွှေထမ်းစင် စီးတော်ယာဉ်ကို ခြေတော်တင်လျက် တောထွက်တော်မူပြီးလျှင် ရဟန်းပြုတော်မူလေ၏။

ကုဋေ ၀ သိန်းမျှသော လူများအပေါင်းတို့ သည်လည်း အတုလိုက်၍ ရဟန်းပြုကြလေကုန်သဖြင့် ဆယ်လပတ်လုံး အခြံ

အရံ ဖြစ်သော ရဟန်းတို့နှင့်တကွ ဒက္ခိဏရစရိယာ ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့၌ အသဒိသမည်သော ပုဏ္ဏားရွာတွင် သုနေတ္တာ အမည်ရှိသော သူဌေးသမီးသည် ကပ်လှူအပ်သော ပျားဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူ၍ ပဒရဝန မည်သော သျှိသျှား တောအုပ်၌ နေ့အဘို့ နေ့သန့်တော်မူ၍ ညချမ်းသောအခါ၌ ဝရုဏ မည်သော ဥယျာဉ်စောင့် သည် လှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်ကို ယူတော်မူ၍ မှီရာဗောဓိမဏ္ဍိုင်ဟု ဆိုအပ်သော မဟာလှေကားပင်ရင်း၌ အတောင်လေးဆယ် အပြန့်ကျယ်သော မြက်အခင်းဖြင့် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် ဝိပဿနာကိုသာလျှင် ဆင်ခြင် သုံးသပ်တော်မူသဖြင့် သစ္စာလေးပါးတရားကို ပိုင်းခြားသိမြင်တော်မူက ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုနောက် သတ္တသတ္တာဟကို လွန်စေ၍ နောက်တော်က အစဉ်တစိုက် အတုလိုက်၍ ရဟန်းပြုကြကုန်သဖြင့် ကုဋေအရာမက ကျွတ်တမ်းဝင်ရကြကုန်သော ပရိသတ်အပေါင်းတို့အား မဂ်ဖိုလ်ကို ရစေခြင်းအကျိုးငှာ ကရုဏာတော် နှိုးဆော်သဖြင့် ကြွရောက်ကယ်တင် ကောင်းကင်ခရီးဖြင့် ထိုသူတို့ရှိရာ မိဂဒါဝုန် သမင်တောသို့ ရှေ့ရှုသက်ဆင်းတော်မူပြီးလျှင် ဓမ္မစကြာ ဟောတော်မူသဖြင့် သစ္စာလေးပါး တရားအထူးကိုရ၍ ကုဋေ အရာမက ကျွတ်တမ်းဝင်ကြရလေကုန်၏။

ထို သိဒ္ဓတ္ထ ဘုရား အလောင်းတော်မြတ်၏ နေပြည်တော်ကား ဝေဘာရ ပြည် မည်၏၊ ခမည်းတော်ကား ဥဒေနမင်း၊ မြတ်မယ်တော်ကား သုဖဿာ မိဖုရားတည်း၊ လကျာ်ရံ ဖြစ်သော

အင်္ဂုလိကား ရဟန္တာကား သမ္ဗလ မထေရ်မည်၏၊ လက်သဲရံ ရဟန္တာကား သုမိတ္တ ထေရ်မည်၏၊ အလုပ်အကျွေးကား ရေဝတ မထေရ်မည်၏၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမကား သီဝလာ ထေရီမည်၏၊ လက်ဝဲရံ ရဟန္တာမကား သုရာမာ ထေရီမည်၏၊ မှီရာဗောဓိပင်ကား မဟာလေှကားပင် တည်း၊ အရပ် ဥာဏ်တော် ကား အတောင် ခြောက်ဆယ် မြင့်တော်မူ၏၊ အသက်တော်ကား အနှစ် တသိန်း တိုင်တိုင် ရှည်တော်မူ၏၊ ရောင်ခြည်တော်ကား စကြာဝဠာ တသောင်း အ တိုင်း အ ရှည် မျှ ထက်ဝန်းကျင် ထွန်းတောက်ပတော်မူ၏၊ သမာပတ်ကို ဝင်စားတော်မူ၍ ဇာတိ သန္တစင် ဘွားမြင်ချက်ကြွေတော်မူရာ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံတော်မူလေ၏။

ထိုသိဒ္ဓတ္ထဘုရားရှင် လက်ထက်တော်၌ ငါတို့ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် ပုရသေနမည်သော ပြည်၌ မင်္ဂလ မည်သော ပုဏ္ဏားလုလင်ဖြစ်၍ ဗေဒင်သုံးပုံတို့၏ ကမ်း တဘက် ရောက် တတ်မြောက်တော်မူ၏၊ ထိုပုဏ္ဏားလုလင်သည် ကုဋေ ရာ့ထောင်မက များလှစွာသော ဘဏ္ဍာ ဥစ္စာ ရတနာ ရွှေ ငွေ အထွေထွေတို့ကို ကိုးကွယ်ရာမဲ့ဖြစ်သော သူတို့အား စွန့်ကြဲ ပေးကမ်း လှူဒါန်းခဲ့ပြီးလျှင် ကာမဂုဏ် မရှိသည်ဖြစ်၍ ရသေ့ ရဟန်း ပြုပြီးသော် စျာန်သမာပတ်တို့ကို ဖြစ်စေ၍ နေတော် မူ၏။

ထိုအခါ "ဤလောက၌ သိဒ္ဓတ္ထမည်သော မြတ်စွာဘုရား သည် ထင်ရှားပွင့်တော်မူပြီ"ဟု ကောလာဟဠစကား နှံ့ပြား ထင်ရှားခြင်း ရှိသည်ဖြစ်၍ ဘုရားအထံတော်သို့ ကပ်ပြီးလျှင်

ကိုင်းရှိုင်းရှိသေစွာ ရှိခိုးခြင်းဖြင့် တရားတော်ကိုနာခံရ၍ ဇမ္ဗူသပြေပင်မှ ဇမ္ဗူသပြေသီးတို့ကို ဈာန်အဘိညာဉ် တန်ခိုးဖြင့် ဆောင်ယူခဲ့၍ ကုဋေကိုးသောင်းအတိုင်းအရှည်ရှိသော သိဒ္ဓတ္ထဘုရားနှင့်တကွ ရဟန်းသံဃာအများတို့အား ဆောင်နှင်းကျွေးမွေး လှူဒါန်းဆက်ကပ်လေ၏၊ ထိုအခါ သိဒ္ဓတ္ထမြတ်စွာဘုရားသည် ငါတို့ဘုရားအလောင်း ရှင်ရသေ့အား "ဤကမ္ဘာမှနောက် ကိုးဆယ့်လေးကမ္ဘာရောက်လျှင် ဂေါတမမည်သော ဘုရား ထင်ရှားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို အားရဝမ်းမြောက် ကြည်သင်ရွှင်လန်းစွာ ခံယူလိုက်ရလေ၏။

---

## ၂၇။ တိဿ ဘုရားရှင်၏ အကြောင်း

ထိုသိဒ္ဓတ္ထဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသောနောက်ကာလအဘို့၌ ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ တကပ်တည်းတွင် တိဿဘုရား, ဖုဿဘုရား နှစ်ဆူ ပွင့်တော်မူကြ၏၊ ဘုရားနှစ်ဆူ ပွင့်တော်မူသည်အနက် တိဿ ဘုရားရှင် အလောင်းတော်မြတ်၏ အကြောင်းကား-ပါရမီကို ဖြည့်တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်ပြီးမှ ခေမက ပြည်တွင် ဇနသန္ဓ မင်း၏ သားဖြစ်တော်မူ၏၊ မယ်တော် မိဖုရားကြီးကား ပဒုမဒေဝီ မည်၏၊ ထိုမိဖုရားကြီး၏ ဝမ်းဝယ် ပဋိသန္ဓေနေတော်မူ၍ ဆယ်လ လွန်သဖြင့် အနောမ မည်သော ဥယျာဉ်တော်တွင် မီးရှူးသန့်စင် ဘွားမြင်တော်မူလေ၏။

ထို တိဿဘုရားအလောင်းတော်မြတ်ကား အနှစ်ခုနစ်ထောင် တို့ပတ်လုံး လူ့ဘောင်၌ နှစ်ခြိုက်မွေ့လျော် စံစားတော်မူသော နန်းမ သုံးဆောင် ရွှေတောင် ပြာသာဒ်တော်များကား ဂုဟာ သေလ,နာရိသယ,နိသဘ မည်သော နန်းတော်ကြီးတို့၌ သုဘဒ္ဒါ ဒေဝီ မိဖုရားအမှူးရှိသော မောင်းမအပေါင်း သုံးသောင်း သုံး ထောင် ခြံရံလျက် ခံစားစံစားပြီးမှ နိမိတ်ကြီးလေးပါးတို့ကို မြင် သဖြင့် ကြင်ဘက်တော်ဖြစ်သော သုဘဒ္ဒါမှ အာနန္ဒကုမာရ မည် သော သားတော်ရတနာကို မီးရှူးသန့်စင် ဘွားမြင်တော်မူက ညတွင်းချင်း အနုတ္တရ တုရင် မည်သော စီးတော် မြင်းယာဉ်ကို ခြေတော်တင်၍ တောထွက်တော်မူ၏၊ တကုဋေမျှသော လူ့ အပေါင်းတို့သည် အစဉ်တစိုက် နောက်တော်မှ လိုက်ပြီးလျှင် တရားမွေ့ သံဝေဂရသဖြင့် အတူလိုက်၍ ရဟန်းပြုကြကုန်၏။

ထိုဘုရားအလောင်းတော်သည် နောက်တော်ပါ ရဟန်း ပရိသတ်အများနှင့်တကွ ရှစ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့၌ ယဝဂါမမည်သော နိဂုံးဝယ် ဝရသေဋ္ဌိ သူဌေးသမီးသည် ရွှေခွက်နှင့်တကွ လှူဒါန်းအပ်သော ပျားဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူ၍ အင်ကြင်း တော၌ နေ့အဘို့ နေ့သန့်ဟော်မူ၍ ညချမ်းသောအခါမှ ဝိဇိတ- သင်္ဂါမ မည်သော လယ်စောင့်လုလင်သည် ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကိုကိုင်၍ ပိတောက်ပင် ဗောဓိနန်းသို့ ကြွလှမ်းတော် မူပြီးလျှင် အတောင်လေးဆယ် အပြန့်ကျယ်အောင် လက်တော် ကိုင် မြက်ခပင်းတို့ကို ခင်းကျင်း ဖြန့်ကြဲပေါ်မူလျက် ထက်ဝယ် ဖွဲ့ခွေ စံနေတော်မူမိလျှင် မာန်စစ်သည်အပေါင်းကို အောင်တော် မူက ဝိပဿနာကို အားထုတ်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်

တော်မူပြီးမှ ခုနစ်သတ္တာဟတို့ပတ်လုံး ဗောဓိမဏ္ဍိုင်၏ အနီး၌ စံတော်မူရာမှ ရသဝတီပြည်၏ အနီးတွင်နေသော ဗြဟ္မဒေဝ, ဥဒယမည်သော နှစ်ယောက်သော မင်းသားတို့နှင့်တကွ နောက်တော်ပါ ရဟန်းပရိတ်သတ်တို့အား အကျွတ်တရားကို ရစိမ့်သော ငှာ ဓမ္မစကြာတရားထူးကို လက်ဦးစွာဟောတော်မူလို၍ ကောင်းကင်ခရီးဖြင့် ယိုသူတို့ရှိရာ မိဂဒါဝုန်တောသို့ သက်ဆင်းတော်မူလတ်၍ ဉယျာဉ်စောင့်နှင့်တကွ နှစ်ယောက်သော မင်းသားတို့မှ တပါး ရဟန်းပရိသတ် အများတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။

ထိုအခါ ကုဋေတရာမျှလောက်သော ပရိသတ်အများတို့ သည် တရားအထူးကို ရကြကုန်၏၊ ထို တိဿ မြတ်စွာဘုရား၏ ပွင့်သော ပြည်ကား ခေမက ပြည် မည်၏၊ ခမည်းတော်ကား ဇနသန္ဓ ရာဇာတည်း၊ မယ်တော်ကား ပဒုမဒေဝီ မိဖုရားကြီး တည်း၊ လကျ်ာရံဖြစ်သော အဂ္ဂသာဝက ရဟန္တာကား ဗြဟ္မာ ဒေဝ မထေရ်မည်၏၊ လက်ဝဲရံကား ဥဒယ ရဟန္တာမည်၏၊ အလုပ် အကျွေးကား သမင် မထေရ် မည်၏၊ လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမကား ဖုဿာ ထေရီမ မည်၏၊ လက်ဝဲရံ ထေရီကား သုဒတ္တာ ရဟန္တာမ မည်၏။

မှီရာအောင်ရပ်ကား ပိတောက်ပင် ဗောဓိမဏ္ဍိုင် မည်၏၊ ထို တိဿဘုရားရှင်၏ အသက်တော်ကား အနှစ် တသိန်း တိုင်တိုင် ရှည်တော်မူ၏၊ ရောင်ခြည်တော်သည်ကား ထက်ဝန်းကျင် တယူဇနာမျှ တောက်ပ ထွန်းလင်းလေ၏၊ ထို တိဿ ဘုရားရှင်သည် အလျံအဝါကြီးသော မီးပုံကြီးကဲ့သို့ တပည့်သား သံဃာတော်

အပေါင်းနှင့်တကွ သုနန္ဒဝတီ မည်သော ပြည်၏အနီး သုနန္ဒာ ရာမ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။

ထိုတိဿမြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည်ကား ယသဝတီပြည်ကို အစိုးရသော သုဇာတ မည်သော မင်းဖြစ်၍ လျှော်တေသကင်္န်း နှင့် ရဟန်းပြုပြီးလျှင် တရားကိုအားထုတ်သဖြင့် အဘိညာဉ် ငါးပါးနှင့် ပြည့်စုံသောကြောင့် ဈာန်၏ တန်ခိုး ဣဒ္ဓိပါဒ်ဖြင့် နတ်ပြည်၌ရှိသော စိတ္တလတာ ဥယျာဉ်တော်မှ ပဒုမာကြာပန်း, ထင်းရှူးပန်း, ပင်လယ်ကသစ်ပန်း သုံးမျိုးတို့ကို ဆောင်ယူ၍ ပန်းရိုးကား ပတ္တမြား, ရွက်ဖျားကား ရွှေစင်, ဝတ်ဆံကား မြ, လှပယဉ်ကျေး မွှေးထုံနံ့ကြိုင် လှိုင်လှသော ရနံ့တို့နှင့် ပြည့်စုံ သော ပန်းသုံးမျိုးတို့ကို တဂါဝုတ် မျှ လော က် သော ရွှေပန်း တောင်းတွင် ထည့်၍ တရားမင်း၏ ခြေတော်ရင်း၌ ပူဇော်၏၊ ဗျာဒိတ်ခံခဲ့၍ "ကိုးဆယ့် တကမ္ဘာထက်၌ ဘုရားဂေါတမ ဖြစ် လတ္တံ့"ဟု ဗျာဒိတ် ပေးတော်မူသဖြင့် ဗျာဒိတ်တော်ကို ခံယူ လိုက်ရ၏။

---

## ၂၈။ ဖုဿဘုရားရှင်၏ အကြောင်း

ထိုတိဿမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ လူတို့အသက် အနှစ်ကိုးသောင်းတမ်းဝယ် ဖုဿ မြတ်စွာဘုရား ထင်ရှားတဆူ ပွင့်တော်မူ၏၊ ထိုဘုရား အလောင်းတော်မြတ်ကား ပါရမီကြီးသယ်တို့ကို ဖြည့်တော်မူ၍

တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ ထိုတုသိတာနတ်ပြည်မှ စုတေခဲ့၍ ကာသိက မည်သော ပြည်ကြီးဝယ် ဇယသေန မင်းကြီး၏သား ဖြစ်တော်မူ၏၊ မြတ်မယ်တော်ကား သိရိမာ မိဖုရားကြီးမည်၏၊ ထိုမိဖုရားကြီး၏ ဝမ်းတိုက်၌ ပဋိသန္ဓေ ယူတော်မူ၍ ဆယ်လ လွန်သဖြင့် သိရိမဟာ ဥယျာဉ်တော်၌ ဘုရားလောင်းမြတ်ကို မီးရှူး သန့်စင် ဘွားမြင်တော်မူ၏။

ထိုဖုဿဘုရားအလောင်းတော်သည်ကားအနှစ်တသောင်း ကာလပတ်လုံး လူ့ဘောင်၌ စံနေတော်မူ၍ ဂရုဠပက္ခ, ဟံသ, သုဝဏ္ဏဘာရ ဟု အမည်ရှိသော ပြာသာဒ် သုံး ဆောင် ထက် ၌ ကိသာဂေါတမီ မိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း သုံးသောင်း အခြံအရံတို့နှင့်တကွ ခံစား စံစားတော်မူပြီးမှ ဇိဏ္ဏ, ဗျာဓိ, မတ, ပဗ္ဗဇ- ဟူသော နိမိတ်ကြီးလေးပါးတို့ကို အစဉ် အားဖြင့် မြင်တော်မူလတ်၍ ကိသာဂေါတမီ ကြင်ဘက်တော် မိဖုရားကြီး၌ အ နု ပ မ ကု မာ ရ မည်သော သားတော်ရတနာကို မီးရှူးသန့်စင်ဘွားမြင်တော်မူလေလျှင် ညဉ့်တွင်းချင်းပင် တန်ဆာ ဆင်ခြင်းနှင့်စပ်သော မြတ်သောဆင်ယာဉ်ကို စီး တော် လျက် တောထွက်တော်မူလေ၏၊ တကုဋေမျှလောက် အတိုင်း အရှည် ရှိသော ဗိုလ်ခြေပရိသတ် မှူးမတ်ကျေးကျွန် အပေါင်းတို့သည် လည်း အလောင်းတော်မြတ်၏ နောက်တော်မှ အစဉ်တစိုက် အတူလိုက်၍ ရဟန်းပြုကြလေကုန်၏။

ထိုဖုဿဘုရားရှင်၏ အလောင်းတော်မြတ်သည် နောက်ပါ ပရိသတ်အပေါင်း ခြံရံကြသဖြင့် တလပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူပြီးလျှင် ထိုပရိသတ်အပေါင်းတို့မှ ခွဲ၍

ခုနစ်ရက်ပတ်လုံး တကိုယ်တော်တည်း ဇေကစာရ အကျင့်ကို ပွားများကျင့်ကြံတော်မူလျက် တောအုပ်သို့ ဝင်တော်မူပြီးမှ ကဆုန်လပြည့် အင်္ဂါနေ့၌ အညတရမြို့အနီး အညတရသူဌေးသမီး သိရိဝဍ္ဎာသည် ဆက်ကပ်လှူအပ်သော ပျားဃနာဆွမ်းကို ဘုဉ်း ပေး သုံးဆောင်တော်မူ၍ ပန်းမွေးစုံသော သိံသပဥယျာဉ်တော် ၌ နေ့အဘို့ နေ့သန့်တော်မူ၍ ညနေ အေးချမ်းသောအခါမှ နတ်လမ်းမ ခရီးလမ်းဖြင့် ကြွလှမ်းတော်မူလတ်သော် ကောသိက ဥပသကာ ကပ်လှူအပ်သော မြက်ရှစ်ဆုပ်ကို ခံတော်မူ၍ မိုရာ ကြက်ဆူဗောဓိမဏ္ဍိုင်၏အောက်၌ ကြဲ မြှောက်ဖြန့်ခင်းတော်မူက သုံးဆယ့်ရှစ်တောင် အမြင့်ဆောင်သော ရွှေပလ္လင်တော် ပေါ်ကို လာသဖြင့် ထိုပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူမိက သစ္စာလေးပါး မြတ်တရားကို သိမြင်တော်မူပြီးမှ "အနေကဇာတိ သံသာရံ"စသည်ဖြင့် ဥဒါန်း ကျူးရင့်တော်မူ၏။

လေးဆယ့်ကိုးရက် ကာလပတ်လုံး ဗောဓိမဏ္ဍိုင်အနီး၌ ကာလကို ကုန်လွန်စေ၍ မိမိနှင့် အစဉ်တစိုက် နောက်တော်က လိုက်ပြီးလျှင် ရဟန်းပြုကြကုန်သော တကုဋေမျှလောက်ကုန်သော ရသေ့ရဟန်း အပေါင်းတို့အား တရားအထူးကို ရစေလိုသော ကရုဏာတော်ဖြင့် ထိုသူတို့ရှိရာ သင်္ကဿနဂိုရ်ပြည်၏အနီး ဣသိပတန မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးမှ သက်ဆင်းကြွသွား တော်၍ ထိုရသေ့ရဟန်း ပရိသတ်တို့အား ဓမ္မစကြာတရား အထူးကို လက်ဦးစွာ ဟောတော်မူသေ၏။

ထိုဖုဿဘုရားရှင်၏ ပွင့်တော်မူရာ ဌာနကား ကာသိကမြို့၊ ခမည်းတော်ကား ဇယသေန မင်းကြီးတည်း၊ မယ်တော်ကား

သိရိမာ မိဖုရားကြီးတည်း၊ မိုရာအောင်ဗောဓိကား ထန်းပင် ဗောဓိတည်း၊ အရပ်ဥာဏ်တော်သည်ကား အတောင် ငါးဆယ် ရှစ်တောင် မြင့်တော်မူ၏၊ ရောင်ခြည်တော်သည်ကား လျှပ်စစ် နွယ်ကဲ့သို့ ထက်ဝန်းကျင်ထွန်းပ၏၊ အသက်တော်ကား အနှစ် ကိုးသောင်း တိုင်တိုင် ရှည်တော်မူ၏၊ ထက်ဝန်းကျင် အတောက် အလျှံ ကြီးသော မီးပုံကြီးသည် ငြိမ်းသကဲ့သို့ ရသေ့ ရဟန်း တပည့် ပရိသတ်အပေါင်းနှင့်တကွ ပရိနိဗ္ဗာန်စံလွန်တော်မူလေ၏။ ထို ဖုဿ ဘုရားရှင်၏ လက်ျာရံ ဖြစ်သော အဂ္ဂသာဝက ရဟန္တာ ကား သုရက္ခိတ မထေရ်၊လက်ဝဲရံ ရဟန္တာကား ဓမ္မသေန မထေရ် မည်၏၊ အလုပ်အကျွေးကား သဘိယ မထေရ် မည်၏၊ လက်ျာရံ ဖြစ်သော အဂ္ဂသာဝိကာ ရဟန္တာမကား စာလာ ထေရီ မည်၏၊ လက်ဝဲရံ ရဟန္တာမကား ဥပစာလာ ထေရီ မည်၏။

ထို ဖုဿ မြတ်စွာ ဘုရား၏ လက်ထက်တော်၌ ငါတို့ ရှင်ဂေါတမဘုရား အလောင်းတော်သည် အရိန္ဒမ မည်သောပြည် ၌ ဝိဇိတာဝီ မည်သော မင် ကြီးဖြစ်၍ ဘုရား ဟောတော်မူသော တရားတော်ကို ကြားနာရသဖြင့် သံဝေဂ ရသောကြောင့် တိုင်း ပြည်ကို စွန့်လှူတော်မူ၍ ရဟန်းပြုပြီးလျှင် ပရိယတ်တရားကို အား ထုတ်သည်နှင့် ပိဋကတ်သုံးပုံ၌ အပြီးတိုင်လေ၍ ကျော်စော ထင် ရှားခြင်းနှင့်တကွ မြတ်စွာဘုရားကိုယ်စား တရားဟောရပေသဖြင့် "ကိုးဆယ့် နှစ်ကမ္ဘာထက်၌ ဂေါတမ အမည်ရှိသော ဘုရားဖြစ် လတ္တံ့"ဟု ဖုဿမြတ်စွာဘုရား ဗျာဒိတ် မြွက်ကြားတော်မူသဖြင့် ဗျာဒိတ်တော်ကို နှင်ခြိုက်အားရ ဝမ်းမြောက်ကြည်ဖြူ ခံယူ လိုက်ရလေ၏။

## ၂၉။ ဝိပဿီ ဘုရားရှင်၏ အကြောင်း

ထိုဖုဿဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော နောက်ကာလအဘို့၌ သာရမဏ္ဍ ကမ္ဘာထက်ပင်လျှင် ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့် တ က ကမ္ဘာ ထက် ၌ ဝိပဿီ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူ၏၊ ထိုဝိပဿီမြတ်စွာဘုရား အလောင်းတော်သည် အလုံးစုံသော ပါရမီတော်တို့ကို ဖြည့်ကျင့် တော်မူ၍ တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏၊ ထို တု သိ တာ နတ်ပြည်မှ စုတေခဲ့၍ ဗန္ဓုမတီမည်သော နေပြည်တော်၌ ဗန္ဓုမ ရာဇာမည်သော မင်းကြီး၏ မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူသဖြင့် ဆယ်လတို့ကို လွန်မြောက်ပြီးလျှင် မယ်တော် မိဖုရားကြီးဝမ်းမှ မီ ရှူးသန့်စင် ဘွားမြင်တော်မူ၏။

ထိုအလောင်းတော်မြတ်အား အမည်မှည့်အံ့သော နေ့၌ လက္ခဏာဘတ်တတ်ကုန်သော ပုဏ္ဏားတော်ပညာရှိ အများတို့နှင့် တကွ ဆွေတော် မျိုးတော်အပေါင်းတို့သည် "ဝိပဿီ" ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုဝိပဿီ အလောင်းတော်မြတ်သည် လူ၏ဘောင်၌ အနှစ် နှစ်ထောင်တို့ကို လွန်ပြီးမှ လေးပါးသော နိမိတ်ကြီးတို့ကို မြင်လေသော် သုဒဿနာ မည်သော ကြင်ဘက် တော် မိဖုရား၌ သမဝတ္တက္ခန္ဓ အမည်ရှိသော သားတော်ကို ဘွားမြင်တော်မူလေက ညတွင်းခြင်း အာဇာနည်မြင်းယာဉ်ကို ခြေတော် တင် လျက် တောထွက်တော်မူလေ၏၊ ရှစ်သောင်း လေးထောင်ကုန်သော ဒးခြံအရံ ပရိသတ်အပေါင်းတို့သည် ထို ဝိပဿီ အလောင်းတော်မြတ်၏ နောက်တော်မှ အစဉ်တစိုက် လိုက်၍ ရဟန်းပြုကြကုန်၏။

ပရိသတ် အခြံအရံနှင့်တကွ ရှစ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၍ ကဆုန်လပြည့် အင်္ဂါနေ့၌ သုဒဿန မည်သော သူဌေးသမီးသည် ရွှေခွက်နှင့်တကွ ကပ်လှူသောပျားဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် အင်ကြင်းတော၌ နေ့အဘို့ နေ့သန့်တော်မူ၍ ညနေချမ်းမှ ကြွမြန်းတော်မူလေက သုဇာဘာ မည်သော လယ်စောင့်ယောကျာ်းသည် ဆက်ကပ်လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ခံယူတော်မူ၍ မှီရာသခွတ်ပင် ဗောဓိသို့ ကပ်တော်မူလျက် လကျာ်ရစ်လှည့်၍ ရှုကြည့်တော်မူပြီးလျှင် ထိုသခွတ်ပင်၏ အနီး၌ အတောင်ငါးဆယ် အပြန့်ကျယ်အောင် ခင်းကျင်းကြဲဖြန့်တော်မူလေက ငါးဆယ်အတောင် အမြင့်ဆောင်သော ရတနာ ရွှေပလ္လင်တော်သည် ဆောဆောလျှင်လျှင် မြေက ပေါက်လာသဖြင့် ထိုပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် မာရ်စစ်သည် အပေါင်းကို အောင်တော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏၊ ထိုအခါ "အနေကဇာတိ သံသာရံ" စသည်ဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။

ထိုဗောဓိပင်၏ အနီး၌ လေးဆယ့်ကိုးရက်ကို လွန်သဖြင့် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို အကြောင်းပြု၍ မိထွေးတော်၏ သားဖြစ်သော စန္ဒကုမာရမင်းသားကိုရင်း၊ ပုရောဟိတ်၏သားကိုရင်း မဂ်ဖိုလ်ရထိုက်သော အကြောင်းနှင့်တကွ ဥပနိဿယကို မြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပြီးလျှင် ခေမမိဂဒါယ မည်သော ဥယျာဉ်သို့ သက်ဆင်းတော်မူပြီးလျှင် ထိုမင်းသား နှစ်ယောက်တို့အား ပရိသတ် အ အရံတို့နှင့်တကွ ဓမ္မစကြာ တရားအထူးကို ဟောတော်မူသဖြင့် ကုဋေနှစ်ရာမျှ

လောက်ကုန်သော ပရိသတ်အပေါင်းတို့သည် တရားအထူးကို ကြားနာရ၍ အကျွတ်တရားကို ရလေကုန်၏။

ထိုဝိပဿီ မြတ်စွာဘုရား၏ လက်ထက်တော်၌ ငါတို့ဘုရား အလောင်းတော်သည် အတုလနဂါးမင်းဖြစ်၍ အကုဋေမက များလှကုန်သော နဂါးပရိသတ် အပေါင်းဖြင့် ခြံရံလျက် ရတနာ ခုနှစ်ပါးအတိပြီးသော မဏ္ဍပ်၌ ထိုဝိပဿီ မြတ်စွာဘုရား အထံတော်ဝယ် များစွာသော ပူဇော်သက္ကာရပြု၍ နိယတ ဗျာဒိတ်ကို ခံတော်မူလိုက်ရ၏ ထိုဝိပဿီမြတ်စွာဘုရား၏ပွင့်ရာ တိုင်းပြည်ကား ဗန္ဓုမတီ ပြည်ပုရိတည်း ခမည်းတော်မြတ် ဗန္ဓုမရာဇာ ဖြစ်၏၊ မြတ်မယ်တော်ကား ဗန္ဓုမတီ မိဖုရားမြတ်တည်း၊ လကျ်ာရံဖြစ်သော အဂ္ဂသာဝက ရဟန္တာယောကျ်ားကား ခဏ္ဍမထေရ်မည်၏၊ လက်ဝဲရံ ရဟန္တာကား တိဿ မထေရ်မည်၏၊ အလုပ်အကျွေးကား အသောက မည်၏၊ လကျ်ာရံဖြစ်သော အဂ္ဂသာဝိကာ ရဟန္တာမကား စန္ဒာထေရီမည်၏၊ လက်ဝဲရံ ရဟန္တာမကား စန္ဒမိတ္တာ ထေရီမည်၏။

မိုးရာဗောဓိမဏ္ဍိုင်ကား သခွတ်ပင်တည်း၊ အရပ်ဉာဏ်တော်ကား အတောင်ရှစ်ဆယ် မြင့်တော်မူ၏၊ ရောင်ခြည်တော်ကား ထက်ဝန်းကျင် ခုနှစ်ယူဇနာတိုင်တိုင် ပျံ့နှံ့၍တည်၏၊ အသက်တော်ကား အနှစ်ရှစ်သောင်း ရှည်တော်မူ၏၊ ပရိနိဗ္ဗာန်ပြုသော အခါ ထက်ဝန်းကျင်အလျှံတောက်ညီး မီးပုံကြီးကဲ့သို့ ထွန်းလင်း တောက်ပ၍ ပရိနိဗ္ဗာန်စံလွန်တော်မူလေ၏၊ ထိုဝိပဿီဘုရားရှင် လက်ထက်တော်၌ ငါတို့ ဂေါတမအလောင်းတော်သည် အတုလ အမည်ရှိသော နဂါးမင်းဖြစ်၍ ဘုရားဟောတော်မူသော တရား တော်ကို ကြားနာရသဖြင့် မိတ္တ ဆွေဝါး နဂါးများနှင့် တကွ

မဏ္ဍပ်ကြီးပြု၍ ထိုမဏ္ဍပ်တွင် မြတ်စွာဘုရားနှင့်တကွ ဘုရားအမှူးရှိသော သံဃာတော်တို့အား ရွှေအင်းပျဉ်လှူ၍ ထိုရွှေအင်းပျဉ်ထက် မြတ်စွာဘုရား ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူမှလျှင် ခြေရင်းတော်၌ ဗျာဒိတ်ခံခဲ့၍ "ကိုးဆယ့်တကမ္ဘာထက်၌ ဂေါတမအမည်ရှိသော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူသဖြင့် ဗျာဒိတ်တော်ကို အားရကြည်ဖြူ ခံယူလိုက်ရ၏။

---

## ၃၀။ သိခီဘုရားရှင်၏ အကြောင်း

ထိုဝိပဿီဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော နောက်ကာလအတို၌ ဘုရားမဖြစ်လျှင်းဘဲ သုဉ်းခဲ့သည်ကား ငါး ဆယ့်ကိုးကမ္ဘာလျှင် လွန်လေသတည်း။ ထိုကမ္ဘာတို့ လွန်ပြီးမှ မဏ္ဍကမ္ဘာထက် သိခီဘုရား, ဝေဿဘူဘုရား ထင်ရှားနှစ်ဆူ ပွင့်တော်မူ၏၊ ထိုနှစ်ဆူသော ဘုရားရှင်တို့အနက် သိခီဘုရား ပွင့်တော်မူသောပြည်ကား အရုဏဝတီမည် ပြည်တည်း၊ ခမည်းတော်မြတ်ကား အရုဏမင်းကြီးတည်း၊ မယ်တော်ကား ပဘာဝတီ မိဖုရားကြီး၏ ဝမ်းတိုက်မှ ထိုသိခီဘုရားရှင်၏ အလောင်းတော် မြတ်ကို ပဋိသန္ဓေယူတော်မူ၍ ဆယ်လ လွန်မြောက် ဘွားချိန် ရောက်က နာသဟာရမည်သော ဥယျာဉ်တော်၌ မီးရှူးသန့်စင် ဘွားမြင်တော်မူ၍ အရွယ်တော်သို့ ရောက်လေသော် ခမည်းတော် မင်းကြီးက အရုဏဝတီပြည်ကို အပ်နှင်းတော်မူသဖြင့် သုစန္ဒက, ဂိရိ, ဝသဘ အမည်ရှိသော ပြာသာဒ်သုံးဆောင်ထက် သဗ္ဗကာမာ ဒေဝီမည်သော မြောက်သားတော် မိဖုရားနှင့်တကွ ရံရွှေမောင်းမ

အပေါင်း ရှစ်သောင်းလေးထောင် ခြံရံလျက် နှစ်ပေါင်းခုနစ်ထောင်တို့ပတ်လုံး လူ၏ဘောင်၌ ထီးနန်းစည်းစိမ်ကို ခံစံပြီးမှ သဗ္ဗကာမာ ကြင်ဘက်တော်မိဖုရားမှ သားတော် အတုလကို မီးရှူးသန့်စင် ဘွားမြင်တော်မူက ညတွင်းခြင်းပင် ဆင်ယာဉ်ကို ခြေတော်တင်လျက် တောထွက်တော်မူလေ၏။

ခုနစ်ထောင် ကုန် သော လူ အ ပေါင်း တို့ သည် လည်း နောက်တော်က အစဉ်တစိုက် အတူလိုက်၍ ရဟန်းပြုကြလေကုန်၏၊ ဗြဟ္မာကပ်လှူသောသင်္ကန်းကို ဝတ်ရုံသပ္ပါယ်တော်မူ၍ အတူတကွ နောက်တော်ကပါသော ရဟန်းပရိသတ်တို့နှင့်တကွ ရှစ်လတိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ သုဒဿနမည်သော နိဂုံး၌ ပိယဒဿီသူဌေးသမီးသည် ရွှေခွက်နှင့်တကွ လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးမှ ရှားတော၌ နေ့အဘို့ နေ့သန့်တော်မူ၍ ညချမ်းမှပင် ရိပ်သာ ဗောဓိနန်းသို့ ကြွလှမ်းတော်မူသောအခါ အနောမဒဿီ အမည်ရှိသော မြက်ရိတ်လုလင်သည် လှူဒါန်းလိုက်သော နေဇာမြက်ရှစ်ဆုပ်ကို မီရာပုဏ္ဏရိတ် ဗောဓိပင်အောက် ကြဲမြှောက် ဖြန့်ခင်းတော်မူလေက နှစ်ဆယ့်လေးတောင်အမြင့်ဆောင်သော ရွှေပလ္လင်တော်သည် မြေက မောက်မောက် ပေါက်လာသဖြင့် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလတ်က ဘု ရား အ ဖြစ် သို့ ရောက်တော်မူ၍ အရုဏာဝတီပြည်၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။

ထိုအခါ နောက်တော်က အစဉ်တစိုက် အတူလိုက်ကြကုန်သော ရဟန်း ခုနစ် ထောင် တို့ နှင့် တ ကွ ပရိသတ်များတို့သည်လည်း တရားအထူးကို ရကြလေကုန်၏၊ လက်ျာရံဖြစ်သော

အဂ္ဂသာဝက ရဟန္တာယောကျ်ားကား အဘိဘူ မထေရ်တည်း၊ လက်ဝဲရံကား သမ္ဘဝ မထေရ် ရဟန္တာတည်း၊ အလုပ်အကျွေးကား ခေမင်္ကရမထေရ်တည်း၊ လကျ်ာရံ အဂ္ဂသာဝိကာ ရဟန္တာမိန်းမကား သခိလာထေရီမည်၏၊ လက်ဝဲရံကား ပဒုမာရဟန္တာထေရီမမည်၏၊ အရပ်ဉာဏ်တော်ကား အတောင်ခုနှစ်ဆယ်မြင့်တော်မူ၏၊ ရောင်ခြည်တော်ကား နေ့ညဉ့်မပြတ် ကိုယ်တော်မြတ်မှ ထက်ဝန်းကျင် တယူဇနာတိုင်တိုင် ပျံ့နှံ့၍တည်၏၊ အသက်အာယုတော်ကား ခုနှစ်သောင်းတည်း။

ထိုငါတို့ အရှင်ဂေါတမ အလောင်းတော်သည် အရိန္ဒမမည်သော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းစုံနှင့်တကွ ဆွမ်းစသောအလှူကြီးကိုပေးလှူ၍ ရတနာခုနစ်ပါးဖြင့် တန်ဆာဆင်အပ်သော ဆင်ရတနာကို လှူပြီးမှ ထိုဆင်၏အတိုးအတိုင်း အရှည်ဖြင့် ကျိကျာဘဏ္ဍာတို့ကိုလှူ၏၊ သိခီမြတ်စွာဘုရားလည်း ထိုအလောင်းတော် အရိန္ဒမမင်းကို "သင်ဒါယကာသည် ဤကမ္ဘာမှ သုံးဆယ့်တကမ္ဘာထက်၌ ဘုရားဂေါတမ ဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏၊ သီလဝတီမည်သော ပြည်၏အနီး အဿာရုံ၌ ပရိနိဗ္ဗာန် ဝင်တော်မူ၏၊ ဓာတ်တော်တို့ကို ဌာပနာ၍သုံးယူဇနာရှိသောစေတီတည်လေ၏။

---

## ၃၁။ ဝေဿဘူ ဘုရားရှင်၏ အကြောင်း

ထိုသိခီဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဝေဿဘူ ဘုရား ပွင့်တော်မူ၏၊ ပွင့်ရာပြည်ကား အနောမ ပြည်တည်း၊ ခမည်းတော်ကား သုပ္ပတိတ ကောရဗ္ဗတည်း၊

မြတ်မယ်တော်ကား ယသဝတီ မိဖုရားကြီးမည်၏၊ အနူပမ မည်သော ဥယျာဉ်တွင် အလောင်းတော်မြတ်ကို မီးရှူးသန့်စင် ဘွားမြင်တော်မူသဖြင့် အရွယ်သို့ ရောက်လတ်သော် ခမည်းတော်သည် ပြည်ကိုအပ်နှင်း၍ ရုစိ၊ သုရုစိ၊ ရတိဝဍ္ဎန-ဟူသော ပြာသာဒ် သုံးဆောင်ထက် မောင်းမအပေါင်း သုံးသောင်းခြံရံလျက် သုစိတ္တာ မိဖုရားနှင့်တကွ အနှစ်ခြောက်ထောင်တို့ပတ်လုံး မင်း၏စည်းစိမ်ကို ခံစားစံစားပြီးမှ သားတော် သုပ္ပဗုဒ္ဓကို မီးရှူးသန့်စင် ဘွားမြင်တော်မူလေက ညတွင်းခြင်း ရွှေထမ်းစင် ယာဉ်တော်ကို ခြေတော်တင်လျက် တောထွက်တော်မူလေ၏၊ သုံးသောင်းခြောက်ထောင် အတိုင်းအရှည် ရှိသော လူ ဗိုလ်ခြေတို့သည်လည်း အစဉ်တစိုက် နောက်တော်က အတူလိုက်သဖြင့် ရဟန်းပြုကြလေကုန်၏။

ဗြဟ္မာလှူဒါန်းသော ကြာသင်္ကန်းကို ဝတ်ဆင်တော်မူ၍ ခြောက်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ သုစိတ္တာ မည်သော နိဂုံး၌ သိရိဝဍ္ဎနာ သူဌေးသမီးသည် ရွှေခွက်နှင့်တကွ ကပ်လှူအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးလျှင် အင်ကြင်းတော၌ နေ့အဘို့ နေ့သန့်တော်မူ၍ ညနေချမ်းကာလမှ ကြွတော်မူလတ်သော် တိတ္တိမည်သော နဂါးလုလင်လှူဒါန်းလိုက်သော နေဇာမြက် ရှစ် ဆုပ် ကို ခံယူတော်မူ၍ မှီရာ အင်ကြင်းပင် ဗောဓိအောက်၌ ကြဲမြှောက်ဖြန့်ခင်းတော်မူလေက အတောင်လေးဆယ် အတိုင်းအရှည် မြင့်သော ရွှေပလ္လင်တော်သည် မြေမှ ပေါက်လာလေ၏၊ ထိုပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူမိက မာရ်စစ်သည်အပေါင်းကို အောင်တော်မူလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

အနူပမာမည်သော ပြည်၏အနီး အနူပမမည်သော ဥယျာဉ်တော်တွင် မွေစကြာတရားကို ဟောတော်မူ၏၊ အကုဋ္ဌေ ရှစ်သောင်းမျှသော လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ကျွတ်တမ်းဝင်ကြရလေကုန်၏၊ လကျ်ာရံ အဂ္ဂသာဝက ရဟန္တာ ယောကျ်ားကား သောဏ မထေရ်တည်း၊ လက်ဝဲရံကား ဥတ္တရ မထေရ် ရဟန္တာတည်း၊ အလုပ်အကျွေးကား ဥပသန္တ မထေရ် တည်း၊ လကျ်ာရံဖြစ်သော အဂ္ဂသာဝိကာ ရဟန္တာ မိန်းမကား ရာမာ ထေရီမတည်း၊ လက်ဝဲရံကား သမာလာ ရဟန္တာ ထေရီမ မည်၏၊ အရပ်ဥာဏ်တော်ကား အတောင် ခြောက်ဆယ် မြင့်တော် မူ၏၊ အသက်တော်ကား အနှစ် ခြောက်သောင်း ပမာဏမျှ ရှည်တော်မူ၏။

ထိုအခါ အရှင်ဂေါတမ အလောင်းတော်သည် သုဒဿန အမည်ရှိသောမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား သင်္ကန်းစိုးငှင်တကွသော ဒါနကြီးအတန်းကြီးကို ပေး၍ မြတ်စွာ ဘုရားအထံတော်၌ရဟန်းပြုလေ၏၊ဝေဿဘူ မြတ်စွာဘုရားလည်း အလောင်းတော် သုဒဿရဟန်းကို "ဤကမ္ဘာမှသည် သုံးဆယ့် တကမ္ဘာထက်၌ ဂေါတမ အမည်ရှိသော ဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ် ပေးတော်မူ၏၊ အလောင်းတော် ရဟန်းသည် အသက် အတိုင်းနေ၍ သေလေသော် ဗြဟ္မာ့ပြည်၌ ဖြစ်လေ၏၊ ဝေဿဘူ မြတ်စွာဘုရား အသက်တော် ခြောက်သောင်း ပြည့်သော် ဝဿဝတီမည်သော ပြည်၏အနီး ခေမာရာမ ဥယျာဉ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏၊ ဓာတ်တော် မွေတော်တို့ကိုကား ဇမ္ဗူဒီပါ ကျွန်း၌ စေတီ ထောင်သောင်းတည်၍ ပူဇော်ကြလေ၏။

## ၃၂။ ကကုသန် ဘုရားရှင်၏ အကြောင်း

ထိုဝေဿဘူဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဤဘဒ္ဒကပ်ကမ္ဘာဝယ် အန္တရကပ် ခုနစ်ကပ်နှင့် အခွဲတွင် ကကုသန် မြတ်စွာဘုရား ပွင့်တော်မူလေ၏၊ ပွင့်ရာတိုင်းပြည်ကား ခေမာဝတီမည်၏၊ ခမည်းတော်ကား အဂ္ဂိဒတ္တ ပုဏ္ဏားမျိုးနွယ် ဖြစ်၏၊ မယ်တော်မြတ်မှာ ဝိသာခါ မည်သတည်း၊ ခေမာဝတီပြည်၏ အနီး ဉယျာဉ်တော်၌ ဘုရားအလောင်းကို မျက်နှာသန့်စင် ဘုရားမြော်မြင်၏၊ အရှယ်ရောက်လျှင် ခမည်းတော်သည် ပြည်ကိုနှင်း၍ ကာမ, ကာမဝဏ္ဏ, ကာမသုဒ္ဓိ-ဟု သမုတ်အပ်သော ပြာသာဒ်သုံးဆောင်ထက် မောင်းမအပေါင်း သုံးသောင်းခြံရံလျက် ရောစိနီ အမည်ရှိသော ပုဏ္ဏေးမ မိဖုရားကြီးနှင့်တကွ အနှစ်တသောင်းကာလပတ်လုံး ကာမစည်းစိမ်ကို ခံစားပြီးမှ သားတော် ဥတ္တရ ကို မီးရှူးသန့်စင် ဘုရားမြော်မြင်က ညတွင်းခြင်း ရထားယာဉ်ကို ခြေတော်တင်လျက် တောထွက်တော် မူလေ၏၊ များစွာသော လူများအပေါင်းတို့လည်း အစဉ်တစိုက် နောက်တော်ကလိုက်၍ အတူတကွ ရဟန်းပြုကြလေကုန်၏။

ဖြဟ္မာကပ်လှူသော ကြာသကင်္န်းကို ဆင်းမြန်းတော်မူ၍ နောက်ကော်ကပါသော ရဟန်းပရိသတ် အပေါင်းတို့နှင့်တကွ ရှစ်လပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ သုစန္ဒရ မည်သော နိဂုံး၌ ဝိသရီမည်သော သူဌေးသမီး ရွှေခွက်နှင့်တကွ လှူဒါန်းလိုက်သော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူ၍ အိမ်ဆီးတောတွင် နေ့သန့်တော်မူ၍ ညချမ်းသောအခါမှ

ကြွတော်မူလတ်သော် သုဘတ္တာ မည်သော မြက်ရိတ်လုလင်သည် လှူဒါန်းလိုက်သော နေဇာမြက် ရှစ်ဆုပ်ကိုခံယူတော်မူ၍ မှီရာ အောင်ဗောဓိ ဖြစ်သော ကုက္ကိုပင် ရင်း၌ ကြံမြောက် ဖြန့်ခင်း တော်မူလေလျှင် အလျား့အနံ အတောင်လေးဆယ် မြင့်သော ရွှေပလ္လင်သည် မြေက ပေါက်လာသဖြင့် ထိုပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသတ်က ဘုရားစင်စစ်ဖြစ်တော်မူပြီး၍ ပဏီတ မည်သော ပြည်၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားကို ဟောတော်မူ၏။

ထိုအခါ လူရှေ့နတ်ပါ ဗြဟ္မာနှင့်တကွ ကုဋေ လေး သောင်းမျှသော ပရိသတ် အပေါင်းတို့သည် ကျွတ်တမ်းဝင်ကြ ရလေကုန်၏၊ လက်ျာရံဖြစ်သော အဂ္ဂသာဝက ရဟန္တာ ယောကျ်ားကား ဝိဓုရ မထေရ်မည်၏၊ လက်ဝဲရံ မထေရ်ကား သဉ္ဇီဝ ရဟန္တာမည်၏၊ အလုပ်အကျွေးကား ဗုဒ္ဓိဇ မထေရ် မည်၏၊ လက်ျာရံဖြစ်သော အဂ္ဂသာဝိကာ ရဟန္တာမိန်းမကား သာမာ ထေရီမည်၏၊ လက်ဝဲရံဖြစ်သော ရဟန္တာမကား စမ္ပာ ထေရီမည်၏၊ အရပ်ဥာဏ်တော်ကား အတောင် လေးဆယ် မြင့်တော်မူ၏၊ ရောင်ခြည်တော်ကား ထက်ဝန်းကျင် တဆယ့် နှစ်ယူဇနာတိုင်တိုင် ညဉ့်နေ့ မပြတ် ထွန်းလင်း တောက်ပတော် မူလေ၏၊ အသက်တော်ကား လေးသောင်း ရှည်တော်မူ၏။

ထိုအခါ ငါတို့ ဘုရားအလောင်းတော်ကား ခေမာ မည်သောပြည်၌ ခေမ အမည်ရှိသော မင်းဖြစ်၍ ဘုရားအမှူး ရှိသော သံဃာတော်တို့အား သပိတ် သင်္ကန်းနှင့် တကွဖြစ်သော အလှူကြီး အတန်းကြီးကိုရင်း, မျက်စဉ်း,နှာ-အစရှိသော ကိုးဆယ့်

ခြောက်ပါးသော ဆေးဝါးအလှူကိုငင်း လှူဒါန်းပူဇော်ပြီးလျှင် တရားအနုမောဒနာကို ကြားနာရသဖြင့် သံဝေဂရ၍ တိုင်းပြည်ကို စွန့်ပြီးလျှင် ဘုရားရှင်အထံ၌ ရဟန်းပြုတော်မူလေ၏။ ကကုသန်ဘုရားရှင်သည် "သင်ချစ်သားသည် ဤကမ္ဘာ၌ ထက်ကဿပဘုရားနောက်၌ ဂေါတမ မည်သော ဘုရားဖြစ်လတ္တံ့" ဟု ဗျာဒိတ်ပေးတော်မူ၏၊ ကကုသန်မြတ်စွာဘုရားလည်း အသက်တော် လေးသောင်း ပြည့်ခဲ့သော် ခေမာရာမ ဝိဟာရမည်သော ကျောင်းတော်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏၊ ဓာတ်တော်မွေတော်အပေါင်းတို့ကား တဂါဝုတ် ရှိသော စေတီတော်တည်၍ ဌာပနာလေ၏။

---

## ၃။ ကောဏာဂုံ ဘုရားရှင်၏ အကြောင်း

ထိုကကုသန် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလအဘို့၌ ဤဘဒ္ဒကပ် ကမ္ဘာဦး မှသည် အန္တရကပ် ရှစ်ကပ်နှင့် အခွဲရောက်သောအခါ လူတို့အသက် သုံးသောင်းနေသောကာလ၌ ကောဏာဂုံ မြတ်စွာဘုရား ထင်ရှားတဆူ ပွင့်တော်မူလေ၏၊ ပွင့်သောပြည်ကား သောဘဝတီ ပြည်တော်တည်း၊ ခမည်းတော်မြတ်ကား ယညဒတ္တ ပုဏ္ဏားမျိုးတည်း၊ မြတ်မယ်တော်ကား ဥတ္တရာ မည်သော ပုဏ္ဏေးမတည်း။ သောဘဝတီ မည်သော ဥယျာဉ်တော်၌ ကောဏာဂုံ ဘုရားအလောင်းတော်ကို ဘွားမြင်တော်မူ၏၊ တုသိတ, သန္တုသိတ, သန္တုဋ္ဌ အမည်ရှိသော ရွှေနန်းပြာသာဒ် သုံးဆောင်၌ ရုစိဂတ္တာ

အမည်ရှိသော မြောက်သားတော် မိဖုရားနှင့်တကွ ပုဏ္ဏေးမ အပေါင်း ခြောက်သောင်း လေးထောင် ခြံရံလျက် အနှစ်သုံး ထောင်တို့ပတ်လုံး ကာမဂုဏ်စည်းစိမ်ကို ခံစားတော်မူ၍ သားတော် သတ္တဝါဟ ကို ဖွားသည့်ညဉ့်တွင် ဆင်ယာဉ် စီး၍ တောထွက်တော်မူ၏။

ထိုဘုရားလောင်းသို့လိုက်၍ ပုဏ္ဏား သုံးသောင်းတို့သည် ရဟန်းပြုကြကုန်၏၊ ထိုရဟန်းသုံးသောင်း ခြံရံလျက် ခြောက်လ ပတ်လုံး ဒုက္ကရ စရိယာ ကျင့်တော်မူ၍ ကဆုန် လ ပြည့် နေ့ ၌ အဂ္ဂိသေနပုဏ္ဏား၏သမီး လှူသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ ရွာတော၌ နေ့အတို့ နေ့သန့်တော်မူ၍ ညချမ်းသော အခါ တိန္ဒုက မည်သော လယ်စောင့်သည် လှူအပ်သော နေဇာ မြက်ရှစ်ဆုပ်ကို ရေသဖန်းပင်ရင်း၌ ခင်းကြဲတော်မူလျှင် အတောင် သုံးဆယ် အလျားအနံ ရှိသော ရွှေပလ္လင်ပေါက်၍ ထိုပလ္လင်ထက် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

သဟမ္ပတိဗြဟ္မာ တောင်းပန်သဖြင့် သုဒဿန မည်သော် ပြည်၏အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူ၏၊ အကုဋေမျှသောက်သော လူ နတ် ဗြဟ္မာတို့သည် အကျွတ်တရား ရကြကုန်၏၊ သုံးသောင်းကုန်သော တပည့်ရဟန္တာ အစည်းအဝေးတို့သည် တကြိမ်သာ ဖြစ်ကုန်၏၊ ဘိယျသနှင့် ဥတ္တရကား အဂ္ဂသာဝက အကြီးတည်း၊ ရှင်သောတ္ထိဇကား အလုပ်အကျွေး တည်း၊ သုမုဒ္ဒါနှင့် ဥတ္တရာကား တပည့်သ္မီးအကြီးတည်း၊ ဥဂ္ဂနှင့် သောမဒေဝကား ဒါယကာသီတင်းသည် အကြီးတည်း၊ သီဝလာ နှင့် သာမာကား သီတင်းသည်မ အကြီးတည်း၊ အရပ်တော် ကား အတောင်သုံးဆယ်၊ အသက်တော်ကား သုံးသောင်းတည်း။

ထိုအခါ ငါတို့ ဘုရားအလောင်းတော်ကား ထိုသောဘဝတီပြည်၌ ပဗ္ဗတမည်သော မင်းဖြစ်၍ အမတ်အပေါင်းခြံရံလျက် မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် တရားတော်ကို နာ၍ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ပင့်ဘိတ်ပြီးမှ ကြီးစွာသော အလှူကြီးကိုပေး၍ ပဋ္ဋုဏ္ဏတိုင်း၌ ဖြစ်သော ပုဆိုး, စီနကတိုင်း၌ ဖြစ်သော ပုဆိုး, ပိုးချည်ပုဆိုး, ကမ္ဗလာဘဲ့ဖြူပုဆိုးတို့ကိုရင်း၊ ရွှေပြားဖြင့်ပြီးသော ကုက္ကား တံခွန်ကိုရင်းလှူ၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုလေ၏၊ ကောဏာဂုံ မြတ်စွာဘုရားလည်း ဂေါတမမြတ်စွာဘုရားအလောင်းတော်ကို "သင်သည် ဤကမ္ဘာထက် ကဿပဘုရား ဖြစ်တော်မူသောနောက်၌ ဂေါတမ အမည်ရှိသောဘုရားဖြစ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူ၏၊ ကောဏာဂုံ မြတ်စွာဘုရားလည်း အသက်တော် သုံးသောင်း စေ့ ခဲ့သော် ပဗ္ဗတာရုံကျောင်း၌ ပရိနိဗ္ဗာန်စံတော်မူလေ၏၊ ဓာတ်တော်တို့ကို ဇမ္ဗူဒီပါကျွန်း၌ စေတီ ထောင်သောင်း တည်၍ ကိုးကွယ်လေကုန်၏။

---

## ၃၄။ ကဿပဘုရားရှင်၏ အကြောင်း

ထိုကောဏာဂုံ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော နောက်ကာလ၌ ဤဘဒ္ဒကပ်ကမ္ဘာဦးမှသည် အန္တရကပ် ကိုးကပ်နှင့် အခွဲ ရောက်လေသော် လူတို့အသက် နှစ်သောင်း နေသော ကာလ၌ ကဿပဘုရား ထင်ရှားပွင့်တော်မူ၏၊ ထိုဘုရား ပွင့်တော်မူသောပြည်ကား ဗာရာဏသီမည်၏၊ ခမည်းတော်ကား ဗြဟ္မဒတ္တပုဏ္ဏားတည်း၊ မယ်တော်ကား ဓနဝတီပုဏ္ဏေးမတည်း၊

ကာဿပဘုရားအလောင်းကိုဘုရား၍ အရှယ်သို့ရောက်လျှင် ဟံသ, ယသ, သိရိနန္ဒအမည်ရှိသော ပြာသာဒ်နန်းသုံးဆောင်၌ သုနန္ဒာ မြောက်သားတော် ပုဏ္ဏေးမအမှူးရှိသော ပုဏ္ဏေးမအပေါင်း ရှစ်သောင်းလေးထောင် ခြံရံလျက် အနှစ် နှစ်ထောင်ပတ်လုံး ကာမဂုဏ်စည်းစိမ်ကို ခံစားပြီး၍ သားတော် ဝိဇိတသေနကို ဘွားသည့်ညဉ့်တွင် သိရိနန္ဒ ယာဉ်ပြာသာဒ် စီးလျက် တောထွက်တော်မူ၏၊ အကုဋေမျှလောက်သော လူတို့သည်လိုက်၍ ရဟန်း ပြုကြလေကုန်၏။

ပြဟ္မာကပ်သော ကြာသင်္ကန်းကို ဝတ်ရုံတော်မူ၍ ခုနစ်ရက် ဒုက္ကရစရိယာကို ကျင့်တော်မူပြီးမှ ရှစ်ရက်မြောက်သော နေ့၌ မြောက်သားတော် သုနန္ဒာမိဖုရား လှူလိုက်သော ဃနာ နို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ပင်ရှားတောဝယ် နေ့အဘို့ နေသန့်တော်မူပြီးသော် ညချမ်းသောအခါမှ မိုရာဗောဓိမဏ္ဍိုင်သို့ ကြလှမ်းတော်မူသောအခါ အသောကအမည်ရှိသော မြက်ရိတ် လုလင်သည် ဆက်ကပ်လှူဒါန်းလိုက်သော နေဇာမြက်ရှစ်ဆုပ်ကို ပဒေါင်ပင် ရင်း၌ ခင်းကျင်း ဖြန့်ကြဲတော်မူလျှင် အတောင် နှစ်ဆယ် အလျားအနံရှိသော ရွှေပလ္လင်သည် မြေက ပေါက်လာ သဖြင့် ထိုပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူက သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

သဟမ္ပတိဗြဟ္မာကြီး တောင်းပန်သဖြင့် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောကြားတော် မူက ကုဋေနှစ်သောင်းမျှလောက်သော လူ, နတ်, ဗြဟ္မာတို့သည်

ကျွတ်တမ်းဝင်ကြရလေကုန်၏၊ နှစ်သောင်းသော တပည့်ရဟန္တာ အစည်းအဝေးသည်လည်း တကြိမ်သာ ဖြစ်၏၊ အဂ္ဂသာဝက လက်ျာရံဖြစ်သော ရဟန္တာကား တိဿ မထေရ်တည်း၊ လက်ဝဲရံ မထေရ်ကား ဘာရဒွါဇ ရဟန္တာတည်း၊ အလုပ်အကျွေးကား သဗ္ဗမိတ္တ တည်း၊ လက်ျာရံ အဂ္ဂသာဝိကာ ရဟန္တာမိန်းမကား အနုလာ ထေရီမည်၏၊ လက်ဝဲရံ ရဟန္တာမကား ဥရုဝေလာ ထေရီ မည်၏၊ ဥပါသကာ ဒါယကာ ယောကျ်ား အလုပ်အကျွေးကား သုမင်္ဂလ နှင့် ဃဋီကာရ သီတင်းဦး အကြီးနှစ်ယောက်တို့ ပင်တည်း၊ ဥပါသိကာ ဒါယိကာမ အလုပ်အကျွေးကား ဝိဇိတသေနာ နှင့် ဘဒ္ဒါ သီတင်းသည်မ အမှူးအကြီး နှစ်ယောက် တို့တည်း၊ အရပ်ဥာဏ်တော်ကား အတောင် နှစ်ဆယ် မြင့်တော် မူ၏၊ အသက်တော်ကား ရှစ်သောင်းတိုင်တိုင် ရှည်တော်မူ၏။

ထိုအခါ ငါတို့ အရှင်ဂေါတမ အလောင်းတော်မြတ် သည်ကား ဇောတိပါလ အမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ ဗေဒင်သုံးပုံတို့၌ ကမ်းတဘက်ရောက် တတ်မြောက် လိမ္မာတော် မူ၏၊ မြေ၌ရင်း, ကောင်းကင်း၌ရင်း ကျော်စောလောင် ရှား ခြင်း ဖြစ်လေ၏၊ သီတင်းဦး အကြီးဖြစ်သော အိုးထိန်းသည် ဃဋီကာရ နှင့် အဆွေခင်ပွန်းဖြစ်၏၊ ထိုဃဋီကာရနှင့်တကွ မြတ်စွာဘုရား အထံတော်သို့ ကြွရောက်၍ တရားစကားကိုကြား၍ ဿရာဝါသ၌ အပြစ်ကိုမြင်သဖြင့် စည်းစိမ်ချမ်းသာကို စွန့်၍ တောထွက်သဖြင့် ရဟန်းပြု၏၊ ပိဋကတ်သုံးပုံကို ကြိုးစားအားထုတ်သဖြင့် ကမ်း တဘက်ရောက် တတ်မြောက်ခြင်းသို့ ရောက်လေ၏၊ ဝတ်ကြီး ဝတ်ငယ်နှင့် ပြည့်စုံသဖြင့် မြတ်စွာဘုရား သာသနာတော်ကို ပူဇော်ချီးမြှင့် တင့်တယ်စေ၏။

ကဿပ မြတ်စွာဘုရားလည်း ဂေါတမ မြတ်စွာဘုရား အလောင်းတော်ကို "ဤကမ္ဘာ၏ နောက်ဖြစ်သော အန္တရကပ် ထက်ဂေါတမအမည်ရှိသောဘုရားထင်ရှားဖြစ်လတ္တံ့"ဟု ဗျာဒိတ် ပေးတော်မူသဖြင့် ဝမ်းမြောက်စွာ ခံယူလိုက်ရ၏၊ အသက် တော်ကား အနှစ် နှစ်သောင်း တိုင်တိုင် ရှည်တော်မူလတ်ပြီးသော် သေတဗျာရုံ ကျောင်း၌ ပရိနိဗ္ဗာန် ဝင်စံတော် မူလေ၏၊ ဓာတ်တော် မွေတော် အပေါင်းတို့ကိုကား တယူဇနာမြင့်သော စေတီကြီးတည်၍ ကိုးကွယ်ပူဇော်ကြလေ၏။

---

## ၃၅။ ဂေါတမ ဘုရားရှင်၏ အကြောင်း

ထိုကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သောနောက် ဤဘဒ္ဒကမ္ဘာမ၌ အန္တရကပ် ကိုးကပ်လွန်မြောက် ၍ အခွဲနှင့်တကွ ဆယ်ကပ်ရောက်သောကာလ၌ ကပိလဝတ် ပြည်ကြီးရှင် ဘုရင် သုဒ္ဓေါဒန မင်းမြတ်၏ သိရိမဟာမာယာ မည်သော မိဖုရားကြီးသည် တသိန်းသော မောင်းမ အခြံအရံ အပေါင်းတို့ဖြင့်၎င်း ခြောက်သိန်းသော သာကီဝင် မင်းမှာပေါင်း တို့ဖြင့်၎င်း ဒေဝဒဟပြည်သို့ ရွှေရှု ထွက်ကြွတော် မူလတ်သော် လုမ္ဗိနီမည်သော အင်ကြင်းတောသို့ ဆိုက်ရောက်တော်မူလေ၏။

ထိုအခါ အင်ကြင်းတော၌ အလုံးစုံကုန်သော ပန်းပင် သစ်ပင် မြင်မြင်သမျှတို့သည် အရင်းမှ အဖျားတိုင်အောင် ပင်လုံး ကျွတ်ပွင့်ကြကုန်၏၊ ထိုဥယျာဉ်ကိုမြင်၍ မိဖုရားမြတ်အား ရှင်လန်း ကြည်လင် ဝင်တော်မူလိုကြောင်းနှင့် အမိန့်တော်မြတ် မှတ်တော်

မူလေက ဗိုလ်ပါမှူးမတ် ပရိတ်သတ်တပ်တာ အခင်းအကျင်းနှင့် တကွ ဥယျာဉ်တွင်းသို့ ချဉ်းနင်းဝင်ရောက်တော်မူလေ၏။

ထိုအခါ နတ်အပေါင်းတို့သည် ဤနေ့မှုကား အခြားနေ့များထက် ထူးချွန်သာလွန်သော နေ့ကောင်းရက်မြတ်ဖြစ်၍ အလောင်းတော် မင်းသားကို မိဖုရားသန္တာစင် ဘွားမြင်တော်မူသတ္တံ့ဟူ၍ ဝမ်းမြောက်ကြွေးကြော်ကြသော အသံကို ကြားကြလတ်သဖြင့် အလုံးစုံသော တသောင်းသော လောကဓာတ်သည် အုတ်အုတ်ကျက်ကျက် ကြွက်ကြွက်ဆူညံ အသံမစဲ တခဲနက်ဖြစ်သော သဘင်ပွဲကြီးမက နတ်ဗြဟ္မာ အပေါင်းတို့နှင့် တကွ ပဏ္ဏာကာရများစွာ မင်္ဂလာလက်ဖွဲ့တော် ဆက်သရန်များကို ယူဆောင်ခဲ့ပြီးလျှင် မင်္ဂလာသြဘာရှိသော သီချင်းများကို သီဆိုကြ၍ အလုံးစုံသော စကြဝဠာတိုက်အတွင်း တင်းကျမ်းပြည့်မျှ နတ်,ဗြဟ္မာ အပေါင်းတို့သည် လာရောက်ကုန်ကြပြီး သော် ဘွားတော်မူလျှင်မူခြင်း ပူဇော်ဆက်သရန်များနှင့်တကွ ငံ့မြော်စောင့်ဆိုင်း ဝိုင်းအုံရှိနေကြ၏။

---

## ၃၆။ လုမ္ဗိနီအင်ကြင်းတော၌ ဘုရားအလောင်း ဘွားမြင်တော်မူခြင်းအကြောင်း

ဤသို့ မိဖုရားသန္တာစင် ဘွားမြင်တော်မူသော မင်္ဂလာအခမ်းအနားသို့ အလုံးစုံသော စကြဝဠာတိုက် အလုံးပြည့်မျှ ဗိုလ်လူများစွာ နတ်ဗြဟ္မာ အပေါင်းတို့သည် နတ်၌ဖြစ်သော မှုရိုး,တံမြာ,ပတ်သာ,ဒိုမင်း, စည်,စောင်းငြင်း, ခရုသင်း- စသော

တူရိယာငါးပါး တီးမျိုးမှုတ်မျိုး အများတို့ဖြင့်၎င်း၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ သားမြီးယပ်-စသည်တို့ကို ကိုင်တွယ်ယူငင် ကုန်လျက်၎င်း၊ နဂါးတို့သည်၎င်း၊ ဂဠုန်တို့သည်၎င်း၊ ကုမ္ဘဏ် တို့သည်၎င်း၊ ဘီလူးတို့သည်၎င်း၊ ဂန္ဓဗ္ဗနတ်တို့သည်၎င်း၊ ကိန္နရာ တို့သည်၎င်း၊ လူတို့သည်၎င်း၊ ကြွက်ကြွက်ဆူမျှ မီးရှူးသန့်စင် ဘွားမြင်တော်မူလျှင်မူခြင်း သားဘွားမင်္ဂလာ ဆက်သကြရန် ဝန်းရံ၍လင့် စောင့်ဆိုင်းရှိနေကြစဉ်အတွင်း အင်ကြင်းပင်၏ အရင်း၌ အခင်းညောင်စောင်း တင်းတိမ် ကန့်လန့်ကာ တို့ဖြင့် တင့်တယ်ဘွယ်ရာ ကာရံဆင်ယင်ပြီးမှ ဝင်ရောက်စံနေတော်မူမိ လျှင် မူခြင်း အင်ကြင်းခက်ကို ဆွဲကိုင်တော်မူလိုသော စိတ်ဆန္ဒ တော် ရှိလာသည်ကို သိသကဲ့သို့ အဝိညာဏက ဥတုဇမျှဖြစ်သော အင်ကြင်းခက်သည် ဖြောင့်အပ်သော ကြိမ်ညွန့်ကဲ့သို့ မိမိအလိုလို ညွတ်၍ မိဖုရားအပါးတော်ရောက် လက်တော်သို့ ဆက်သလာဘိ- သကဲ့သို့ ကပ်လာသဖြင့် ကိုင်တော်မူ၏။

ထိုအခါ အပါးတော်က ပြုစုယုယ ညီမတော်အရင်း- ဖြစ်သော ပဇာပတိဂေါတမီ အားလည်း လက်ဝဲလက်တော်ဖြင့် ဆွဲတော်မူမိက မိဖုရားမြတ်၌ ကိုက်ခဲနာကြင်ခြင်းမရှိ ပြကတိ- ကမ္မဇ လေသည် လှုပ်သဖြင့် တပါးသော မိန်းမများ ဘွားမြင် ကြသကဲ့သို့ ထိုင်လျက်၊ လျောင်းလျက် ဘွားတော်မမူဘဲ ဘုရား- လောင်း မယ်တော်ကား ဝတ်လဲတော် ရွှေထမီကို ဆင်တော်မူ၍ ဘွဲ့ဖြူညဥ့်ရုံတော်ကို ခြေဖျားတိုင်အောင် ဖုံးအုပ်ခြုံရုံ၍ အလိုလို ညွတ်သော အင်ကြင်းခက်ကို လကျၤာလက်တော်ဖြင့် ကိုင်၍ မိထွေးတော် ဂေါတမီ၏ လည်ပင်း၊ လည်တိုင်တော်ကို လက်ဝဲ- လက်တော်ဖြင့် ဆွဲဘက် သုံးသပ် ကိုင်တွယ်တော်မူသဖြင့် မတ်မတ်

ရပ်လျက် ခြေနှစ်ချောင်း, လက်နှစ်ချောင်းတို့ကို ဆန့်၍ မျက်စိနှစ်ဘက်တို့ကို ဖွင့်လျက် အမိ၏ သုက်သွေးမစင်ဖြင့် လိမ်းကျံကပ်ငြိခြင်းမရှိ သန့်ရှင်းစင်ကြယ်စွာ မိ.ရှူးသန့်စင် ဘုရားမြင်တော်မူ၏။

---

## ၃၇။ ဘုရားမြင်တော်မူရာ၌ နိမိတ်အထူးထူးပြခြင်း

၁။ ထိုသို့ မိးရှူးသန့်စင် ဘုရားမြင်တော် မူပြီး လတ် သော် တသောင်းသော စကြဝဠာတိုက်၌ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးတို့သည် တော်လျှင်နှင့် ပဲ့တင်ကြည်းပြီးလျှင် ဒိုးထိန်းစက်သွင်းသကဲ့သို့ ပြင်းစွာ ချောက်ချားတုန်လှုပ်ခြင်း ဖြစ်လေကုန်၏။

၂။ နတ်ပြဟ္မာအပေါင်းတို့သည် ဆူသံမစဲ တခဲနက် စည်းဝေး လာကြကုန်၏၊ မိးရှူးသန့်စင် ဘုရားမြင်တော်မူလျှင် မူခြင်း နတ်ပြဟ္မာအပေါင်းတို့က သောင်းသောင်းညီချ ခံကုန်ကြ၏၊ထို့နောက်မှ ဆွေတော်ချစ်သောင်း မျိုးတော် ပေါင်းတို့နှင့်တကွ လူတို့က ပိုက်ခွဲယုယ ပွေ့ချီမှုသဖြင့် ခံကြရလေကုန်၏။

၃။ ပတ်သာ, ဒိုမင်း, ခရာသင်း, နှဲ, ပြွေ, တံရှည်, စည်, မောင်း ခေါင်းလောင်း, တံပိုး, တီးမျိုးမှုတ်မျိုး စောင်းငြင်းမျိုး တို့နှင့်တကွ တူရိယာမှန်သမျှတို့ကလည်း မတီးမမှုတ်ဘဲ လျက် သက်သက် မြည်ကုန်၏။

၄။ နှောင်အိမ်၌ ခပ်သိမ်းသော အနှောင်အဖွဲ့တို့သည် ပြတ်ကုန်၏။

၅။ အလုံးစုံကုန်သော ဘေးဒဏ် ရန်မာန် အန္တရာယ်အမျိုးကိုးဆယ့်ခြောက်ပါးတို့ သည်လည်း မကုမသ ဘဲ လျက်သက်သက် လွတ်ကင်းကြကုန်၏။

၆-၉။ ပဋိသန္ဓေအားဖြင့် နားပင်း, ဆွံ့အ, ရှူးသွပ်စသား, ကာဏ်းကစက္ခု, ပုပ္ပရုန္ဒ ဒုက္ခိတ အမျိုးတို့သည်သည်း ကောင်းမွန်ကြသူ လူအပေါင်းတို့ကဲ့သို့ အကောင်းပြကတိ ဖြစ်ကုန်ကြ၏။

၁၀။ အရင်တပါး သွားလေသော လှေတို့သည် ကောင်းသော ဆိပ်သို့ ရောက်ကုန်၏။

၁၁။ ကောင်းကင်၌ရှင်း နှစ်သိန်း လေးသောင်း အထုရှိသော မဟာပထဝီ မြေကြီး၌ ရှင်း ရှိရှိသ မျှသော ရတနာ အပေါင်းတို့သည် အလိုလို တောက်ပ ထွန်းလင်း ကြကုန်၏။

၁၂။ ကြမ်းတမ်းရှုန့်ရင်း ပူလောင်ခြင်းဖြင့် ကြောက်မက်ဘွယ် အလွန်ကောင်းလှသော မဟာအဝီစိ ငရဲမီးသည်လည်း ပြကတိ အေးမြ ကောင်းမွန် ချမ်းသာခြင်း ဖြစ်ကြလေကုန်၏။

၁၃။ ခပ်သိမ်းသော အမိုက်တို့ထက် အ လွန် မိုက် စွာ သော လောကန္တ ရိက်ငရဲ မိုက်မှောင်သည်သည်း အလုံးစုံသော အရောင်တို့ဖြင့် တောက်ပထွန်းလင်းခြင်း ဖြစ်ကုန်၏။

၁၄။ ထိုမှတပါး စက်ဆုပ်ဘွယ် ကောင်းလှသော မဟာသမုဒ္ဒရာ ဆားငန်ရေသည်လည်း မြိန်ရှက်ခအားမြ ကြည်လင်ချိုမြိန် လှသော ပြကတိ ရေအေး ရေကောင်းကဲ့သို့ ဖြစ်လေကုန်၏။

၁၅။ မြစ်ရေတို့သည် အောက်သို့မစီးကုန်။

၁၆။ ကြမ်းတမ်းရုန့်ရင်းသောလေသည် မသာ။

၁၇။ ပန်းပင် သစ်ပင်တို့သည် အခါရာသီ မဟုတ်သော်လည်း သီးပွင့်ကြကုန်၏။

၁၈။ လမင်းသည် အလွန်အေးမြ တောက်ပ သာယာ ခြင်း ဖြစ်ကုန်၏။

၁၉။ နေမင်းသည် အပူစဲ၏။

၂၀။ ကောင်းကင်မှရှင်း, တောင်တို့ရှင်း, သစ်ပင်မှရှင်း ငှက်တို့သည် မြေအောက်သို့ သက်ဆင်း၍ တည်ကုန်၏။

၂၁။ လေးကျွန်းလုံးကိုနှံ့စေ၍ မိုးကြီး သည်းထန်စွာ ရွာ၏၊ ထက်ဝန်းကျင်မှ ရေတို့သည် အရသာ ရှိကုန်၏။

၂၂။ တံခါး၌ တံခါးရှက်တို့သည် အလိုလို ပွင့်ကုန်၏။

၂၃။ လူများအပေါင်းတို့ကို ထမင်းတော်ခြင်း ရေမွတ်ခြင်းတို့သည် ထိုအခါ ဆာဖျားတချောင်းခန့်မျှ မနှိပ်စက်။

၂၄။ ရန်သူအမြဲဖြစ်ကုန်သော ကြောင်နှင့်ကြွက် အစရှိကုန်သော သတ္တဝါတို့သည် အချင်းချင်း မေတ္တာစိတ်ကို ရကုန်၏၊ ကျီးတို့သည် ခပ်ပုပ်တို့နှင့်တကွ မွေ့လျော်ကုန်၏၊ ခွေးတို့သည် ယုန်တို့နှင့် ကစားမြူးထူးခြင်းကို ပြုကုန်၏၊ အဆိပ်ကြမ်းသော မြွေ, အဆိပ်မကြမ်းသော မြွေတို့သည်

မြေပြင်ပါတို့နှင့်အတူ ကစားကုန်၏၊ ကြောင်တို့သည်ငှင်း, သစ်ခေါင်းအောင်းသော ခြူးတို့သည်ငှင်း, ကြွက်တို့ကို မြှူစင်သောစိတ် ရှိကုန်သည်ဖြစ်၍ မဖမ်းကုန်။

၂၅။ ဘုရားတဖြစ်နှင့် တဖြစ်အကြား ရေမသောက်ရ၍ မွတ်သိပ်ခြင်း ပြင်းစွာသော ပြိတ္တာ တို့ သည် လည်း ကင်း သော မွတ်သိပ်ခြင်း ရှိကုန်၏။

၂၆။ ကုန်းသောကိုယ်ရှိသော သူတို့သည် ဖြောင့်မတ် ညီညွတ်စွာ တင့်တယ်ကုန်၏။

၂၇။ အ-သောသူတို့သည် သာယာသောစကားကို ပြောဆိုကုန်၏။

၂၈။ ကြည်ညိုချစ်ခင်သော စိတ်ရှိကုန်သော သတ္တဝါ အပေါင်းတို့သည် အချင်းချင်း နှုတ်ဆက်ခေါ်ဝေါ် ပြောဆိုကုန်၏။

၂၉။ မြင်းတို့သည် ရွှင်သောစိတ်ရှိကုန်သည်ဖြစ်၍ ဟီကုန်၏။

၃၀။ မှန်ယစ်ကုန်သော ဆင်ပြောင်တို့သည် ပြင်းစွာမြည်ဟည်းကြိုးကုန်၏။

၃၁။ နတ်တို့သည် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ နတ်ပြည်၌ မိမိနေရာ ဘုံဗိမာန်တွင်း၌ အေးမြရွှင်ကြည် သီဆိုကခုန် မြူးထူးကြကုန်၏။

၃၂။ ဤသို့တသောင်းသော စကြာဝဠာတိုက်သည် အထူးထူး အပြားပြား စမရီသားမြီး တံခွန်တည်းဟူသော ပန်းရှိ၏။ ဤသို့ သုံးဆယ့်နှစ်ပါးသော နိမိတ်တို့သည် ဖြစ်ကုန်၏။

## ၃၈။ ဘွားမြင်တော် မူသည်နှင့်တပြိုင်နက် ခုနစ်ဘဝါး လှမ်းတော်မူခြင်း အကြောင်း

မယ်တော်ဝမ်းမှ မတ်မတ်ရပ်လျက် သက်တော်မူသော ဘုရားလောင်းကို ကိလေသာအာသဝေါ ကုန်ပြီးသော သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာကြီး လေးယောက် တို့သည် ရွှေကွန်ယက်ဖြင့် ခံကုန်၏၊ မယ်တော်၏ရှေ့၌ ထား၍ “မိဖုရား မြတ်.... နှစ်လို့ ဝမ်းမြောက်ခြင်းပြင်းစွာ နှလုံး၌ထားဘိလော့၊ သင်မိဖုရား၏ သားတော်သည် တန်ခိုးဣဒ္ဓိပါဒ် ကြီးလှ၏” ဟုဆို၍ မိဖုရားအား နှစ်သိမ့်စေပြီးသော် ထို ဗြ ဟ္မာ ကြီး တို့ ၏ လက်မှ အလောင်းတော်မြတ်ကို စတုမဟာရာဇ်နတ်မင်းကြီးလေးယောက် တို့သည် ကောင်းသော အတွေ့ရှိသော သစ်နက်ရေဖြင့် ခံကုန်၏၊ ထိုနတ်တို့၏လက်မှ ဆွေတော် ရှစ်သောင်း မျိုးတော်ပေါင်း အစ ရှိကုန်သော လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံကြကုန်၏။

ထိုအခါ အလောင်းတော်မြတ်အား သန့်ရှင်းစင်ကြယ် သော ကိုယ်ရှိသော်ငင်း, မယ်တော်မြတ်အား တစုံတရာ ဝေဒနာ တော် မခံ့သော်ငင်း ပူဇော်သက္ကာရအလို့ငှါ ကောင်းကင်းမှ ဘုံအဆင့်ဆင့်နှင့်တူသော အဆင်းရှိသော ငှက် ပျော ပင်စည်, ထန်းလုံးခန့်မျှ ပမာဏရှိသော အအေး, အနွေး ရေအယာဉ် နှစ်သွယ် တို့သည် ကောင်းကင်မှ ကျလတ်သဖြင့် ကိုယ်လက် ဦးခေါင်းစသည်တို့ပါ မှိဝဲချိုးသုံးစေပြီးလျှင် ဥတုကိုယူစေကုန်၏၊ ဥယျာဉ်ရေကန်တို့မှ ရွှေအိုး, ငွေအိုး စသည်တို့ဖြင့် ရေကိုဆောင်ယူ ကုန်သော နတ်, လူတို့၏ အရေအ[illegible] အပိုင်းအခြားကား မရှိ သည်သာလျှင်တည်း။

ထိုအခါ ဘုရားအလောင်းတော်သည် သူတို့၏လက်မှ လွှတ်၍ မြေ၌ရပ်တည်၍ အရှေ့မျက်နှာ အရပ်ကိုကြည့်လျက် "ဤအရပ်၌ ငါနှင့်တူသော သူသည်ရင်း, ငါ့ထက်လွန်မြတ်သော သူသည်ရင်း ရှိသလော, မရှိသလော"ဟု ဆင်ခြင်တော်မူသော ကာလ အရှေ့မျက်နှာအရပ်၌ တသိန်းမက များစွာသော စကြဝဠာတိုက်တို့သည် တပြင်တည်း ထင်းလင်း တည်ကုန်၏၊ ထိုအရှေ့မျက်နှာအရပ်၌ နတ်, လူအပေါင်းတို့သည် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်၍ အရိုအသေကို ပြုကုန်လျက် "ဤအရပ် မျက်နှာ၌ အရှင်မင်းသားထက် လွန်မြတ်သောသူကို မဆိုထားဘိ၊ တူမျှသော သူများမှုပင်သော်လည်း မရှိသည်သာလျှင်တည်း၊ အရှင်သား"ဟု ကြားလျှောက်ကုန်ကြသဖြင့် ထို့အတူ ရှစ်ပါးသော အရပ်မျက်နှာတို့ကို ရှုတော်မူသတ်သော်လည်း ကိုယ်တော်နှင့် တူသောသူ, ကိုယ်တော်ထက် လွန်မြတ်သောသူကို မမြင်သည် ဖြစ်၍ "ဤသည်ကား မြတ်သော အရပ်တည်း"ဟု အောက်မေ့သဘောရတော်မူ၍ မြောက်မျက်နှာ အရပ်သို့ ရှေ့ရှုရပ်တော်မူပြီးလျှင် ခုနစ်ဘဝါး တိုင်တိုင် ကြွလှမ်းတော်မူ၏။

---

## ၃၉။ နတ်ဗြဟ္မာအပေါင်းတို့ ထီးဖြူကြီးကို ဖြန့်မိုးခြင်းအကြောင်း

ထိုသို့ ခုနစ်ဘဝါး ကြွလှမ်းတော်မူသောအခါ မဟာဗြဟ္မာကြီးသည် အချင်းသုံးယူဇနာရှိသော ထီးဖြူကိုဆောင်း၍ လိုက်၏၊ သုယာမနတ်သားသည် စမရီသားမြီးယပ်ကို တမ်း၍ လိုက်၏၊ နတ်သားတယောက်သည် ရတနာကျောက်စီ သန်လျက်

ကို ထမ်း၍လိုက်၏၊ နတ်သားတယောက်သည် ရွှေခြေနင်းကို့ နတ်သားတယောက်သည် နတ်၌ဖြစ်သော သင်းကျစ်ကို နောက်တော်က အစဉ်တစိုက်ထမ်း၍ လိုက်ကြကုန်၏၊ ဤမင်းမြောက်တန်ဆာငါးပါးကို နောက်တော်က အစဉ်အစိုက်ထမ်း၍ လိုက်ပါသော်လည်း အလောင်းတော်မြတ်ကား ဘုရားတော်မူစ သူငယ်ကလေးဖြစ်၍ ကိုယ်တိုးလိုးဖြင့် စကြာတော် ဖြန့်မြန်းလျက်ကြွလှမ်းတော်မူသော်လည်း အသက် တဆယ့် နှစ် နှစ် ရွယ် မျှကာသိကတိုင်းဖြစ် ဝတ်လဲတော်ပုဆိုးကို ဆင်လျက် ထွက်လှမ်းတော်မူသကဲ့သို့ရင်း, စကြဝတေးမန္ဓာတ်မင်းတို့ ဆင်တော်မူသော မင်းမြောက်တန်ဆာကို ဆင်လျက် ထွက်လှမ်းတော် မူဘိသကဲ့သို့ရင်း မြေပေါ်၌ လှမ်းချီတော်မူသည်ကို ကောင်းကင်၌ လှမ်းချီကြွမြန်းတော်မူသကဲ့သို့ တသောင်းသော စကြာဝဠာအပြည့်မျှမြင်ကြရသော လူ, နတ်, ဗြဟ္မာ တို့သည် ထင်ကုန်၏။

တုသိတာ နတ်မင်းသည်လည်း ပတ္တမြားယပ်ဝန်းတို့ဖြင့် ယပ်၏၊ အချို့သောနတ်တို့သည် ကြေးမုံပမာဏရှိသော ထင်ရှားပန်းတို့ကို ကိုင်၍ ရပ်ကုန်၏၊ အချို့သော နတ်တို့သည် ရတနာယပ်တို့ကိုကိုင်၍ ယပ်ကုန်၏၊ နတ်သမီးတို့သည် အထူးထူးသော မင်္ဂလာဘဏ္ဍာ တို့ကို ယူခဲ့၍ ဤစကြာဝဠာတိုက်ကို ပြည့်စေလျက် ရပ်ကုန်၏၊ များစွာကုန်သော လူနတ်တို့၌ဖြစ်သော ခရုသင်းတို့ကို မှုတ်ကုန်၏၊ လူနတ်တို့၌ဖြစ်သော စည်မျိုးငါးပါးတို့ကို တီးမှုတ်ကုန်၏၊ နတ်သမီးတို့သည် က,ကုန် သီကြကုန်၏၊ ဤသို့ များစွာသော ပူဇော်သက္ကာရဖြစ်သော အခါ၌ ဘုရားလောင်းသည် ခုနစ်ဘဝါး လှမ်းတော်မူပြီးနောက် ရပ်တော်မူ၏။

ထိုအခါ၌ လက်ညှိုးတချောင်းဖြင့် စကြာဝဠာ တထောင်ကို၊ ဆယ်ချောင်းဖြင့် စကြာဝဠာတသောင်းကို အရောင်ဖြင့် ထွန်းလင်းစေခြင်းငှာ စွမ်းနိုင်သော မဟာ ဗြဟ္မာ မင်း သည် အထူးထူးသော တန်ဆာဖြင့် တန်ဆာဆင်လျက် ဗြဟ္မာတို့၌ဖြစ်သော ဘွဲ့ဖြူပုဆိုးကို ပခုံးတဘက်၌ ကိုယ် ဝတ် စမွယ်တင်၍ ဖန်ဆင်းအပ်သောမြေ၌ လကျ်ာပုဆစ် ဒူး ဝန်း ကို ထောက် ၍ လက်ဝဲပုဆစ် ဒူးဝန်းကိုချီလျက် ဆယ်ခုသော လက်သည်းတို့၏ အရောင်ဖြင့် တောက်ပသောလက်အစုံကို ထိပ်၌ထား၍ "ဆင်းရဲကင်းသော အလောင်းမင်းသား....အရပ် ရှစ်မျက်နှာကို ကြည့်တော်မူသဖြင့် အဘယ်မူစအံ့နည်း၊ အောက် ကို အဝီစိမှစ၍ အထက်ဘဝဂ်သို့တိုင်အောင် အဆုံးမရှိကုန်သော လောကဓာတ်တို့၌ အလောင်းတော်မင်းသားနှင့် တူသောသူသည်မျှလည်း မရှိ၊ အလောင်းတော်မင်းသားထက်လွန်မြတ်သောသူကား အဘယ်မှာ ရှိနိုင်ပေအံ့နည်း" ဟု တင်လျှောက်လေ၏၊ ထိုအခါ၌ ယောကျ်ားမြတ်ဖြစ်သော အလောင်းတော်မင်းသားသည် အဘယ်ကဲ့သို့သော စကားကို ဆိုတော်မူပေလတ္တံ့နည်းဟု နားထောင်ကြကုန်သည် ဖြစ်၍ ခပ်သိမ်းသော သူအပေါင်းတို့သည် အသံမရှိ ဆိတ်ဆိတ် နေကြကုန်၏၊ စကြာဝဠာ တသောင်းလုံးတို့သည် အသံမရှိ ဆိတ်ကုန်၏။

ထိုအခါ၌ အလောင်းတော်မြတ် မင်းသားသည် မိမိနှင့် တူသော သူကိုငှ်း၊ လွန်သောသူကိုငှ်း မမြင်၍ တသောင်းသော လောကဓာတ်ကို တပြိုင်နက်တည်းဖြင့် မိမိ၏အသံကို ကြားစေလျက် ရှေးဘုရား အလောင်းတော်တို့၏ စရိုက်အကျင့်ဖြစ်သော မကြောက်မရွံ့သောစကား ကို မြွက်ဆိုတော်မူလို၍—

ငါသည် လူအပေါင်းထက် အမျိုးအားဖြင့်လည်း မြတ်သည်။ ငါသည် လူသုံးပါးထက် အထူးသဖြင့်လည်း ချီးမွမ်းအပ်သည်ဖြစ်၏။ ငါသည် လူသုံးပါးထက်လည်း ကြီးသည်ဖြစ်၏။ ဤပဋိသန္ဓေသည် အဆုံးစွန်ဖြစ်သော အမိဝမ်း၌ ပဋိသန္ဓေနေခြင်းတည်း။ ယခုမှ နောက်အခါ၌ တဖန် ဘဝသစ် ဖြစ်ခြင်းသည်။ ငါ့အား မရှိပြီ။ဤသို့ တစုံတယောက်သောသူတို့အား ကြောက်ရွံ့ခြင်းမရှိ ရဲရင့်ခြင်းရှိသောစကားကို မြွက်ကြား မိန့်ဆိုတော်မူလေ၏။

ထိုအခါ တစုံတယောက်သော သူသည် ကာပြန် တော်လှန်ခြင်းငှာ မဝံ့ကြကုန်သည်ဖြစ်၍ ခပ်သိမ်းသော နတ်, လူ, အပေါင်းတို့သည် ကောင်းချီးနုမော် သာဓု,သာဓု-ဟူ၍ မင်္ဂလာရှိသော ဩဘာစကားကိုသာ ညီညာဖြဖြ ပြောဆိုကြသဖြင့် ကြွက်ကြွက်ဆူညံ အသံမစဲ ဖြစ်ကြလေကုန်၏။

ဤသို့ အဆမ္ဘိတဝါစာ ကို ဆိုပြီးသော အဆုံး၌ ဘုရားလောင်း မင်းသားကိုမယ်တော် သိရိမဟာမာယာဒေဝီမိဖုရားကြီးယူ၍ ရင်ခွင်ထက်ပိုက်လျက် နို့ချိုကျွေးကာ စက်ပျော်စေပြီးမှ ညီမတော် ဂေါတမီအား အပ်နှင်းတော်မူ၏၊ ညီမတော် မဟာပဇာပတိ ဂေါတမီလည်း အလောင်းတော်မြတ်ကို ရေနံ့သာဖြင့် သန့်စင်စွာ ချီးသုံး၍ မြတ်သော မင်းစီးရထား၌ တင်လိုက်၏၊ မိဖုရားမြတ်လည်း ကိုယ်, လက်, သုတ်သင်ခြင်း ကိစ္စကို ပြု၍ ရထားထက်သို့ တက်လေ၏၊ထိုအခါ သိကြား-ဗြဟ္မာတို့သည်ရင်း, မင်းတို့သည်ရင်း, အမတ်ဗိုလ်ပါတို့နှင့်တကွ အလောင်းတော်မြတ်အား မယ်တော်နှစ်ပါးနှင့်အတူ ဒေဝဒဟတိုင်းပြည်သို့ ရှေ့ရှုဆောင်တော်မူလေ၏။

## ၄၀။ နိမိတ်ကြီးလေးပါးကို မမြင်ရအောင် စောင့်ရှောက်ထားခြင်း အကြောင်း

ထိုသို့ အဘိသိက်တော်ဆက် ပုဏ္ဏားတော်ဖြစ်သော ရာမ, ဓဇ, လက္ခဏ, ဇောတိမန္တ, ယည, သုဘောဇ, သုယာမ, သုဒတ္တ စသော ဤပုဏ္ဏားတော် ရှစ်ယောက်တို့သည် အလောင်းတော် မင်းသား၏ အသွင် အပြင် အင်္ဂါ လက္ခဏာကြီးငယ် အသွယ်သွယ် တို့ကို မြင်ကုန်သဖြင့် ထိုရှစ်ယောက်တို့တွင် အကြီးခုနစ်ယောက် တို့သည် လက်နှစ်ချောင်းကို ချီကုန်၏၊ "ဤသို့သော လက္ခဏာ တို့နှင့် ပြည့်စုံသူ လူထွတ်မြတ်သည် အိမ်၌နေအံ့၊ စကြာဝတေး မင်းလျှင် မယွင်းဖြစ်လတ္တံ့၊ ခေမာရှယ်မှန်း ရဟန်းပြုဘိမူကား ဘုရားစင်စစ် အမှန်ဖြစ်မည် မလွဲတည်း" ဟူ၍ လက်နှစ်ချောင်း တို့ကို ချီလျက်ပင် တင်လျှောက်ကုန်၏။

ထို ခုနစ်ယောက်တို့အောက် အမျိုးအားဖြင့် ကောဏ္ဍည, အမည်အားဖြင့် သုဒတ္တ-မည်သော အငယ်ဆုံး ပုဏ္ဏားကလေး သည်ကား အလောင်းတော်မြတ် ဖြစ်သော မင်းသား၏ အသွင် အပြင် အင်္ဂါ လက္ခဏာ ကြီးငယ် အသွယ်သွယ်တို့၏ ပြည့်စုံခြင်း ကို ရှုကြည့်သိမြင်လေကုန်သဖြင့် "ဤမင်းသား အလောင်းတော် မြတ်သည် အိမ်ထောင်ညွတ်ကွင်း၌ နှစ်ခြိုက်ရှင်ပျော် မွေ့လျော် တော်မူနိုင်ခြင်းကား စင်စစ်မရှိ၊ ဤ အ လောင်း တော် မြတ် မင်းသားကား လူသုံးဦးတို့၏ တမွတ်တထွတ် ဘုရားထင်ရှား ဖြစ်လတ္တံ့ မချွတ်တည်း"ဟု လက်တချောင်းတည်းကို ချီလျက် ကော်သ ဗျာဒိတ်စကားဖြင့် မြွက်ကြားလျှောက်ထားလေ၏။

ဤပုဏ္ဏားတော် ကောဏ္ဍည သည် ပညာထက်မြက် အထက်က ခုနစ်ယောက်သော ပုဏ္ဏားတော်တို့ထက် လွန်မြတ်သည် ဖြစ်၍ "ဤသို့ အသွင်အပြင် အဆင်းအင်္ဂါ လက္ခဏာကြီးငယ် အသွယ်သွယ်တို့နှင့် ပြည့်စုံသော အလောင်းတော်မြတ် မင်းသား သည် မလွဲစင်စစ် ဘုရားဖြစ်လတ္တံ့"ဟု မြင်တိုင်းကို မချန်ဘဲ ရဲရင့်စွာ လျှောက်ထား၍ ထိုပုဏ္ဏား ခုနစ်ယောက်တို့နှင့်တကွ အသီး အသီး မိမိတို့နေအိမ်သို့ ပြန်သွားကြသဖြင့် သားသမီးတို့ကိုခေါ်၍ မှာဆိုဆုံးမ သွန်သင်ကြသည်ကား "ချစ်သား ချစ်သမီးတို့.... ငါတို့သည် ကြီးပြင်းအိုမင်းခြင်းသို့ ရောက်ကြပြီ၊ သုဒ္ဓေါဒန မင်းကြီးသား ဘုရားအဖြစ်သို့ ရောက်မည့်အခါကို ငါတို့ မှီကုန် အံ့လည်းမသိ၊ မမှီကုန်အံ့လည်းမသိ၊ ထိုသိဒ္ဓတ္ထကုမာရမင်းသား အလောင်းတော်မြတ် ဘုရား ဖြစ်သော အခါ၌ သင်တို့သည် ထိုမြတ်စွာဘုရား သာသနာ၌ ရဟန်းပြုလေကုန်"ဟူ၍ ဆုံးမ သွန်သင်စကား ပြောကြား မှာထားကုန်၏။

ထိုပုဏ္ဏားတို့သည် အသက်အတိုင်းနေ၍ ကံအားလျော်စွာ လားရလေကုန်၏၊ ကောဏ္ဍည ပုဏ္ဏားတယောက်ကား အလောင်း မြတ် မင်းသား ဘုရားဖြစ်သည်ကို မှီ၏၊ ဤသို့ အခါတော်ဆက် ပုဏ္ဏားတော် ရှစ်ယောက်တို့ သွင်ပြင်မူရာ အင်္ဂါလက္ခဏာကိုဘတ် ပြီးမှ သိဒ္ဓတ္ထကုမာရ ဟူသော အမည်တော်ကိုမှည့်ပြီးမှ စင်စစ်လျှင် ဘုရားဖြစ်လတ္တံ့ ဟူ၍ ကြားသောအခါ၌ "ငါ၏ သားတော်သည် အဘယ်သို့သော အကြောင်းကိုမြင်၍ ရဟန်းပြုလတ္တံ့နည်း"ဟု ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မေးသည်ရှိသော် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နတ်များဖန်ဆင်း၍ပြသော နိမိတ်တို့ကို မြင်၍ သားတော် ရဟန်းပြုလတ္တံ့ဟု ဆိုလျှောက်ကြားကြကုန်၏။

ထိုသို့ လျှောက်ကြားသောအခါ၌ ဤနေ့မှစ၍ ဤသို့ သဘောရှိသော သူတို့သည် ငါ့သား၏ အထံသို့ ကပ်ခြင်းငှာ မရစေကုန်သတည်း၊ ငါ၏သား ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရသော မင်း၏အဖြစ်ကိုပြုလျက် ထိုဘုရားဖြစ်ခြင်းဖြင့် ပြုဘွယ်မရှိ၊ ကျွန်းငယ်နှစ်ထောင် အရံရှိကုန်သော တဆယ့် ခြောက်ယူဇနာ အဝန်းရှိသော ပရိသတ်တို့ဖြင့် ခြံရံလျက် ကောင်းကင်ပြင်၌ သွားသော ငါ့သားကို ငါမြင်ရလို၏ဆို၍ ထိုသူအို့ သူနာ့ သူသေ့ ရဟန်း-လေးယောက်တို့သည် သိဒ္ဓတ္ထကုမာရ မင်းသား မြင်ကောင်းသော အရပ်သို့လာခြင်းကို မြစ်တားစိမ့်သောငှာ အရပ်လေးမျက်နှာ တဂါဝုတ် တဂါဝုတ်သော အရပ်တို့၌ ယောကျ်ားအစောင့်တို့ကိုထား၏၊ မြို့၌လည်း တံခါးမဖွင့်နိုင် စိမ့်သောငှာ တံခါးရွက် တခုတခုကို ဗိုလ်ခြေတယောင်မှ ဖွင့်နိုင်အောင် လုပ်ဆောင်စေ၏။

---

## ၄၁။ အလောင်းမင်းသား မိထွေးတော်လက်၌သာ ကြီးမြင့်တော်မူရခြင်း အကြောင်း

ထိုသို့ အလောင်းတော်မြတ် ဖြစ်သော မင်းသားကို လက္ခဏာဘတ်၍ အမည်မှည့် မင်္ဂလာပြုရာအရပ်၌ စည်းဝေးကြကုန်သော ဆွေတော် ရှစ်သောင်း မျိုးတော်အပေါင်းတို့သည် "ငါတို့သည် တယောက် တယောက်သော သားတို့ကို ဤအလောင်းတော်မြတ် မင်းသားအား အခြံအရံဘွားဘက်တော် အလို့ငှာ ပေးကုန်အံ့၊ ဤမင်းသား ဘုရားဖြစ်သည်မူလည်း ဖြစ်စေ၊

တယောက် တယောက်သော သားတို့ကို ပေးကြကုန်အံ့၊ အကယ်၍ ဘုရားဖြစ်အံ့၊ မင်းမျိုးရဟန်းတို့သည် ရှေ့ရှုပြုအပ်သော အခြံအရံ ရှိသည်ဖြစ်၍ လှည့်ပတ်သွားလာရကုန်လတ္တံ့၊ စကြဝတေးမင်းဖြစ်အံ့၊ မင်းမျိုးသတို့သားတို့သည် ရှေ့ရှုပြုအပ်သော အခြံအရံ ရှိသည်ဖြစ်၍ ကျင်လည်ရလတ္တံ့''ဟု ဝန်ခံကုန်၏။

မင်းကြီးသည် အဆင်းလှကုန်သော အလွန် မြင့်ခြင်း, အလွန်နိမ့်ခြင်း, အလွန်ဖွံ့ခြင်း, အလွန်မည်းခြင်း, အလွန်ဆူခြင်း, အလွန်ကြုံခြင်း,အစရှိသော ခပ်သိမ်းသောအပြစ်တို့မှ ကင်းကုန်သော နှစ်ရာ့လေးကျိပ်သော နို့ထိန်းတို့ကို အလောင်းတော်မင်းသားအား ပေးတော်မူစေ၏၊ဤသို့ အထိန်းတော်,အယတော်, အချီတော်,အချော့တော်များ ပေးတော်မူသော်လည်း မယ်တော်သိရိမဟာမာယာ မိဖုရားကြီး၏ ညီမတော် မဟာပဇာပတိဂေါတမီသည် အလောင်းတော်မြတ်မင်းသားကို နို့ချိုကျွေး၍ မွေးမြူသုတ်သင် ပြုစုတော်မူ၏၊ ရေနံ့သာဖြင့် သန့်စင်ချိုးသုံးတော်မူ၏၊ မိမိ ဆယ်ကြိုးဆယ်လလွယ်၍ မွေးဘွားရသော နန္ဒမင်းသားကိုကား အထိန်းတော်များသို့ အပ်ရ၏၊ မွေးကျွေးသုတ်သင် ကြည့်ရှုချီပိုးစေရ၏၊နန္ဒမင်းသားသည် ဘုရားအလောင်းတော် မင်းသားအောက် လေး,ငါးရက်သာ ငယ်သည် အရပ်လည်း လက်လေးသစ်မျှသာ နိမ့်၏။

ဤသို့လျှင် မိထွေးတော် မဟာပဇာပတိ ဂေါတမီသည် နံ့သာရေမိုး ချိုးသုံး ကျွေးမွေးသုတ်သင်သဖြင့် အလောင်းတော်မြတ် မင်းသားသည် အတိုင်းမသိသော ဘွားဘက်တော် အခြံအရံရှိသဖြင့်၎င်း, များသော အသရေ၏ တင့်တယ်ခြင်း ဖြင့် ၎င်း

ကြီးမြင့်တော်မူ၏၊ မဟာနာမ်နှင့် အနုရုဒ္ဓါကား ညီအစ်ကိုတည်း၊ သုဒ္ဓေါဒနမင်းကြီး၏ ညီတော် သက္ကောဒန သာကီဝင်မင်း၏ သားတည်း၊ အရှင်အာနန္ဒာကား သုဒ္ဓေါဒနမင်းကြီး၏ ညီတော် အမိတောဒန သာကီဝင်မင်း၏ သားတည်း။

---

## ၄၂။ သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာ ထွက်တော်မူခြင်းအကြောင်း

ဤသို့ မဟာပဇာပတိ မိထွေးတော် ဂေါတမီ သည် သိမ်းပိုက်ကျွေးမွေး ပြုစု အပ် သည် ဖြစ် ၍ အ တိုင်း မ သိ သော ဘုရားဘက်အခြံအရံ အသရေ၏ တင့်တယ်ခြင်းဖြင့် ရှု၍မငြီး အံ့ချီး၍ကုန်နိုင်ဘွယ်မရှိအောင် လှပသော အရွယ်တော် ရောက်လာသောအခါ ဝါနေ့သ၌ ခမည်းတော်မင်းကြီးအား ကောက်စိုက်မျိုးကြဲ လယ်ထွန်မင်္ဂလာ အခါတော်သည် ဖြစ်၏၊ ထိုနေ့၌ ကပိလဝတ်ပြည်ကို နတ်ဗိမာန်ကဲ့သို့ တန်ဆာ ဆင်ယင်ကုန်၏၊ ခပ်သိမ်းသော ကျွန်အမှုလုပ် အစရှိသောသူတို့သည် သစ်လွင်သော ပုဆိုးကို ဝတ်ကုန်လျက် ပန်းနံ့သာ အစရှိသည်တို့ဖြင့် တန်ဆာ ဆင်ကုန်ပြီး မင်း၏ အိမ်တော်၌ စည်းဝေးကုန်၏၊ မင်းကြီး၏ လယ်တော်မင်္ဂလာ ထွန်ရာ၌ကား တထောင်သော ထွန်တို့ကို က,အပ်ကုန်၏။

ထိုနေ့၌ကား ကိုးရာ့ ကိုးဆယ့် ကိုးခု သော ထွန်တို့ကို နွားပိုက်တို့နှင့်တကွ ငွေအတိဖြင့် ပြုအပ်သော ဦးချို, နှင်တံ, ထွန်သံ,ထွန်တုံး, က,ကြိုးတန်ဆာတို့ဖြင့် ဆင်ယင်ခြံရံအပ်ကုန်၏၊

မင်းကြီး စီးနင်းတော်မူအပ်သော ထွန်ကိုကား နီလှစွာသော ရွှေသားအတိဖြင့် ပြုပြင်စီရင်အပ်သော နွားပိုက်တို့၏ ဦးချို့ ကကြိုး၊ နှင်တံ၊ ထွန်သံ၊ ထွန်ကိုင်းစသော ကိရိယာတို့ဖြင့် ဆင်ယင် ပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မင်းမြောက် တန်ဆာငါးပါး ဆင်ယင်တော်မူလျက် ငိုလိုဘူ တပ်ထု အလုံး အရင်း ဆင်မြင်းဝေါဘာလာနှင့်တကွ လယ်ထွန်မင်္ဂလာ ထွက်တော် မူသောအခါ သားတော်ဖြစ်သော အလောင်းတော် မြတ် ကို ချစ်ခင်မြတ်နိုး ရိုကျိုးနှစ်သက်စွာ အထိန်းတော်၊ အယတော်၊ အချိတော်၊ အချော့တော်၊ ဘွားဘက်ရံ ရွေ တော် များ နှင့် တကွ မိထွေးတော် မဟာပဇာပတိ ဂေါတမီပိုက်လျက် အစဉ်တစိုက် လိုက်တော်မူရလေ၏။

ထိုသို့ လယ်တော်မင်္ဂလာ ထွန်တော်မူမည့်ဌာန လယ်ထိပ်၌ တခုသော ဇမ္ဗူသပြေပင်သည် ထူသောအရွက် ရှိရကား ချမ်းငြိမ်းသော အရိပ်ရှိ၏၊ ဤသို့သော အရိပ်ဝယ် တင့်တယ်စွာ ကာရံခင်းကျင်း ပြုပြင် စီရင်ပြီးမှ အလောင်းတော် မင်းသားကို ထိုစက်ရာထက်၌ စက်တော်ခေါ် စေ၍ အထိန်းတော်၊ အယတော်၊ အချော့တော်၊ အချိတော်တို့နှင့်တကွ ဘွားဘက် ခြွေရံများပါ မိထွေးတော် မ ဟာ ပ ဇာ ပ တိ ဂေါတမီတို့သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ထွက်သစ်စသော နေလုလင်ကဲ့သို့ ရှင်လှသော မျက်နှာဖြင့် မင်းမြောက် တန်ဆာကို ဆင်ယင်လျက် ဆင်ဘင်၊ မြင်းတပ်၊ မှူးမတ်ဗိုလ်ပုံ အလုံးစုံသော ပရိသတ် အများတို့အနက် သုဒ္ဓေါဒနမင်းကြီးကား ရွှေထွန်ကောက်သို့တက်၍ ငိုလိုပါမှူးမတ်တို့ ကား ခုနှစ်ရာ့ ကိုးဆယ့် ကိုးခုသော ငွေထွန်ကောက်သို့တက်၍ ကျန်

အမှုလုပ်တို့ကား နှစ်ရာသော ထွန်ထက်သို့တက်ပြီး အသီးအသီး ထိုမှာဘက်မှ ဤမှာဘက်သို့ ဤမှာဘက်မှ ထိုမှာဘက်သို့ ထွန်ယက်ကြကုန်သဖြင့် ဤ လယ်ထွန်မင်္ဂလာ ပြုတော်မူသော အခမ်းအနားဌ် ခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ လယ် ထွန် မင်္ဂလာ စမ္ပယ်တော်မူသော စည်းစိမ်တော်ကို ဖူးမြော်ရှုကြည့်လိုကြသဖြင့် တင်းတိမ် ကန့်လန့်ကာတို့ကို လှစ်ဖွင့်ပင့်မ ထွက်ကုန်ကြသဖြင့် တယောက်မျှမကျန် ဖြစ်လေကုန်၏။

ထိုအခါဌ် အလောင်းတော် မင်းသားသည် ထိုမှ ဤမှ ရှုကြည့်တော်မူလတ်သော် မည်သူထဦးတယောက်မျှ မြင်တော်မမူသဖြင့် စက်တော်မူရာမှ ရုတ်တရက် လျင်စွာထ၍ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် ထွက်သက် ဝင်သက်ကို သိမ်းဆည်း၍ ပဌမဈာန်ကို ဖြစ်စေ၏၊ အထိန်းတော်, အယတော်, အချီတော်, အချော့တော်, ဘွားဘက်ခြွေရံတော်တို့မှစ၍ မိထွေးတော် မဟာပဇာပတိ ဂေါတမီတို့သည် ခဲဘွယ်ဘောဇဉ်, မုံ့ ယို, အချိုအချဉ် ကိစ္စအလို့ ငှာ ခေတ္တထွက်သွားကြသဖြင့် အတန်ငယ် ကြန့်ကြာကြလေကုန်၏၊ တပါးသော သစ်ပင်တို့၏ အရိပ်သည် အရှေ့သို့ ပြန်၏၊ အလောင်းတော်မြတ် စံတော်မူသော ဇမ္ဗူသပြေပင်၏ အရိပ်မူကား အရှေ့သို့မပြန်မူ၍ တည်၏၊ အထိန်းတော်, အယတော်, အချီတော်, ဘွားဘက်ခြွေရံတော်တို့မှစ၍ မိထွေးတော် မဟာပဇာပတိ ဂေါတမီတို့သည် အလောင်းတော် မင်းသား တပါးတည်း ရှိရစ်လေသည်ဟု ခရှောင်တခင် အဆောတလျင်လာ၍ တင်းတိမ် ကန့်လန့်ကာကို ဖွင့်လှစ်ပင့်မ ရှုကြည့်ကြသော် စက်ရာထက်ဌ် စံတော်မူလျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသည်ကိုရင်း,

ထိုဇမ္ဗူ့သပြေပင်ရိပ်သည် အခြားသစ်ပင်ရိပ်များကဲ့သို့ အရှေ့သို့ မပြန်ဝံ့ဘဲ ထီးစံမဟုတ်သဖြင့် မဖြစ်ဘူးမြဲ အမြဲတည်နေသော အံ့ဘွယ်သူရဲကိုရင်း မြင်ကြကုန်သတ်သော် လယ် ထွန် မင်္ဂလာ သဘင် ဆင်ယင်ကျင်းပ ရွှေထွန်ထက်၌ စံတော်မူလျက်ရှိသော ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အား အဆောတလျင် တင်လျှောက်ကြလေကုန်၏။

ဤသို့ တင်လျှောက်ကြသော အထိန်းတော် စသည်တို့၏ စကားကို ကြားလေလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ရွှေထွန်ထက်မှ သက်တော်မူပြီးလျှင် ကြွလာကြည့်ရှု သိမြင်တော်မူလေက "ဖြစ်ထောင့်ဖြစ်ခဲ ဩော်-အံ့ဘွယ်သူရဲ ဖြစ်ပါပေသည်" ဟု လက်အုပ်ချီမိုး ရှိခိုးတော်မူပြီးလျှင် "သင်ချစ်သား အလောင်းတော် မင်းသားအား ခမည်းတော် မင်းတရားကြီးသည် နှစ်ကြိမ်မြောက်သော ရှိခိုးခြင်းတည်း"ဟု အမိန့်တော်မြွက် မှတ်တော်မူလေ၏။

---

## ၄၃။ အလောင်းတော် မင်းသား၏ ပြာသာဒ်သုံးဆောင် အကြောင်း

ထိုရောအခါ၌ အလောင်းတော်မြတ် သိဒ္ဓတ် မင်းသားသည် တဆယ့်ခြောက်နှစ်မြောက် အရွယ်တော် ရောက်သည်ဖြစ်၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် တိုင်း ပြည် နိုင် ငံအတွင်း ရှိနေကြသော ကျောက်ဆစ်သမား, ပန်းပု, ပန်းရံ, ပန်းချီ, ဗိသုကာ စသော များစွာသော လူအပေါင်းတို့ကို ခေါ်စေပြီး အလောင်းတော်မြတ် သားတော်ရတနာ သိဒ္ဓတ်မင်းသား စံတော်

မုရန် ဆောင်းဥတုနှင့်လျော်သော ဘုံကိုးဆင့်ရှိသော ပြာသာဒ် မိုးဉဿးဥတုနှင့်လျော်သော ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်, နွေဥတုနှင့်လျော်သော ဘုံငါးဆင့်ရှိသော ပြာသာဒ်တို့ကို အမှုသစ်အလို့ငှာ ပြုလုပ်ဆောက်စေကုန်၏၊ ထိုသုံးဆောင်သော နန်းမြင့်ပြာသာဒ်တို့သည် အလျား, အနံ, အစောက်အားဖြင့် ညီမျှပြီး ဘုံစဉ်အားဖြင့်သာလျှင် ထူးပြားကုန်၏၊ ဆောင်းလအခါ၌ အလွန်ကျဉ်းသော တိုက်ခန်းရှိသော ပြာသာဒ်, မိုးဉဿးလအခါ၌ မကျဉ်းမကျယ် ခန်းတိုက်ရှိသော ပြာသာဒ်, နွေလအခါ၌ ကျယ်သောခန်းတိုက်ရှိသော ပြာသာဒ်သည် ဥတုနှင့်လျော်ကန့် တင့်တယ်လျောက်ပတ်၏။

ဘုံကိုးဆင့် ရှိသော ပြာသာဒ်၌ ခြသေ့်ခံသော လေသာနန်းတံခါးတို့သည် ကောင်းစွာတင့်တယ်ဘွယ်ရာခြင်း ရှိကုန်၏၊ နံ့သာဆိုင်း, ပန်းဆိုင်း, ပုလဲသွယ် အစရှိသည်တို့ကိုငင်း၊ ပြိုးပြိုး ပြက်ထွက်သော အရောင်ရှိကုန်သော ရွှေကြယ်, ငွေကြယ်, ပတ္တမြားကြယ်တို့ဖြင့် စီအပ်သော အလွန်သိမ်မွေ့သော ဥတုကိုပေးတတ်ကုန်သော တောက်ပသော အရောင် ရှိကုန် သော ကမ္ဗလာဖြင့်ပြုသော ဗိတာန်, ပိုးချည်ဖြင့် ယက်၍ပြုသော ဗိတာန်တို့ကို ထိုထိုသို့သော အရပ်တို့၌ မိုးကြက်ကုန်၏၊ ထိုပြင် ရွှေချည်ဖြင့် ယက်သော တင်းတိမ် ကန့်လန့်ကာတို့ဖြင့် ကာရံကုန်၏။

ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်၌ကား နှစ်ပါးစုံ အရောင်တို့ကို ထင်စေကုန်၏၊ ဥတုနှစ်ပါးကို ပြည့်စုံစေတတ်ကုန်၏၊ ပြာသာဒ်၌ ဆက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ကား စန္ဒာလေးကမဏ္ဍပ်ကိုပြု၍ ထိုမဏ္ဍပ်၏အထက်၌ သည်တိုင်တို့ကိုစိုက်၍ အလိုရှိအပ်သောအခါ ရုပ်ပယ်သိမ်းထားကောင်းသော ဗိတာန်

တို့ကို ဖွဲ့ကြွက်စေကုန်၏၊ ပြာသာဒ်အမိုးအခြင်စွန်းတို့၌ အင်္ဂါငါးပါးရှိသော နတ်၏စည်, စောင်းငြင်းတို့ကို နှိပ်စက်ဘိသကဲ့သို့ ငြိမ့်လေးသာယာ နာပျော်ဘွယ်ရှိသော အသံတို့ကို လွှတ်တတ်ကုန်သော ရွှေခြူ ကွန်ယက်တို့ကို ဆွဲကုန်၏။

ဘုံငါးဆင့်ရှိသော ပြာသာဒ်၏ ထက်ဝန်းကျင် အချပ်လေးမျက်နှာတို့၌ကား ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ပတ္တမြားဖြင့်ပြီးသော ရေ၏အဆင်းကဲ့သို့ အဆင်းရှိသော အထူးသဖြင့် စင်ကြယ်သော အညစ်အကြေးကင်း၍ ကောင်းမြတ်သော အလွန် ချမ်းအေးသော ရေဖြင့်ပြည့်သော လေးထောင့်ကန်တို့ကိုလည်း ဖန်ဆင်းရကုန်၏၊ အရှေ့မျက်နှာ၌ရှိသော ရေကန်မှ ပျံ့တက်ကုန်သော ဟင်္သာ, ဝမ်းဘဲ, ရေကြက်, စက္ကဝက်-အာစရှိကုန်သော ငှတ်အပေါင်းတို့သည် တွန်ကျူးမြည်ကြွေးကုန်လျက် ပြာသာဒ်၏ အထက်သို့ ပျံ့သွား၍ အနောက်မျက်နှာ ရေကန်၌ ကျကုန်၏၊ အနောက်မျက်နှာရေကန်မှ ပျံ့တက်ကုန်သော ငှက်အပေါင်းတို့သည်လည်း ထို့အတူ တွန်ကျူးမြည်ကြွေးကုန်လျက် အရှေ့မျက်နှာ ရေကန်၌ ကျကုန်၏၊ တောင်မျက်နှာ ရေကန်မှ ပျံ့တက်ကုန်သော ငှက်အပေါင်းတို့သည် ထို့အတူ ကျူးရင့်မြည်တွန်ကုန်လျက် မြောက်မျက်နှာ ရေကန်၌ ကျကုန်၏၊ မြောက်မျက်နှာရေကန်မှ ပျံ့တက်ကုန်သော ငှက်အပေါင်းတို့သည်လည်း ထို့အတူ ကျူးရင့် မြည်ကြွေးကုန်လျက် တောင်မျက်နှာ ရေကန်၌ ကျကုန်၏။

ထိုဘုံငါးဆင့်ရှိသော ပြာသာဒ်၌ သိမ်မွေ့သော အပေါက်ရှိသော ရွှေဗိတာန်တို့ကိုဖွဲ့၍ ဗိတာန်၏အထက်၌ ရေကန်မှရေကို ယန္တယားစက်ဖြင့်တင်ပြီး ပြည့်စေ၏၊ ထိုရေကန်တို့သည်

သိမ်မွေ့သော အပေါက်တို့မှ မိုဃ်းပေါက်ကဲ့သို့ ကျကုန်၏၊ ရွှေပိတာန်တို့၏အထက် ခြောက်သော သားရေတို့ကို ဖြန့်၍ ကျောက်ခဲတို့ဖြင့် ချကုန်၏၊ ထိုအသံသည် မိုဃ်းကြိုးသောအသံကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ဘုံငါးဆင့်ရှိသော ပြာသာဒ်သည် မိုဃ်းနှင့်တူသည် ဖြစ်၏။

ထိုသုံးဆောင်သော ပြာသာဒ်တို့၏ ထက်ဝန်းကျင်တို့၌ အထူးထူးသောအဆင်းဖြင့် တောက်ပသော အရောင်ရှိသော ပုဆိုးတို့ဖြင့် အထောင်မကသော တံခွန်တို့ကို ဆောက်ကုန်၏၊ ရွှေဖြင့်ပြီးသော တံခွန် အစရှိသည်တို့ကိုလည်း ဆောက်ကုန်၏၊ အထူးထူးသော အထွတ်,ခြင်္သေ့ခံသော လိုဏ်နန်း အမွန်းရှိသော တပါးမက များသောဘုံဆင့်ရှိသော တံခါးမုခ် အင်္ဂတေတို့ဖြင့် အပြေအပြစ်ပြုအပ်သော ဖြူသောအရောင်ဖြင့် တောက်ပသော အလွန်မြင့်သော ခုနစ်ထပ်, ခုနစ်ထပ်သောတံတိုင်း ခမ်းနား တင့်တယ်ဘွယ်ရာ ကောင်းမွန်ကြီးကျယ်စွာ ပြုလုပ်ကုန်၏၊ ထိုသုံးဆောင်သော ဘုံနန်းမြင့်ပြာသာဒ်တို့တွင် ဘုံကိုးဆင့်ရှိသော ပြာသာဒ်သည် ရမ္မ မည်၏၊ ဘုံငါးဆင့်ရှိသော ပြာသာဒ်သည် သုရမ္မ မည်၏၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်သည် သုဘ မည်၏။

---

## ၄၄။ လေးအတတ်ကိုပြခြင်း အကြောင်း

ဤသုံးဆောင်သော ဘုံနန်းမြင့်ပြာသာဒ်တို့ကို ဆောက်လုပ်၍ ပြီးစီးသောအခါ၌ သိရိသုဒ္ဓေါဒနမင်းကြီး ကြံတော်မူ၏၊ "ငါ၏ချစ်သား အလောင်းတော် မြတ်သည် အသက်တော်

သင့်လျော်လျောက်ပတ်သော အရွယ်တော်သို့ ရောက်လေပြီ၊ ထိုသားတော်မြတ်အား ထီးဆောင်းမင်း၏ဘွယ်ရာ တင့်တယ်စွာသော အသရေကို ရှုကြည့်မြင် သိလို၏”ဟု ကြံတော်မူ၍ ရှစ်သောင်းသော သာကီဝင်မင်းတို့၏ အထံသို့ ရာဇသံရွှေပေလွှာတို့ကို ပို့စေ၏၊ “ငါ၏ ချစ်သားဖြစ်သော အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် အသက်တော် သင့်လျော်လျောက်ပတ်သော အရွယ်တော်သို့တိုင် ရောက်လေပြီ ဖြစ်သောကြောင့် ထီးဆောင်းနန်းနှင့် ဧကရာဇ်မင်း အဖြစ်၌ တည်စေတော့အံ့၊ သို့ဖြစ်၍ အလုံးစုံသော သာကီဝင်မင်းတို့သည် မိမိတို့၏ နန်းရွှေအိမ်၌ ရွယ်သက်အဆင်း ကောင်းခြင်းငါးပါးတို့နှင့် ပြည့်စုံသော သမီးတော်မြတ်တို့ကို ငါ၏ ရွှေနန်းတော်သို့ ပို့ဆက်လာရောက်စေရမည်”ဟု အမိန့်တော် ရာဇသံ ဆက်စာတို့ကို စေ့နှံ့အောင် အသီးအသီး မြင်းစေ ခြေမြန်တော်တို့ဖြင့် ပို့သစေ၏။

ထိုအကြောင်း သတင်းရာဇသံ အမိန့်တော်များကို သာကီဝင်မင်းအများ ကြားသိတော်မူကြလေက ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုခြင်း ပြုကြလေသည်မှာ “အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် အဆင်းအင်္ဂါ လက္ခဏာမြတ် သပ်ယပ်ချောမွတ်လှပေ၏၊ အပျော်အရွှင် ကစားခုန်စားခြင်း၌သာ လေ့လာကျွမ်းကျင်လျက်ရှိသည်၊ တစုံတခုသော အတတ်ပညာကို မတတ်၊ စစ်မက်ရေးကိစ္စ နိုင်ငံရပ်ခြားတိုင်းတပါးက ပေါ်ထွက်ခဲ့သော် အဘယ်သို့ပြုပါလတ္တံ့နည်း၊ သားမယားတို့ကို မွေးမြူခြင်းငှာ မတတ်နိုင်လတ္တံ့၊ ငါတို့သမီးကို မပေးဆက်ကုန်”ဟူ၍ ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုစမှတ် ပြုကြကုန်၏။

ထိုစကားကို သုဒ္ဓေါဒနမင်းကြီး ကြားတော်မူသည်ရှိသော် ချစ်သားအလောင်းတော်မြတ်ကို ခေါ်တော်မူ၍ အမိန့်တော်မြတ် မှတ်တော်မူသည်မှာ "ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြင်မြင်သမျှသော လူ နတ် ဗြဟ္မာ တို့နှင့်တကွ ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းတို့၏ အလယ်၌ ပညာရှိရင့် ပွဲလယ်တင့်သည် ဟူသကဲ့သို့ ဥစ္စာဟူက မျက်လှည့်မျိုး, ပညာဟူက မြတ်ရွှေအိုး ဆိုသော စကားအရ ပညာအမျိုးမျိုးကို ဒိုးကဲ့သို့ မေ့နိုင်သည့် အတိုင်း ရွှေအိုး၏ပမာဏ ဖွင့်လှစ်၍ ပြဘိသကဲ့သို့ ပညာ၏တန်ခိုးကို ဘုန်းတော်မိုးသည်းရွာစေရန် အခါကောင်းမြော်လင့် အချိန်တော်သင့်ပြီ ဖြစ်သည်၊ ဤနေ့မှာ၍ ခုနစ်ရက်မြောက်သောနေ့၌ မင်းသားတို့တတ်ရာ တဆယ့်နှစ်ဝတို့၏အချုပ် အမြင့်ဆုံးဖြစ်သော လေးအတတ်ကို ပြသရမည်" ဟူသော ခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ အမိန့်တော်အရ ပြသပါမည်ဟူ၍ ရဲသောမာန်ဖြင့် ပဋိညာဉ်ခံချက်အတိုင်း ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့နှင့်တကွ ပြည်မတိုင်းတွင် ခပင်းသူနတ် အရပ်ရပ်တို့ကို စေ့နှံ့အောင် မောင်းကြေးနှင်းခတ်၍ စည်လည်စေ၏။

အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် အက္ခဏဝေဓိ, ဝါလဝေဓိ-စသော လေးသမားတို့ကို စည်းဝေးစေ၏၊ လူအပေါင်းတို့၏ အလယ်၌ တပါးသော လေးသမားတို့နှင့် မဆက်ဆံသော တဆယ့်နှစ်ပါး သော လေးအတတ်တို့ကို တိုင်းနိုင်ငံသူ လူရှင် အပေါင်းတို့နှင့် ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့အား ပြတော်မူ၏၊ အဘယ်ကဲ့သို့ ပြတော်မူသနည်း ဟူမူကား—

ဗိုလ်တထောင် အားရှိသောလေးကို ဆောင်ယူစေ၍ သက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် လေးညှို့ကို ခြေတော်ဖြင့်ရစ်၍

ငင်ယူပြီးသော် ခြေမဖြင့် လေးကိုတင်ပြီး လက်ဝဲလက်တော်ဖြင့် လေးပျဉ်းကိုကိုင်လျက် လကျ်ာလက်တော်ဖြင့် လေးညှို့ကိုင်ယူ၍ ဖြန်းတော်မူ၏၊ ထိုသို့လေးညှို့ ဖြန်းသောအသံဖြင့် ကပ်လဝတ် တပြည်လုံးသည် မြေထဲသို့ဝင်သော ဟူသကဲ့သို့ဖြစ်၏၊ ဤအသံ သည် အဘယ်အသံနည်းဟု အုတ်အုတ် ကျက်ကျက် မေးကြသူ လည်းတချို့၊ ထိုသို့မဟုတ် ဆွေတော်ရစ်သောင်း မျိုးတော် ပေါင်း အချို့တို့ကလည်း ဤအသံသည် မိုးကြိုးသံ, တော် လည်းသံ, လျှော်သံ, ပွဲတင်သံ ဆိုသူကလည်းဆို၊ ထိုထိုဤဤ မည်သူမကျန် အမှန်ကိုတွေးမိသူ ဗိုလ်လူသောင်းသောင်း အပေါင်းများစွာ သာကီဝင်တို့မှာကား ဤအသံသည် မိုးကြိုးသံ, လျှော်သံ, ပွဲတင်သံမဟုတ်၊ အိမ်ရှေ့ဥပရာဇာ ဖြစ်သော အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် ဗိုလ်တထောင်နိုင် လေးကို ခြေမတော်ဖြင့်တင်၍ လေးညှို့ကိုဖြန်း၏၊ လေးသံ့သည် လေးပျဉ်း၌ခတ်သော အသံတည်းဟု ဆိုကြကုန်၏။

ဤသို့ ကပိလဝတ်ပြည်တော်နေ ဆွေတော်ရစ်သောင်း မျိုးတော်ပေါင်းတို့နှင့်တကွ သာကီဝင် မင်းအပေါင်းတို့က လေးညှို့ကိုဖြန်းကာမျှဖြင့် ဤကဲ့သို့ ကြီးကျယ်လှသော ဩဘာ သံသည် နိုင်ငံနှံ့ပြား တရာ့တပါးသောမင်းတို့ စံတော်မူကြသော တိုင်းပြည်မြို့ရွာ အသီးသီးတို့မျှမက နတ်ပြည်ခြောက်ထပ်နှင့်တကွ ဗြဟ္မာနှစ်ဆယ်ကပင် ကြားလောက်တန်ရာပါ၏ဟူ၍ ဝမ်းမြောက် ဝမ်းသာ အံ့ဩချီးမွမ်းကြကုန်၏။

ထို့နောက်မှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အမိန့် တော်အရ လက်ရှစ်သစ် အထုရှိသော ကြေးနီပြားကို မြှားဖြင့်

ပေါက်အောင် ပစ်တော်မူရ၏၊ ထို့နောက် လက်ဆယ်သစ် အထု ရှိသော သံပြားကိုပေါက်အောင် ပစ်တော်မူရ၏၊ ထို့နောက်မှ တဆယ့်နှစ်သစ် အထုရှိသော ပိတောက်ပျဉ်ကို ပေါက်အောင် ပစ်တော်မူရ၏၊ ထို့နောက်မှ တဆယ့်လေးသစ် အထုရှိသော ရေသဖန်းပျဉ်ကိုပေါက်အောင် ပစ်တော်မူရ၏၊ ထို့နောက်မှ သဲလှည်းအစီးတရာကို ညီစွာထား၍ အစဉ်အတိုင်းပေါက်အောင် ပစ်တော်မူရ၏၊ ထို့နောက်မှ ကောက်ရိုးလှည်းတရာကို ပေါက် အောင် ပစ်တော်မူရ၏၊ ရေ၌ တဥသဘသွားအောင် ပစ်တော် မူရ၏၊ ထို့နောက်မှ ဆီးဖြူ့ သျှိသျှား့ သဖန်းခါးအမှတ်ဖြင့် သားမြီးကို ထက်ခြမ်းကွဲအောင် ပစ်တော်မူရ၏။

ထိုသို ပစ်တော်မူရခြင်းကား- တယူဇနာ၏အထက်၌ သားမြီးဖြင့် ဆီးဖြူ့ သျှိသျှား့ သဖန်းခါးသီးကိုဖွဲ့၍ ဆွဲထားပြီး သော် ညဉ့်အမိုက်တိမ်တိုက်တို့ဖြင့် အရပ်လေးမျက်နှာတို့၌ ဖုံးလွှမ်း သောအခါ ဆီးဖြူ့ သျှိသျှား့ သဖန်းခါးသီးကို အမှတ်ပြု၍ မြှားဖြင့်သားမြီးကို ပစ်တော်မူ၏၊ ထိုမြှားသည် လျင်စွာသွား၍ တယူဇနာ၏ အထက်၌ သားမြီးကို ထက်ခြမ်းခွဲ၍ မြေသို့စဉ်လေ၏၊ ထိုမှတပါး တဆယ့်နှစ်ပါးသော မြှားရေးငယ်အတတ်တို့ကို ပြတော်မူ၏၊ လေးအတတ်ကိုသာ ပြ တော် မူ သည်မဟုတ်သေး၊ လူ့ပြည်၌ ဖြစ်ကောင်းသော တဆယ့်ရှစ်ပါးသော မင်းညီ မင်းသားတို့တတ်ရာ အဝဝကို တစမကျန် တတ်ပွန်လိမ္မာ ပညာ အမျိုးမျိုးကို ဒိုးကွဲ့သို့မွေ့နိုင်သည့်အတိုင်း တု မ ယှဉ် နိုင်သော ပညာတော်၏တန်ခိုး ဘုန်းတော်မိုးဃ်းရွာစွေလျက် နေရာတကျ ပြတော်မူ၏။

ထိုသို့ အလောင်းတော် သိဒ္ဓတ်မင်းသား ပြုတော်မူသော ပညာတော်၏ တန်ခိုးအာနိသင်စုကို ရှုကြည့် မြင်သိကြရသော တရာ့ တ ပြည် ထောင်သော ထီး ဆောင်း မင်း များ နှင့် တ ကွ ဆွေ တော်ရှစ်သောင်း မျိုးတော်ပေါင်းဟု ဆိုအပ်သော သာကီ ဝင် မင်းအပေါင်းတို့သည် အလွန်အကြူး အားရနှစ်သက် ချီးမွမ်း အံ့သြကြပြီးလျှင် မိမိတို့တွင်ရှိသော သမီးတော် ရ တ န ာ တို့ကို တန်ဆာ ဆင်ယင်လျက် ရတနာ ရွှေပန်း, ငွေပန်းတို့နှင့် တကွ ဆက်သ လာကြသည်ကား အရေအတွက်အားဖြင့် လေးသောင်း အတိုင်းအရှည်ကို ရှိကုန်၏၊ ထိုအလုံးစုံသော သမီးကညာတို့တွင် ဘွားဘက်တော်ဖြစ်သော ဒေဝဒဟပြည်၌ ဘိုးတော် အဥ္စန မင်း ၏သား သုပ္ပဗုဒ္ဓနှင့် သုဒ္ဓေါဒန မင်းကြီး၏ နှမတော် အမိတာကို ထိမ်းမြားရာတွင် မြင်သော ယသောဓရာဒေဝီ ကို မိဖုရားကြီး မြှောက်၏၊ ငယ်မည်ကား ဘဒ္ဒကစ္စနာ တည်း၊ ထို လေးသောင်း သော သမီးကညာတို့တွင် တသောင်းသည် ယသောဓရာ၏ အခြံ အရံဖြစ်၏၊သုံးသောင်းတို့ကိုမူကား ပြာသာဒ်တဆောင်တဆောင် ၌ တသောင်း တသောင်းစီ အမြဲအစွဲ ကိုယ်လုပ် မောင်းမအဖြစ် ခ,စားကြရ၏။

---

## ၄၅။ အလောင်းတော်မင်းသားအား သိကြားမင်း တန်ဆာဆင်စေခြင်း အကြောင်း

ထိုအလောင်းတော်မြတ် သိဒ္ဓတ်မင်းသား၏ အပါးတော် မြဲ, လက်စွဲတော်သား, ရွှေတိုက်ဝန်,ရွှေတိုက်ကြပ်,လက်သုံးတော်

အများတို့သည် အထူးထူး အပြားပြားသော အဆင်းရှိကုန်သော ကောဋုမ္ဗတိုင်းဖြစ် မဂဓရေဇ် ပုဆိုး စသည်တို့ကို၎င်း၊ စိန်ခွက်, ရွှေခွက်, ဒက်ဒရက်ခွက်, ဘယက်ဘန်ဆာ, ဒွါဒရာ လက်ဝတ် သက်ကျပ် စသော မင်းမြောက်တန်ဆာ ငါးပါးတို့ကို၎င်း၊ ပန်းနံ့သာ,နံ့သာပျောင်း စသော မွှေးမျိုးထုံမျိုးတို့ကို၎င်း ယူခဲ့ကုန်၍ ထက်ဝန်းကျင်မှ ခစားကြကုန်၏၊ ထိုခဏ၌ သိကြားမင်း၏ နေရာ ပူသော အခြင်းအရာကို ပြု၏၊ သိကြားမင်း သည် "အဘယ်သူသည် ငါ့ကို ဤနေရာမှ ရွေ့လျောစေလိုသနည်း" ဟူ၍ ဆင်ခြင်သည်ရှိသော် အလောင်းတော်မြတ်သည် ကိုယ်တော်ကို တန်ဆာဆင်ယင်ခြင်းငှာ အလိုတော်ရှိသော အဖြစ်ကို သိသဖြင့် ဝိသုကြုံနတ်သားကိုခေါ်၍ "အချင်းဝိသုကြုံနတ်သား.... အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် ကိုယ်တော်ကို တန်ဆာဆင်ယင်တော်မူလို၏၊ ယောကျ်ားတော် တကာတို့ထက် အထွတ်ဖြစ်တော်မူသော ယောကျ်ားမြတ်သည် ယနေ့ သန်းခေါင်ယံ၌ မြတ်သော တောထွက်ခြင်းအမှုကို ပြုတော်မူလတ္တံ့၊ ဤယခုအခါ တန်ဆာ ဆင်ယင်ရခြင်းသည် ထို အလောင်းတော်မြတ်အား အဆုံးစွန်သော တန်ဆာဆင်ယင်ရခြင်း ပင်တည်း၊ သင်နတ်သားသည် ဥယျာဉ်တော်သို့ သွားနှင့်၍ ယောကျ်ားမြတ်အား နတ်၏တန်ဆာ ဆင်ယင်ခြင်းကို ဆင်ချေလော့" ဟု စေ၏။

ဝိသုကြုံနတ်သားသည် ကောင်းလှပါပြီဟု ဝန်ခံ၍ နတ်၏ အာနုဘော်အားဖြင့် တခဏခြင်း အလောင်းတော် မင်းသား၏ အထံတော်သို့ ကပ်လေ၍ အလောင်းတော်မြတ်၏ ဆေတ္တာသည်

အသွင်တူစွာ ဖြစ်စေ၍ ဆေဗ္ဗာသည်၏ လက်မှ ဦးရစ်ပုဆိုးတည်း ဟူသော ဗေါင်းတော်, ဝတ်လဲတော်များကိုယူ၍ ကိုယ်တော်မြတ်၏ ဦးခေါင်းတော်ကို ရစ်ပတ်ပေါင်းထုပ် ပြုပြင်ဆင်ယင်လေ၏၊ ထိုအခါ အလောင်းတော်မြတ်သည် လက်၏အတွေ့ဖြင့် ဤတန်ဆာ ဆင်ယင်သော သူကား လူမဟုတ်သည်သာလျှင်တည်း ဟု သိတော်မူ၏၊ ဦးခေါင်းတော် ရစ်မိကာမျှ၌ ဥဿျောင်တော်တွင် ပတ္တမြားရတနာ၏ အခြင်းအရာဖြင့် ဦးရစ်ဗေါင်းတော် တထောင်တက်၏၊ တဖန် ရစ်ပတ်ပေါင်းထုပ် ဆင်ယင်တော်မူပြန်သော အလောင်းတော်မြတ်အား ဗေါင်းတော်ဟု ဆိုအပ်သော ဦးရစ်ပုဆိုး တထောင်တက်၏။

ဤကဲ့သို့ ဆယ်ကြိမ် ပေါင်းထုပ်ရစ်ပတ်သဖြင့် တသောင်းသောနတ်၌ဖြစ်သော ဦးရစ်ပုဆိုး ဟု ခေါ်သော ဗေါင်းတော်တို့သည် တက်ပြန်လေကုန်၏၊ ဦးခေါင်းတော်သည် ရှယ်ရှယ်ငယ်ငယ်မျှဖြစ်လျက် အဘယ်အကြောင်းကြောင့် များစွာ ကုန်သော ဦးရစ်ပုဆိုးဟုဆိုအပ်သော ဗေါင်းတော်တသောင်းတို့သည် တက်လေကုန်သနည်းဟူ၍ မကြံမစည်အပ်၊ ထိုပုဆိုးဦးရစ်ဟူသော ဗေါင်းတော်တို့တွင် အလုံးစုံထက်ကြီးသော ဦးရစ်ပုဆိုးဟု ခေါ်သော ဗေါင်းတော်သည် သာလမကာ ပန်းပွင့်ပမာဏ ရှိ၏၊ ကြွင်းသော ဦးရစ်ပုဆိုးဟု ဆိုအပ်သော ဗေါင်းတော်တို့သည် ကုသုမ္ဘကပန်းပွင့် ပမာဏ ရှိကုန်၏၊ ကိုယ်တော်မြတ်၏ ဦးခေါင်းတော်သည် ပွင့်ချပ်ဖြင့် ရံအပ်သော ပန်းကဲ့သို့ ဖြစ်၏။

ထိုအခါ၌ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်အပ်ပြီးသော ဘုရားလောင်း ကိုယ်တော်မြတ်အား ခပ်သိမ်းသော မောင်း, ကြေးနင်းတို့သည် မိမိတို့၏ အသံတို့ကို

ပြုအပ်ကုန်သည်ရှိသော် အာဘိသိက်မင်္ဂလာမြောက်သော ပုဏ္ဏား တို့သည် ဇယတု တုဋ္ဌနန္ဒာ အစရှိသော ကောင်းချီးမင်္ဂလာ ဩဘာစကားတို့ဖြင့် အောင်ဆု အာဘိသိက်မြောက်ကုန်သည် ရှိသော် ကောင်းသော နိမိတ်မင်္ဂလာ ပြုတတ်သောသူတို့သည် ကောင်းချီးပေးသော နိမိတ်မင်္ဂလာ ဩဘာ သံ တို့ဖြ င့် ရှိသေ ကော်ရော် ပူဇော် ချီး မြှော က် ကုန် သည် ရှိ သော် အထူးထူး အပြားပြားသော အဆင်းရှိသော ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာ ဆင်အပ်သော ရထားယာဉ်တော်ထက်သို့ အလောင်း တော် သိဒ္ဓတ်မင်းသား တက်တော်မူလေ၏။

---

## ၄၆။ သားတော်ရာဟုလာ ဘွားမြင်တော်မူခြင်း အကြောင်း

ထိုအခါ ယသောဓရာဒေဝီ မဟေသီမိဖုရားကြီး၌ သား တော် ဘွားသည်ဟုကြား၍ သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏ သားတော်မြတ်အား နှစ်လိုဝမ်းသာ ရှိစိမ့်သောငှာ အကြောင်း စကား လျှောက်ကြားချေ"ဟု စေတော်မူသော အမိန့်တော်အရ ဆက်သ လာသော တင်လှာတော် လက်တော်သို့ ရောက်သဖြင့် ဆင်ခြင်ရှုကြည့် သိတော်မူလေက "ငါ၏ မိဖုရား၌ ချစ်လှစွာ သော ရတနာ သားတော်မြတ် မီးရှူးသန့်စင် ဘွားမြင်တော် မူခြင်းသည် ငါ့အား ကြက်ထောင်သံကွင်း ခြေကျဉ်းခြေချုပ် ထည့်ဘိ၏သို့အနှောင်အဖွဲ့သည် ဖြစ်လာခဲ့၏တကား လ-ကို ရာဟု အသူရိန် ဘမ်းသကဲ့သို့ ဖြစ်လာခဲ့၏တကား"ဟု ဆိုတော်မူ၏။

နန်းတော်ကြီးသား မြင်းစေတမန်တော်များ ပြန်လာ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ရှေ့တော်သို့ ရောက်လတ်သော် "ငါ၏သားတော်မြတ် သိဒ္ဓတ်မင်းသားက အဘယ် သို့သော စကားဖြင့် ပြန်ကြားမြွက်ဖေါ် ဆိုတော်မူလေသနည်း"ဟု မေးတော်မူသဖြင့် ရှိခိုးသံတော်ဦးတင်လေက "ယနေ့မှစ၍ ငါ၏ မြေးတော်ကို ရာဟုလာ အမည်အားဖြင့် ထင်ရှားကျော်စော လောကဓာတ်သောင်း မြေပြင်၌ တွင်စေရမည်"ဟူ၍ အမိန့်တော်မြတ် မှတ်တော်မူလေ၏၊ အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည်လည်း ဥယျာဉ်တော်မှ ထွက်တော်မူပြီးလျှင် ရထားယာဉ်တော်ကို ခြေတော်တင်၍ အတိုင်းမသိ များမြတ်လှသော အခြံအရံတို့ဖြင့် အလွန် နှလုံးမွေ့လျော်ဘွယ်ရှိသော အသရေ၏ တင့်တယ်ဘွယ်ရာခြင်းဖြင့် အေးချမ်းသာယာ ပြန်ကြွတော်မူလာ၏၊ ထိုအခါ ဘထွေးတော် သက္ကောဒနသာကီဝင်မင်း၏ သမီးတော်ဖြစ်သော ကိသဂေါတမီသည် မြို့ကို လကျာရစ်လှည့်၍ ပြန်လည်တင့်တယ်ဘွယ်ရာ ထူးဆန်း အံ့မခန်းသော အကြောင်းအကျိုး အမျိုးမျိုးကိုမြင်၍ နှစ်လို့ဝမ်းမြောက်ခြင်း ဖြစ်သဖြင့်–

"အကြင်အမိအား ဤ အလောင်း တော်မြတ် သိဒ္ဓတ်မင်းသားကဲ့သို့ သဘောရှိသော သားကောင်းရတနာသည် ရှိ၏၊ ထိုအမိသည် နှလုံး ငြိမ်းပေစွတကား၊ အကြင် အဘအား ဤအလောင်းတော်မြတ် သိဒ္ဓတ်မင်းသားကဲ့သို့ သဘောရှိသော သားကောင်းရတနာသည် ရှိ၏၊ ထိုအဘသည် နှလုံးငြိမ်းပေစွတကား၊ အကြင် မိန်းမအား ဤအလောင်းတော်မြတ် သိဒ္ဓတ်မင်းသားကဲ့သို့ သဘောရှိသော မောင်ဘား ဘမြတ် အိမ်ဦးနတ်

အသွင် လင်ယောကျ်ား ရတနာသည် ရှိ၏၊ ထိုမိန်းမသည် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းထိုက်ပေစွတကား”ဟု ဝမ်းမြောက်ဝမ်းသာ ထူးသော အမူအရာ မာယာပရိယာယ် အသွယ်သွယ်စကား ရွှေနားတော်မြတ်ကြား ထင်ရှားသိသာစွာ ဆိုပေ၏။

ထိုသို့ မြွက်ကြားစကား အရပ်ရပ်ကို အတတ်သိတော်မူသဖြင့် ကြံတော်မူ၏၊ “ငါကိုယ်တော်မြတ်ကဲ့သို့ ဘုန်းတန်းပညာ လက္ခဏာဂုဏ်အင် စုံလင်ပြည့်ဖြိုးသော တန်ခိုးဣဒ္ဓိပါဒ် ပရိသတ်ရံရွေအပေါင်းနှင့် ပြည့်စုံသော သားလင်ခင်ပွန်းကို မြင်ရသော မိခင်ဘခင် အကြင် သားမယားတို့အား နှလုံးစိတ်ဝမ်း ငြိမ်းချမ်းအေးမြခြင်းသည် ဖြစ်၏”ဟူ၍ ကြံတော်မူ၏၊ ထိုအခါ ကိလေသာကာမတို့၌ တပ်ခြင်းကင်းသော စိတ်တော်ရှိသော အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားအား ဤသို့သော အကြံတော်သည် ဖြစ်၏၊ “ရာဂဟူသောမီး ငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည်မည်၏၊ ဒေါသတည်းဟူသောမီး ငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည်မည်၏၊ မောဟတည်းဟူသောမီး ငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည်မည်၏၊ ဒိဋ္ဌိ မာန အစရှိသော ကိလေသာတည်းဟူသောမီး ငြိမ်းသည်ရှိသော် ငါ့အား ငြိမ်းသည်မည်၏”ဟု ကြံတော်မူပြီး၍–

“ငါသည်လည်း နိဗ္ဗာန်ကိုအလိုရှိ၏၊ ဤကိသဂေါတမီသည် ကောင်းသော နိမိတ် မင်္ဂလာရှိသော နိဗ္ဗုတာ ဟူသော စကားကို ငါကိုယ်တော်မြတ်၏ ရွှေနားတော်မြတ် ကြားတော်မူလောက်အောင် သံတော်ဦးတင် လျှောက်ထား မြွက်ကြားပေ၏၊ ငါသည် ယနေ့ပင်လျှင် အိမ်ရာထောင်ခြင်း သံချိုင့်တွင်းဟု

ဆိုအပ်သော လူတို့၏အမှုကို မပြုလိုဘဲ ရှောင်လွှဲသောအားဖြင့် တောထွက်၍ ရဟန်းပြုပြီးလျှင် နိဗ္ဗာန်ကိုရှာအံ့၊ ဤငါ၏လည်၌ စွပ်သော ပုလဲသွယ်ကို ကိသဂေါတမီအား ဆရာစားအဘိုး ဖြစ်စေ"ဟု ယည်တော်မှချွတ်၍ အဘိုးတသိန်းထိုက်သော ပုလဲသွယ်ကို နမ့်တော် ကိသဂေါတမီအား ပေးပို့လေစေ၏၊ ကိသဂေါတမီသည်သည်း "အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် ငါ၌ တပ်သော စိတ်ရှိသည်ဖြစ်၍ ဤပုလဲသွယ်ကို ပဏ္ဏာပြုလျက် ပေးပို့သာစေ၏"ဟု နှလုံးသွင်း၍ နှစ်လို့ဝမ်းသာစွာ ဖြစ်၏။

အလောင်းတော်မြတ် သိဒ္ဓတ် မင်းသားသည်လည်း မြတ်သော အသရေ၏ တင့်တယ်ဘွယ်ရာခြင်းဖြင့် အတွင်းတော်သို့ ဝင်လျက် ပြာသာဒ်ဘုံ နန်းဆောင်တော်၌ စံတော်မူမိက အသီးအသီး ဆက်သကြသော ကောင်းမြတ်သော အမြိန်အရသာ ရှိသဖြင့် မွန်မြတ်လှသော အာဟာရ ပွဲတော်သုံးပြီးမှ ကြက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော တိုက်ခန်းဝယ် စံတော်မူမြဲ ဖြစ်သော သလွန်တော်၌ စက်တော်ခေါ်၏၊ ထိုအခါ ရံရွေတော် အပေါင်း တသောင်းခြောက်ထောင်သော အကအသီ အတီး အမှုတ်တို့၌ သင်အပ်ပြီးသော အတတ်ရှိကုန်သော နတ်သမီးတို့ ကဲ့သို့ အဆင်းအရောင်၏ တင့်တယ်ဘွယ်ရာခြင်းဖြင့် လွန်မြတ် သော မောင်းမတို့သည် သာယာစွာ မြည်တတ်ကုန်သော အထူးထူးသော စည်, စောင်းငြင်း, ခွက်ခွင်း, လက်ချပ် အစရှိသည် တို့ကို ယူကုန်၍ အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား၏ အပါး တော်၌ ခြံရံခစားကုန်၍ ကာမဂုဏ်၌ နှစ်ခြိုက်မွေ့လျော် စံပျော် တော်မူစိမ့်သောငှါ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ခစား ဆက်သ ဖြေဖျော်ကြရကုန်၏။

## ၄၇။ အလောင်းတော်မင်းသား တောထွက်တော်မူခြင်း အကြောင်း

အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် ကာမဂုဏ်တို့၌ တပ်ခြင်းကင်းသည်၏ အဖြစ်ကြောင့် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့၌ မမွေ့လျော်သည်ဖြစ်၍ တမုဟုတ်မျှ စက်တော်ခေါ်၍ ပျော်တော်မူလေ၏၊ ထိုရုံရွှေအပေါင်း တသောင်းခြောက်ထောင်သော အက အသီ အတီးအမှုတ်တို့၌ သင်အပ်ပြီးသော အတတ်ရှိကုန်သော နတ်သမီး တို့ကဲ့သို့ အဆင်း အရောင်၏ တင့်တယ်ခြင်းတို့ဖြင့် လွန်မြတ်သောအဖြစ်သို့ ရောက်ကုန်သော မောင်းမတို့သည်လည်း "ငါတို့သည် အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား၏ အလိုတော်ကို ပြည့်စုံအောင် ဖြေဖျော်ထမ်းရွက် ဆက်သအံ့သောငှာ ငါတို့တာဝန်ဖြစ်သည်"ဟု တိုင်ပင်ပြောဆိုကြ၍ အသီးအသီး မိမိတို့၌ ပိုက်လျက်ရှိသော တူရိယာအမျိုးမျိုးတို့ကို ဖက်ပိုက်အုံးဘိလျက် စက်မှေးမွေ့လျော် အိပ်ပျော်ခြင်းအဖြစ်သို့ ရောက်ကြလေကုန်၏၊ ဆီမွှေးပေါင်းသွှဖြင့် ထိန်ထိန်လင်းသော နံ့သာရည် ဆီမီးရောင်မျှသာ ထွန်းလင်းတောက်ပလျက် တည်ကုန်၏။

အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် စက်ပျော်ကြူးသော သလွန်တော်မှ ထနိုးတော်မူလတ်သဖြင့် စက်ရာတော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူရာမှ ပတ်သာ, ဒုံမင်း, စည်, စောင်း ငြင်း, နှဲ, ပြွေ စသော တူရိယာအမျိုးမျိုးတို့ကို ဖက်ပိုက်အုံးဘိလျက် စက်မှေးမွေ့လျော် အိပ်ပျော်ကြသော ရုံရွှေတော် အငြိမ့်သူမအပေါင်း မောင်းမအများတို့ကို ရှုမြင်တော်မူလျှင် အချို့က

သွားကိုသွားချင်း ကြိတ်လျက် ကျီးမြည်သကဲ့သို့ ဟောက်၍ အိပ်ကုန်၏၊ အချို့က ပါးစပ်ပါးနားဟ၍ ရှုံ့ရှုံ့လျက် အိပ်ကုန်၏၊ အချို့က ခံတွင်းပါးစောင်မှ လျှာရည်တမျှားမျှား ယိုထွက်လျက် အိပ်ပျော်ကုန်၏၊ အချို့က လုံခြုံစွာ ဖုံးဘိအပ်သော သုက်သွေး ယိုရာဌာနပေါ်လျက် ဝတ်လစ်စလစ်ဖြစ်၍ အိပ်ပျော်ကြကုန်၏။

ဤသို့ အမျိုးမျိုး အဖုံဖုံ အိပ်စက်လျက်ရှိနေကြသည်ကို မြင်တော်မူက အဆ ရာထောင်သိန်းသန်းမက ကာမဂုဏ်၌စက်ဆုပ်ရွံရှာသဖြင့် တပ်ခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ တန်ဆာဆင်ခြင်းနှင့်တူသော သာယာစွာသော နန်းတော်အပြင်သည် အထူးထူး အပြားပြားကုန်သော သူကောင်ပုပ်တို့ဖြင့် ပြည့်ကုန်သော သုသာန်သချိုင်း အရပ်ကဲ့သို့ အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား ထင်တော်မူလေ၏၊ ထို့ကြောင့် "လောကသည် နှိပ်စက်စွတကား၊ လောကသည် စက်ဆုပ်ဘွယ် ရှိစွတကား" ဟု ဥဒါန်းကျူးတော်မူလျက် အတိုင်းထက်အလွန် တောထွက်၍ ရဟန်းပြုတော်မူခြင်းငှာ ညွတ်ကိုင်းရှိုင်းသော စိတ်ဖြစ်၏၊ ထိုသို့သောစိတ် ဖြစ်တော်မူဘိရကား အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် "ယခုပင်လျှင် ငါ့အား မြတ်သော တောထွက်တော်မူခြင်းကို ပြုတော့အံ့" ဟု ရတ်ခြည်း ထ တော် မူ လျက် စက်တော်ပျော်သော စံတော်မူရင်း သလွန်တော်ထက်မှ သက်ဆင်းတော်မူပြီးလျှင် ဗောင်းတော်ဆောင်အနီး ဇေတာန်ဆောင်တော်အပါး နန်းမြင့်ဆောင် လှေကားတော်နားသို့ အရောက်ထွက်စံကြွလှမ်းတော်မူပြီးမှ အိမ်တော်ပါ မောင်ဆန် ကျွန်ယုံတော် အမတ်ကို ခေါ်တော်မူပြီးလျှင် မြတ်သော တောထွက်

တော်မူမည်ဆဲဆဲဖြစ်သော အကြံတော်မြတ် အရပ်ရပ်ကို အမိန့်တော်မြတ် မှတ်တော်မူလေ၏။

ထို အမိန့်တော်မြတ်ကို ဦးထိပ်အထက် ဆင်ရွက်နာခံပြီးလျှင် မည်သူတဦးတယောက်မျှ သိမြင်ရိပ်မိခြင်း မရှိရအောင် တိမ်ညွန့်ကိုစားသော အသတိုရဲ နတ်မြင်းပျံပမာကာ လျင်လှသော အဟုန်ရှိသော ကဏ္ဍကမြင်းတော် သည် မြတ်လေးပန်း အဆင်းနှင့် သဏ္ဍာန်တူသော ဗိဘာန်မျက်နှာကြက်အောက် နှစ်သက်မွေ့လျော်ဘွယ်ရှိသော မြေမွေ့ရာ၌ တည်ရှိသည်ကို က-အံ့သောငှာ အုပ်ခက်, ဇက်ကြိုး, မြီးသိုင်း, ခါးတောင်, ရင်အုပ်, နင်းကွင်းစသော ကုန်းကတန်ဆာ ကိရိယာစုံတို့ကိုယူ၍ နံ့သာရည် ဆီမီးရောင်တို့ဖြင့် တောက်ပြောင် လင်း ရှင်း စွာ ညီထွန်းပြီးလျှင် ဆောင်တော်တွင်းသို့ဝင်၍ ကဏ္ဍကမြင်းယာဉ်တော်ကို အထူးသဖြင့် မြဲမြံစွာ က-လေ၏၊ ကဏ္ဍကမြင်းလည်း "ဤက-ခြင်းသည်ကား အခါတပါး ဥယျာဉ်ကစား ထွက်တော်မူသောအခါ က-ခြင်းနှင့်မတူ အမူအရာ ထူးလှချေ၏တကား၊ အရှင့်သား အလောင်းတော်မြတ်သည် မြတ်သော တောထွက်တော်မူခြင်းကို ပြုတော့အံ့"ဟု သိ၍ ဝမ်းမြောက်ခြင်း ပီတိအဟုန်ဖြင့် အသံကုန် လွှတ်ခါ ဟီလိုက်လေ၏။

ထိုအသံကား ကပိလဝတ်တပြည်လုံး ရှင်လူအများ ကြားလောက်တန်လျက် နတ်များပိတ်ဆို့ထားသဖြင့် မည်သူတဦးတယောက်မျှ မကြားကြရ၊ အလောင်းတော် မြတ် သိဒ္ဓတ်မင်းသား ကား ယသောဓရာ ဗိမ္ဗာဒေဝီ မဟေသီမိဖုရားကြီး စံတော်မူသော နန်းမဆောင်တော်အတွင်းသို့ ဝင်တော်မူလျက်

သလွန်တော်ထက်ဝယ် စွယ်တော်, ကြက်ရုံး, ဂမုန်း, သဇင်, ရင်ကပ်, စမွယ်, ပန်းမွှေ့ရာအလယ်၌ လက်ျာလက်ဖြင့် သားတော်ကို ဖက်၍ စက်ပျော်ကူးရာ ကြာခြည်တော်မြိတ်စွန်းစဖြင့် ဖွင့်မ-ရှုကြည့်တော်မူသည်ကိုမျှ အားမရနိုင်သေး ဖြစ်တော်မူသော်လည်း ပိုက်ထားသော လက်တော်ကို တွန်းဖယ်မစ ယုယဖယ်ရှားပြီးလျှင် ရတနာသားတော်ကိုယူ၍ ပိုက်ဖြားအားရ နမ်းရှုပ်တော်မူလိုသော ဆန္ဒတော်အားကြီးလှသော်လည်း မြောက်သားတော် ဗိမ္ဗာဒေဝီ မဟေသီ မိဖုရားကြီး နိုးတော်မူကမြတ်သော တောထွက်တော်မူအံ့သော အကြံအရွယ်တော်၏ ဘီလာကန့်လန့် ဖြစ်မည့် အန္တရာယ်တော်ကို မြင်သဖြင့် ဆင်ခြင်ဦးမှသင့်ချေမည်၊ နောင် ဘုရားဖြစ်သောအခါတိုင်မှ ငါ၏သားတော်နှင့် အတွေ့ခံတော့အံ့၊ ရတနာသားတော်ကို ချစ်ခင်မြတ်နိုးတော်မူသောကြောင့် မြတ်သော တောထွက်ခြင်း၏ အကျိုးအာနိသင်ကိုငှင်း, ရတနာသားတော်ကို ချစ်ခင်မြတ်နိုးခြင်း၏ အဖြစ်ကိုငှင်း အမှတ်ထားတော်မူ၍ ယသောဓရာဒေဝီ မဟေသီ မိဖုရားကြီး အဆောင်တော်မှ သက်ဆင်းတော်မူ၍ လှေကားတော်ဦး စံတော်မူစဉ် ပြင်ဆင်အသင့်ရှိသော စီးတော်ယာဉ် ကဏ္ဍကမြင်းကို အမိန့်တော်မြွက် မှတ်တော်မူသည်မှာ "ချစ်သား ကဏ္ဍက...ယနေ့ည ငါ့အမူတော်ကို သက်စွန့်ကြိုးပမ်း ပါရမီတော်ကို ကူညီဖြည့်စွက် ထမ်းရွက်ပါ၊ အမောင့်ကို အမှီပြု၍ ဘုရားအဖြစ်သို့ ရောက်အောင် ရွက်ဆောင်ပြီးလျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါဝေနေ မျှားဗိုလ်ခြေကို နိဗ္ဗာန်သာခေါင် ဘေးမဲ့တောင်သို့ ရောက်အောင်ပို့မည် ကြံရွယ်တော်မူသဖြင့် မြတ်သော တောထွက်ခြင်းကို ယခုပင် ပြုတော့အံ့" ဟု အမိန့်တော်ပြန်၍ ကဏ္ဍက

မြင်းယာဉ်ကို ခြေတော်တင်ပြီးလျှင် မောင်ဆန်အမတ် မြင်းမြီးကို ဆွဲလျက် အစဉ်တစိုက် နောက်တော်က လိုက်လေ၏။

ကဏ္ဍကမြင်းတော်သည် လည်မှ အမြီးဖျားတိုင်အောင် ဘဆယ့်ရှစ်တောင်ရှိ၏၊ ထိုအလျားနှင့် လျော်ကန်သင့်တင့် လောက်အောင် အရပ်မြင့်၏၊ အဟုန်လျင်ခြင်း ခွန်အားနှင့် ပြည့်စုံ၏၊ ပွတ်သစ်သော ခရုသင်းကဲ့သို့ ကိုယ်လုံးဆွတ်ဆွတ်ဖြူ၏၊ ခွါသံလေးဘက် ကြွက်ကြွက်ဆူသံနှင့်တကွ ဝမ်းမြောက်ခြင်းပီတိ အဟုန်ကြောင့် အသံကုန်လွှတ်၍ ဟီသောအသံသည် ကပိလဝတ် တပြည်လုံး ရှင်လူအများ ကြားလောက် သိလောက်တန်လျက် နတ်များက ချုပ်တည်း ဖုံးဝှက် ခွာသံ၊ ဟီသံ မထွက်ရအောင် မိမိတို့၏လက္ခဒိပ ါဒ်တန်ခိုးဖြင့် ရွက်ဆောင်သည်ပုံ ကြိုးစားထိန်းအုပ် ဟီသံကို ချုပ်ပြီးလျှင် စီးတော်ယာဉ် ကဏ္ဍက ခြေချတိုင်း ချတိုင်း မြေသို့ကျလျက် ခွာသံမထွက်ရအောင် ထိုနတ်အများ တို့က လက်ဝ ါးဖြင့် ခံလင့်ကုန်သဖြင့် အစဉ်အတိုင်း ထွက်ကြွ တော်မူလတ်က တံခ ါးမသို့ ဆိုက်ရောက်တော်မူလေ၏။

ထိုအခါ နန်းမြို့တော်ကြီး မြို့တံခ ါး၌လည်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အမိန့်တော်နှင့် အလောင်းတော်မြတ် သိဒ္ဓတ် မင်းသား ရုတ်တရက် ထွက်ကြွတော်မမူနိုင်ရန် ရည်သန်တော်မူ ပြီးလျှင် တံခ ါးတရွက် တရွက်၌ ယောကျ်ားဗိုလ်ခြေ တထောင် ဖွင့်မှ ပွင့်နိုင်လောက်အောင် ခဲယဉ်းကြပ်တည်းစွာ တံခ ါးတော် ကင်းတော်သားများစွာသော အစောင့်အရှောက်တို့ဖြင့် ခန့်ထား စောင့်ရှောက် ထမ်းရွက်နေထိုင် ကြရလေ၏၊ အလောင်းတော် သိဒ္ဓတ်မင်းသား ကိုယ်တော်မြတ်၏ သတ္တိဗလ ခွန်အားတော်သည်

ကား ကာဠုဒါယီ ကဆင် ကုဋ္ဌေတထောင် တို့၏ အားကို ဆောင်စွမ်းတော်မူနိုင်၏၊ ယောကျ်ားအရေအတွက် ကုဋ္ဌေတသိန်းတို့၏ အားကို ဆောင်စွမ်းတော်မူနိုင်၏။ သို့အတွက် ကြံရွယ်တော်မူရင်း နှလုံးသွင်းတော် မူခဲ့သည်ကား "အကယ်၍ နန်းမြို့တော်ကြီး တံခါးသည် မဖွင့်သည်ရှိသော် ခြေတော်တင်ခဲ့သော ကဏ္ဍက မြင်းယာဉ်တော်၏ ကုန်းက–တန်ဆာ ကိရိယာဝမ်းပတ်ကြိုးတို့လည်း ကြပ်တည်းခိုင်မြဲခြင်း ဖြစ်သည့်အတိုင်း အစဉ်တစိုက် မြင်းမြီးကိုဆွဲ၍ နောက်တော်က လိုက်ခဲ့သော အမတ် မောင်ဆန်နှင့်တကွ တဆယ့်ရှစ်တောင် အမြင့်ဆောင်သော မြို့တံခါးကို ခုန်လွှားကျော်ထွက်တော်မူမည်"ဟု ရှေးနှလုံးတော်မြတ် ဆုံးဖြတ်ကြံရွယ်တော် မူခဲ့လေ၏၊ အိမ်တော်ပါမှန် မောင်ဆန် အမတ်ကြီး၏ သဘောနှလုံးသွင်းကြံရည်ရွယ်ခဲ့ရင်းအကြောင်းမူကား "တံခါး မဖွင့်သည်ဖြစ်က ကဏ္ဍက မြင်းယာဉ်တော်နှင့်တကွ အလောင်းကိုယ်တော်မြတ် သိဒ္ဓတ်မင်းသားကို အား တိုက် ယူဆောင်၍ တဆယ့်ရှစ်တောင် အမြင့်ဆောင်သော နန်းမြို့တော်ကြီး တံခါးကို ခုန်လွှားကျော်နင်း ဆောင်ကြဉ်းကြိုးပမ်း အမှုတော်ကိုထမ်းမည်" ကြံရွယ်ခဲ့သည်ဖြစ်၏၊ ကဏ္ဍကမြင်းယာဉ်လည်း စိတ်တွင် ဥပါဒ် ဆုံးဖြတ်တိုင်းထွာခဲ့ပြီးသော သဘောစိတ် အကြံအစည်ကား "မြို့တံခါးမဖွင့်သည်ဖြစ်လျှင် အရှင့်သား ကိုယ်တော်မြတ်နှင့်တကွ နောက်ပါ အမတ် မောင်ဆန်လည်း ပါအောင် ကြဉ်းဆောင်ခုန်ထွက်မည်" ကြံရွယ်ခဲ့သည်ဖြစ်၏၊ ဤသို့ အလောင်းတော်မြတ် ဆုံးဖြတ်ကြံရွယ်တော်မူ...ကဲ့သို့ မချို့တူညီ ပါရမီဖြည့်ဘော် ဖြည့်ဘက် ကြံရွယ်ချက် သုံးဌာနစုံ အကုန်အစင် အောင်မြင် ထခြမြောက်အောင် စွမ်းဆောင် နိုင်လောက်သော

အားခွန်ဗလ ရှိကြသော်လည်း အလောင်းတော် မြတ် သိဒ္ဓတ်မင်းသား၏ အဆောက်အဦ ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီတော် အဟုန်ကြောင့် အလုံးစုံသော နတ်အပေါင်းတို့ ဖွင့်သောသဖြင့် တံခါးဟင်းလင်း ပွင့်လျက် ရှိနှင့်လေ၏။

ထိုအခါ၌ ဝသဝတ္တီမာရ်နတ်သား သည် အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားကို ရှေ့နန်းတော်သို့ ပြန်စိမ့်သောငှာ လာလတ်၍ ကောင်းကင်က ရပ်လျက် "တောထွက်တော်မူခြင်းကားမှားခြင်းကြီးမက မှားရှာလေစွ၊ ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ ကျွန်းငယ်နှစ်ထောင် အရံရှိသော လေးကျွန်းလုံးကိုအစိုးရလတ္တံ့သော စကြာရတနာခုနှစ်ပါး ဆိုက်ပြီးလျှင် စကြာဝတေးမင်းကြီး ဖြစ်တော့အံ့ဆဲဆဲ ခုနစ်ရက်မျှသာ လိုတော့သည်ဖြစ်၍ တောထွက်တော်မမူဘဲ ရှေ့နန်းတော်သို့သာ ပြန်၍ စံမြဲစံတော်မူပါ၊ ရွှေ ငွေ ဘဏ္ဍာ ရတနာခုနစ်ပါးတို့ကိုလည်း အလိုတော်ရှိတိုင်း ပြည့်စုံအောင် စကြာဝဠာ တင်းတောင်းပြည့်မျှ ပူဇော်ပါမည်"ဟု ရဲသောမာန်ဖြင့် ခံ●န်ပြောကြား တောင်းပန်ကာ မာရ်နတ်မင်း တားလာလေ၏။

ထိုသို့ ဝသဝတ္တီမာရ်နတ်မင်း ကန့်ကွက်တားဆီးလာသောအသံကို ကြားတော်မူလတ်သော် "သင်အသူနည်း"ဟု မေးတော်မူသဖြင့် ဝသဝတ္တီ မာရ်နတ်ဖြစ်ကြောင်းကို ပြန်ကြားလေက အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားအမိန့်တော်မြတ် မှတ်တော်မူသည်မှာ "ငါ၌ စကြာရတနာ ဆိုက်လာအံ့သော ပါရမီအဆောက်အအုံ ပြည့်စုံတော့မည်အဖြစ်ကို ငါ-မသိ မဟုတ်၊ သိတော်မူ၏၊ သို့ပင်သိတော်မူသော်လည်း စကြာဝတေးမင်း၏

ကြက်သရေဂုဏ်သိရီ စည်းစိမ်ထက် လူ, နတ်, ဗြဟ္မာ, သတ္တဝါ ဝေနေ မျှားဗိုလ်ခြေတို့ကို ဆယ်ယူကယ်တင် နိဗ္ဗာန်ခွင်သို့ တင်ပို့တော်မူအံ့သောငှာ သဗ္ဗညုအဖြစ်ကို လိုလားနှစ်သက် သာ၍ပင် စုံမက်သဖြင့် သည်းညည်း မခံနိုင်သောအတွက် မြတ်သော တောထွက်ခြင်းအမှုကို ပြုတော်မူရာ၌ သင်မာရ်နတ်သား မဆီးမတားနှင့် ရှောင်ရှားတိမ်းဖယ်လော့၊ ယာဉ်စကြာ ကဏ္ဍကမြင်းတော်က တားမရ-ဆီးမနိုင် ရင်ဆိုင် နင်းတိုက် မိမနေ်-တားသော်မရ မုချမပျက် ဆက်ဆက်ထွက်မြဲ ထွက်တော်မူလေလျှင် ဝသဝတ္တိ မာရ်နတ်သားက ကြိမ်းဝါးသော အချက်ကား "ကောင်းပါပြီ အလောင်းတော်မြတ် မင်းသိဒ္ဓတ်... နောက်ခါကာလ အိမ်ထောင်ညွှတ်ကွင်း သံချိုင့်တွင်း၌ ကြိမ်ကြိုက်၍ ပြန်လာမှုဖြင့် သန့်လျက်ပျံ့ ခေါသံစောင်းဖြင့် ဦးခေါင်းပါဖြတ်မည်"ဟု ယုတ်မာသော အခြင်းအရာကိုကြည့်လျက် အရိပ်ကဲ့သို့ နောက်တော်က အစဉ်တစိုက် လိုက်လေ၏။

ဤအခါ၌ အလောင်းတော်မြတ် မင်းသိဒ္ဓတ်ကား မီးရှူးသန့်စင် ဘွားမြင်တော်မူသည်မှ နှစ်ဆယ့်ကိုးနှစ် သက္ကရာဇ်ကို ဤနှစ်တွင်မှ ပြည့်မီတော်မူသောနှစ်၌ လက်တော်သို့ ရောက်ပြီးသော စကြဝဠေးမင်း၏ စည်းစိမ်ကြီးကို တံထွေးပေါက်ကဲ့သို့ ထင်မှတ်လျက် ငဲ့ကွက်ခြင်းမရှိ လွတ်လွတ် စွန့်တော်မူ၍ ဘိုးတော် အဥ္စနမင်းကြီး ဖို့ကြွင်းသက္ကရာဇ် ၉၇-ခု ဝါဆိုလပြည့် တနင်းလာနေ့ ညဥ့်သန်းခေါင်အချိန်တွင် ဥတ္တရာသဠ် နက္ခတ်နှင့် ယှဉ်လျက် စကြဝတေးမင်း၏ နန်းတော်နှင့် တူသော ရမ္မ, သုဘ, သုရမ္မ, မည်သော ပြာသာဒ်သုံးဆောင် နန်းရွှေတောင်မှ သက်တော်မူ၍ မြတ်သော တောထွက်ခြင်းအမှုကို ပြုတော်မူ၏။

များစွာကုန်သော နတ်အပေါင်းတို့သည် ပူဇော်သက္ကာရ ပြုသဖြင့် မြို့မှ ထွက်တော်မူပြီး၍ ကပိလဝတ်ပြည်ကို လှည့်၍ ရှုကြည့်တော် မူလိုသော အကြံတော်သည် ဖြစ်၏၊ ထိုအကြံ ဖြစ်သည်မှ အခြားမဲ့၌သာလျှင် အ ၆ လာင်း ၆ တာ် မြတ်သည် ပြည်ကိုလှည့်၍ ရှုကြည့်တော်မူအံ့သောကိစ္စသည် မရှိဟု ဆိုသကဲ့သို့ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ရိုက်ဟီ မြည်၍လည်လေသဖြင့် ခါမလင့်ဘဲ အသင့်မြင်တော်မူပြီး၍ ထို အရပ်တွင် ကဏ္ဍကမြင်းအား ပြန်အံ့သော ခြေရာကိုပြခဲ့၍ များစွာ သော နတ်တို့၏ ပူဇော်သက္ကာရဖြင့် အသရေတော်၏ တင့်တယ် ဘွယ်ရာခြင်းကို စမွယ်လျက် ထွက်တော်မူအံ့သောလမ်းကို အစဉ် မှန်းပြီးလျှင် ခန့်တော် သာသဖြင့် ကဏ္ဍကမြင်းကို အပြင်း နှင်တော်မူလေ၏။

---

## ၄၇။ အနောမာမြစ်၌ ဆံတော်ပယ်ခြင်းအကြောင်း

ထိုသို့ ကဏ္ဍကမြင်းအား ပြန်သောခြေရာကိုပြ၍ များစွာ သော နတ်တို့ ပူဇော်သက္ကာရဖြင့် အတိုင်းမသိသော အသရေ၏ တင့်တယ် စမွယ်ခြင်းတို့နှင့်တကွ ခရီးလမ်းစဉ် တောမြိုင်ခွင်သို့ အဆောတလျင် နှင်တော်မူလေသော် ခြောက် သောင်း သော မီးရှူး မီးပွင့်တို့နှင့် ရှေ့တော်မှငင်း, နောက်တော်မှငင်း, လက်ဝဲ တော်မှငင်း, လက်ျာတော်မှငင်း, အသီးအသီး နတ်အပေါင်းတို့ သည် ထွန်းပြောင်လင်းခြင်း တောက်ပခြင်းဖြင့် ခြောက်သောင်း ခြောက်သောင်းစီ ညှိထွန်း၍ အစဉ်တစိုက် လိုက်ကြလေကုန်၏။

တပါးသော နတ်တို့သည်၎င်း, နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗ-အစရှိသည်တို့သည်၎င်း နတ်၌ဖြစ်ကုန်သော ပန်း, နံ့သာ, အခိုး, အထုံ, အမှုန့်တို့ဖြင့် ပူဇော်၍ လိုက်ကုန်၏၊တာဝတိံသာ၌ပွင့်သော ပင်လယ်ကသစ်ပန်း, ထင်ရှားပန်းတို့ဖြင့် ပူဇော်၍ လိုက်ကုန်၏၊ တခဲနက် မိုဃ်းရွာသောကာလ၌ မိုဃ်းရေအယဉ်တို့ဖြင့် ကောင်းကင်သည် အခြားမဲ့ ဖြစ်သကဲ့သို့ နတ်တို့ပူဇော်သော ပန်း,နံ့သာ, အခိုး, အထုံ, အမှုန့်, ထီး, တံခွန်တို့ဖြင့် အခြားမရှိ တစပ်တည်း ဖြစ်၏၊ နတ်၌ဖြစ်သော ကခြင်း,သီခြင်း တို့သည် ဖြစ်ကုန်၏၊ ထက်ဝန်းကျင်၌ ခြောက်သန်း ရှစ်သိန်းသော စည်, စောင်း ငြင်းတို့သည် တီးမှုတ်လေကုန်၏၊ ထိုစည်,စောင်းငြင်းတို့၏ အသံသည် သမုဒ္ဒရာအဝှမ်း၌ မိုဃ်းကြိုးသော အသံကဲ့သို့၎င်း ယုဂန္ဓိုရ်တောင်အဝှမ်း၌ သမုဒ္ဒရာလှိုင်းတံပိုးသံကဲ့သို့၎င်း ဖြစ်၏။

ဤသို့ တင့်တယ်ဘွယ်ရာ ဂုဏ်ဝါကြက်သရေ အပေါင်းတို့ဖြင့် ခြံရံလျက် လှမ်း၍ ထွက်ကြွတော်မူသော အခလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် တညဥ့်တည်းမျှဖြင့် သုံးပြည်ထောင်ကို လွန်၍ ယူဇနာသုံးဆယ်ရှိသော ကန္ထာရစခန်း ခရီးလမ်း၏အထက် အနော်မာမြစ်နားသို့ ရောက်တော်မူလေ၏။ ထိုစီးတော်ယာဉ် ဖြစ်သော မြင်းတော် ကဏ္ဍကသည် သန်းခေါင်ကျော်ညဥ့်တဝက်မှာ ဤမျှသော ခရီး လမ်း ပေါက် ရောက် အောင် စွမ်းဆောင်တော် မူနိုင်လေသလော၊ ဤမျှမက ကန္ထာရ စခန်းထောက်သဖြင့် ခရီးလမ်းတိုး၍ ပေါက်အောင် စွမ်းဆောင်နိုင်လိမ့်ဦးမည်လောဟု စောဒနာငြားအံ့။ မစွမ်းဆောင် မရောက်ပေါက်နိုင်သည် မဟုတ်၊ စွမ်းဆောင် တောက်လျှောက် ခရီး

ရောက်နိုင်လေသည်သာတည်း၊ ထိုစီးတော်ယာဉ်ဖြစ်သော ကဏ္ဍက-မြင်းတော်သည် တခုသော စကြာဝဠာကို ပုံတောင်းချက် ပမာဏ လှည်းဘီးစက်ဝန်း၏ အကွပ်ကိုကဲ့သို့ စကြာဝဠာ တံတိုင်းဝန်း အစွန်းဖြင့် ချင်းနင်းလှည့်ပတ် စိုင်းနှင် သွား ရောက် လေ သော် နံနက်စာမစားမီ ၉-နာရီ, ၁၀-နာရီမျှ ပမာဏလောက် မိမိအဘို့ စီမံ၍ ထားရာဌာနအရပ်သို့ ဆိုက်ရောက်အောင် စွမ်းဆောင်နိုင် လေ၏။ ထိုအခါ၌မူကား နတ်,နဂါး,ဂဠုန် အစရှိသောသူတို့ သည် ပူဇော်ကြသော ပန်းကုံး, ပန်းဝိုင်း,ပန်းဆိုင်း, ပန်းခွေတို့ဖြင့် သားလုံး ဒူးနား, ပုဆစ်, ပေါင်ဖျား ထိမျှ ဖုံးအုပ် ကျံနစ်လျက် ရှိသဖြင့် ထိုအခွေအဝိုင်း, ပန်းဆိုင်း, နံ့သာဆိုင်းတို့ကို ကျွတ်လွတ် ကင်းရှင်း ရှောင်ကွင်းတိမ်းဖယ်၍ သယ်ယူနှုတ်ငင် သွားရောက် ရခြင်းကြောင့် သန်းခေါင်ယံအချိန်မှ လင်း သည် တိုင် အောင် ယူဇနာသုံးဆယ် အတိုင်း အရှည်မျှသော ကန္တာရစခန်းလောက် သို့ ခရီးလမ်း ပေါက်လေ၏။

ထို အနောမာ မြစ်နားသို့ ရောက်တော်မူသဖြင့် မေးတော် မူက အနောမာမြစ်ဖြစ်ကြောင်းကို မောင်ဆန်က လျှောက်တင် လေ၏၊ ဤသို့ လျှောက်ဟင်သံ၌ အနောမာမြစ်ဟူသော သြဘာ ထူးကို ကြားတော်မူသည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ လှ၍ "အမတ် မောင်ဆန်- ငါတို့ကား ရဟန်း၏အဖြစ်သည် မယုတ်မာသည် ဖြစ်လတ္တံ့" ဟူ၍ နိမိတ် ဘတ်တော်မူပြီးလျှင် စီးတော်ယာဉ် ကဏ္ဍကမြင်းတော်ကို ခါးတောင်, နင်းကွင်း, ဇက်ကြိုး အမျိုးမျိုးများပါ ကြပ်တည်းစွာ ဖေးကာ-မ,ကာ အလိုတော်ပါအောင် ကြဉ်းဆောင်သဖြင့် အ မှတ် ပေး တော်

မူသကဲ့သို့ အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား အားယူတော်မူသည်နှင့် တပြိုင်နက် ပါရမီဟုန်ကြောင့် ခုံ ကျော် ပျံ လွှား ရှစ်ဥသဘ ကွာခြားသော အနော်မာမြစ်၏ ထိုမှာဘက်ကမ်းသို့ ဘေးမနှောင့်ဘဲ ဖြောင့်ဖြောင့်တန်းတန်း ရောက်တော်မူလေ၏။

ထိုသို့ ရောက်တော်မူသောကာလ အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် စီးတော်ယာဉ်ဖြစ်သော ကဏ္ဍကမြင်းတော်ထက်မှ ဆင်းသက်တော်မူပြီးလျှင် ငွေပြား အဆင်းနှင့်တူသော သဲစု၌ ရပ်တော်မူ၍ မောင်ဆန်အမတ်အား အမိန့်တော်ပြန်သည်မှာ- "ငါကိုယ်တော်မြတ်တွင် ယခု ဆင်ယင်လျက် ပါလာသော မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ နတ် ဝတ် နတ် တန် ဆာ ရတနာတိမ်မီးခိုး ဝတ် လဲ တော် များ ကို ၎င်း စီး တော် ယာဉ် ကဏ္ဍကမြင်းတော်ကို၎င်း ဆောင်ယူသွားရောက် ပြန်လည်ရမည်၊ ငါကိုယ်တော်မြတ်သည် ဤဌာနတွင် ရဟန်းပြုတော်မူတော့အံ့" ဟူသော အမိန့်တော်မြတ် မှတ် တော် မူ လေ လျှင် အမတ်မောင်ဆန်က သံတော်ဦး တင်ပြန်သည်မှာ "ဘဝါးခြေထပ် ဘဝမကွာ နောက်တော်က ပါခဲ့သဖြင့် အိမ်တော်ပါ ကျွန်မှန်ပါသည့်အတိုင်း ဘုန်းတော်ဟုန်ကို ခိုလှုံထမ်းရွက် ယက်စွန့်ကြိုးပမ်း ရေပူရေချမ်း ကမ်းလှမ်း ရဟန်းပြု၍ နောက်တော်က အစဉ်တစိုက် လိုက်ပါရမည့်"အကြောင်းကို ရှိခိုးသံတော်ဦးတင်ပြန်ရာ အခွင့်တော် မသာသောကြောင့် အမတ်မောင်ဆန် အမိန့်တော်မှတ်ရင်းအတိုင်းဖြင့် ဆောင်ယူသွားရောက် ပြန်လည်ပြီးနောက် အလောင်းကိုယ်တော်မြတ် ကြံရွယ်တော် မူပြန်သည်ကား—

ဆံတော်မြတ်တို့သည်ကား ရဟန်းအား မလျောက်ပတ်ဖြစ်ချေသည်၊ ငါ၏ဆံတော်တို့ကို အခြားသူများ ရိတ်သိမ်းပယ်

ဖြတ်ခြင်းငှာမထိုက်၊ ငါကိုယ်တော်တိုင်ပင် သုတ်သင် ရိတ်ဖြတ်တော်မူအံ့”ဟု ရွှေနှလုံးတော်ပြုလျက် လကျ်ာလက်တော်၌ရှိသော သန်လျက်တော်နှင့် လက်ဝဲလက်တော်ဖြင့် ကိုင်တွယ် လက်တော်ဝယ် အသင့်ရှိသော ဥဿျောင်တော်နှင့်တကွ ဆံကျစ်တော်ကို ရိတ်ဖြတ်ပယ်သိမ်းတော်မူ၏၊ ဆံတော်မြတ်တို့သည် မတိုမရှည် လက်နှစ်သစ် မျှ ကြွင်းကျန်ထော်မူလျက် အထက်အညွန့်ဖြစ်သော ဆံတော်မြတ်တို့သည် လကျ်ာရစ်လည်ကုန်လျက် ဦးခေါင်းတော်၌ ငြိကုန်၏၊ ထိုဆံတော်မြတ်တို့ကား သက်တော်ရှစ်ဆယ် ကာလပတ်လုံး ဤလက်နှစ်သစ်မျှ ရှိတော်မူ၏၊ မုတ်ဆိတ်ကြင်စွယ်တော်တို့သည်လည်း ဤဆံတော်နှင့် လျော်ကန်ရုံမျှ ရှိသည်ဖြစ်၍ တဖန် သုတ်သင်ရအံ့တော့သည် မဟုတ်ဖြစ်လေ၏။

---

## ၄၉။ ဆံတော်ကို စူဠာမဏိစေတီတည်ခြင်း အကြောင်း

အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် ဥဿျောင်နှင့်တကွ ဆံတော်ကို ကိုင်မတော်မူပြီးလျှင် ဓိဋ္ဌာန်ကောက်၍ မြွက်တော်မူသည်မှာ “အကယ်၍ ငါ့အား ဘုရား စင် စစ်ဖြစ်မည်မှန်ပချေမူ ဤဆံတော်မြတ်သည် ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်စေကုန်သတည်း၊ အကယ်၍ ဘုရားစင်စစ် မဖြစ်ပချေမူ ဤမြေသို့ မချို့လျှင်လျား ကျသွားစေသတည်း”ဟု သစ္စာဓိဋ္ဌာန်မြွက်၍ အထက်သို့ ပစ်မြှောက်တော် မူ လိုက် ၏၊ ထိုပတ္တမြား ဥဿျောင်ကျင်နှင့်တကွ ဆံ ကျစ် ဦး ရစ် တော် သည်

တယူဇနာမျှလောက်သော အရပ်သို့တက်၍ ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့ တည်လေ၏၊ သိကြားမင်းသည် နတ်မျက်စိ တထောင်ဖြင့် လူ့ဘောင်သို့ ရှုကြည့်မြင်သိလေက တယူဇနာ ရှိသော ရတနာ ရွှေပန်းတောင်းဖြင့် ခံယူပင့်ဆောင်၍ တာဝတိံ သာနတ်ပြည်၌ ထိုပတ္တမြားဥသျှောင် ဦးရစ်ဆံ ကျစ်တော်ကို ဌာပနာ၍ ခုနှစ်ယူဇနာ စွင့်စွင့် ဥာဏ်တော်အစောက်မြင့်အောင် စူဠာမဏိစေတီတော် ဘုရားကြီးတည်ထား ကိုးကွယ်လေ၏။

---

## ၂၀။ ဝတ်လဲတော်ကို ဒုဿစေတီတည်ခြင်း အကြောင်း

ထိုအလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် ဆံတော်တို့ကို ပယ်တော်မူပြီးနောက်မှ တဖန် ကြံရွယ်တော် မူပြန်သော အကြောင်းကား "ဤအဘိုးများစွာ ထိုက်တန်သော ကောဇ္ဇမ္ဗူတိုင်းဖြစ်, မဂဓရာဇ်တိုင်းဖြစ် ပုဆိုးစသော ဝတ်လဲတော်တို့သည် ငါကိုယ်တော်မြတ်တွင် မပြတ်ဆင်တော်မူမည်ဖြစ်သော ရဟန်း၏ အသွင်တော်ဖြင့် လျော်ကန် သင့်မြတ် လျောက်ပတ်ခြင်း မဖြစ်ကုန်"ဟူ၍ ကြံတော်မူလျက် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ မိတ်သဟာယဖြစ်သော အဆွေခင်ပွန်းကောင်း ဃဋိကာရဗြဟ္မာမင်း သည် ဘုရားတဆူပွင့်တော်မူသော ခေတ် ကာလကြာအောင် ကွေကွင်းခြင်းအဖြစ်သို့ ရောက်ရလျက်ရှိသော အဆွေခင်ပွန်း၌ အလွန်လေးမြတ်ခြင်း ပြင်းသော သဘော နှလုံး သွင်းရကား "ယခုအခါ၌ ငါ၏ အဆွေခင်ပွန်းကြီး ဖြစ်သော

အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားသည် မြတ်သော တောထွက်ခြင်း နိက္ခမပါရမီလမ်းကို ကြိုးပမ်းတော်မူသော အရေးကိစ္စ၌ အဆွေခင်ပွန်းကြီးဖြစ်သည်နှင့်အညီ ငါရှက်ဆောင်သည်ပိုး ကြိုးစားလိုသော ဝတ်တရားကား ရဟန်းအား လျောက်ပတ်သော ပရိက္ခရာရှစ်ပါးတို့ကို ထို အဆွေခင်ပွန်းကြီး ဖြစ်သော အလောင်းတော်မြတ် သိဒ္ဓတ်မင်းသားအား လှူအံ့"ဟု ကြံပြီး သက်န်းသုံးထည်, သပိတ်, ပဲခွပ်, အပ်, ခါးပန်း, ရေစစ်, ဤရှစ်ပါးသော ပရိက္ခရာတို့ကို ဆောင်ယူခဲ့၍ ကပ်လှူ၏၊ ထိုအခါ အလောင်းတော်မြတ်သည် ကပ်လှူသော ရှစ်ပါးသော ပရိက္ခရာတို့ကို ယူ၍ "သင်းပိုင်ကို ဤသို့ဝတ်အပ်၏၊ ကိုယ်ဝတ်ကို ဤသို့ရုံအပ်၏"ဟု ဆုံးမ ပြောပြ သွန်သင်မည့်သူ ဆရာမရှိသော်သည်း ရှေးဘုရားရှင်တို့၏ အထံတော်၌ ရဟန်းပြုခဲ့ဘူးသော အထုံဝါသနာပါခဲ့သော ပါရမီ အဟုန်ကြောင့်၎င်း, နှစ်သိန်း လေးသောင်း အတိုင်းအရှည်ရှိသော မြေကြီးအထုနှင့်တူသော ပညာတော် ကြီးမြတ်သည်၏ အဖြစ်ကြောင့်၎င်း သင်းပိုင်ကို အထက်မှ ချက်ကို ဖုံးလွှမ်းလျက် အောက်မှ ပုဆစ်ဒူးကို လွှန်လျက် လက်ရှစ်သစ်မျှ အနားကျစေလျက် ညီညွတ်စွာ အနားပတ်လည် လှည့်၍ ကတ်ကျေးဖြင့် ကိုက်ညှပ်ဘိသကဲ့သို့ အထက် အောက် အဝန်း ညီညွတ်စွာ ဆင်ယင်စီးဝတ်တော်မူပြီးလျှင် သင်းပိုင်၏ အထက်၌ ခါးပန်းပော်ဆီး၍ သက်န်းတထည်ကို အောက်မှ သင်းပိုင်နား အထက်သို့ လက်လေးသစ်တက်စေပြီး ပခုံးတော်တဘက်၌ ရုံလျက် ဒုကုဋ်ကို လက်ဝဲပခုံး၌တင်၍ သပိတ်ကို အိတ်ဖြင့် လကျာ်ပခုံးတော်၌လွယ်၍ ရဟန်း၏အသွင်တော်ကိုယူပြီးမှ ဆင်တော်မူခဲ့ရင်း ဝတ်လဲတော်ကို လက်ဖြင့် ကိုင်တော်မူ၍—

"ငါ ဘုရားစင်စစ် ဖြစ်မည်မှန်က ဤဝတ်လဲတော်သည် ကောင်းကင်၌ တည်စေသတည်း၊ ဘုရားစင်စစ် မဖြစ်မည်မှန်က ဤဝတ်လဲတော်သည် မြေ၌ကျစေသတည်း"ဟု ဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်မြှောက်လိုက်၏၊ ထိုဝတ်လဲတော်ကို ဃဋိကာရ ဗြဟ္မာမင်းယူဆောင်၍ ဗြဟ္မာ့ပြည်၌ တဆယ့်နှစ်ယူဇနာ မြင့်သော ဒုဿစေတီ တည်ထားကိုးကွယ်လေ၏။

---

## ၅၁။ ကဏ္ဍကမြင်း နတ်သား ဖြစ်ခြင်းအကြောင်း

ဤသို့ အလောင်းတော်မြတ်သည် ရဟန်းပြုတော်မူပြီး၍ သံဝရသီလကို စောင့်ရှောက် ဆောက်တည်တော်မူလျက် "အမတ်မောင်ဆန်....ငါ၏ အမိန့်အမှာတော်များဖြင့် ခမည်းတော် မင်းတရားကြီးအား အနာရောဂါကင်းသော အဖြစ်ကို ရှိခိုး သံတော်ဦး တင်ပါလေ"ဟု အမိန့်တော်မြတ် မှတ်တော်မူသဖြင့် စံတော်မူရင်း နေပြည်တော်သို့ ပြန်၍ စေလွှတ်တော်မူလိုက်၏၊ ထိုသို့ အလောင်းတော်မြတ် မှတ်တော်မူလိုက်သော အမိန့်တော် အရဖြင့် အမတ်မောင်ဆန်သည် အလောင်းတော်မြတ်ကို ရှိခိုး၍ လကျာ်ရစ်လှည့်လျက် မျက်ရည်စက်လက် အောက်မေ့လွမ်းဆွတ်လျက်နှင့်ပင် နောက်ဆံတင်ငင်နှင့် အမိန့်တော်ကို မလွန်ဆန်နိုင်သောကြောင့် မပြန်ချင်ဘဲလျက် အချင်ရှိရာ ပြန်ကြည့်ကာဖြင့် အောင်ချာရွှေမြေ စံတိုင်းပြေသို့ မနေမြန်စွာ ပြန်သွားရရှာလေ၏။

အလောင်းကိုယ်တော်မြတ် ခြေတော်တင်လျက် တောထွက်တော်မူသော စီးတော်ယာဉ် ကဏ္ဍကမြင်းတော်သည်လည်း အမတ် မောင်ဆန်အား အမိန့်တော်ပြန်သော အာဏာတော်မြတ် အရပ်ရပ်ကိုကြားရသဖြင့် အလုံးစုံ သိရသောအတွက် "ဤနေ့ ဤရက်ကစ၍ ရှေ့ကို မည်သည့်ကာလမှ အရှင့်သားကိုဖူးမြင် ကြိမ်တွေ့ကြရတော့မည်မဟုတ် ဖြစ်လေပြီ"ဟု သောကနှလုံး ယူကျုံးမရ တသသလွမ်းဆွတ် သည်းပွတ်ကြေကွဲ ရင်ကွဲနာ ရသဖြင့် အလောင်းကိုယ်တော်မြတ် ရှေ့မျက်နှာတော် လှည့်၍ ရှုကြည့် ထင်ထင် မြင်တော်မမူရသောဌာနကိုလွန်မြောက်က စိုးရိမ်ပူဆွေးလှသည်ကို သည်းညည်းမခံနိုင်သည်ဖြစ်၍ စုတိမရဏာသို့ မြန်းရလေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကနတ်သား ဟူ၍ ထင်ရှားစွာ ဖြစ်လေ၏။

အမတ် မောင်ဆန်အားလည်း အိမ်တော်ပါ ကျွန်မှန် လျက်နှင့် သိဒ္ဓတ်သခင် အရှင်အလောင်းတော်မြတ်နှင့် ဘဝါး ခြေထပ် ဘဝမကွာ ရေပူရေချမ်း ကမ်းလှမ်းနောက်တော်မပါ ရဘဲ ကွဲရလေခြင်းအတွက် စိတ်စက်မအေး ပူဆွေးဒုက္ခရောက်၍ စိုးရိမ်ပူပန်ရခြင်း ပြင်းစွာ ဖြစ်ရသည့်ပြင် စီးတော်ယာဉ် ကဏ္ဍက လည်း စုတိမရဏာ ပြောင်းသွား ကွယ်လွန်ပြန်ချေသောကြောင့် သောကလောင်မီး အရှိန်ကြီးလျက် ပြန်သွားရလေ၏။

---

## ၅၂။ အလောင်းတော်ရဟန်းပြုပြီး၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူခြင်းအကြောင်း

အလောင်း ကိုယ်တော်မြတ်သည် ထို တောထွက်တော်မူ သော ညဉ့်မိုးသောက်ယံကို လွန်ပြီးသော် ဆဋ္ဌိဂါရ ဗြဟ္မာမင်း

ကပ်လှသော ကြာသကင်န်းဖြင့် ဆင်မြန်း ရဟန်းပြုတော်မူပြီးနောက် ထိုအရပ်၌ပင် မလ္လာမင်းတို့၏နေရာ အနုပိယမည်သော သရက်တောဥယျာဉ်သည် ရှိ၏၊ ထိုသရက်တော ဥယျာဉ်တော၌ ဆွမ်းဘောဇဉ် အစာအာဟာရကို မှီဝဲသုံးဆောင် ဘုဉ်းပေးတော်မမူဘဲ ခုနစ်ရက်တာသတ္တာဟ မျှ ကာလပတ်လုံး ရဟန်း၏ချမ်းသာကို ခံစားလျက် စံနေတော်မူ၏။

ဝါဆိုလပြည့်ကျော် ၈-ရက်နေ့ နံနက် မိုးသောက်သောအခါ၌ အလောင်းတော်မြတ်သည် အနုပိယသရက်ဥယျာဉ်တောမှ ဖန်ရည်စွန်းသော သင်္ကန်းဖြင့် ပုံးလွှမ်းအပ်သော ကိုယ်ဘော်ရှိသည်ဖြစ်၍ ကိုယ်တော်မြတ်တပ ါးတည်း စံနေတော်မူလျက်လည်း များစွာသော လူအပေါင်းတို့ဖြင့် ခြံရံ စံနေတော်မူဘိသကဲ့သို့ ဆင်တော်မူလျက် ကြည်းကြောင်းအားဖြင့် ယူဇနာ သုံးဆယ်ရှိသော ခရီးခဲကို ခြေတော်ဖြင့်သာလျှင် တနံနက်ခင်း အချိန်မှီ ဆောက်အောင်ကြွတော်မူ၍ တက်ခဲသောတံပိုးရှိသော တရုဂ် ဂင်္ဂါ၊ အသင် ဂင်္ဂါကို ကူးတော်မူပြီးလျှင် ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာ မင်္ဂလာတံခါးဖြင့် ဝင်တော်မူ၍ ဆွမ်းအလို့ ငှာ အိမ်စဉ်အတိုင်း ကြွတော်မူလေ၏။

ထိုအခါ ရာဇဂြိုဟ်တိုင်းနေ ပြည်သူအ ပေါင်း တို့သည် မမြင်စဘူး ထူးမြတ်တင့်တယ် ကြည်ညိုစရာ အလွန်ကောင်းသော အလောင်းကိုယ်တော်မြတ်၏ အဆင်းသဏ္ဌာန်ကို ဖူးမျှော်ကြည့်လင် ရှုမြင်ကြရလေလျှင် အုတ်အုံကျက်ကျက် ကြွက်ကြွက်ဆူညံ ဖြစ်လေကုန်၏။

အလောင်းကိုယ်တော်မြတ်သည် ဆုမ်းအလို့ငှာ ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်ရောက် မြန်းကြွတော်မူသောအခါ တိုင်းနေပြည်သူတို့သည် ဘုရားလောင်းကိုယ်တော်မြတ်၏ ကောင်းခြင်းများစွာ လက္ခဏာတော်မြတ် သပ္ပါယ်တော်မူလှသော အရောင်အဆင်းကို ကြည်ညိုဖူးမြင်ကြရသဖြင့် ပြင်းစွာသော နှစ်လို့ ဝမ်းမြောက်ခြင်း ရှိကုန်လျက် နှစ်သက်လိုက်ခုန် တုန်လှုပ် ချောက်ချားခြင်းဖြစ်၍ ထိတ်လန့်လေကုန်၏၊ ဘုရားလောင်း၏ အဆင်းအရောင်တော်ကို မြင်သဖြင့် ချမ်းမြေ့သာယာ နှုးညွတ်အေးမြခြင်း ပြင်းစွာ ဖြစ်ကြလေကုန်၏၊ ထိုသို့ ရာဇဂြိုဟ်ပြည်သူပြည်သား အများပရိသတ်တို့ အနက် အချို့သောသူတို့က အချို့သောသူတို့ကို ဤသို့ ထောက်လှမ်းကြိုတင် စိစဉ်ဆေးလေး မေးမြန်းရှာလေသည်မှာ "အို..... အချင်း ပြည်သူအပေါင်းတို့....အသို့ဖြစ်လေကုန်သနည်း၊အသူရိန်ကို ကြောက်ရွံ့သောကြောင့် လျှို့ဝှက်သောရောင်ခြည်ကွန်ယက်ရှိသော စန္ဒာလမင်းသည် လူ့ရွာသို့ ရောက်လာသလော"ဟု စုံစမ်းမေးမြန်းလေ၏၊ ထိုသို့ မေးမြန်းသောအခါ ကြားကြားသမျှသော ပြည်သူများစွာတို့ကလည်း "သင်အသို့သောစကားတို့ဖြင့် ပြောကြားမေးဆိုဘိသနည်း၊ မည်သည့်အခါ၌ လူ့ရွာသို့ လမင်း လာသည်ကို ရှုမြင် ရ ဘူး သနည်း"ဟု ဆို၍ ကဲ့ရဲ့သဂြိုဟ်စကားတင်း ဆိုကြပြန်လေကုန်၏၊ သို့တည်း မဟုတ်လျှင် နဂါးလော, ဂဠုန်လော, ကုမ္ဘဏ်လော, ယက္ခလော, ဂန္ဓဗ္ဗလော့, ဤသည်နတ်တို့ကို အစိုးရသော မျက်စိအမြင် တထောင်ဆောင်သော သိကြားနတ်မင်းတည်း ဖြစ်သလော၊ ငါတို့မြို့သည် ဝပြောသာယာ စည်ပင်စွာသော ဒါနသီလ တည်းဟူသော ချပ်တန်ဆာရောင်ကြောင့် သိကြားနတ်မင်းကြီးစံရာ တာဝတိံသာ နတ်မြို့

ကြီးဟု ထင်မှားပြီးလျှင် ဝင်ရောက်လာသော ဘုရင်သိကြား မင်းကြီးတည်းဟု အချို့သောလူတို့က ထင်မိထင်ရာ ပြောကြ ရှာလေ၏။

---

## ၅၃။ ဗိမ္ဗိသာရမင်း တောင်းပန်ခြင်း အကြောင်း

ဤသို့လျှင် ရာဇဂြိုဟ် တိုင်းပြည်သူ အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် ကြွက်ကြွက်ဆူညံ ဖြစ်ကြလေသော် မင်းချင်းယောကျ်ားတို့က အကြောင်း အသို့နည်းဟု စုံစမ်း ထောက်လှမ်းသဖြင့် သိလေက ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးအား ရွှေနန်းတော်ကြား လျှောက်ထား သံတော်ဦးတင်သည်မှာ- "အရှင်မင်းကြီး.... တိုင်းပြည်တော် အတွင်းသို့ ဆွမ်းအလို့ငှာ ဝင်လာသည်၊ လူလော၊ နတ်လော၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗလော အမျိုးအနွယ်အားဖြင့် အတတ်မသိ၊ ဆွမ်းအလို့ငှာ ဝင်လာပါကြောင်း" နှင့် ရှိခိုးသံတော်ဦး တင်ကြလေသော် အမိန့်တော်နှင့် စေတော်မူလိုက် သည်မှာ– "မင်းချင်းယောကျ်ား–မောင်မင်းများတို့....သွား၍ အစဉ်တစိုက် နောက်တော်က လိုက်လျက် ရှုကြည့်စုံစမ်းချေရမည်၊ အကယ်၍ နဂါးဖြစ်အံ့၊ မြေ၌ ငုပ်လျှိုး မိုးသို့ပျံတက်၍သွားလတ္တံ့၊ အကယ်၍ ယက္ခဘီလူးဖြစ်အံ့၊ မြို့မှ ပြင်ပသို့ထွက်၍ တိုင်းစွန်ပြည်နားသို့ သွားမိလျှင် ကွယ်ပျောက်လတ္တံ့၊ အကယ်၍ နတ်ဖြစ်အံ့၊ ကောင်းကင်ဖြင့် သွားလတ္တံ့၊ အကယ်၍ လူဖြစ်အံ့၊ အကြင်အခြင်းအားဖြင့် ရအပ်သော

အာဟာရကို စားသောက် သုံးဆောင်လတ္တံ့၊ ချောင်းမြောင်း ရှုကြည့် စုံစမ်းချေ”ဟု စေတော်မူလိုက်၏။

အလောင်း ကိုယ်တော်မြတ်သည်လည်း ငြိမ်သက်သော ဣန္ဒြေရှိသည်ဖြစ်၍, ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍ အဆင်းတော်၏ တင့်တယ်ခြင်းဖြင့် အလုံးစုံသောသူတို့၏ မျက်စိတို့ကို ဆွဲငင်ဘိသကဲ့သို့ ရထားထမ်းပိုးတပြန် လေးတောင်ခန့်မျှ ပမာဏ ရှိသော ဌာနအရပ်သို့ ရှုကြည့်စက္ခုန္ဒြေကို ဆောင်တော်မူလျက် ပြောင်း,ပဲ,လူး,ဆပ် အကောင်းအဆိုး အမျိုးမျိုးတို့ဖြင့် ရောသော ဆွမ်း,ဘောဇဉ်, အာဟာရတို့ကို ဤမျှဖြင့် သင့်တင့်လျောက်ပတ် မျှတလောက်ပြီဟု မှတ်ပိုက်တော် မူပြီးလျှင် ဝင်သောတံခါးဖြင့် ထွက်တော်မူ၍ ပဏ္ဍဝတောင်ခြေ ရေဝေရိပ်ဝှမ်း တောင်ခါးပန်း၌ အရှေ့သို့ မျက်နှာမူလျက် ထက်ဝယ်တော်ဖြင့် ဆွမ်းဘုဉ်းပေး သုံးဆောင်တော်မူအံ့သောငှာ သပိတ်၌ အရောရောသော ဆွမ်းကို ရှုကြည့်သုံးသပ် ဆင်ခြင်တော်မူသည်မှာ.... ရှေး၌မူကား နတ်ဩဇာတမျှ ဆိမ့်အိမ့်ချိုအေး မွှေးကြိုင်ကောင်းမွန်လှသော အရသာပွဲတော်တို့ဖြင့် မြိန်မြတ်စွာ ပွဲတော်သုံးနေကျ အလောင်း ကိုယ်တော်မြတ်အား ပြောင်း,ပဲ,လူး,ဆပ် အမျိုးမျိုးတို့ဖြင့် ရောသော အာဟာရကိုမြင်တော်မူ၍ အူသိမ် အူမတို့သည် အထက်သို့ ပြန်လျက် ခံတွင်းဖြင့် ပျို့အန်၍ တက်လတ္တံ့သော အဖြစ်သို့ ရောက်ကုန်၏၊ ထို့နောက်မှ သြော်-ဤကိုယ်၏ အဖြစ်ဖြင့် ဤသို့ သဘောရှိသော အာဟာရကို ကြားဘူး တွေ့ဘူးမည်ကို ဝေးစွ၊ မြင်မှုမမြင်စဖူးသည်၏ အဖြစ်ကြောင့် ထိုစက်ဆုပ် ရွံရှာဘွယ်ရှိသော အာဟာရ၌ ငြီးငွေ့တော်မူသော အလောင်းကိုယ်တော်

မြတ်သည် ကိုယ့်ရှင်ကိုယ်ပင် ဆင်ခြင်တွေးဆ တရားချ၍ ဆုံးမပဲ့ပြင်တော်မူသည်မှာ—

"သိဒ္ဓတ္ထ....သင်သည် နှလုံးပျို့ဆန် အန်တက်သကဲ့သို့ စက်ဆုပ်ရွံရှာခြင်း မဖြစ်လင့်၊ မလော်မာလင့်၊ အဘယ့်ကြောင့်ဆိုသော် ကာလမြင့်ကြာ ရှေးအခါက ပံ့သုကူဆောင်သဖြင့် ဖြိုးခြံစွာစားခြင်း, ဝတ်ခြင်း, သုံးဆောင်ခြင်း၌ သန္တုဋ္ဌိသံလေခဖြင့် ရောင့်ရဲတင်းတိမ်ပြီးလျှင် အပွကိစ္စအမှုကို ပြုလုပ်ကျင့်ကြံနေထိုင်သော ရဟန်းတပါးကို တွေ့မြင်လျှင် အမတ်မောင်ဆန်တင်ချက်အရ မည်သည့်ကာလမှ ဤရဟန်းကဲ့သို့ ကျင့်ကြံအားရမ်း ရှက်ဆောင်သည့်ပိုး ကြိုးစားအားထုတ် နိုင်ပါအံ့နည်း" ဟုအကြံကြီး ကြံရွယ်ပြီးလျှင် မြတ်သောတောထွက်ခြင်း နိက္ခမပါရမီတော်ကို ကမ္ဘပထမြောက် ပြီးသည်သာမက ရဟန်း၏အသွင်ဖြင့် ဆွမ်းဘုဉ်းပေးတော့မည် ရှိရာတွင်မှ လူး,ဆပ်,ပြောင်း,ပဲ့ အလုံးစုံရောပြွမ်းသဖြင့် စက်ဆုပ်ရွံရှာဘွယ် ရှိလှချေ၏ တကားဟူ၍ အောက်မေ့ဆင်ခြင် မရှိလင့်၊ တရားဓမ္မနှင့်တကွ ကောင်းကောင်းကြီး သံဝေဂ ရသင့်ရထိုက်လှတော့သည်၊ "ရှင်သိဒ္ဓတ်....ငင်စစ်မှုကား သိကြားမင်းစံရာ နတ်နန်းကြီးပမာဏ ကောင်းမွန်ဖြည့်စုံလှသည်ကို လွှတ်လွှတ် စွန့်တော်မူပြီးဖြစ်လျက် မည်သည့်အတွက်ကြောင့် စက်ဆုပ် ရွံရှာတော့မည်နည်း" ကိုယ့်ရှင်ကိုယ်သာ ကိုယ်ဆရာပြု၍ ဖျောင်းဖျောင်းဖျဖျ ပဲ့ပြင်ဆုံးမ တရားချပြီးလျှင် အာဟာရကို မျိုတဘုဉ်းပေး သုံးဆောင်တော်မူ၏။

မင်းချင်းယောကျ်ားမြင်းစေတော်တို့သည် ထိုအကြောင်းကို မြင်၍ ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင်ဗိမ္ဗိသာရ မင်းကြီးအား လျှောက်ထား သံတော်ဦးတင်ကြကုန်သဖြင့် ရွှေနားတော်မြတ်

ကြွားသိတော်မူလေက ရှတ်တရက် ကိုယ်တော်တိုင် ထွက်တော်မူပြီးလျှင် အလောင်းတော်မြတ်ရှိရာ ပဏ္ဍဝတောင်ခြေသို့ ရောက်တော်မူက ဘုရားလောင်းကို ဣရိယာပုထ်၌ ကြည်ညိုသည်ဖြစ်၍ အမည်အမျိုး ကို စစ်ပေါက်လျှောက်မေးဘော်မူသဖြင့် သိတော်မူသော် မြို့ရွာထီးနန်း တိုင်းခန်းစည်းစိမ်ပါ အပ်နှင်းတော်မူ၏။

ဘုရားလောင်းသည် မြတ်သောမင်းကြီး.... ဝတ္ထုကာမ, ကိလေသကာမတို့ကို အလိုမရှိသဖြင့် မြတ်သော တောထွက်ခြင်းကို ပြုတော်မူသည်ကား သစ္စာလေးပါး ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားအဖြစ်ကိုသာ ခင်မင်တောင့်တ အလိုတော်မြတ် ရှိလှသည်ဖြစ်သောကြောင့် အပ်နှင်းတော်မူသော တိုင်းပြည်ထီးနန်းစည်းစိမ်ကို အကြိမ်ကြိမ် ပယ်တော်မူသော အခါမှ စင်စစ်ဘုရားဖြစ်တော်မူမည့် အရှင်ပေတည်း ဟု နှုတ်လုံးတော်ချပြီးလျှင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး တောင်းပန်တော်မူသည်ကား "နောင် ဘုရား ဖြစ် တော်မူသောအခါ အကျွန်ုပ်တိုင်းပြည်မြို့ရွာသို့ ရှေးဦးစွာ ကြွလာတော်မူလာမည့်အကြောင်း" ကို တောင်းပန် လျှောက်ထားတော်မူ၏။ အလောင်းကိုယ်တော်မြတ်လည်း "ကောင်းပြီ" ဟု ပဋိညာဉ်ခံစကား မြွက်ကြား မိန့်ဆိုတော်မူလေ၏၊ မင်းကြီးလည်း နန်းမြို့တော်ကြီးအတွင်းသို့ ဝင်တော်မူလေ၏။

---

## ၃၄။ ရသေ့နှစ်ဦးထံ နည်းခံခြင်းအကြောင်း

ဘုရားလောင်း ကိုယ်တော်မြတ်သည် ရာဇဂြိုဟ်ပြည်၏ အနီး ပဏ္ဍဝတောင်ခြေ၌ ဆွမ်းဘုဉ်းပေးတော်မူပြီးမှ အစဉ်သဖြင့် ကြွတော်မူလေသော် ကာဠာမအမျိုးဖြစ်သော အာဠာရရသေ့

အထံသို့ ရောက်တော်မူလေ၍ ထိုအာဠာရရသေ့အထံ၌ လောကီ ဈာန်သမာပတ်ရှစ်ပါးကိုနည်းခံလျှင်နေဝသညာနာသညာယတန သမာပတ်၏ ပရိကံကို အာဠာရရသေ့ မသိသဖြင့် အောက်ခုနှစ် ပါးသော သမာပတ်ကိုသာရ၍ လာခဲ့သော် ရာမမင်း၏ သား ဖြစ်သော ဥဒကရသေ့ကို တွေ့၍ နေဝသညာ နာသညာယတန သမာပတ်၏ ပရိကံကိုမေး၍ ထိုရသေ့ နှစ်ဦးတို့၏အထံ၌ လောကီ သမာပတ်ရှစ်ပါးကို ဖြစ်စေ၍ ဤသမာပတ်တို့သည် သစ္စာလေး ပါးသိခြင်းအကြောင်း မဟုတ်သေးဟု ထိုသမာပတ် ရှစ်ပါးကို တန်ဆာမဆင်မူ၍ ထိုသူတို့ထံမှ ခွါ၍ကြွတော်မူပြန်သော် ဘုရား ဘက်တော် မဟာဗောဓိပင် ရောက်ရာဌာနဖြစ်သော ဥရုဝေဠ တောသို့ ရောက်တော်မူလေ၍ ဤမြေအပ်သည် နှလုံးမွေ့လျော် ပျော်ဘွယ်ဖြစ်၏၊ ဤအရပ်၌ သဒ္ဓါတရား ထင်ရှားပြည့်စုံသော မြတ်သော အမျိုးသားအား သမထဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်း ဆောက်တည်အံ့သောငှာ လျောက်ပတ်ပေစွတကားဟု ဘုရား လောင်းသည် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ခြင်းငှာ အာသာ ဆန္ဒ စိတ်တော်၌ရှိလှ၍ ထိုဥရုဝေဠတော၌ နေတော်မူလျက် လူ, နတ်, ဗြဟ္မာ ဝေနေယျာအများတို့အား ကိုယ်တော်မြတ်၏ စွမ်းပကားခွန်အားတော်နှင့်တကွ ဝီရိယ လုံ့လတော်နှင့် ပြည့်စုံ ခြင်းကို ပြတော်မူအံ့သောငှာ မြတ်သော ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူ၏။

---

## ၅၅။ ပဥ္စဝဂ္ဂီ ငါးယောက်တို့အကြောင်း

ဘုရားလောင်း ကိုယ်တော်မြတ်ကို မီးရှူးသန့်စင် ဖွားမြင် တော်မူစက ဘိသိက်တော်ဆက်ဖြစ်သော လက္ခဏာဘတ် ပုဏ္ဏား

တော် ရှစ်ယောက်တို့တွင် အငယ်ဆုံးဖြစ်သော ကောဏ္ဍညပုဏ္ဏား သည် အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား တောထွက်လေပြီ- ဟူသော ကောလာဟဠ သတင်းစကားကြား၍ ပုဏ္ဏားကြီး ခုနှစ်ယောက်တို့၏ သားများအထံသို့ အသီးအသီး သွားရောက် ပြီးလျှင် "အို-အချင်းတို့....အလောင်းတော်မြတ် သိဒ္ဓတ်မင်းသား သည် မြတ်သောတောထွက်ခြင်းအမှုကို ပြုတော်မူသည်သာမက ရဟန်းပြုတော်မူလေပြီ၊ ထိုအလောင်းတော်မြတ် သိဒ္ဓတ်မင်းသား သည် မုချစင်စစ် ဘုရားဖြစ်လတ္တံ့ မချွတ်တည်း၊ အကယ်၍ သင်တို့ ၏ အဘများသည် ရှိကုန်သေးသည်ဖြစ်အံ့၊ ယခုပင် တောထွက်၍ ရဟန်းပြုကြကုန်ရာ၏၊ သင်တို့၏အဘတို့သည် သင်တို့အား ရဟန်း ပြုရစ်ကြကုန်ဟူ၍ မှာထားခဲ့ကြ၏၊ သင်တို့သည် အကယ်၍ ရဟန်းပြုပါလိုကုန်အံ့၊ လာကြကုန်၊ ငါသည် ဘုရားလောင်း ကိုယ်တော်မြတ် ရဟန်းပြုတော်မူသည်ကို အတုလိုက်၍ ရဟန်း ပြုတော့အံ့" ဟူ၍ ဆို၏။

ထိုခုနှစ်ယောက်သော သူတို့သည် တူမျှသော သဘော ဆန္ဒ ညီညွတ်ခြင်းကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်၊ ထိုခုနှစ် ယောက်တို့တွင် သုံးယောက်သော သူတို့သည် ရဟန်းပြုရန် အကြောင်းဖြင့် ကောင်းသောစကား ပြောကြားခေါ်ငင် တိုင်ပင် သွေးဆောင်ရာ မလိုက်မပါကြကုန်၊ ကောဏ္ဍညပုဏ္ဏားကို အကြီး အမှူးပြု၍ ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ၊ ဤပုဏ္ဏား လေး ယောက်တို့သည် ဘုရားလောင်း ရဟန်းမြတ်၏ အတုကိုလိုက်၍ ရဟန်းပြုကြလေကုန်၏၊ ထိုငါးယောက်တို့သည် ပဥ္စဝဂ္ဂီရဟန်း ငါးယောက်ဖြစ်လေကုန်၏၊ ထိုပဉ္စဝဂ္ဂီ ငါးယောက်သော ရဟန်း

တို့သည် နိဂုံး, ဇနပုဒ်, မြို့ရွာ, မင်းနေပြည် အစရှိသည်တို့၌ ဆွမ်းအလို့ငှာ လှည့်လည်ကုန်သည်ရှိသော် ထိုဥရုဝေဠတော၌ ဘုရားလောင်းကိုယ်တော်မြတ်ကို မြင်ကြလေကုန်၏။

ထိုဥရုဝေဠတော၌ ခြောက်နှစ် ကာလပတ်လုံး ဒုက္ကရစရိယာ အကျင့်မြတ်ကို ကျင့်တော်မူသော ဘုရားလောင်းကိုယ်တော်မြတ်အား "ဤမည်သောအခါ၌ ဘုရားဖြစ်လတ္တံ့၊ ဤမည်သောအခါ၌ ဘုရားဖြစ်လတ္တံ့"ဟူ၍ ကျောင်းသင်္ခမ်းနှင့်တကွ ပရိဝုဏ် အပိုင်းအခြား နယ်နိမိတ်သန့်ခြား၍ တံမြက်တလင်းသုတ်သင် ရှင်းလင်းခြင်း တည်းဟူသော သေနာသနဝတ်ကို အရပ်ရပ် ဝေယျာဝစ္စ ကိစ္စကြီးငယ်များနှင့်တကွ ဘုရားလောင်းကိုယ်တော်မြတ်၏ ကျောင်းသင်္ခမ်းအနီး၌ပင် အစဉ်အတိုင်း နေထိုင်ကြလေကုန်၏။

## ၃၆။ ဒုက္ကရစရိယာ ကျင့်တော်မူခြင်း အကြောင်း

ထိုဘုရားလောင်း ကိုယ်တော်မြတ်သည် ဥရုဝေဠတောသေနနိဂုံး၌ ဒုက္ကရစရိယာကျင့်တော်မူသောအကြောင်း အဋ္ဌုပ္ပတ္တိတော်ကား ဘုရားလောင်း ကိုယ်တော်မြတ်သည် ရှေးဦးစွာသေနနိဂုံး၌ ဆွမ်းအလို့ငှာ ကြွတော်မူ၍ မေတ္တာကိုပွားစေလျက် အခါကိုလွန်စေသဖြင့် ငါ့အားရှန့်ရင်းသော အာဟာရကိုပယ်၍ အလိုအလျောက် ကြွေကျသော ပံသုကူ သစ်သီးဖြင့် ရောင့်ရဲရသော် သင့်လျော်အံ့သော လက္ခဏာရှိ၏၊ ထိုပံသုကူသစ်သီးအာဟာရကို ဘုဉ်းပေးသုံးဆောင် မှီဝဲသဖြင့် သဗ္ဗညုတဉာဏ်ကို

မရသေးသော် ဤမျှသော ပံသုကူသစ်သီးဆွမ်း အာဟာရသည်သည်း ကြမ်းထမ်းရုန့်ရင်းသော သဘောရှိသေး၏၊ ကြောင့်ကြမကင်းဘွယ်ရှိသေးသည်ဖြစ်၏ ဟူ၍ အကြင်သစ်ပင်၏ အရိပ်သခ်မ်း၌ အမြဲနေထိုင်၏၊ ထိုသစ်ပင်၌ အကြင်အခြင်းဖြင့် သစ်သီးကြွေ၏၊ ထို အလိုအလျောက်ကြွေသော ပံသုကူသစ်သီးဖြင့် မှိဝဲမျှတ သုံးဆောင်ရသော် သင့်လျော်တန်ရာ၏။

ထိုသို့ ဘုဉ်းပေးသုံးဆောင်၍မှ သဗ္ဗညုတဉာဏ် အထွတ်သို့ မရောက်သေးသည်ရှိသော် တမျိုး ကြံရွယ်တော် မူပြန်သည်ကား-ဤအလိုအလျောက် ကြွေကျသော ပံသုကူသစ်သီးဆွမ်းဖြင့် မှိဝဲမျှတ ဘုဉ်းပေးသုံးဆောင်လျက်ရှိသော ခဲဘွယ်, ဘောဇဉ်, ချိုချဉ်သစ်သီးစသော အာဟာရတို့ကိုလည်း ပယ်တော်မူဦးမည်ဟု အကြံပြုတော်မူ၏၊ ထိုသို့ အကြံပြုတော် မူပြန်သောအခါ၌ နတ်အများတို့က "အရှင်အလောင်းတော်မြတ် မင်းသိဒ္ဓတ်.... သင်ဆည်းကပ်၍ အချင်းခပ်သိမ်း အလုံးစုံသော ခဲဘွယ်,ဘောဇဉ်, ချိုချဉ်သစ်သီး စသော အာဟာရမျိုးတို့ကို စွန့်ပယ် ရှောင်ကြဉ်ငြားအံ့၊ နတ်အများတို့သည် အလောင်းတော်မြတ်၏ ကိုယ်တော်၌ မွေးတွင်းတို့ဖြင့် သုဓာဘုတ် နတ်ဩဇာတို့ကို အနိုင်အထက်ထည့်သိပ်သွတ်သွင်းရာ၏၊ ထိုသို့သွတ်သွင်းခြင်းအမှုကို နတ်အများတို့ ပြုလုပ်ကြလေသော် ငါ၏စကားသည် မတော်မတရား မုသားဝင်စစ် ဖြစ်ရာ၏" ဟု အကြံပြုတော်မူပြီးမှ တလက်ဘက်မျှသော ပဲစဉ်းခုံစေ့၏ အတွေ့အရသာဖြင့်ပြုသော အဖျော်ယမကာရည်ကိုဝှင်း,ချိုချဉ်အေးမြ မြိန်မြတ်လှသော အိမ်ဆီးသီးအရသာဖြင့်ပြုသော ယမကာ အဖျော်ရည်ကိုဝှင်း မှိဝဲသုံးဆောင် ဘုဉ်းပေး

တော်မူ၏၊ ထို့နောင် တစေ့တလုံးမျှသော နှမ်းလုံး၏အရသာကိုဎင်း, ဆန်တလုံး၏ အရသာကိုဎင်း ဘုဉ်းပေး သုံးဆောင်ပြီးလျှင် အာဟာရကို မျှတတော်မူလေသဖြင့် ကာလကို လွန်စေ၏။

ထို့နောင်မှ အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျှာအား လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနှင့်တကွ ရှစ်ဆယ်သော လက္ခဏာတော်ငယ် အသွယ်သွယ်တို့သည် ပျောက်ကွယ်ခဲ့ကုန်၏၊ ရွှေအဆင်းနှင့်တူသော ကိုယ်တော်မြတ်၏ သဏ္ဌာန် သွင်မှု ရူပကာယတော်သည်လည်း အသူရိန်ဘမ်းသော စန္ဒာရွှေလမင်းကဲ့သို့ မည်းသော အဆင်းရှိသည်ဖြစ်ကုန်၏၊ အလုံးစုံသော ရူပကာယတော်၌ အသား အသွေးတို့သည် ခန်းခြောက်သကဲ့သို့ ဖြစ်ကုန်၏၊ ကျောက်ကုန်း နံကိုင်း ပြိုင်းပြိုင်းကြောမ အရိုးအဆက်စသည်တို့၌လည်း အမိုးအကာပျက်ကွက် အခြင်မျှသာ ကြွင်းကျန်သော ကျောင်းသခ်မ်းကဲ့သို့ ဖြစ်ကုန်၏၊ ဦးခေါင်းတော်၏ အသားအရေတို့သည် ဦးခေါင်းမှိုး၌ ကပ်ကုန်၏။

တင်ပါးဆုံ့ တင်ပါးခွက်က အရေအသားတို့သည်လည်း အတွန့်အတွန့် အလိပ်အလိပ် ဖြစ်ကုန်၏၊ ဝမ်းတော် ရင်တော်က အရေအသားတို့သည်လည်း ကျောက်ကုန်းရိုး၌ ကပ်ကုန်၏၊ အလုံးစုံသော ကိုယ်တော်သည် မွေးမျှင်ဖါးဖါး ပြောက်ကျားနှမ်းလျော့ ဖျော့တော့သော အဆင်းသဏ္ဌာန်တော် ဖြစ်ကုန်၏၊ အရှင်သိဒ္ဓတ် အလောင်းတော်မြတ်၏ ကိုယ်ကာယတော်ကို ဝဲယာနှစ်ဘက် လက်တော်ဖြင့် စမ်းသပ်ကိုင်တွယ် သုံးသပ်သည်ရှိသော် ရိုးရိုးရွရွ ပြိုင်းပြိုင်းထကုန်ဘိသဖြင့် လက်တော်၌ ငြိကုန်၏။

ထိုအလောင်းတော်မြတ် အရှင်သိဒ္ဓတ် ကိုယ်တော်သည် ဤသို့ကြီးစွာသော ဆင်းရဲ ခံတော်မူရသော်လည်း ဤဒုက္ခစရိယာ အကျင့်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ပြုသော်လည်း သဗ္ဗညုတဉာဏ်ကို မရ၊ ထိုသို့ မရသေးသောအတွက် စိတ်တော်က ပျက်သဖြင့် အထက်စံတော်မူမြဲ ရွှေနန်းတော်၌ ယသောဓရာဒေဝီအမှူးရှိသော လေးသောင်းသော မောင်းမအပေါင်းတို့ကိုငဲ့, ခမည်းတော်မြတ်နှင့် တကွ မာယာဒေဝီ မြတ်မယ်တော်ပမာ မဟာပဇာပတိ မိထွေးတော်ဂေါတမီတို့ကိုငဲ့, ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ကိုငဲ့ နှစ်လပရိစ္ဆေဒရှည်ကြာစွာ ခြောက်နှစ်မျှ ကြာပြီးဖြစ်၍ အလွမ်းမပြေစိမ့်သောငှာ မြို့ရွာခရိုင် နိုင်ငံတိုင်းခန်း စံမြဲနန်းသို့ ပြန်နှင့်မြန်းစကြာ ပြန်လိုသော အာသာသည် နှမ်းလုံးခန့်မျှ စိတ်တော်ကမရှိ။

နတ်တို့၏ သုဓာဘုတ်ပမာ မွန်မြတ်သော အရသာ ဆက်သမြဲ ပွဲတော်မြတ် အရပ်ရပ် အာဟာရအတွက် ကောင်းဆိုးတွေ့မြင် စံနန်းမြင့် ဘုံဝေဟင်သို့ ပြန်ချင်တော် မူလိုသောစိတ် အရိပ်ဒအမြွက်မျှမမြင် ရွှေဘော်အများ လေးသောင်းသော မိဖုရားတို့၏ အလယ်၌ စမ့်ယ်မွေ့လျော် စက်တော်ခေါ်သဖြင့် ဖြေဖျော်တော်မူအံ့သော အလို့ငှာ စံနန်းမြင့် ဘုံရတနာသို့ ပြန်ရှာတော်မူလိုသောစိတ် တဆိတ်မျှမစော ဤသို့သော အကြံအစည်တော်သည် တရံတဆစ် မည်သည့်အခါမှ မဖြစ်စဘူး။

ထူးလှသော အလောင်းတော်မြတ် သိဒ္ဓတ္ထ အရှင်သည် သွင်မူတော်ညှို့သက် ကိုယ်လက်သုတ်သင်တော်မူအံ့သော အလို့ငှာ

မြေမှေ့ရာ၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလတ်က မြတ်သော ဒုက္ကရစရိယာအကျင့် ပြင်းလှသည်ဖြင့် အာဟာရဇာတ် အရပ်ရပ်ကို ချုံးဖြတ်ရောင့်ရဲ အူသဲလိုက်ခုန် ချိချိတုန်မျှ ကိုယ်ကာယ သဏ္ဍာန်ဝယ် သွေးသံတော်ခန်းခြောက် ကျင်ကြီးပေါက် ဒွါရမှ ကျဉ်းမြောင်းလှ ရှူ့ဝင်လျက် ကုဋ္ဌပင်တက်ဘွယ်ရာ ခဲယဉ်းသော ဝေဒနာကြောင့် မူးဝေကာ ယိမ်းယိုင်သဖြင့် တိမ်းလဲခြင်း ဖြစ်တော်မူရရှာလေ၏။

---

## ၃၇။ အလောင်းတော် သေလွန်ပြီဟု ခမည်းတော်ထံ နတ်တို့သွား၍ လျှောက်ခြင်းအကြောင်း

ထိုသို့ မူးမိုင်တွေဝေ တိမ်းလဲခြင်းဖြစ်၍ နေတော်မူလေသည်ကို မြင်လျှင် တဦးသောနတ်သားကို တဦးသောနတ်သားက "အရှင်သိဒ္ဓတ် အလောင်းမြတ်သည် ဘုရားမဖြစ်ဘဲ ခန္ဓာတော်စဲသဖြင့် နတ်ပွဲ့သို့ ဝင်တော်မူလေပြီ ထင်သောကြောင့်" ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထား သံတော်ဦး တင်စေသည်မှာ "အရှင်မင်းမြတ်၏သားတော် အလောင်းတော်မြတ် သိဒ္ဓတ်အရှင်သည် ဘုရားဖြစ်ချင်လွန်းသော စိတ် အားကြီးလွန်းလှသည်ဖြစ်၍ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ အစာရေစာတော် ပြတ်သော အကျင့်လွန်သဖြင့်မြေတွင်လဲ၍ ခန္ဓာစဲပြီးလျှင် နတ်ပွဲ့သို့ ဝင်တော်မူလေပြီ"ဟု လျှောက်တင်စေ၏၊ ထိုသို့ လျှောက်တင်လာသော နတ်သားအား ခမည်းတော် သုဒ္ဓေါဒနမင်းကြီး မေးတော်မူသည်မှာ "သင် နတ်သား.... ငါ၏ သားတော်မြတ်သည်

ဘုရားမဖြစ်ဘဲ ခန္ဓာစဲ၍ နတ်ပွဲသို့ဝင်လေသလော၊ ဘုရားစင်စစ် ဖြစ်လေပြီးမှ ခန္ဓာစဲ၍ နတ်ပွဲသို့ ဝင်လေသလော”ဟု မေးတော်မူ၏။ နတ်သားလည်း “ဘုရားဖြစ်ခြင်းငှာ မတတ်နိုင် ကမ္မဋ္ဌာန်း စီးဖြန်းရာမြေ၌ လဲ၍ သေခဲ့ပြီ”ဟု ဆို၏။ “ဘုရားမဖြစ်ဘဲ ငါ၏ သားတော်မသေ၊ နတ်လေ-နတ်ဝါး သွားလော့၊ ပြန်လော့၊ ဖယ် ရှားလော့၊ ငါ၏သားတော် နတ်ပွဲပျော်ပြီ ဆိုသော်လည်း ငါယုံ တော်မမူ” ဟူသော စကားဖြင့် သုဒ္ဓေါဒနမင်းကြီး အမျက်ပွားသဖြင့် နတ်သားအား ငေါက်ငမ်းဟစ်အော် အမိန့်တော်ပြန်လေ သော် နတ်သားသည် ဤနေရာ၌ပင် ကွယ်လေ၏။ ထို့နောက်မှ အလောင်း-တော်မြတ် သိဒ္ဓတ်အရှင်သည် ထွက်သက်, ဝင်သက်ကို နှလုံးသွင်း၍ သမ္ဗဇည သတိတရားကို ရှေ့ထားသဖြင့် သက်သာခွင့် ရရှိ သတိတော်တဖန် ပြန်ရတော်မူသည်ဖြစ်၍ တိမ်းလဲရာမှ ထ တော်မူပြီးလျှင် ကြွလှမ်းတော် မူလေ၏၊ ထိုသို့ ကြွလှမ်းတော်မူပြီး သော နောက်မှ အာနာပါနစျာန်ကို ဝင်စားလျက် စင်္ကြံကြွတော် မူပြန်သော် ပြင်းစွာသော ဝေဒနာဖြင့် လေရောဂါ နှိပ်စက်ပြန် သည်ဖြစ်၍ စင်္ကြံဦး၌ တဖန်တိမ်းလဲတော်မူပြန်လေ၏။

ထိုအခါ အချို့သောနတ်တို့သည် “ဤအလောင်းတော် မြတ် သိဒ္ဓတ်ရှင်ရဟန်းကား အားအစွမ်းကုန်ချေပြီ၊ ဤတောင်က တက်နိုင်တော့မည်မဟုတ်၊ မုချခန္ဓာစဲသဖြင့် နတ်ပွဲသို့ ဝင်တော် မူလေပြီ”ဟူသော အထင်ဖြင့် နတ်သားတယောက်က ခမည်း တော် သုဒ္ဓေါဒနမင်းကြီးထံသွား၍ လျှောက်ထားသံတော်ဦးတင် ပြန်လေ၏၊ “ငါ၏ သားတော် အရှင်သိဒ္ဓတ် အလောင်းတော်မြတ် သည် ဘုရားမဖြစ်ဘဲ ခန္ဓာစဲ၍ နတ်ပွဲသို့ ဝင်တော်မူလေသလော”

ဟူသော စကားဖြင့် နတ်သားအားစစ်မေးတော်မူပြန်လေသော် ဘုရားဖြစ်နိုင်ရန် ကြံရွယ်မှန်းယမ်းကြိုးပမ်းအားသစ်၍ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်စဉ် ဘုရား ဖြစ် ချင် လွန်း လှသော လောဘဇော အားကြီးလှသည့်အတွက် သန္တုဋ္ဌိ သလ္လေခတရားကိုရှေ့ထား၍ အာဟာရခေါ်တ် အရပ်ရပ်ကို ဖြတ်တောက်ကင်းရှင်းအကျင့်ပြင်းသဖြင့် ဘုရားဖြစ်ခြင်းကိစ္စ ထမြောက် အောင်မြင်ခြင်းအဖြစ်သို့ မရောက်မီ မြေတွင်လဲ၍ ခန္ဓာစဲပြီးလျှင် နတ်ပွဲသို့ဝင်တော်မူလေပြီ ဟူသောစကာ ဖြင့် တင်လျှောက် ငြားသော်လည်း ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ယုံကြည်တော်မမူ အယူတော်မရှိသည်မျှမက တင်လျှောက်လာသောနတ်သားအား ခြိမ်းချောက်ဟစ်အော် ရာဇဝတ်တော်ပေးမည်ဟု ကြံရည်တော်မူသည်တွင် နတ်သား ရှုံကြောက် ပျောက်ကွယ်လေ၏။

ထိုသို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ယုံကြည်တော်မမူနိုင်ခြင်း အကြောင်းရင်းကား ဤခေတ်အခါသမယ တလောကလုံး ဘုရားဟု ခေါ်ဝေါ် သမုတ်ကြသော ကာဠဒေဝီလရှင်ရသေ့ကို ရှိခိုးစိမ့်ဟူ၍ဆောင်ယူခဲ့သောအခါ ဇမ္ဗူ့သပြေပင်ရိပ်၌ ထားသောအခါ မဖြစ်ဘူးမြဲ အံ့ဘွယ်သူရဲပြာဋိဟာကိုမျက်မြင်ဒိဋ္ဌ ဖြစ်သောကြောင့် ဘုရားမဖြစ်ဘဲ အလောင်းတော်မြတ် သိဒ္ဓတ် ဘုရားလျာသည် ခန္ဓာစဲ၍ နတ်ပွဲသို့ဝင်တော်မူလေပြီဟူသောစကားဖြင့် နတ်များ တင်လျှောက်သော်လည်း ယုံကြည်တော်မမူသတည်း၊ အလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းအရှင်သည် သညာကို ရသဖြင့် ထ၍ကြွလှမ်းတော်မူ၏၊ ထိုသို့ တိမ်းယိမ်း

လဲလျောင်းရာမှ ထ၍ကြွလှမ်းတော်မူသောအခါ တဦးသော နတ်သားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား သွား၍ တင်လျှောက်ပြန်သည်မှာ.... "အ ရှင် မင်း ကြီး ၏ သား ေ တာ် အလောင်းတော်မြတ် သိဒ္ဓတ်ရဟန်းတော်အရှင်သည် ကိုးဆယ့် ခြောက်ဖြာ ရောဂါမရှိ ကျန်းမာစွာ ရှိတော်မူ၏"ဟု လျှောက် လာပြန်၏၊ ငါ၏သားတော်သည် ခန္ဓာစဲ၍ နတ်ပွဲသို့ဝင်တော်မမူ ကြောင်းကို ငါသိတော်မူ၏ဟူ၍ အမိန့်တော် ရှိလေ၏။

နှစ်ကာလ ခြောက်နှစ်ကြာအောင် ဒုက္ကရစရိယာ ကျင့် တော်မူသော ဘုရားအလောင်း ကိုယ်တော်မြတ်အား ကောင်း ကင်သည် အဆုံးကို ပြသကဲ့သို့ဖြစ်၏၊ တနေ့သ၌ ဤသို့ ကြံတော် မူ၏၊ "အာဟာရစာတ် အရပ်ရပ်တို့ကို ဖြတ်တော်မူ၍ အာနာပါန ချာန်ကို ပွားစေအံ့"ဟု ကြံတော်မူ၏၊ ထိုသို့ ကြံတော်မူပြီးသော် အလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းတော်အရှင်သည် ထွက်သက် ဝင်သက်လေသည် နှာမှ အ ထက်သို့ တက်၍ ထိပ်သို့ရောက်၏၊ ဦးခေါင်းတော်၌ ဓူးဖြင့် ထိုးဆွတ်သကဲ့သို့ ပြင်းစွာသောဝေဒနာ သည် ဖြစ်၏၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အလောင်းတော် မြတ် သိဒ္ဓတ်ရဟန်းတော်အရှင်သည် အကြားအကြား၌ အာနာ ပါန ဈာန်ကို ဝင်စားလျက် ကြီးစွာသောဆင်းရဲကို ခံစားတော် မူ၏၊ ထိုသို့ ခံစားတော်မူရသော်လည်း လုံ့လ ဝီရိယတော်ကို မလျှော့မူ၍ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ရွှေရှုကောင်းစွာ ထင်သော သတိတော်သည် မမေ့မလျော့သည် ဖြစ်၏၊ ပူပန်ခြင်း ရှိတော်မမူသည်ဖြစ်၍ တည်ကြည်၏။

ဤသို့ ကြီးစွာသော ဆင်းရဲကို ခံ စား တော် မူ သော အလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းတော်အရှင်သည် ကြုံလှီ

ကြုံမည်း အဆင်းမလှသည်ဖြစ်၏၊အကြင် နွားကျောင်းသောသူတို့သည်၎င်း, ဆိတ်ကျောင်းသော သူတို့သည်၎င်း ဘုရားလောင်း အရှင်သိဒ္ဓတ် ရဟန်းတော်ကို မြင်ကြကုန်၏၊ထိုသူတို့က "ဤရဟန်းကား အဆင်းမလှ မည်းကြုတ်လှ၏" ဟု ဆိုကုန်၏၊ ထိုမှတပါး များသောအားဖြင့် အချို့သော သူတို့သည်လည်း "ဤရဟန်းသည် အဆင်းမလှ မည်းကြုတ်လှ၏၊ကြမ်းပိုး၏ ကျောက်ကုန်းရေကဲ့သို့ ရှိ၏" ဟူ၍ ဆိုကုန်၏။

---

## ၅၈။ ဒုက္ကရစရိယာကျင့်စဉ် မာရ်နတ် တားခြင်း အကြောင်း

ဤသို့သောနည်းဖြင့် ကာလကို လွန်မြောက်သည်ရှိသော် ယုတ်မာသော အလိုရှိသော ဝသဝတ္တီ မာရ်နတ်မင်းကား အရှင်အလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းတော်သည် လုံ့လ ဝီရိယတရား အားကြီးလှ၏၊ ဒုက္ကရစရိယာအကျင့်ဖြင့် တရံကာလ ဘုရားဖြစ်ရာ၏၊ ယင်းသို့သော အတွက်ကြောင့် ကြံရွယ်ချက်တမျိုး ထုတ်ရပြန်သည်ကား အရှင်အလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းတော်ထံ သွားရောက်ပြီးလျှင် ညှင်းပျောင်းသာယာ ကောင်းမွန်စွာ ဖျောင်းဖျသွန်သင် ဆုံးမသဖြင့် အကျိုးလိုရယောင်ဟန်ဆောင်လျက် ဒုက္ကရစရိယာအကျင့်မှ ပျက်ယွင်းရှောင်လွှဲ ဖဲသွားစေအံ့သော အကြောင်းအကျိုး အချို့ မျိုးကို မာရ်နတ် အကြံပြု၏၊ ထိုသို့ ကြံရွယ်ချက်အရ ဖြားယောင်းဖြောင်းဖျသောအချက်ကား "အလောင်းတော်မြတ် သိဒ္ဓတ်ရဟန်းတော် အရှင်ကား များစွာ

ယုတ်လျော့ ကြုံလှီမည်းနက် သေမင်းလက်အနီးသို့ ရောက်ခဲ့ပြီ၊ သင်ကြံ့ရွယ်ချက် သင့်ဘက်၌ သင့်အသက် တဝက်တဘို့မျှသာ ရှိတော့သည်၊ သေမင်း၏ဘက်၌ကား သင့်အသက် အဘို့တထောင် ရှိလျက် ပါ ရှိနေလေပြီ၊ သင့်အား ခန္ဓာစဲ၍ နတ်ပွဲသို့ ဝင်ရသည် ထက် သက်တော်ရာကျော် ရှည်တော်မူရခြင်းသည် မြတ်၏၊ သက်တော် ရာကျော် ရှည်တော်မူက အတိုင်းမသိသော ကုသိုလ်အစု ကောင်းမှုအပေါင်း သိန်း သောင်း ထောင် ရာ များစွာ ကြိုးစား အားထုတ်ခြင်းကို မပြုမလုပ်ရပါလော၊ ပြုလုပ်ရပါက အကျိုး များစွာ မဖြစ်ပါလော၊ ဒုက္ကရစရိယာအကျင့်ထက် မီးကို ပူဇော် ရခြင်းသည် ကောင်းသော ပူဇော်ခြင်း၊ ဖြောင့်သော ပူဇော်ခြင်း မည်၏၊ များစွာကောင်းမှုကို ပြုစုဆည်းပူးသည် မည်၏၊ ဒုက္ကရ စရိယာအကျင့်ဖြင့် အဘယ်မူစအံ့နည်း" ဟု ဆိုလေ၏။

ထိုသို့ ဆိုလာသော ဝသဝတ္တီ မာရ်နတ်မင်းကို အလောင်း တော်မြတ် သိဒ္ဓတ်အရှင် ရဟန်းတော်သည် ဤသို့သောစကားဖြင့် မြွက်ကြားထုတ်ဖော် မိန့်ဆိုတော်မူ၏၊ "မေ့လျော့ လစ်လပ် အမှတ်တမဲ့ တရွဲ့တစောင်း မကောင်းကောက်ကျစ် သတိလစ်သူ တို့၏ အဆွေခင်ပွန်းဖြစ်၍ ညစ်ညမ်းယုတ်မာ မကောင်းစွာသော အလိုရမ္မက်ဖြင့် နှိပ်စက်ဘိစီး အားကြီးခြင်းလက္ခဏာ များစွာ ထင်ရှားလှသော သင်မာရ်နတ်....ငါအလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းတော်သည် အကြွင်ဘုရားဖြစ်ခြင်း၏ အကြောင်းအကျိုး အမျိုးမျိုးအားဖြင့် ဤ အ ရပ် သို့ လာတော်မူ၏၊ ကုသိုလ်အစု ကောင်းမှုအဘို့ အလို့ငှာ အဏုမြူခန့်မျှ အလိုမရှိ၊ အကြင်သူတို့ အားမူကား ကုသိုလ်အစု ကောင်းမှုအဘို့ကို အလိုရှိ၏၊ ထိုသူတို့

ကိုသာ သင်သည်ဆိုခြင်းငှာ ထိုက်၏၊ ငါ့အား ဆိုခြင်းငှာမထိုက်၊ ဓသာတ္တိ သင်မာရ်နတ် ...ငါ့အား သဒ္ဓါရှိ၏၊ လုံ့လရှိ၏၊ ပညာရှိ၏၊ ဤသို့သဒ္ဓါ၊ ပညာ၊ လုံ့လ ဝီရိယနှင့် ပြည့်စုံသော နိဗ္ဗာန်သို့ လွှတ်သောစိတ်ရှိသောငါ့ကို သင်သည် အဘယ့်ကြောင့် အသက်ကို ပေးဘိသနည်း။

မာရ်နတ်.... ကာမဟာရာသည် သင်၏ ရှေးဦးစွာသော စစ်သည်၊ ကုသိုလ်ကောင်းမှု တရား၌ မမွေ့ လျော်ခြင်းသည် နှစ်ခုမြောက်သောစစ်သည်၊ မွတ်သိပ်ဆာလောင် ဝတ်မွတ်ခြင်းသည် သုံးခုမြောက်သောစစ်သည်၊ တဏှာင့်ငါးရာ ကိလေသာကြောင့် နှောက်ယှက် တပ်မက်ခြင်းသည် လေးခုမြောက်သော စစ်သည်၊ မိန်းမောတွေဝေသော မောဟ ဖုံးလွှမ်းကြခြင်းသည် ငါးခုမြောက်သော စစ်သည်၊ သွေးရေခန်းခြောက် ပိန်ချုံးမည်း ကြုတ် ခြောက်ကပ်ခြင်းသည် ခြောက်ခုမြောက်သော စစ်သည်၊ ဟုတ်ရာ၏လော-မဟုတ်လော တွေးတောယုံမှားခြင်းသည် ခုနှစ်ခုမြောက်သော စစ်သည်၊ ကျေးဇူးချေခြင်း ကြံမှိုင်ခြင်းသည် ရှစ်ခုမြောက်သော သင်၏စစ်သည်၊ လာဘ်သပ္ပကာ အခြံအရံ အကျော်အစော ပေါမျှားပြည့်စုံခြင်းကား ဤအရပ်၌ရ၏၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးတို့ကို နှိမ့်ချခြင်း အစရှိသော တရားတို့သည် သင်မာရ်နတ်၏ စစ်သည် အပေါင်းတို့တည်း၊ ထိုစစ်သည်အပေါင်းတို့ကို ဆိုင်ပင်ဆိုင်သော်လည်း မပိုင်ဆိုသကဲ့သို့ အစိုးပင်ရသော်လည်း မအောင်တတ်၊ ဆိုစစ်သည် အပေါင်းတို့ကို အောင်မြင်မှသာ နိဗ္ဗာန်ချမ်းသာကို ရရာ၏။

---

## ၅၉။ ဘုရားလောင်းကိုစွန့်၍ ပဥ္စဝဂ္ဂီတို့ သွားကြခြင်း အကြောင်း

ဤသို့ ဘုရားအလောင်းတော်မြတ် သိဒ္ဓတ် ရဟန်းတော်သည် မာရ်နတ်ကို ပြေးစေလိုသဖြင့် ခြိမ်းမောင်း ခြောက်လှန့်တော်မူရန် ကြံရွယ်တော်မူ၏၊ "ဤလောက၌ အကြင်သူတို့သည် ပြုနိုင်ခဲသော အမှုကိုပြုကုန်၏။ ထိုသူတို့သည် ငါနှင့်တူမျှ ရှိသာဖြစ်ရာ၏၊ ငါ့ထက်လွန်၍ ပြုနိုင်ခဲသောအမှုကို ပြုခြင်းငှာ စွမ်းနိုင်သောသူ မည်သည်မရှိ၊ ထိုသို့လျက်လည်း ဘုရားအဖြစ်သို့ မရောက်သေး၊ ဤဒုက္ကရစရိယာ အကျင့်သည် သစ္စာလေးပါးကို သိခြင်း၏ အကြောင်းမဟုတ်သေး၊ ဇမ္ဗူသပြေပင်ရိပ်၌ ထိုင်လျက် အာနာပါနစျာန်ကို ဖြစ်စေ၏။ ထိုစျာန် ချမ်းသာမှု အဘယ့်ကြောင့် ငါသည် ကြောက်အံ့နည်း၊ ကာမဂုဏ်တို့မှ ကြဉ်၍ အကုသိုလ်တရားတို့မှကြဉ်၍ ထိုချမ်းသာကိုဖြစ်စေအံ့"ဟု ကြံပြီး ထိုသမာဓိစျာန်ကိုမူကား "ဤသို့ အားနည်းသော ကိုယ်ဖြင့် ပွားစေအံ့သောငှာ စီးဖြန်းအံ့သောငှာ မတတ်နိုင်၊ အာဟာရကို မှီဝဲသဖြင့် ကိုယ်ကိုခိုင်စေ၍ ထိုသမာဓိစျာန်ကို ပွားစေအံ့"၊ ဤသို့ကြံ၍ သပိတ်ကိုထားရာမှယူ၍ သေနနိဂုံး၌ ဆွမ်းခံသွား၍ အာဟာရကို မှီဝဲသုံးဆောင်တော်မူ၏။

သုံးလေးရက်ဖြင့် ကိုယ်တော်၌ အားကိုယူ၏၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့သည် ထင်ရှားဖြစ်ကုန်၏၊ ကိုယ်တော်သည် ရွှေအဆင်းနှင့် တူသည်ဖြစ်၏၊ ထိုအခါ ပဥ္စဝဂ္ဂီငါးယောက်တို့သည် "ဤရဟန်း ဂေါတမသည် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်၍လည်း

သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိအံ့သောငှာမတတ်နိုင်၊ ဤယခုအခါ ရှာနိဂုံး၌ ဆွမ်းခံသွား၍ ရှုန့်ရင်းသော အာဟာရကို ဆောင်ပြီးသော ရဟန်းဂေါတမသည် အဘယ်မှာ သဗ္ဗညုတဉာဏ်ကို ရခြင်းငှါတတ်နိုင်တော့အံ့နည်း၊ဤရဟန်းဂေါတမသည် လာဘ်များခြင်းကို အလိုရှိ၏။ ဒုက္ကရစရိယာ အကျင့်မှ ထွက်ပြီ၊ ဤရဟန်း ဂေါတမဖြင့် ငါတို့အား အဘယ် အကျိုးရှိအံ့နည်း”ဟု ကြံကြကုန်၍ ဘုရားအလောင်း အရှင်သိဒ္ဓတ် ရဟန်းတော်မြတ်ကို စွန့်၍ ဥရုဝေဠ‌ာတောမှ ထွက်၍ တဆယ့်ရှစ်ယူဇနာရှိသော ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တောသို့ ရှေ့ရှုထွက်သွား ကြလေကုန်၏။

---

## ၆၀။ ဿနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ ခံယူတော်မူခြင်း အကြောင်း

ထို ဒုက္ကရစရိယာ ကျင့်တော်မူရာ သခ်ၤာမှ မိုးသောက်သမယ စောစောတ၍ ဆွမ်းခံအခါကို ဆိုင်းငံ့တော်မူလျက် အဇပါလညောင်ပင်ရင်း၌ အရှေ့သို့မျက်နှာပြု၍ နေတော်မူ၏၊ မိမိ ကိုယ်တော်ရောင်ဖြင့် အလုံ စုံသော ညောင်ပင်ရင်းကို ထွန်းလင်းတောက်ပစေလျက် နေတော်မူ၏၊ သူဌေးသမီး သုဇာတာသည် စေအပ်သော တံမြက်တလင်း သုတ်သင်ခြင်းငှာ လာအပ်သော အစေခံမိန်းမသည် ပညောင်ပင်ရင်း၌ အရှေ့သို့ မျက်နှာပြု၍နေသော ဘုရားအလောင်းတော် အရှင်သိဒ္ဓတ် ရဟန်းတော်ကိုရင်း့ ကိုယ်ရောင်ဖြင့် ပြောင်ပြောင်တောက်ဝင်း ထွန်းလင်း စွဲငြိသည် ဖြစ်၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော အလုံးစုံသော

ပဉ္စောင်ပင်ကိုရှင်း မြင်လေ၏၊ မြင်ပြီး၍ အစေခံဖြစ်သော အိမ်ကျွန်မအား ဤသို့သောအကြံ သည် ဖြစ်၏။

"ယနေ့ အရှင်ရုက္ခစိုးနတ်သည် ငါတို့အရှင် သုဇာတာသခင်မ၏ ပူဇော်သက္ကာရကို ကိုယ်တော်တိုင် ခံတော်မူလိုသည် ဖြစ်မည်" ဟု ထင်မြင်သဘောရရှိ၍ အဆောတလျင် ပြန်လည်လာရောက်ပြီးလျှင် "အရှင်မ....ယနေ့ ပဉ္စောင်ပင်ကို စောင့်သော ရုက္ခစိုးနတ်မင်းသည် သခင်မ၏ ပူဇော်သက္ကာရကို ကိုယ်တော်တိုင် ခံတော်မူလိုသော သဘောအသွင် ထင်ဘွယ်ရာ အကြောင်းရှိ၏။ ယခု ပဉ္စောင်ပင်ရင်းသို့ဆင်း၍ တင့်တယ်စွာ အထင်အရှား ကိုယ်ထင်ပြ၍ နေတော်မူသည်"ဟု သူဌေးသမီး သုဇာတာအား ကြားလျှောက်၏၊ ထိုအစေခံကျွန်မစကားကို ယုံကြည်သဖြင့် ဝမ်းမြောက်စွာ ဖြစ်ပြီးလျှင်—

"အဘယ်ပုဏ္ဏာ....သင့်အား ယနေ့ကိုအစပြု၍ အသက်ရှည်သမျှ ကာလပတ်လုံး ယုတ်သော အစေခံကျွန်မဟူ၍ အောက်မေ့နှလုံးစွဲသုံးခြင်းကို မပြုဘဲ မြဘ်နိုးနှစ်သက် စုံမက်ချစ်ခင် တွင်းဝင်ပြင်ထွက် တိုင်ပင်ဘက်ကြီး ချစ်သမီးအရာ၌ ထားမည်"ဟု ဆို၍ သမီးအား ဆင်ယင်ဝတ်စား အပ်သော လက်ဝတ်လက်စား, ဘယက်တန်ဆာ ဒွါဒရာ, ပုတီး,နားဒောင်း စသည်တို့ကို ဆင်ယင်ဝတ်စား သနားချီးမြှင့် ပေးဘွဲ့ အပ်နှင်းပြီးလျှင် သမီးအရာ၌ ထားလေ၏။

ထိုတွင် အလောင်းတော်မြတ် သိဒ္ဓတ် ဘုရားလျာအား ဘုရားဖြစ်အံ့သောနေ့၌ အဘိုးအားဖြင့် အသပြာတသိန်း ထိုက်သော ရွှေခွက်ကို ရအံ့သောငှာအပ်၏၊ ထို့ကြောင့် သူဌေးသမီး

သုဇာတာသည် ရွှေခွက်၌ ဃနာဒိ၊ ဆွမ်းကို ထည့်အံ့ဟု စိတ်ကိုဖြစ်စေ၍ အဘိုးအားဖြင့် အသပြာတသိန်းထိုက်သော ရွှေခွက်ကို ထုတ်စေ၍ ထိုရွှေခွက်တွင် ဃနာဒိ၊ ဆွမ်းကို ထည့်စေ၍ ထိုရွှေခွက်၌ ဃနာဒိ၊ ဆွမ်းချက်သော အိုးကို ငှဲစောင်း မှောက်သွန်ဘိ၏၊ အလုံးစုံသော ဃနာဒိ၊ ဆွမ်းတို့သည် ပဒုမာကြာဖက်မှ နှင်း ပေါက်ရေပေါက် လျှောကျဘိသကဲ့သို့ သက်လျှော လိမ့်ကျ၍ ရွှေခွက်၌တည်လေ၏၊ ဃနာဒိ၊ ဆွမ်းသည် ရွှေခွက်တခု ပြည့်ရုံမျှသာဖြစ်၏။

ထိုရွှေခွက်ပေါ်၌ ရွှေခွက်တခုဖြင့်အုပ်၍ ဖြူစင်လှပကောင်းမွန် သန့်ပြန့်လှသော အဝေါ်ရုံ ပုဆိုးအဝတ်ဖြူဖြင့် ဖုံး လွှမ်း ရစ်ပတ်ပြီးလျှင် သူဌေးသမီး သုဇာတာသည် မိမိကိုယ်ကို ကောင်းမွန်ဘွယ်ရာ တင့်တယ်စွာ တန်ဆာဆင်ယင် ပြုပြင်ပြီးမှ သမီးပြည့်ဝကိုသည်း ကောင်းမွန်တင့်တယ်စွာ ပြုပြင်ဆင်ဝတ်စေပြီးလျှင် ဃနာဒိ၊ ဆွမ်းထည့်သော ရွှေခွက်ကို သုဇာတာသည် မိမိကိုယ်တိုင် ဦးခေါင်း၌ စိတ်ပါကိုယ်ပါ ရွက်ဆောင်ပြီးမှ အိမ်ပြည့်ဝကို နောက်လိုက်ခေါ်၍ ထွက်သွားခဲ့သည် ရှိသော် အဝေးကပင် ပညောင်ပင်၏အရင်း၌ အရှေ့သို့ မျက်နှာမူလျက် ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူသော ဘုရားအလောင်း အရှင်သိဒ္ဓတ် ရဟန်းတော်မြတ်ကိုငင်း၊ ကိုယ်တော်မြတ်မှ ထွက်သော အရောင်တို့ဖြင့် စွဲငြိသည်ဖြစ်၍ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ပညောင်ပင်ကိုငင်း မြင်လေ၏၊ မြင်ပြီးမှ—

ဝမ်းမြောက်ခြင်း ကြီးစွာဖြစ်လျက် ပညောင်ပင်စောင့်သော ရုက္ခစိုးအမှတ်ဖြင့် မြင်ရာအရပ်ကစ၍ ရှိသေကိုင်းရှိုင်း နိုင်သမျှ

အထူးသဖြင့် ကိုင်းရှိုင်း ရိုသေစွာလာ၍ အနီးသို့ ရောက်သော အခါမှ ဃနာနို့ဆွမ်းနှင့် တကွသော ရွှေခွက်ကို ဦးဆောင်ထက်မှ ချသဖြင့် အဖုံးကိုလှစ်ဖွင့်ပြီးသော် ရွှေကရားမှ ပန်းနံ့သာဖြင့် ထုံအပ်သော မွှေးကြိုင်လှစွာသောရေကိုယူပြီးလျှင် ဘုရားလောင်း သို့ ချဉ်းကပ်၍ ကိုင်းရှိုင်းရိုသေစွာ ထိုင်၏၊ ဃဋိကာရ ဗြဟ္မာ လှူအပ်သော မြေသပိတ်သည် ဤမျှလောက် ပညောင်ပင် အောက်၌ ဆွမ်းခံအခါကို စောင့်ဆိုင်းငံ့လင့်၍ နေသည်တိုင် အောင် ဘုရားလောင်း အရှင်မြတ် သိဒ္ဓတ် ရဟန်းတော်အား မစွန့်မူ၍ ထိုသုဇာတာ လာသောခဏ၌သာလျှင် မမြင်ခြင်းသို့ ရောက်သဖြင့် ပျောက်ကွယ်လေ၏။ ဘုရားလောင်း ကိုယ်တော် မြတ်လည်း သပိတ်တော်ကို မမြင်သည်ရှိသော် လကျ်ာလက်တော် ကို ဆန့်လှမ်းတော်မူ၍ ရေကိုခံလင့်တော်မူ၏။

သူဌေးသမီး သုဇာတာလည်း ရက္ခစိုးအမှတ်ဖြင့်ပင်လျှင် လက်တော်၌ ရေကိုသွန်းပြီး၍ ရွှေခွက်နှင့်တကွ ဃနာနို့ဆွမ်းကို ဘုရားလောင်းသိဒ္ဓတ် ရဟန်းတော် အရှင်မြတ်၏ လက်တော် ရောက် ဆက်ကပ်လှူဒါန်း၏၊ ဘုရားလောင်း အရှင်မြတ်လည်း သူဌေးသမီး သုဇာတာကိုလှည့်၍ ရှုကြည့်တော်မူ၏၊ ထိုသုဇာတာ သည် ရှုကြည့်တော်မူသော အခြင်းအရာကို သညာရှေ့ရှု အမှတ်ပြု ၍ "အရှင်နတ်မင်း....အကျွန်ုပ်သည် ဃနာနို့ဆွမ်းနှင့် တကွသော ထိုရွှေခွက်ကို အရှင်နတ်မင်းအား အလိုတော်အတိုင်း သုံးဆောင် တော် မူစိမ့်သောငှာ လက်တော်ရောက် အပ်နှင်း၍ ပြီးပါပြီ၊ အရှင်နတ်မင်း အလိုတော်အတိုင်းသာ သုံးဆောင် ပြုလုပ်တော် မူပါလော့"ဟု လျှောက်ဆို၍ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့်

ရှိသေစွာ ရှိခိုးပြီးလျှင် "အကျွန်ုပ်အား အမျိုးသီလဂုဏ်နှင့် ပြည့်စုံသဖြင့် ဇာတ်ဘာဝတူမျှသော အဆွေတူအမျိုးတူ အိမ်သို့ရောက်၍ ပဌမကိုယ်ဝန်၌ ရတနာသားကောင်း ယောကျ်ားကလေး ရပါလိုသော ဆန္ဒအလိုသည် ပြည့်စုံလေသကဲ့သို့ အရှင်နတ်မင်းအားလည်း မည်သည့် အရာ ဌာနမဆို အလိုတော်မြတ်အတိုင်း ပြည့်စုံပါစေသတည်း" ဟု ဆုတောင်းဆိုပြီးမှ သူဌေးသမီး သုဇာတာနှင့်တကွ နောက်ပါအိမ်ပြည့်ဝတို့ ပြန်သွားကြလေ၏။

---

## ၆၁။ နေရဉ္ဇရာမြစ်နားဝ၌ ဃနာဝနို့ဆွမ်းကို ဘုဉ်းပေးခြင်းအကြောင်း

အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာသည် သူဌေးသမီး သုဇာတာလှူသော ဃနာဝနို့ဆွမ်းကို ရွှေခွက်နှင့်တကွ ယူတော်မူပြီးမှ ထတော်မူသဖြင့် ပညောင်ပင်ကို လကျ်ာရစ် လည်တော်မူပြီးလျှင် ဃနာဝနို့ဆွမ်း ရွှေခွက်ကိုကိုင်ယူတော်မူလျက် နေရဉ္ဇရာမြစ်နားသို့ ကြွသွားတော်မူ၍ အသိန်းမက များစွာကုန်သော ရှေးနှောင်တော် ဘုရားများတို့၏ အလောင်းအလျာတော်မြတ်တိုင်း ရေစမွယ်တော်မူအံ့သောငှာ သက်ဆင်းတော်မူရာဌာနဖြစ်သော သုပ္ပတိဋ္ဌိတ အမည်ရှိသော သဘောဆိပ်ကမ်း၌ ဃနာဝနို့ဆွမ်းနှင့်တကွသော ရွှေခွက်ကိုချထားတော်မူသဖြင့် သက်ဆင်းတော်မူ၍ ရေစမွယ်တော်မူပြီးမှ ရဟန္တာတို့၏ တံခွန်ဖြစ်သော သင်္ကန်းတော်ကို ဆင်းမြန်းသပ္ပါယ်တော်မူ၍ အရှေ့တူရူ အချပ်မျက်နှာ အဘို့သို့လှည့်၍ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူလျက်

တစေ့တည်းသီးသော ထန်းသီးမှည့်အရွယ်လောက် ဒေါင်းဥခန့် ပမာဏမျှ လေးဆယ့်ကိုးလုပ် မယုတ်မလွန် လက်တော်ဖြင့် ဆမ့်န်းမျှတတော်မူ၍ ရေမရောမနှောက်သော ဆီဥ ထောပတ် နှတ်သုခါတမျှ ဩဇာလေးနက် ချိုမြက်မြိန်မြတ် မွေးထုံလှသဖြင့် အလုံးစုံသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူ၏။

ဤသို့ ဘုဉ်းပေး သုံးဆောင်တော်မူသော ဃနာနို့ဆွမ်း သည် ဘုရားသဗ္ဗညု အဖြစ်သို့ရောက်တော်မူပြီးမှ ဗောဓိမဏ္ဍလ အဝန်း၌ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူသော ရှင်တော်ဘုရားအား လေးဆယ့်ကိုးရက် ကာလပတ်လုံး ဆာလောင် မွတ်သိပ်တော် မူခြင်းအလျှင်းမရှိ၊ ပြကတိအာဟာရဇာတ် မပြတ်မျှတ ဘုဉ်း ပေးသုံးဆောင်တော် မူရသကဲ့သို့ ဖြစ်တော်မူ၏၊ ဤ လေးဆယ့် ကိုးရက် အတိုင်းအရှည်မျှ ကာလပတ်လုံး တပါးသော အာဟာရ သည် မရှိ၊ ချိုးရေသပ္ပါယ်တော်မူခြင်း, မျက်သစ်ရေ သနုံ့စင်တော် မူခြင်း, ကိုယ် လက် သုတ် သင် တော် မူ ခြင်း မည် သည် မရှိ၊ အရဟတ္တဖိုလ် ချမ်းသာဖြင့်သာ လွန်စေတော်မူ၏။

ထို သူ့ရွှေသမီး သုဇာတာလှူသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော် မူပြီးသောကာလ ရွှေခွက်ကို လက် တော်ဖြင့်ကိုင်လျက် "အကယ်၍ ငါသည် ဘုရားဖြစ်ခြင်းငှာ တတ် နိုင်လတ္တံ့၊ ဤရွှေခွက်သည် အညာအထက်သို့ ဆန်တက်စေသ တည်း၊ ဘုရားဖြစ်ခြင်းငှာ မတတ်နိုင်လတ္တံ့၊ အောက်အကြေသို့ စုန်စေသတည်း" ဟူ၍ ဓိဋ္ဌာန်သစ္စာ ပြုတော်မူပြီးလျှင် ထိုရွှေခွက် ကို နေရဉ္ဇရာ မြစ်ထဲသို့ ပစ်တော်မူလိုက်၏၊ ထိုရွှေခွက်သည် ရေအယာဉ်ကို ဖြတ်သန်း၍ မြစ်၏အလယ်ဗဟိုသို့ အတောင်

ရှစ်ဆယ်မျှ ပမာဏလောက် မြစ်၏အညာအထက်သို့ ဆန်တက်၍ တခုသောဝဲ၌ ငုပ်လျှိုးမြုပ်သွား ကာလနဂါးမင်း၏ နေရာအရပ်သို့ ရောက်သွားလေသဖြင့် ဘုရားသုံးဆူတို့၏ သုံးဆောင်တော်မူပြီးဖြစ်သော ဃနာနို့ဆွမ်းထည့်သော ရွှေခွက်တို့နှင့်ရွှေခွက်ချင်း တိုက်ခတ်မိပြီးမှ ကိတ်ကိတ် ဟူသောအသံကိုပြုစေလျက် ထိုရွှေခွက်သုံးလုံးတို့၏အောက်၌ အစဉ်အတိုင်း လေးခုမြောက်ဖြစ်၍ တည်လေ၏။

ထို ကာလနဂါးမင်းသည်လည်း "ကိတ်ကိတ်" ဟူသောအသံကိုကြား၍ "ယမန်နေ့ကလည်း လူသားဘုရားတဆူ ဖြစ်ပြီးလျက် ယနေ့တဖန်လည်း တဆူဖြစ်ပြန်ပြီ"ဟု ဆို၍ တကြိမ်မကများစွာကုန်သော အံ့ဩချီးမွမ်းခြင်းတို့ဖြင့် အံ့ဩချီးမွမ်းခြင်းကို ပြုလျက် တည်လေ၏၊ [အစဉ် ကြားဘူးသည်ကား ထိုကာလနဂါးမင်းအား မြေကြီး တယူဇနာနှင့် သုံးဂါဝုတ်တက်သော ကာလမှ တနေ့ဟူ၍ အထူးရှိသည် ဖြစ်သတည်း။]

---

## ၆၂။ ဘုရားလောင်း မဟာဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူခြင်းအကြောင်း

အလောင်း ကိုယ်တော်မြတ် သိဒ္ဓတ် ဘုရားလျာသည် နေရဉ္ဇရာမြစ်ကမ်းနား၌ အလွန်ကောင်းသောအနံ့နှင့် ပြည့်စုံ၍ မဂ်လာပန် ဟု သမုတ်အပ်သော အင်ကြင်းတော၌ နေ့အဘို့ နေ့သန့်ခြင်းကို ပြုတော်မူ၍ သမာပတ်ရှစ်ပါး, အဘိဉာဏ်ငါးပါးတို့ကို ဖြစ်စေတော်မူလျက် ညချမ်းသောအခါ ပန်းပွင့်တို့၏

အညာမှ ကြွေသောကာလ၌ နတ်တို့သည် တန်ဆာဆင်အပ်သော ဂုဏ်ဥသဘရှိသော ခရီးဖြင့် ခြင်္သေ့မင်းသည် တင့်တယ်စမ့်ယံခြင်း ကဲ့သို့ရင်း, ရွှေတောင်ကြီး ရွှရွတွားသကဲ့သို့ရင်း ကြွသွားတော်မူ၍ နေရဥ္စရာမြစ်နဖူး၏ အညာအထက်သို့ လကျာ်ဘက်လှည့်ပတ် ဝိုက်ချီးတော်မူ၍ ဗောဓိပင်သို့ ရှေ့ရှု ကြွလှမ်းတော်မူလေ၏၊ နဂါး,နတ်,ဂဠုန် အစရှိသည်တို့သည် နတ်၌ဖြစ်သော ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကုန်၏၊ နတ်၏ သီခြင်း, ကခြင်းကို ဖြစ်စေ၍ တသောင်းသော စကြာဝဠာတိုက်သည် နံ့သာအတိ, ပန်းအတိ တို့ဖြင့် ကောင်းချီးပေးသော တခဲနက်သော အသံသည် ဖြစ်၏။

ထိုအခါ၌ သုဒ္ဓိယအမည်ရှိသော မြက်ရိတ်လင်သည် မြက်ကို ထမ်းဆောင်ယူငင်၍ ခရီး ရင် ဆိုင် ဖြင့် လာ သည် ရှိ သော် အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာ၏ ကာယိန္ဒြေတော်ကို ကြည်ညိုသဖြင့် ရှစ်ဆုပ်သောမြက်တို့ကို လှူဒါန်းကပ်ဆက်၏၊ ဘုရားလောင်း ကိုယ်တော်မြတ်သည် မြက်ကိုယူတော်မူပြီးလျှင် ဗောင်ဗုဒ္ဓဟောပင် အဝန်းသို့ ကပ်တော်မူလျက် ဗောဓိပင်၏ တောင်မျက်နှာ လကျာ်ဘက်ဌာန ဖာဘို့မှ မြောက်မျက်နှာအရပ် သို့ ရှေ့ရှုရပ်တော်မူ၏။

ထိုသို့ ရပ်တော်မူသောအခါ၌ တောင် စကြာဝဠာတခြမ်း သည် အောက်သို့နစ်၍ အဝီစိသို့ရောက်သကဲ့သို့ ဖြစ်လေ၏၊မြောက် စကြာဝဠာတခြမ်းသည် အထက်သို့ဆောင်၍ ဘဝဂ်သို့ ရောက်အံ့ သကဲ့သို့ဖြစ်လေ၏၊ အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားသည် ရပ်တော်မူရာဌာန အရပ်၌ ဥပမာကား အကွပ်အဝန်း၏ အစွန်း ၌ နင်းအပ်သော ပုံတောင်းချက်မ၌ တည်သော လှည်းဘီးစက်

ကဲ့သို့ ဤနှစ်သိန်းလေးသောင်း အထုရှိသော မြေကြီးသည် အောက်သို့နိမ့်ခြင်း,အထက်သို့ မြင့်ခြင်းသည်ဖြစ်၏၊ဘုရားလောင်း ကိုယ်တော်မြတ်သည် "ဤအရပ်သည်လည်း သစ္စာလေးပါးတရား ကို သိအံ့သော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရာအရပ်သည် မဟုတ် သေး" ဟု အောက်မေ့တော်မူ၍ လက်ျာရစ် လှည့်တော်မူလျက် မြောက်အရပ်သို့ ကြွသွားတော်မူသဖြင့် ညောင် ဗုဒ္ဓ ဟေ ပင် သို့ မျက်နှာရှေ့ရှု ရပ်တော်မူ၏။

ထိုအခါ၌လည်း မြောက်စကြဝဠာ တခြမ်းသည် နစ်၍ အဝီစိသို့ ရောက်အံ့သကဲ့သို့ ဖြစ်လေ၏၊ တောင်စကြဝဠာတခြမ်း သည် ထောင်၍ အထက်ဘဝဂ်သို့ ရောက်အံ့သကဲ့သို့ ဖြစ်လေ၏၊ ဘုရားလောင်းကိုယ်တော်မြတ်သည် "ဤအရပ်ကားဘုရားအဖြစ် သို့ ရောက်ရာအရပ်မဟုတ်သေး" ဟု အောက်မေ့တော်မူ၍ လက်ျာ ရစ် လှည့်တော်မူလျက် အရှေ့အရပ်သို့ ကြွမြန်းတော်မူ၍ ညောင် ဗုဒ္ဓဟေပင်၏ အရှေ့အရပ်မှ အနောက်သို့ မျက်နှာရှေ့ရှု ရပ်တော် မူ၏၊ ထိုအခါ အရှေ့မျက်နှာ အရပ်သည်ကား ခပ်သိမ်းသော ဘုရားရှင်တို့၏ ပလ္လင်တော်တည်ရာ အရပ်ဖြစ်၍ မတုန်မလှုပ် တည်တံ့ခိုင်ခံ့စွာ အောင်ရာဒေသဖြစ်၍ တင်းမာခုခံသဖြင့် တည် လေကုန်၏။

ဘုရားလောင်း ကိုယ်တော်မြတ်သည် "ဤ အ ရပ် ကား ခပ်သိမ်းသော ဘုရားရှင်တို့၏ စွန့်တော်မမူရာ အရပ်တည်း၊ ကိလေသာကို ချိုး ဖဲ့ဖျက်ဆီးတော်မူရာ အရပ်တည်း" ဟု သိတော် မူ၍ မြက်ရိတ်လုလင် သုဒ္ဓိယငစေ လှူလိုက်သော မြက်ရှစ်ဆုပ်တို့ကို အဖျားကကိုင်၍ မြောက်လွှင့်ကြဲဖြန့် ချခင်းတော်မူရာ ထိုခဏ၌

တဆယ့် လေးတောင် ရှိသော ပလ္လင်တော်သည် ဖြစ်လာလေ၏။ ထိုမြက်တို့သည် မြက်၏သဏ္ဌာန်ဖြင့် မတည်ကုန်၊ ထိုမြက်တို့မှဖြစ်သော ပလ္လင်တော်၏အတုကို တတ်လှစွာသောပန်းချီတော်တို့ရင်း, ပန်းပုတော်တို့ရင်း, ရေကူးအံ့သောငှာရင်း, ထုလုပ်အံ့သောငှာရင်း မတတ်နိုင် မစွမ်းနိုင်ကြသည် ဖြစ်ကုန်၏။

---

## ၆၃။ ဝီရိယအင်္ဂါနှင့်အညီ အားတုတ်ခြင်း အကြောင်း

ဘုရားလောင်း ကိုယ်တော်မြတ်သည် ရွှေအင်းပျဉ်ဦစိုက်သော ငွေသည်တိုင်ကဲ့သို့ အတောင်ငါးဆယ်ရှိသော ဗောဓိပင်စည်ကို ကျောက်တော်ဖြင့် အမှီသဟဲ တံကဲပြုတော်မူ၍ အရှေ့သို့မျက်နှာရှေ့ရှု ပြုတော်မူလျက် မြဲမြံသောနှလုံးရှိတော်မူသည် ဖြစ်၍ "စင်စင်လျှင် အရေ, အကြော, အရိုး ကြွင်းစေသတည်း၊ ငါ၏ကိုယ်သည်အသွေး,အသား,ခြောက်ကပ်စေသတည်း၊အကြင်သဗ္ဗညုတ ဘုရားအဖြစ်သို့ ယောကျ်ားမြတ်၏ အစွမ်းဖြင့်, လုံ့လဖြင့်, အားထုတ်ခြင်းဖြင့် ရောက်အပ်၏၊ ထိုသဗ္ဗညုတ ဘုရားအဖြစ်သို့ မရောက်သမျှ မြေကြီးပြောင်းပြန် လန်သော်လည်း လန်စေ၊ ငါ၏ဦးခေါင်းထက်မှ မိုဃ်းကြိုးစက် အသိန်းတို့သည် ဝန်းရံ၍ကျသော်လည်း ကျစေကုန်၊ ဤဥရုဝေဋ္ဌတော အလုံးသည် တောမီးထ၍ မီးကျီးစုအတိဖြစ်သော်လည်း ဖြစ်စေကုန်၊ ဘုရားအဖြစ်သို့ မရောက်သေးသမျှ ဝီရိယကို ငါမလျှော့၊ ဤရွှေပလ္လင်ဦထက် ဖယ် ဘွဲခွေ နေတော်မူခြင်းကို ငါမဖျက်ပြီ" ဟူ၍

အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဝိရိယကို မြဲစွာဆောက်တည်တော်မူလျက် ပတ္တမြားဖြင့်ပြီးသော ကျောက်ထီးသဘွယ်ဖြစ်သော ဗောဓိခက် တည်းဟူသော ထီးကိုဆောင်းတော်မူလျက် အစပ်သုံးပါးရှိသော ထက်ဝယ်တော်ဖြင့် စံနေတော်မူ၏။

ထိုဘုရားလောင်း ကိုယ်တော်မြတ်၏ ရွှေအဆင်းနှင့်တူသော သင်္ကန်းတော်၌ ကျကုန်သော ဗောဓိအညွန့် ရွက်ဖတ်တို့သည် ရွှေပြား၌ ခြယ်လယ်စီကပ်၍ ထားအပ်သော စိန်, မြ, ပတ္တမြား, ပြယိုးယား, သန္တာ, နီလာ, ဂေါမုတ်, ဥဿဘယား တို့ကဲ့သို့ တင့်တယ်ခန့်ငြား ကောင်းမွန်စွာ ဖြစ်ကုန်၏၊ ထိုအခါ သိကြားမင်းသည် အတောင်တရာ့နှစ်ဆယ်ရှိသော ဝိဇယုတ္တရ အမည်ရှိသော ခရုသင်းကို မှုတ်လျက် ရပ်၏၊ ထိုခရုသင်းသည် တကြိမ်မျှမှုတ်သည်ရှိသော် မိုးဃ်းလေးလပတ်လုံး အသံမဆိတ် မပြတ်မလပ် ရွာသွန်းခြင်းရှိသည် ဖြစ်တတ်၏။ ပဉ္စသိခနတ်သား သည် သုံးဂါဝုတ်အတိုင်းအရှည်ရှိသော ဗေဠုဝစောင်း ကို တီး၍ ရပ်၏၊ သုယာမ နတ်သားသည် သားမြီးယပ်ကို ကိုင်၍ ရပ်၏၊ သန္တုသိတ နတ်သားသည် ပတ္တမြားယပ်ဝန်းကို ကိုင်၍ရပ်၏၊ သဟမ္ပတိဗြဟ္မာသည် သုံး ယူဇနာရှိ သာ ထီးဖြူကို ဆောင်းလျက် ရပ်၏၊ကာလနဂါးမင်းသည် အရာမကမျှားစွာကုန်သောကောင်း ချီးသြဘာ မင်္ဂလာတို့ဖြင့် ချီးမွမ်းအံ့သြလျက် ရပ်၏၊ စကြဝဠာ တသောင်း၌ နေကုန်သော တပါးမက များလှစွာသော နတ်အပေါင်းတို့သည် အထူးထူး အပြားပြားရှိကုန်သော ကောင်းသော အနံ့ရှိကုန်သော ပန်းဝတ် ပန်းဆိုင်း, နံ့သာပျောင်း, အခိုးအထုံ အမှုံ့တို့ဖြင့် ပူဇော်၍ အသောင်းမက များစွာကုန်သော ကောင်း ချီးသြဘာပေးခြင်းတို့ကို ဖြစ်စေကုန်လျက် ရပ်ကုန်၏။

## ၆၄။ မာရ်စစ်သည်တို့ကို အောင်မြင်ခြင်းအကြောင်း

### မာရ်နတ်စစ်ချီခြင်း

ဤသို့ ဆိုခဲ့ပြီးသောနည်းဖြင့် အဘိဉာဏ်ငါးပါးနှင့် ပြည့်စုံစုံတော်မူ၍ အလုံးစုံသော သတ္တလောကကို အောင်ခြင်းငှါ စွမ်းနိုင်သော ယောကျ်ားအရေအတွက် ကုဋေတသောင်းတို့၏ အားနှင့်မျှသော နာရာယနဗိဿနိုးနတ်၏ အားကိုဆောင်တော်မူသည် ဖြစ်၍ ဝသဝတ္တီမာရ်နတ်ကဲ့သို့ အကုဋေတထောင်မကသော မာရ်နတ်တို့ကို နှိမ်နင်းခြင်းငှာ စွမ်းတော်မူနိုင်သော ဘုရားအလောင်းကိုယ်တော်မြတ်သည် သကြားပြဟ္မာစသော နတ်အပေါင်းတို့ဖြင့် ခြံရံလျက် ဗောဓိမဏ္ဍိုင် ရွှေပလ္လင်၌ ထက်ဝက်ဘွဲ့ခွေ စံနေတော်မူသောအခါ ဝသဝတ္တီမာရ်နတ်သည် ခြောက်နှစ်ပတ်လုံး နတ်၏အစိုးရခြင်းကို စွန့်၍ ဒုက္ကရစရိယာ ကျင့်တော်မူသော ဘုရားလောင်း ကိုယ်တော်မြတ်၏ စိတ်တော်ကို မိမိစိတ်ဖြင့်ယူလျက် အရိပ်ကဲ့သို့ ဘုရားလောင်းကိုယ်တော်မြတ် နောက်တော်သို့ အစဉ်လိုက်သဖြင့် ယုတ်သောအခြင်းအရာကို ကြည့်သော်လည်း အလောင်းတော်ကိုယ်တော်၌ တစုံတခု ချွတ်ယွင်းခြင်းကို မမြင်သောကြောင့် မိမိ၏သားဖြစ်သော နတ်သားတယောက်ကို ဩက္ကာကရာဇ်မင်းမျိုးဖြစ်သော သိဒ္ဓတ်မင်းသားသည် တောထွက်၍ ဘုရားအဖြစ်ကို ယူအံ့သောငှာ ဤအရပ်သို့ အကြင်အခါ ကပ်လာလတ္တံ့၊ ထိုအခါ၌ သင်သည် ငါ့အား ကြားလာလှည့်ဟု မာရ်နတ်မင်းသည် မိမိသားတယောက်ကို အစောင့်ထား၏။

ထိုသားသည် "ယခုအခါ သိဒ္ဓတ်မင်းသား ဘုရားအဖြစ်ကို ယူအံ့သောငှာ ဗောဓိပင်သို့ ကပ်လာပြီ"ဟု အဘ ဖြစ်သော

မာရ်နတ်အထံသို့သွား၍ ကြားလေ၏၊ ထိုအကြောင်းကို မာရ်နတ်မင်း ကြားလျှင် အဖန်တလဲလဲ ဆင်ခြင်သဖြင့် နှလုံးမသာခြင်းကြီးစွာဖြစ်၍ "ယခုအခါ သိဒ္ဓတ်မင်းသားသည် ငါ၏အလိုကိုလွန်ခြင်းငှာ လုံ့လပြု၏၊ ထိုသိဒ္ဓတ်မင်းသားအား ငါ၏အလိုကိုလွန်ခြင်းငှာ ငါမပေးအံ့"ဟု ကြံပြီးလျှင် မာရ်စစ်သည်အပေါင်းတို့၏အထံသို့ သွား၍ ထိုအကြောင်းကို မာရ်စစ်သည်တို့အားကြား၍ မာရ်၏ ကြွေးကြော်ခြင်းဖြင့် မာရ်စစ်သည် အပေါင်းတို့ကို စည်းဝေးစေ၍ "အချင်းတို့...လျင်စွာလျင်စွာတက်ကြကုန်၊ ဖေါက်ပြန်သော အလွန်ကြောက်မက်ဘွယ်ရှိသော အသွင်ကိုဖန်ဆင်း၍ အထူးထူးသော လက်နက်တို့ဖြင့် အထူးထူးသောလက်နက်တို့ကိုကိုင်၍ သည်းစွာတက်သော ရေအယဉ်ကဲ့သို့လွှမ်းမိုး၍တက်ကုန်"ဟု မှာဆို၍ မိမိမူကား ယူဇနာတရာ့နှစ်ဆယ်အရပ်မြင့်သော ဟိမဝန္တာတောင်ထွတ်နှင့်တူသော အမြင့်ရှိသောဂိရိမေခလာ အမည်ရှိသော ဆင်ကိုစီး၍ ကိုင်အပ်သော အထူးထူးသော လက်နက်တို့ကို ကိုင်ခြင်းနှင့် တကွဖြစ်သော လက်ရုံးတထောင်ကိုဖန်ဆင်း၍ မာရ်၏စစ်သည်ကိုယူ၍ မိမိနေရာ ဝသဝတ္တီနတ်ပြည်မှ ဘုရားလောင်း ကိုယ်တော်မြတ်ရှိရာ ဗောဓိမဏ္ဍိုင်သို့ရှေ့ရှုထွက်လေ၏။

မာရ်မင်း၏ စစ်သည်တို့သည် သန်လျက်, ခါးရင်း, ပုဆိန်, မြှား, လေး, တောင့်, သောက်ပုတ်, ကျည်ပွေ့, အစရှိကုန်သော အထူးထူးသော လက်နက်တို့ကိုကိုင်၍ ဟင်းလင်းပွင့်ကုန်သော ခံတွင်းတို့ဖြင့် မီးပုံ, အဆိပ်အခိုး တောက်ပသော မြွေခါးကြီးပန်းဆိုင်းတို့ကိုရင်း, ဟင်းလင်းသောခံတွင်းတို့၌ စက်ဆုပ်ဘွယ်,

အမြင်ရှိသော အစွယ်သဏ္ဍာန်တို့ကိုရင်း, ဟင်းလင်းသော ခံတွင်း ဖြင့် မီးလျှံတို့ကိုရင်း, အဆင်းမလှကုန်သော အရိုးစုမျှသာ ဖြစ်သော အဖြူ, အနီ, စသော အထူးထူးသော အဆင်းတို့ကိုရင်း ဖန်ဆင်းကုန်၍ တပါးမက များလှစွာသော ကြောက်မက်ဘွယ် ရှိသော အသွင်တို့ကို ပြကုန်လျက် တယောက်သောသူရဲ၏ အမှတ် လက်နက်ကရိယာတို့ကို ကိုင်ကုန်သည်ဖြစ်၍ အထူးထူးသော အဆင်းရှိကုန်သည်ဖြစ်၍ အထူးထူးသော ခံတွင်းရှိကုန်သည်ဖြစ်၍ ဗောဓိမဏ္ဍိုင်၌ စံနေတော်မူသော ဘုရားလောင်း ကိုယ်တော်မြတ် ကို လွှမ်းမိုးလျက် လာကုန်၏။

ထိုမာရ်မင်း၏ စစ်သည်တို့သည် မာရ်မင်း၏ ရှေ့အဘို့မှ တဆယ့်နှစ်ယူဇနာ ရှိကုန်၏၊ လကျ်ာဘက်မှ တဆယ့်နှစ်ယူဇနာ ရှိကုန်၏၊ လက်ဝဲဘက်မှ တဆယ့်နှစ်ယူဇနာရှိကုန်၏၊ နောက်ဘက် ဌာနမှာကား စကြဝဠာတံတိုင်းကို အဆုံးပြု၍ တည်ကုန်၏၊ အထက်မှာကား ကိုးယူဇနာအစောက်ရှိသော ပဲ့တင်ထပ်သော အကြွင်စစ်သည်အပေါင်း၏ ပဲ့တင်သံသည် ယူဇနာတထောင်မှ စ၍ မြေပြိုသော အသံကဲ့သို့ကြား၏။

ထိုမြေပြိုသကဲ့သို့သော အသံကိုကြား၍ရင်း, ထိုတိတ်နိမိတ် တို့ကိုမြင်၍ရင်း သိကြားအစရှိသော သူတို့တွင် တစုံတယောက် သော သူသည်မျှလည်း ရပ်တည်ခြင်းငှာ မတတ်နိုင်ကုန်၊ မိမိ မိမိ တို့၏ မျက်နှာပြုရာ အရပ်ဖြင့်သာလျှင် ပြေးလေကုန်၏၊ သိကြား မင်းသည် ဝိဇယုတ္တရ ခရုသင်းကို ကျောက်၌လွယ်လျက် ပြေး၍ ဤစကြဝဠာတံတိုင်း မျက်နှာဝအနားသို့ရပ်၍ မျော်၏၊ သဟမ္ပတိ ဗြဟ္မာမင်းသည် ထီးဖြူကို အထွတ်၌ကိုင်၍ ဗြဟ္မာ့ပြည်သို့သာ

ပြေးလေ၏၊ ကာလနဂါးမင်းသည် ကချေသည် နဂါးမတို့ကို စွန့်၍ မြေ၌ငုပ်၍ ယူဇနာ ၁ငါးရာ အဝန်းကျယ်သော မန္ဒိယက နဂါးပြည်သို့ ပြေး၍ မိမိဗိမာန်တွင်း၌ လက်ဝါးဖြင့်မျက်နှာကို ပိတ်လျက်အိပ်လေ၏၊ တသောင်းသော စကြဝဠာမှ လာ၍ ကောင်းချီးကိုပေးလျက် နေကုန်သော နတ်တို့သည်လည်း မိမိတို့၏ မျက်နှာပြုရာအရပ်ဖြင့် ပြေးလေကုန်၍ စကြဝဠာမျက်နှာ အဝနား၌ရပ်လျက် ဘုရားလောင်းကိုယ်တော်မြတ်ကို မျှော်ကြည့်ကုန်သော် ဘုရားလောင်းကိုယ်တော်မြတ်ကို သတ်လိုသဖြင့် လာသော မာရ်စစ်သည်အပေါင်းကိုမြင်ကုန်၍ ဘုရားလောင်း ကိုယ်တော်မြတ်အား အစဉ်သနားကုန်သဖြင့် "အလှန်ချစ်ဖွယ်ရှိသော အလောင်းတော်မြတ် သိဒ္ဓတ်ရတနာ ဘုရားလျာသည် မသေပါစေသတည်း"ဟူသော အသံကို ပြုကြကုန်၏။

## မာရ်နတ် ခြိမ်းချောက်ခြင်း

အလောင်းတော်မြတ် သိဒ္ဓတ် ဘုရားလျာသည် ကားသိတ်ငြိမ်သော ဗြဟ္မာမင်း၏ဗိမာန်၌ ဗြဟ္မာကြီးကဲ့သို့ တယောက်တည်းသာလျှင်နေ၏၊ ထီးလိုင်ကာငှက်တို့၏ အလယ်၌ ဂဠုန်မင်းကဲ့သို့ရင်း, အခြေလေးချောင်းရှိသော သားအပေါင်းတို့၏ အလယ်၌ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ရင်း ခပ်သိမ်းသော မာရ်စစ်သည်တို့၏ အလယ်၌ တင့်တယ်တော်မူသည်ဖြစ်၍ တပါးတည်း စံနေတော်မူ၏၊ ဝသဝတ္တိ မာရ်နတ်မင်း လည်း စစ်သည်အပေါင်းတို့ဖြင့် ခြံရံလျက် လှိမ်းမိုးသကဲ့သို့လာ၍ ဗောဓိမဏ္ဍိုင်အနီးသို့ ရောက်လတ်သော် ရဲရဲပြောင်ပြောင် တောက်သော

သံတွေခဲကို ယင်အပေါင်းတို့ မချဉ်းကပ်ဝံ့သကဲ့သို့ တဥသဘာ ပမာဏရှိသော ဗောဓိပင်၏ အဝန်းသို့ မဝင်ဝံ့ကုန်သည်ဖြစ်၍ အဝေးမှရပ်၏၊ မာရ်စစ်သည် အပေါင်းတို့သည် မာရ်နတ်မင်း၏ အခြင်းအရာကို ကြည့်မျှော်လျက် ထက်ဝန်းကျင်မှ ခြံရံ၍ တည်ကုန်၏၊ ထိုအခါ မာရ်နတ်သည် မိမိစစ်သည် အပေါင်းတို့ကို ဤသို့ဆို၏၊ "အမောင် စစ်သည်သူရဲအပေါင်းတို့.... သုဒ္ဓေါဒနမင်းကြီး၏ သားဖြစ်သော အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာနှင့်တူ၍ ရဲရင့်မြင့်မြတ်သော တပါးသော ယောကျ်ားမည်သည်မရှိ၊ ငါတို့သည် ထိုအလောင်းတော်မြတ်၏ ရှေ့တူရူမှ စစ်ထိုးခြင်းကို ပေးအံ့သောငှာ မတတ်နိုင်ကုန်၊ နောက်အဘို့မှ နေ၍ စစ်ထိုးခြင်းကို ပေးကုန်အံ့" ဟူ၍ ဆို၏။

ထိုအခါ အလောင်းတော်မြတ် သိဒ္ဓတ်ရတနာ ဘုရားလျာသည် လက်ဝဲ, လကျ်ာ, ရှေ့တူရူအားဖြင့် အရပ်သုံးပါးကို ကြည့်တော်မူသော် သိကြားပြဟ္မာ အစရှိသောနတ်တို့၏ ပြေးလေကုန်ပြီးသည်၏ အဖြစ်ကြောင့် အလုံးစုံဆိတ်သော အရပ်မျက်နှာတို့ကို မြင်တော်မူ၏၊ တဖန် မြောက်မျက်နှာအရပ်သို့ ကြည့်တော်မူသော် လွှမ်းမိုး၍လာသော မာရ်စစ်သည်ကိုသာ မြင်တော်မူ၍ "ဤမျှလောက် အတိုင်းအရှည်ရှိသော ဤသူအပေါင်းတို့သည် ငါတယောက်တည်းကိုသာ ရည်မှတ်၍ ကြီးစွာသော လုံ့လကို ပြုကုန်၏၊ ယခု ဤအရပ်၌ ငါ၏မယ်တော် သိရိမဟာမာယာသည်၎င်း, ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်၎င်း, ညီတော် နန္ဒမင်းသားသည်၎င်း, နှမတော် ဇနပဒကလျာဏီ သည်၎င်း, မြောက်သားတော် ယသောဓရာသည်၎င်း, သားတော် ရာဟုလာ

သည်ဂုဏ်း မရှိ၊ဆိုအပ်ပြီးသည်မှ တပ ါးသော တစုံတယောက်သော ဆွေတော်မျိုးတော်, ပေါက်ဖေါ် သားချင်းမည်သည် တဦး တယောက်မျှလည်း တိုင်ပင် ကြံစည်ကောင်းသောသူသည် မရှိ၊ ငါသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့် ဆည်းပူးတော်မူအပ်သော ဒါန,သီလ·အစရှိသော ဆယ်ပ ါးသော ပါရမီတို့သည်သာလျှင် ငါ့အားရှည်စွာသော နေ့ညဥ့်ပတ်လုံး သားတော်အစဥ့်, မြေးတော်အဆက်, မြစ်တော်အညွန့် အခွန့် ရှည်စွာ ခြွေရံများစွာတို့နှင့် တူကုန်၏၊ ထို့ကြောင့် ပါရမီ ဆယ်ပ ါးကိုသာလျှင် ရဲမက်လက်နက်ကိုင် ဗိုလ်ထုတပ်ထု အလုံး အရင်းပြု၍ ပ ါရမီတည်းဟူသော ဓားလက်နက်ဖြင့်သာလျှင် ခုတ်ထစ်ထိုးဖြတ်၍ မာရ်၏စစ်သည်ဗိုလ်ပ ါတို့ကို ငါသည် ဖျက်ဆီး အံ့သောငှာ အပ်၏”ဟု ကြံတော်မူ၍ ဆယ်ပ ါးသောပါရမီတော် တို့ကို ဆင်ခြင်တော်မူလျက် အရှေ့တူရှုသို့ ရှေ့ရှုအပ်သော မျက်နှာတော်သည် တပ ါးသော အရပ် ဌာနသို့ ဆံချည်ဖျားမျှ တိမ်းပ ါးရွေ့ရှားခြင်းကို မဖြစ်စေဘဲ ရဲရင့်မြဲမြံသော နှလုံးဖြင့် ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူ၏၊ ထိုအခါ မာရ်နတ်သားသည် “အံထောင်ကြိမ်းဝ ါး စကား လက် နက် နှုတ် ထွက် ယုတ် မာ မကောင်းစွာသော အမှုတို့ဖြင့် ခြိမ်းချောက်၍ ဘုရားလောင်း ကိုယ်တော်မြတ်အား ပြေးစေအံ့”ဟု ကြံရွယ်လျက် မိမိစစ်သည် သူရဲအပေါင်းတို့ကို ရှုကြည့်ပြီးလျှင် “အချင်းတို့ .. လာကြကုန် လော့၊ အဘယ့်ကြောင့် ယခုတိုင်မလှုပ်မရှက် နေကြဘိသနည်း၊ အလောင်းတော်မြတ် မင်းသိဒ္ဓတ်ကို ဘမ်းကုန်လော့, ဆီးကုန် လော့, နှောင်ဖွဲ့ကုန်လော့,လက်ကိုဖြတ်ကုန်လော့, ခြေကိုဖြတ်ကုန် လော့, ဦးခေါင်းကို ဖြတ်ကုန်လော့, ပ ါးကို လှီးကုန်လော့, မပြေး

စေကုန်လင့်,ကောင်းမွန်လုံခြုံစွာ မထွက်မလွှတ်နိုင်အောင် ဝိုင်းကြကုန်, ဆီးကြကုန်”ဟူ၍ ဟစ်အော်၏။

ထိုမာရ်နတ်သည် ကာမာဝစရ နတ်ပြည်ခြောက်ထပ်ကို အစိုးရ၏၊ တရံတခါ ဗြဟ္မာပါရိသဇ္ဇာဘုံ၌ ဗြဟ္မာတို့၏ ကိုယ်ကဲ့သို့ပင် ထွက်ဝင်ငုပ်လျှိုး မြေလျှိုးမိုးပျံခြင်းငှာ စွမ်းနိုင်သော ဘန်ခိုးသတ္တိရှိသည်ဖြစ်၍ နတ်လူ အပေါင်းတို့ထက် ငါသည်ကြီးမြတ်၏ဟု မှတ်လျက် “ဤအလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် လူ့မိန်းမ၏ဝမ်း၌ သုက်သွေးဟုဆိုအပ်သော ကလလရေကြည်၌ ပုပ်သောအသားဝယ်ဖြစ်သော ပိုးလောက်ကဲ့သို့ ဖြစ်လျက် ဤအလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် မရှက်ဟကား၊ မိမိ၏အတိုင်းအရှည်ကိုမျှ မသိတကား၊ ငါ၏ရှေ့ရှုမျက်နှာမူရာအရပ်၌ ထက်ဝယ်ဘွဲခွေ ထိုင်နေတော်မူသဖြင့် ရဲရဲရင့်ရင့် မကြောက်မရွံ့ မတုန်မလှုပ် မထမကြွ မပြေးမလွှားဘဲ နေဝံ့ပေ၏တကား”ဟူ၍ ဟစ်ကြော်အော်အင်ပြီးလျှင် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုခြင်း ကိုပြု၏၊ ထိုသို့ဟစ်အော် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုသော်လည်း ကြားတော်မမူသကဲ့သို့ ထိုဆယ်ပါးသော ပါရမီတော်မြတ်ကိုသာ ဆင်ခြင်၍ ထက်ဝယ်တော်ဖြင့် ပြကတိနေမြဲ စံနေတော်မူ၏၊ ထိုအခါ မာရ်နတ်သားသည် ဘုရားအလောင်းတော်မြတ် မင်းသိဒ္ဓတ်ကို “လေဖြင့်သာလျှင် ပြေးစေအံ့”ဟု ကြံ၍ တပိုင်နက်တည်းသော ခဏ၌ အရှေ့မှ အနောက်သို့လာသောလေ, တောင်မှ မြောက်သို့ လာသောလေ,အနောက်မှ အရှေ့သို့လာသောလေ, မြောက်မှ တောင်သို့လာသောလေ တည်းဟူသော ဝေရမ္ဘလေတို့ကို ထစေ၏။

## မာရ်နတ်ထိုးစစ်ဆင်ခြင်း

ထိုဝေရမ္ဘလေတို့သည် ယူဇနာခွဲ တယူဇနာ နှစ်ယူဇနာ အတိုင်းအရှည်ရှိသော တောင်ထွတ်တို့ကို ထက်ခြမ်း ကွဲ စေ၍ တောခြုံ သစ်ပင် အစရှိသည်တို့ကို အမြစ်ဖွားဖွား ပေါ်စေလျက် ထက်ဝန်းကျင်၌ ရွာကြီးရွာငယ် နိဂုံးတို့ကို မှုန့်မှုန့် ညက် ညက် ကြေစေခြင်းငှာ စွမ်းနိုင်သော်လည်း အ လောင်း တော် မြတ် သိဒ္ဓတ်ဘုရားလျာ၏ အာနုဘော်ကြောင့် ကင်းသောအာနုဘော် ရှိသည်ဖြစ်၍ ဘုရားလောင်း ကိုယ်တော်မြတ်၏ အထံသို့ ရောက် လျှင် သင်္ကန်းတော် ကမ္ဗတ်စွန်းနား အဖျားအမြိတ်ကိုမျှ လှုပ်ရှား စေခြင်းငှာ မစွမ်းနိုင်ကုန်၊ မာရ်နတ်လည်း အလောင်းတော်မြတ် မင်းသိဒ္ဓတ်သည် လေပြင်းမုန်တိုင်း ကြီးစွာ ကျရောက်ရာတွင် ပါလေပြီလောဟု ရှုကြည့်လတ် သော် ကျောက်စာတိုင်ကဲ့သို့ တည်တံ့ခိုင်ခံ့စွာ ကာယိန္ဒြေမပျက် စံနေတော်မူသော ဘုရား အလောင်း ကိုယ်တော်မြတ်ကို မြင်သဖြင့် နှလုံးစိတ်ဝမ်း မချမ်း မသာ ပြင်းစွာအမျက် ခြောင်းခြောင်းထွက်၍ အလောင်းတော် မြတ်သိဒ္ဓတ် ဘုရားလျာကို မိုးရေတွင်နစ်၍ သေစေအံ့ဟု ကြံရွယ် လျက် သည်းထန်လှသဖြင့် ကြီးစွာသော မိုးကို ရွာစေ၏၊ ဘန်ခိုးအားဖြင့် အလွှာတရာ, အလွှာတထောင် စသည် အပြား ရှိကုန်သော တိမ်တိုက်တို့သည် တက်ကုန်၍ သည်းထန်လှစွာသော မိုးကြီးကို ရွာစေ၏၊ မိုးရေအယဉ်၏ အဟုန်ဖြင့် မြေကြီးတို့ သည် ကွဲကုန်၏၊တောင်တော သစ်ပင်အစရှိသည်တို့သည် အထက် အဘို့ဖြင့် မိုးကြီးတို့သည် လာကုန်သော်လည်း ဘုရားလောင်း ကိုယ်တော်မြတ်၏ သင်္ကန်းတော် အစွန်းအမြိတ် အဖျားအနား၌ ဆီးနှင်းပေါက်ခန့်မျှ စိုစွတ်စိမ့်သောငှာ မတတ်နိုင်ကုန်။

ထို့နောက် ကျောက်ခဲမိုးကို ရွာစေ၏၊ ကြီးစွာကုန် တောင်ထွတ်တို့သည် အခိုးထွက်ကုန်၊ အလျှံတောက်ကုန်လျက် ကောင်းကင်ဖြင့် လာကုန်၍ ဘုရားလောင်း ကိုယ်တော်မြတ်ထံသို့ ရောက်လျှင် နတ်ပန်းဆိုင်း၊ နတ်ပယ်ကုံးတို့သည် ဖြစ်ကုန်၏၊ ထို့နောက်မှ လက်နက်မိုးကို ရွာစေ၏၊ တဘက်အသွားရှိသော သန်လျက်၊ နှစ်ဘက်အသွားရှိသော သန်လျက်၊ လှံ၊ သင်ဓုန်း စသည်တို့သည် အခိုးထွက်ကုန်၊ အလျှံတောက်ကုန်လျက် ကောင်းကင်ဖြင့် လာလတ်၍ ဘုရားလောင်း အထံတော်သို့ ရောက်သည်ရှိသော် နတ်ပြည်၌ဖြစ်သော မြတ်လေး၊ ချရား၊ သဇင် စကား၊ အစရှိသော ပန်းအမျိုးမျိုးတို့သည် ဖြစ်ကုန်၏၊ ဘုရားလောင်း ကိုယ်တော်မြတ်သည် ဓါးလက်နက်တို့ဖြင့် ခုတ်မိထိုးမိ၍ သေလေပြီလောဟု မာရ်နတ် ရှုကြည့်လတ်သော် စန္ဒကူးနံ့သာမှုန့်ဖြစ်၍ ခြေတော်ရင်း၌ကျသည်ကို မြင်လေ၏။

ထို့နောင် သဲမိုးကို ရွာစေ၏၊ အလွန်သေးဖွဲ့ သိမ်မွေ့လှစွာသော သဲတို့သည် အခိုးထကုန်လျက် ကောင်းကင်ဖြင့်လာ၍ ဘုရားလောင်း ကိုယ်တော်မြတ် အထံသို့ ရောက်သည်ရှိသော် ခြေတော်ရင်း၌ နတ်ပန်းဝတ်မှုန့်ဖြစ်၍ ကျကုန်၏၊ ထို့နောက် ညွှန်ပျောင်းမိုးကို ရွာစေ၏၊ ထိုညွှန်ပျောင်းမိုးသည် အခိုးထွက်၍ အလျှံတောက်ကုန်လျက် ကောင်းကင်ဖြင့်လာ၍ ဘုရားလောင်း ကိုယ်တော်မြတ် အထံတော်သို့ ရောက်လျှင် ခြေတော်ရင်း၌ နတ်တို့ နံ့သာပျောင်းဖြစ်၍ ကျကုန်၏၊ ထို့နောက် မီးကျီးစုမိုးကို ရွာစေ၏၊ ပေါက်ပွင့်အဆင်းရှိသော မီးကျီးစုတို့သည် ကောင်းကင်ဖြင့်လာကုန်၍ ဘုရားလောင်း ကိုယ်တော်

မြတ်၏ ခြေရင်းတော်၌ နတ်ပန်းဖြစ်၍ ဖရိုဖရဲကြဲကုန်၏ မီးကျီးစု မိုဃ်းကား လက်နက်မိုဃ်း၏ နောက်၌ရွာ၏၊ ထို့နောက်မှ အမိုက်တိုက်ဖြင့် ဘုရားအလောင်းတော်မြတ် မင်းသိဒ္ဓတ်ကို ကြောက်၍ ပြေးစေအံ့ဟု အမိုက်တိုက်ကို မွှေးတွင်းတော် အရေအတွက်ဖြင့် ကိုယ်တော်မှ ရောင်ခြည်တော်ကို လွှတ်လျက် ပျောက်စေ၍ နေအထောင်မက တက်သကဲ့သို့ တခဲနက်အလင်းကို ဖြစ်စေ၏။

ထိုနောက်မှ ကြီးစွာသောဉက္ကာကို ပျံစေ၏၊ ထိုဉက္ကာမှ အခိုးတို့သည် ထွက်ကုန်၏၊ ကောင်းကင်သည် ပြင်းစွာ ထစ်ကြိုး မြည်ဟည်း၏၊ မိုဃ်းကြိုး စက် အထောင်တို့သည် ကျကုန်၏၊ မာရ်နတ်သည် ဤမျှလောက် စစ်ထိုးခြင်းဖြင့် ဘုရားလောင်း ကိုယ်တော်မြတ်အား အနည်းအကျဉ်း စိုးစဉ်းမျှ ကြောက် ထိတ် လန့်ခြင်းကို ပြုအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ "အချင်းတို့.... အဘယ့်ကြောင့် ဤကဲ့သို့ ကြာမြင့်စွာ နေကြကုန်သနည်း၊ ဘုရား အလောင်း ကိုယ်တော်မြတ် မင်းသိဒ္ဓတ်ကို ဖမ်းကုန်လော့၊ ဆီးကုန်လော့၊ နှောင်ဖွဲ့ကုန်လော့၊ ဦးခေါင်းကို ဖြတ်ကုန်လော့၊ ရင်ကို ခွဲကုန်လော့၊ မလွတ်စေကုန်လင့်၊ မပြေးစေကုန်လင့်"ဟု မိမိစစ်သည်သူရဲ သူခက်တို့ကိုဆို၍ မိမိလည်း ယူဇနာ တရာ့ ငါးဆယ်ရှိသော ဂိရိမေခလာ ဆင်၏ လည်ကုပ်၌နေလျက် စက် လက်နက်ကိုကိုင်၍ "အလောင်းကိုယ်တော်မြတ် မင်းသိဒ္ဓတ်၏ ဦးခေါင်းတော်ကို ဖြတ်အံ့"ဟု စက်လက်နက်ဖြင့် ပစ်၏။

ထိုစက်လက်နက်၏ တန်ခိုးအာနုဘော်ကား မာရ်နတ် အမျက် ပြင်းစွာထွက်၍ မြေ၌စက်လက်နက်ဖြင့် ပစ်သည်ရှိသော်

တဆယ့်နှစ်နှစ်ပတ်လုံး မြေ၌မြက်သည် မ ပေါက် ရောက် နိုင်၊ ကောင်းကင်၌ ပစ်သည်ရှိသော် တဆယ့်နှစ်နှစ်တိုင်တိုင် မိုးသည်း တပေါက်မျှမကျနိုင်၊ မြင့် မိုရ် တောင် ထိပ် သို့ ပစ်သည်ရှိသော် ယုဇနာ နှစ်သိမ်းငါးသောင်းနှစ်ထောင် အဝန်း လုံးပတ်ရှိသော မြင့်မိုရ်တောင်သည် နှစ်ဖြာကွဲ၍ မြေ၌ကျရာ၏၊ ထိုစက်လက်နက် သည် ကောင်းကင်မှ မိုးကြိုးစက် ကျသကဲ့သို့ ပြင်းစွာထစ်ကြိုး လျက် လာလတ်၍ မာရ်နတ်သား၏မာရ်ကို နှိပ်နယ်ပယ်ဖျက်ခြင်း ကို ပြု၍ ဘုရားလောင်း ကိုယ်တော်မြတ်၏ ခြေတော်ရင်း၌ ခြေသုတ်ကြိုးဝန်းကဲ့သို့ဖြစ်၍ ကျလေ၏။

မာရ်နတ်စစ်သည် သူရဲအပေါင်းတို့သည်လည်း "ယခု အခါ ဘုရားလောင်း ကိုယ်တော်မြတ်သည် ပလ္လင်တော်မှဆင်း၍ ပြေးလတ္တံ့"ဟု ထင်မှတ်ကြကုန်၍ တပါးမက များလှစွာသော အခြင်းအရာရှိသော ကြောက်မက်ဖွယ်တို့ကို ပြုကုန်၏၊ အလုံးစုံ သော ကြောက်မက်ဘွယ်တို့ကို ဘုရားလောင်း ကိုယ်တော်မြတ် သည် မေတ္တာတော်၏အစွမ်းဖြင့် ငြိမ်းစေ၏၊ ကျောက်တောင် ထွတ်တို့သည် ခြေတော်ရင်း၌ ပန်းဆိုင်း ပန်းကုံးဖြစ်၍ ကျကုန်၏၊ ထိုအခါ၌ မာရ်နတ်မင်းသည် ကိုင်အပ်သောဝတ္ထုကို ကိုင်စရာ မမြင်သည်ဖြစ်၍ ပြင်းစွာထွက်သော်အမျက်၏ အဟုန်ဖြင့် "ဘုရား လောင်း ကိုယ်တော်မြတ်ကို ဂိရိမေခလာ ဆင်ဖြင့်သာ တိုက်ဝှေ့၍ တွန်းချအံ့"ဟု လက်တဘက်ဖြင့် မြှားတစင်းကိုကိုင်၍ ဝန်းဝန်း လည်စေလျက် ဘုရားလောင်း ကိုယ်တော်မြတ်၏ အပါးတော်သို့ ချဉ်းကပ်၏၊ အလောင်းတော်၏ မေတ္တာ ပါရမီတော် ကြောင့် အနီးသို့ရောက်သောအခါ ဂိရိမေခလာဆင်သည် မြေတွင်ပုဆစ်

တုပ်ဝပ်ဦးချလျက် ဦးခေါင်းကို မြေ၌စိုက်၍နေ၏၊ မာရ်နတ်မင်းလည်း ဆင်၏ဦးခေါင်းမှ လျှောကျသဖြင့် မြေ၌တည်လေ၏။

မာရ်နတ်စစ်လာ၍ စကြဝဠာ တံတိုင်းနားသို့ ပြေးလေကုန်သော နတ်တို့သည် စကြဝဠာ မျက်နှာဝနား၌ ရပ်ကုန်လျက် လည်ကိုဆန့်၍ ဘုရားလောင်း ကိုယ်တော်မြတ်ကို မျှော်၍ ကြည့်ကုန်လျက် "အိုနတ်များတို့ .... အလောင်းတော်မြတ် သိဒ္ဓတ်ရတနာ ဘုရားလျာသည် ရောင်ဝါအဆင်း လုပခြင်းနှင့် ပြည့်စုံလေစွတကား၊ မာရ်နတ်သည် အဘယ်ကဲ့သို့ ပြုလေလတ္တံ့နည်း" ဤသို့ဆိုကုန်လျက် မျှော်၍ကြည့်လင့်ကြလေကုန်၏။

## သက်သေစစ်ဖြင့်တိုက်ပြန်ခြင်း

ထိုဆင်တက်မှ လျှောကျသော မာရ်နတ်သည် မိမိစစ်သည်သူရဲတို့၏ ဒဲ့ထံမှ ရှက်ခြင်းကြီးစွာဖြစ်၍ "ပြေးရသော် ကောင်းအံ့" ဟု ကြံရွယ်ပြီးမှ ငါ့အားသက်သေပြလျှင် သက်သေခံမည့်သူများစွာရှိ၏၊ အလောင်းတော်မြတ် သိဒ္ဓတ်ရတနာ ဘုရားလျာမှာ တစ်ယောက်မျှမရှိ၊ လက်နက်ဖြင့် စစ်ထိုး၍ မအောင်နိုင်သော်လည်း သက်သေဖြင့် အောင်နိုင်စေအံ့ဟု ရှက်ဆေးချေလို၍ "အလောင်းတော်မြတ် မင်းသိဒ္ဓတ်.... ဤပလ္လင်သည် သင့်အား မရောက်၊ ငါ့အားသာရောက်၏" ဟုဆို၏၊ ထိုစကားကို ကြားတော်မူသောအခါ၌ ဥပမာကား–သားသမီးတို့အား အလွန်သနားတတ်သော ဘခင်သည် မိမိခြေရင်း၌ကစားသော မလိမ္မာသော သားငယ်ကို လက်ဖြင့်၎င်း၊ ခြေဖြင့်၎င်း ခတ်မိ၍ တစုံတခု ဖေါက်ပြန်သော အမှုပြုသည်ကို၎င်း၊ ဖေါက်ပြန်သော စကားဆိုသည်ကို၎င်း

သား၏ချစ်ခြင်းဖြင့် နှစ်သက်သည်ဖြစ်၍ လည်ကိုဖက်၍ ရင်ခွင်ထက်၌သာ အိပ်စေ၏၊ တစုံတခုသော ရန်ငြိုးကို မဖွဲ့သကဲ့သို့ ထို့အတူ အလောင်းတော်မြတ် သိဒ္ဓတ် ဘုရားလျာသည်လည်း ထိုယုတ်မာသော အလိုရှိသော မာရ်နတ်သည် ပြုမူအပ်သော အလုံးစုံကို သည်းခံတော်မူလျက် အဏုမြူခန့်မျှ နှလုံးတော်မသာခြင်းကို မပြုမူ၍ ချစ်တတ်သော ဘခင်သည် ချစ်သောစိတ်ဖြင့် သားကိုကြည့်ရှုဘိသကဲ့သို့ သနားခြင်းနှင့် ပြည့်စုံသော ဘုရားလောင်း ကိုယ်တော်မြတ်သည် မေတ္တာ တည်း ဟူ သော စိတ်ကိုဖြစ်စေ၍ ကြောက်ရွံ့ တုန်လှုပ်ခြင်းမရှိ ပြကတိခြသေ့စိတ်ကဲ့သို့ ရဲရင့်တည်ကြည် ရွှင်ပျစွာ နေတော်မူလျက် မာရ်နတ်ကို ပြဟ္မာမင်း၏ အသံနှင့် တူသော အသံတော်ဖြင့် မြွက်တော်မူ၍ "ကာမာဝစရနတ်ပြည် ခြောက်ထပ်ကို အစိုးရသော မာရ်နတ်မင်း... ဤပလ္လင်ကို ရလိုသဖြင့် သင်မာရ်နတ်သည် အယုတ်ဖြစ်သော ဆယ်ပါးသော ဒသပါရမီကိုလည်း မဖြည့်အပ်၊ အလတ်ဖြစ်သော ဆယ်ပါးသော ဒသဉပပါရမီ ကိုလည်း မဖြည့်အပ်၊ အမြတ်ဖြစ်သော ဆယ်ပါးသော ဒသပရမတ္ထ ပါရမီကိုလည်း မဖြည့်အပ်၊ ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, အင်္ဂပရိစ္စာဂ, ဘရိယပရိစ္စာဂ, ဇီဝိတပရိစ္စာဂ–တည်းဟူသော စွန့်ခြင်းကြီးငါးပါး ကိုလည်း သင်မာရ်နတ်သည် မစွန့်အပ်၊ ခပ်သိမ်းကုန်သော သတ္တလောက၌ လူသုံးပါးတို့၏ အကျိုးစီးပွားအလို့ငှာ ကျင့်ခြင်းဟူသော လောကတ္ထစရိယ, ဆွေတော် မျိုးတော်တို့၏ အကျိုးငှာကျင့်ခြင်းတည်းဟူသော ဉာတတ္ထစရိယ၊ ဘုရားဖြစ်ခြင်း အကျိုးငှာ ကျင့်ခြင်းတည်းဟူသော ဗုဒ္ဓတ္ထစရိယ၊ ဤစရိယသုံးပါးတို့ကို

လည်း သင်မာရ်နတ်သည် မကျင့်အပ်တကား၊ သင့်အား ဤပလ္လင် မရောက်၊ ဤပလ္လင်သည် ငါ့အားသာရောက်၏”ဟု ဆိုတော်မူ၏။

ထိုအခါ မာရ်နတ်က “အလောင်းတော်မြတ် မင်းသိဒ္ဓတ် အဘယ့်ကြောင့် ငါ၏ပလ္လင်၌ ဤမျှကာလကြာအောင် နေထိုင်ဘိသနည်း၊ ထ၍သွားလော့၊ ငါလည်း ဤပလ္လင်ကိုရလို၍ အလှူပေး၏၊ သီလဆောက်တည်၏၊ စာရိယကျင့်၏၊ ဤပလ္လင်ကိုသာ မဟုတ် နတ်ပြည်ခြောက်ထပ်နှင့်တကွ အလုံးစုံသော လောကကိုပင် ငါပိုင်၏”ဟူ၍ ဆို၏၊ အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာလည်း “မာရ်နတ်...သင်သည် ငါ့ကိုမပိုင်ရလတ္တံ့၊ သင်၏ အလိုသို့ ငါ့ကို မလိုက်စေနိုင်လတ္တံ့၊ ဤယခုအခါ၌ ငါသည် ဤအပရာဇိတ- သူတပါးတို့လု၍ မရအပ် မအောင်အပ်သော ပလ္လင်၌နေ၍ ကိလေသာတို့ကို ကုန်စေလျက် ဘုရားဖြစ်၍ များစွာသော လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့ကို သံသရာ ဝဋ်မှကယ်အံ့၊ သင်သည် ငါ့ကိုမြစ်တားအံ့သောငှာ မတတ်နိုင် ကုန်လတ္တံ့၊ ဤပလ္လင်သည် သင်၏အရာမဟုတ်၊ ငါ၏အရာဖြစ် သည်၊ ဤအပရာဇိတပလ္လင်မှ ငါ့ကိုထစိမ့်သောငှာ အကြင် အခြင်းဖြင့် မပြုနိုင်လတ္တံ့၊ ထိုအခြင်းဖြင့် ငါသည် ကောင်းမှု၏ အစွမ်းဖြင့် ပြုလတ္တံ့၊ ဤပလ္လင်သည် သင်၏ ပလ္လင်ဆိုသော် ဤပလ္လင်ကိုအလိုရှိ၍ သင်မာရ်နတ်အလှူပေးသော အဖြစ်ကို သိသောသက်သေ သည် အဘယ် သူ တို့ နည်း၊ သင်မာရ်နတ် ဆိုလော့”ဟု အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာ မိန့်ဆို တော်မူ၏။

ထိုသို့ မိန့်တော်မူသော် မာရ်နတ်မင်းသည် "ဤစစ်သည်သူရဲတို့မှတပါး အခြားကို သက်သေမူသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လက်ဝဲ လက်ျာ ရှေ့ တဆယ့်နှစ်ယူဇနာ, အထက် ကိုးယူဇနာ, နောက်မှာ စကြဝဠာတံတိုင်းထိ၊ ဤမျှလောက်သော သူရဲတို့သည် ဤပလ္လင်ကိုလို၍ ငါ့အလှူပေးသောအဖြစ်ကို သိကြကုန်တော့သည်" ဟု မိမိ၏ မာရ်စစ်သည် ပရိသတ်တို့သို့ ရှေ့ရှု လက်ရုံးလက်မောင်းကိုဆန့်၏၊ ထိုအခါ၌ အလုံးစုံသော မာရ်စစ်သည်အပေါင်းတို့သည် "ဤပလ္လင်ကြောင့် ငါတို့အရှင် အလှူပေးသည်ကို ငါလည်း သိသူသက်သေ ဖြစ်ချေ၏၊ ငါလည်း သိသူသက်သေဖြစ်ချေ၏" ဟူ၍ တပြိုင်နက် တချက်တည်း ဟစ်အော်ကြွေးကြော်မြွက်ဆိုကြလေကုန်၏၊ ထိုအသံသည် မြေကြီး ကွဲပြိုအံ့သကဲ့သို့ဖြစ်၏။

ထိုအသံကိုကြား၍ ဘုရားလောင်းကိုယ်တော်မြတ် မိန့်ဆိုတော်မူ၏၊ "မာရ်နတ်မင်း ငါကိုယ်တော်မြတ်သည် တပါးတည်းပင် သင်၏စစ်သည်ရဲမက် လက်နက်ခဲလုံအတွင်း၌ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူလျက် လက်တော်၌ရှိသော အုဋ္ဌကျောက်ခဲဖြင့် မြေအိုးကို ခွဲထုသကဲ့သို့ သင်မာရ်နတ်ကိုငှင်း, သင်မာရ်နတ်၏ စစ်သည်သူရဲအပေါင်းတို့ကိုငှင်း အုဋ္ဌခဲဖြင့် ကျီးအပေါင်းတို့ကိုပြေးစေဘိသကဲ့သို့ ငါ၏ကုသိုလ်အစု ကောင်းမှုအစွမ်းဖြင့် သင်တို့ဟတွေ့ကို မထိမပါး အသီးအခြား ကြောက်လန့်တကြား ပြေးသွားစေပြီးမှ ဤပလ္လင်ကို ငါ၏ပလ္လင်ပြုလတ္တံ့၊ မာရ်နတ်မင်း ဤပလ္လင်ကိုရစိမ့်သောငှာ အတိုင်းအရှည်မရှိ မရေမတွက်နိုင်သော ဘဝတို့၌ အလှူမပေးသောမည်သည် မရှိ၊ သီလမဆောက်တည်

သော မည်သည်မရှိ၊ သူတပါးတို့ မပြုနိုင်သော အမှုကို မပြုသော မည့်သည်မရှိ၊ ထိုထိုသို့သော ဘဝတို့၌ ပေးပေးသမျှသော အလှူ၊ ဆောက်တည်သမျှသော သီလစသည်တို့ကို ထားဘိဦး၊ ဝေဿန္တရာကိုယ်၏ အဖြစ်၌ မဒ္ဒီဒေဝီဖုရားကို အမှူးအကြီးအထွတ်အမြတ်ထား၍ ခုနစ်ကြိမ် အလှူကြီးကိုပေးသည်ရှိသော် ဤမြေကြီးသည် ခုနစ်ကြိမ်တုန်လှုပ်ပြီ၊ ယခုအခါ ဤအပရာဇိတပလ္လင်၌ သင်မာရ်နတ်ကဲ့သို့ ကုဋေအရာသော မာရ်နတ်၊ ကုဋေအထောင်သောမာရ်နတ်၊ ကုဋေအသောင်း မကသော မာရ်နတ်တို့နှင့် တကွဖြစ်သော ခပ်သိမ်းသော လောကဓာတ်ကို အောင်ခြင်းငှာ နေတော်မူသော အလောင်းရတနာ ငါကိုယ်တော်မြတ်အား မာရ်နတ်စစ်သည်နှင့်တကွ စစ်ထိုးခြင်း ဖြစ်သည်ရှိသော် ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးသည် အဘယ့်ကြောင့် တုဏှီဘာဝေ ဆိတ်ဆိတ် ဖြစ်လေဘိသနည်း။

မာရ်နတ်မင်း... သင်သည် သင်၏ စစ်သည် ရဲမက်တို့ဖြင့် စဉ်းတောင့်စဉ်းလဲသော သက်သေ သက်ကန်တို့ကို ပြုဘိ၏၊ ဤမဟာ ပထဝီမြေကြီးသည် စိတ်မရှိ၊ သင့်အားရင်း၊ ငါ့အားရင်း အမှုရည်တူ အတူအညီထားဘိ၏၊ ဤမဟာပထဝီမြေကြီးသည် ငါ၏ဘက်တော်က သက်သေ ဖြစ်လတ္တံ့"ဟူ၍ မိန့်ဆိုတော်မူ၏၊ ထိုအခါ မာရ်နတ်က "အလောင်းတော်မြတ် မင်းသိဒ္ဓတ်... သင်သည် ဤပလ္လင်ကိုအလိုရှိ၍ အလှူပေးသော အဖြစ်ကို အဘယ်သူ သိသနည်း၊ သိသူသက်သေကို သင်ပြလော့"ဟု ဆို၏၊ အလောင်းတော်မြတ် သိဒ္ဓတ်ရှင်ဘုရား လျှာသည်း "အချင်း မာရ်နတ်... ဤအရပ်၌ တစုံတယောက်သိသူ လူနတ် သက်သေမရှိ၊

သို့သော်လည်း ဤပလ္လင်ကိုလိုသောကြောင့် အလှူပေးသော ငါ့အား ဝေဿန္တရာဘဝအဖြစ် တဖြစ်တည်း၌ပင်လျှင် ရာပေါင်း ခုနစ်လီတွင်မည် ကြည်ဖြူအလှူကြီး အတန်းကြီး ပေးကမ်း လှူဒါန်းသော အခါ ဤတခဲနက်သော မဟာပထဝီမြေကြီးသည် ပင်လျှင် ငါ၏ သက်သေ ဖြစ်တော့သည်”ဟူ၍ နှုတ်တော်ကမြွက် ပြီးလျှင် နီလှစွာသော တိမ်တိုက်မှထွက်သော လျှပ်စစ်နွယ်၏ အရောင်နှင့်တူသော အသရေတော်ရှိသော လက်ရုံးတော် ကို သင်္ကန်းတော်မှထုတ်၍ မြေသို့ရှေ့ရှု ဆန့်တန်းတော်မူ လျက် လက်ညှိုးညွှန်တော်မူ၏။

## မာရ်နတ် စစ်ရှုံး၍ ထွက်ပြေးခြင်း။

ထိုအခါ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ဝန်းဝန်းလည်လျက် သည်းစွာသော အသံဖြင့် တုန်လှုပ်၏၊ မြေကြီး၏ အသံဖြင့် ကောင်းကင်သည်လည်း မိုဃ်းကြိုးထစ်သကဲ့သို့ ပြင်းစွာမြည်ဟည်း ခြင်းကို ဖြစ်စေ၏၊ သတ္တရဘန် တောင်စဉ်ခုနှစ်ထပ် အစရှိသည် တို့သည်လည်း ပြင်းစွာသော အသံဖြင့် မြည်ကုန်၏၊ အလုံးစုံ သော စကြဝဠာတိုက်အလုံးသည် မီးလောင်သော ဝါးတော ကဲ့သို့ ဖျင်ဖျစ် ဖျစ်ဖျစ် မည်သောအသံကိုပြု၍ ပြင်းစွာသော မြည် ခြင်းဖြင့် မည်၏၊ ပူလှစွာသော အိုးကင်း၌ ပစ်အပ်သောဆား ကဲ့သို့ အလုံးစုံကောင်းကင်၌ မိုဃ်းမရွာဘဲ တိမ်တောင်မတက်ဘဲ နတ်စက်တို့သည် ပင်ကုန်၏၊ ပြောင်ပြောင်တောက်သော မီးကျီး စုမိုဃ်းရွာသကဲ့သို့ ပြိုးပြိုးပြက် အလျှံထွက်ကုန်လျက် မိုဃ်းကြိုး

စက်တို့သည် ကျကုန်၏၊ မြေကြီးနှင့် ကောင်းကင်နှစ်ပါးတို့၏ အကြားဝ၌ဖြစ်သော မာရ်နတ်သားသည် ကိုးကွယ်ရာမရှိသည်ဖြစ်၍ ပုန်းအောင်းရာမရှိသည်ဖြစ်၍ ကြီးစွာသော ကြောက်ထိတ်လန့်ခြင်းသို့ ရောက်၏။

ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးကိုစောင့်သော နတ်သားသည် မာရ်နတ်ကို မြေခြားရာသို့ ငင်၍ချအံ့သကဲ့သို့ လကျာ်လက်တော် ရှေ့ရှုရာဌာန ညွန့်ပြတော်မူရာအရပ်မှ မြေကို ထက်ခြမ်းခွဲလျက် ထွက်သပ်၍ အခလောင်းတော်မြတ် သိဒ္ဓတ်ရတနာ ဘုရားလျာသည် ဤဉာလ္လင်ကိုလိုသောကြောင့် ဒါန, သီလ-အစရှိသော ပါရမီတို့ကို ဖြည့်သောအခါ၌ မြေနတ်သား ကို တိုင်ကြား၍ သက်သေပြုသော ကုသိုလ်အဘို့၏ ချသောရေစက်ကို ဦးခေါင်းဖြင့် ခံယူရသောကြောင့် ယခုထက်တိုင် ဆံပင်သည် မသွေ့မခြောက်သေးဟု မာရ်နတ်အား နှုတ်မြွက်၍ လက်ဝဲလက်ဖြင့် ဆံပင်ကိုကိုင်၍ လကျာ်လက်ဖြင့် လိမ်၍ညှစ်သော် ကျိုက်ကျိုက်မြည်သောအသံသည် မာရ်နတ်သားနားထဲသို့ ဝင်သဖြင့် တံကျင်ဖြင့် နားတွင်းကို ထုတ်ချင်းလျှိုထိုးအံ့သည် မှတ်ထင်၍ ဂိရိမေခလာဆင်၌ စိုက်ထောင်သော အောင်လံအောင်တံခွန်ကိုလှဲ၍ လက်နက်တယောင်ကိုစွန့်၍ ဂိရိမေခလာဆင်ကိုမျှမကြည့် မျက်နှာလှည့်မိရာအရပ်ကို ဦးစိုက်၍ နောက်ကလိုက်အံ့သကဲ့သို့ ထင်လျက် ဝသဝတ္တီဘုံ တိုင်အောင် ပြေးရလေ၏။

## ၆၅။ နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်တို့ ကြွေးကြော်ကြခြင်းအကြောင်း

ထိုအခါ ဝသဝတ္တီ သောကီ ပိုင်နင်း မာရ်နတ်မင်း၏ စစ်သည်အပေါင်းတို့သည်ကြီးလှစွာသောပြာပုံကို လေးမျက်နှာမှ ဆုံ၍ ဝေရမ္ဘာ လေတိုက်သဖြင့် လွင့်သကဲ့သို့ ဦးခေါင်းဖြင့် ဆင်သော တန်ဆာ၊ နားဖြင့်ဆင်သော တန်ဆာ၊ ကိုယ်ဖြင့်ဝတ်သော အဝတ်တို့ကိုမှ မယူဆောင်နိုင် စွန့်ပစ်၍ တကြောင်းတည်းသော ခရီးကို နှစ်ယောက်ပြေးသော မည်သည်မရှိ၊ မိမိတို့မျက်နှာပြုမိရာ အရပ်ကိုသာလျှင် ရှေ့ရှု၍ မိမိတို့၏နေရာ အရပ်သို့ချည်း ရောက်အောင် ပြေးကြလေကုန်၏၊ဤသို့လျှင် ဘုရားလောင်းကိုယ်တော်မြတ်သည် နေမဝင်မီ မာရ်နတ်စစ်ကို အောင်တော်မူသည်ကို အစပြု၍ အလုံးစုံသော လောကကို အောင်ခြင်းသို့ ရောက်တော်မူ၏။

ထိုအခါ မာရ်နတ်စစ်သည်လာသောကြောင့် ကြောက်သော အားဖြင့် ပြေးကြကုန်၍ စကြဝဠာတံတိုင်း မျက်နှာဝအနားဖြင့် ရင်လျက်နေကုန်သော နတ်အပေါင်းတို့သည် အဘယ်သူ အောင်သနည်းဟု မျှော်၍ကြည့်ကုန်သော် ဆိုအပ်ပြီးသော အခြင်းအရာဖြင့် ပျက်စီးခြင်းသို့ ရောက်ကုန်သော မာရ်နတ် စစ်သည်တို့ကို မြင်ကုန်၍ "အလောင်းတော်မြတ် သိဒ္ဓတ်ရတနာ ဘုရားလျှာအား အောင်ခြင်းသည်ဖြစ်ပြီ၊ မာရ်နတ်သား ရှုံးခြင်းသည် ဖြစ်လေပြီ"ဟု တပြိုင်နက်တည်းဖြင့် သည်းစွာသော အသံကို

ပြုကုန်၍ "အောင်သူအား ပူဇော်ခြင်းကို ပြုကုန်အံ့"ဟု နဂါးတို့သည် နဂါးတို့ကို ခေါ်ကုန်၍, ဂဠုန်တို့သည် ဂဠုန်တို့ကို ခေါ်ကုန်၍, နတ်တို့သည် နတ်တို့ကိုခေါ်ကုန်၍ ဗြဟ္မာတို့သည် ဗြဟ္မာတို့ကို ခေါ်ကုန်၍ ပန်းနံ့သာ အစရှိသည်တို့ကို လက်စွဲကုန်လျက် ဗောဓိပလ္လင်၌ ဘုရားလောင်း ကိုယ်တော်မြတ်၏ အထံတော်သို့ လာကုန်၏၊ ဤသို့လာကုန်ပြီးသော နဂါး,ဂဠုန်, နတ်,ဗြဟ္မာ အပေါင်းတို့ဘွင်–

နဂါးတို့သည် ဤသို့ ကြွေးကြော်ကြကုန်၏၊ "ဘုန်းကြက်သရေနှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ်သိဒ္ဓတ်ဘုရားလျာအား အောင်ခြင်းသည် ဖြစ်ပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်အား ရှုံးခြင်းသည် ဖြစ်လေပြီ"ဟူ၍ ပြင်းစွာ နဂါးတို့ကြွေးကြော်လေ၏၊ ဝမ်းမြောက်ဝမ်းသာရှိကုန်သည်ဖြစ်၍ ထိုနဂါးတို့သည် ဗောဓိမဏ္ဍိုင်၌ ဘုရားလောင်း ကိုယ်တော်မြတ်အား ဝမ်းမြောက်ဝမ်းသာ မင်္ဂလာအောင်ဆုကို ပေးဆက်ပူဇော်ကြကုန်၏။

"ဘုန်းကြက်သရေ အပေါင်းတို့နှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာအား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပြီ၊ ယုတ်မာသော အလိုရှိသော မာရ်နတ်အား ရှုံးခြင်းသည်ဖြစ်ပြီ"ဟူ၍ ဂဠုန်တို့သည် ကြွေးကြော်ကုန်၏၊ ဂဠုန်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ရှိကုန်သည်ဖြစ်၍ ဗောဓိမဏ္ဍိုင်၌ ဘုရားလောင်း ကိုယ်တော်မြတ်အား အောင်ဆုကို ပေးဆက်ကြကုန်၏။

"ဘုန်းကြက်သရေ အပေါင်းနှင့် ပြည့်စုံတော် မူသော ဘုရားလောင်း ကိုယ်တော်မြတ်အား အောင်ခြင်းသည် ဖြစ်လေပြီ ယုတ်မာသော အလိုရှိသော မာရ်နတ်အား ရှုံးခြင်းသည် ဖြစ်လေပြီ"ဟူ၍ နတ်အပေါင်းတို့သည် ကြွေးကြော်ကုန်၏၊ နတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ရှိကုန်သည် ဖြစ်၍ ပေါင်းမိဏ္ဍိုင်၌ ဘုရားလောင်း ကိုယ်တော်မြတ်အား အောင်ဆုကို ပေးဆက်ကြကုန်၏။

"ဘုန်းကြက်သရေ အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဘုရားလောင်း ကိုယ်တော်မြတ်အား အောင်ခြင်းသည်ဖြစ်လေပြီ၊ ယုတ်မာသော မာရ်နတ်အား ရှုံးခြင်းသည် ဖြစ်လေပြီ"ဟူ၍ ဗြဟ္မာအပေါင်းတို့သည် ပြင်းစွာ ကြွေးကြော်ကုန်၏၊ ဗြဟ္မာအပေါင်းတို့သည် ဝမ်းမြောက် ဝမ်းသာ ရှိကုန်သည်ဖြစ်၍ ဗောဓိပင်ရင်း ရွှေပလ္လင်၌ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော ဘုရားလောင်း ကိုယ်တော်မြတ်အား အောင်ဆုကို ပေးကုန်၏။

ထိုမှ ကြွင်းကုန်သော တသောင်းသော စကြာဠာတိုက်တို့၌ နတ်အပေါင်းတို့သည် ပန်း, နံ့သာ, နံ့သာပျောင်း, အခိုးအထုံ အမှုံတို့ဖြင့် ပူဇော်ကုန်လျက် အထူးထူး အပြားပြားသော ချီးမွမ်းခြင်းတို့ကို ဆိုကုန်လျက် ရပ်ကုန်၏။

ဤသို့ ဘုရားလောင်း ကိုယ်တော်မြတ်သည် နေမဝင်မီ မာရ်နတ်စစ်သည်ကို ဖျက်ဆီး၍ သက်န်းတော်၏အထက်၌ ကျကုန်သော ဗောဓိရွက်ညွန့် ဖူးဝတ်မှုံတို့ဖြင့် နီလှစွာသော သင်္ကန်း

ဖြင့် ပူဇော်သကဲ့သို့ ဗောဓိပင်ရင်း ခင်းကျင်းအပ်သော ရတနာ ရောင်ရှင် အပရာဇိတပလ္လင် ၌ ထက်ဝယ်ဘွဲ့ခွေ စံနေတော်မူလျက် တရားကို သုံးသပ်ဆင်ခြင်တော်မူ၏၊ ထိုမာရ်နတ်ကို ရှုံးစေ၍ စံနေတော်မူသော အခါ၌ စကြဝဠာတသောင်းလုံး၌ နေကုန်သော အလုံးစုံသော နတ်တို့သည် "ဘုရားလောင်း ကိုယ်တော် မြတ်ကား အောင်မြင်ပြီ၊ မာရ်နတ်ကား ရှုံးလေပြီ၊ အောင်ခြင်း မင်္ဂလာကို တပေါင်းတည်း ပြုကုန်အံ့"ဟူ၍ တပြိုင်နက် တချက် တည်းဖြင့် ဗောဓိမဏ္ဍိုင်သို့ စည်းဝေးလာကြကုန်၏။

---

## ၆၆။ နတ်, သိကြား, ဗြဟ္မာတို့ အထူးထူး ပူဇော်ကြခြင်းအကြောင်း

ထိုအခါ အချင်းယူဇနာငါးဆယ်, လုံးဝန်းယူဇနာ တရာ့ ငါးဆယ်ရှိသော ရောင်ခြည်တသောင်တို့ဖြင့် တင့်တယ်ဘွယ်ရာ လှသော နေဝန်းသည် အကွပ်၌ကိုင်၍ နှစ်လိုက်သော ရွှေလှည်း ဘီး စက်ဝန်းကဲ့သို့ ပျောက်လေ၏၊ အချင်းလေးဆယ့်ကိုးယူဇနာ, လုံးဝန်းတရာ့လေးဆယ့် ခုနှစ်ယူဇနာရှိသော အေးငြိမ်းချမ်းမြ သာယာကြည်လင်လှသော ရောင်ခြည်တို့ဖြင့် ထိန်ထိန်လင်းသော လမင်းသည် နို့ရည်သမုဒ္ဒရာ၌ နှစ်၍ရှိသော ပတ္တမြားရထား လှည်းဘီးကို အကွပ်၌ကိုင်၍ ကောင်းကင်သို့ တင်ကြွလိုက်ဘိ သကဲ့သို့ အရှေ့အရပ်မှ တက်လတ်၍တည်၏၊ စကြဝဠာတိုက်၏

အလယ်၌ ဘုရားလောင်း ကိုယ်တော်မြတ်၏ အဆင်းနှင့်တူသော ကိုယ်တော်ရောင်ဖြင့် ထိုဗောဓိဝန်းကျင်အရပ်ကို ရွှေရည်ဖြင့် သွန်းဘိသကဲ့သို့ ပြောင်ပြောင် တောက်ဝင်း မီးပုံကြီးတမျှကဲ့သို့ ဘုရားလောင်း ကိုယ်တော်မြတ်သည် တင့်တယ်ကြည်ညိုဘွယ်ဖြင့် သပ္ပါယ်တော်မူလှလေ၏၊ ထိုအခါ သိကြားမင်းသည် တောင်စကြဝဠာတံတိုင်းနားမှ အတောင်တရာ့နှစ်ဆယ်ရှိသော ခရုသင်းကို မှုတ်လေ၏။

မဟာဗြဟ္မာမင်းသည်လည်း စကြာဝဠာ တံတိုင်းနား၌ ထားခဲ့သော အချင်းသုံးယူဇနာရှိသော ထီးဖြူ ကို ယူလာပြန်၍ အလောင်းတော်မြတ် သိဒ္ဓတ်ဘုရားလျာ၏ ဦးခေါင်းတော် အထက်၌ ဆောင်းမိုးလျက်တည်၏၊ တသောင်းသော စကြာဝဠာ တိုက်၌ နေကုန်သော သိကြားတို့သည်လည်း ဝိဇယုတ္တရ ခရုသင်းကို မှုတ်၍ချည်း ဘုရားလောင်း ကိုယ်တော်မြတ်သို့ ချဉ်းကပ်လာကြကုန်၏၊ စကြဝဠာတသောင်း၌ရှိသော မဟာဗြဟ္မာတို့သည်လည်း အချင်းသုံးယူဇနာရှိသော ထီးဖြူဖြင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ဆောင်းမိုးလျက် ရပ်လာကြကုန်၏၊ ယာမာနတ်ပြည်၌ သုယာမ နတ်သားသည် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော သားမြီးယပ် ကို ကိုင်၍ ဘုရားလောင်း ကိုယ်တော်မြတ်အား ယပ်လေခံ၍ရပ်လာ၏၊ ဤအရပ်၌ သုယာမ နတ်သားသာ မဟုတ်သေး၊ တသောင်းသော စကြဝဠာ၌နေသော သုယာမ နတ်မင်းတို့သည်လည်း သုံးဂါဝုတ် အတိုင်းအရှည် ရှိသော သားမြီးယပ်ကို ကိုင်၍ချည်း ယပ်လေခံလာကုန်၏။

သုသိတာနတ်ပြည်၌ သန္တုသိတ နတ်မင်းသည် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ပတ္တမြားယပ်ဝန်းကို ကိုင်၍ ယပ်လေခံ လျက် ရပ်၏၊ သန္တုသိတ နတ်သားသည်သာ မဟုတ်သေး၊ တသောင်းသော စကြဝဠာ၌ နေကုန်သော သန္တုသိတ နတ်မင်း တို့သည်လည်း ပတ္တမြားယပ်ဝန်းချည်းကိုင်၍ စကြဝဠာတိုက်ကို ပြည့်စေလျက် ယပ်လေခံသဖြင့် ရပ်လာကုန်၏၊ တာဝတိံသာ နတ်ပြည်၌ ပဉ္စသိခ် နတ်သားသည် သုံးဂါဝုတ် အတိုင်းအရှည် ရှိသော ဥသျှစ်မှည့်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသော စောင်းကို ယူခဲ့၍ များစွာကုန်သော နတ်စောင်းသမားတို့ဖြင့် ခြံရံ၍ ဘုရားလောင်းကိုယ်တော်မြတ်၏ အထံတော်၌ စောင်းတီး လျက် ရပ်လာကုန်၏၊ ဤစကြဝဠာ၌ ပဉ္စသိခ် နတ်သားသာ မဟုတ်သေး၊ တသောင်းသော တာဝတိံသာ နတ်ပြည်၌ရှိသော စောင်းသမား, ကချေသည်, နတ်သား, နတ်သမီး တို့သည် ဤစကြဝဠာ၌ချည်း စုဝေးကုန်၍ အချို့သော နတ်တို့သည် ရတနာအတိပြီးသော တုရိယာတိုင်ပန်းကို အစဉ်အတိုင်းကိုင်လျက် ထက်ဝန်းကျင်မှခြံရံ၍ ရပ်ကုန်၏။

ထိုအတူ အချို့သောနတ်တို့သည် ရတနာအတိပြီးသော တံတိုင်းကို အစဉ်အတိုင်းကိုင်၍ ထိုနတ်တို့၏ အခြားမဲ့၌ အချို့ သော နတ်တို့သည် ကြံ, ငှက်ပျောပင်ကို အစဉ်အတိုင်းကိုင်၍ အလုံးစုံသော ရတနာအတိပြီးသော ဦးဆောက်ပန်းကို အစဉ် အတိုင်းကိုင်၍ သားမြီးယပ်ကို အစဉ်အတိုင်းကိုင်၍ ငါးကြင်း ပွတ်အစုံသောပန်းကို အစဉ်အတိုင်းကိုင်၍ စလပ်ပန်းကို အစဉ်

အတိုင်းကိုင်၍ ဆွမ်းစမဲကို အစဉ်အတိုင်း ကိုင်၍ ရေပြည့်အိုးကို အစဉ်အတိုင်းကိုင်၍ မူတာအိုးကို အစဉ်အတိုင်းကိုင်၍ အခိုးအထုံ အမွှေးအကြိုင် လိမ်းကျံသော တပွတ်တံကို အစဉ်အတိုင်းကိုင်၍ ပတ္တမြားအရိုးတပ်သော ဆီမီးတိုင်ကို အစဉ်အတိုင်းကိုင်၍ ရွှေကြေးမုံကို အစဉ်အတိုင်းကိုင်၍ ငွေကြေးမုံကို အစဉ်အတိုင်းကိုင်၍ ရတနာအတိပြီးသော ကြေးမုံကို အစဉ်အတိုင်းကိုင်၍ ပတ္တမြား ဆီမီးပွင့်တို့ကို အစဉ်အတိုင်းကိုင်၍ တံခွန်ကုက္ကားကို အစဉ် အတိုင်းကိုင်၍ ပဒေသာပင်စဉ်ကို အစဉ်အတိုင်းကိုင်၍ စကြဝဠာ တိုင်အောင် ဘုရားလောင်း ကိုယ်တော်မြတ်ကို ခြံရံ၍ တည်ကုန်၏။

အလုံးစုံသော တသောင်းသော စကြဝဠာ၌ နေကုန်သော နတ်တို့သည် သဘင်သည်၏ အသွင်အပြင်ကို ဆင်ယင်ယူင်ကုန်၍ နတ်၏ ကခြင်း, သီခြင်းဘို့ကို ဖြစ်စေကုန်၏၊ အချို့သော နတ်တို့သည် တီးမှုတ်ကုန်၏၊ အချို့သော နတ်တို့သည် တင့်တယ် စမွယ်ကုန်၏၊ အချို့သော နတ်တို့သည် နတ်၌ဖြစ်သော ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်ကုန်၏၊ အလုံးစုံသော ကောင်းကင်ပြင်သည် သည်းထန်စွာ ရွာသွန်းသော မိုဃ်းရေ အယဉ်ဖြင့် ပြည့်သကဲ့သို့ နတ်ပန်း အခိုးအထုံ အမှုံတို့ဖြင့် ပြည့်သည် ဖြစ်လေကုန်၏၊ ထိုအလုံးစုံသော နတ်တို့က "ဤသို့ ပူဇော်ခြင်းသည် ဘုရားလောင်း ကိုယ်တော်မြတ်၏ အထံတော်၌ တရားတည်းဟူသော အမြိုက်ရေအေးကို တိုက်ကျွေးသုံးဆောင် ရကုန်လတ္တံ့၊ မျက်စိ၏ အရသာ ဖြစ်သော ယမိုက်ပြာဋိဟာကို

မြင်ရကုန်လတ္တံ့" ဟု ဝမ်းမြောက်ဝမ်းသာခြင်းအဖြစ်သို့ ရောက်ကုန်သည်ဖြစ်၍ အသီးအသီး ချီးမြှောက်ပူဇော် လျှောက်ထားကြကုန်သတည်း။

---

## ၆၇။ ဘုရားလောင်းပဋိစ္စသမုပ္ပါဒ်တရားကို ဆင်ခြင်ခြင်းအကြောင်း

ဤသို့လျှင် ဗောဓိပင်ရင်း ရွှေပလ္လင်၌ စံနေတော်မူလျက် နေမဝင်မီ မာရ်စစ်သည်ကို အောင်တော်မူပြီး၍ စကြာဋ္ဌာတိုက်ကို ခြံရံလျက် တည်သော ယူဇနာ ရှစ်သောင်း နှစ်ထောင် အစောက်မြင့်သော စကြာဠာ တောင်တည်းဟူသော အကာနံရံ ကွယ်ကာအပ်သည်ဖြစ်၍ ကြယ် အပေါင်း တည်း ဟူ သော ပတ္တမြားကျောက်ဖြင့် စီအပ်သော ကောင်းကင်တည်းဟူသော ဗိတာန် မိုးကြက်အပ်သည်ဖြစ်၍ အလုံးစုံသောလူကို ထွန်းလင်းစေတတ်သော လမင်းတည်း ဟူသော ဆီမီးထွန်းညှိအပ်သည်ဖြစ်၍ မြတ်သောဘုရားကို ကြံဆင်ခြင်တော်မူ၏၊ အဘယ်သို့ ကြံဆင်ခြင်တော်မူသနည်း ဟူမူကား-

၁။ "စင်စစ်အားဖြင့် ဤလောကသည် ငြိုငြင် ဆင်းရဲခြင်းသို့ရောက်၏၊ ပဋိသန္ဓေ တည်နေရ၏၊ အိုလည်းအိုရ၏၊ စုတေလည်း စုတေရ၏၊ တဖန်လည်း ပဋိသန္ဓေနေရ၏၊ ထိုသို့လျက်လည်း အိုခြင်း၊ သေခြင်းဟု ဆိုအပ်သော ဤဆင်းရဲမှ ထွက်

မြောက်ကြောင်းကို မသိနိုင်၊ အဘယ်အခါ၌ အိုခြင်း၊ သေခြင်းဟု ဆိုအပ်သော ဤဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သောတရားသည် ငါ့အား ထင်ပါလတ္တံ့နည်း”ဟု ကြံဆင်ခြင်တော်မူ၏။

၂။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံသည်ဖြစ်၏၊ “အဘယ်သို့သော တရားသည် ထင်ရှားဖြစ်သည်ရှိသော် အိုခြင်း၊ သေခြင်းသည် ဖြစ်သနည်း၊ အဘယ်အကြောင်းကြောင့် အိုခြင်း၊ သေခြင်းသည် ဖြစ်သနည်း” ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား “ပဋိသန္ဓေနေခြင်း ဖြစ်သည်ရှိသော် ထိုအိုခြင်း၊ သေခြင်းသည်ဖြစ်၏၊ အိုခြင်း၊ သေခြင်းသည် ပဋိသန္ဓေဟူသော အကြောင်းရှိ၏”၊ ဤသို့ ပညာဖြင့် ဆင်ခြင်၍ အသင့်အမှန်ကို နှလုံးသွင်းမိခြင်း၊ ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၃။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ “အဘယ် အကြောင်းတရား ဖြစ်သည်ရှိသော် ဇာတိ ပဋိသန္ဓေနေခြင်းသည် ဖြစ်သနည်း၊ အဘယ်အကြောင်းကြောင့် ဇာတိပဋိသန္ဓေ နေခြင်းသည် ဖြစ်သနည်း”၊ ဤသို့သော အကြံတော်သည်ဖြစ်၏၊ ထိုအခါ ဘုရားလောင်းကိုယ်တော်မြတ်အား “ဘဝဖြစ်သည်ရှိသော် ဇာတိသည် ဖြစ်၏၊ ဘဝဟူသော အကြောင်းကြောင့် ဇာတိဖြစ်၏”၊ ဤသို့ အသင့်အမှန်ကို ပညာဖြင့် ဆင်ခြင်တော်မူ၍ နှလုံးသွင်းမိခြင်း၊ ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၄။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ "အဘယ် အကြောင်းတရား ဖြစ်သည်ရှိသော် ဘဝဖြစ်သနည်း၊ အဘယ် အကြောင်းကြောင့် ဘဝဖြစ်သနည်း"၊ ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား "ဥပါဒါန်တရား လေးပါး ဖြစ်သည်ရှိသော် ဘဝဖြစ်၏၊ ဥပါဒါန်တရား လေးပါးဟူသော အကြောင်းကြောင့် ဘဝသည်ဖြစ်၏"၊ ဤသို့ အသင့်အတင့် ဆင်ခြင်၍ နှလုံးသွင်းမိခြင်း, ပညာဖြင့်ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၅။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ "အဘယ်တရား ဖြစ်သည် ရှိသော် ဥပါဒါန်တရားလေးပါး ဖြစ်သနည်း၊ အဘယ်တရား ဟူသော အကြောင်းကြောင့် ဥပါဒါန်တရားလေးပါး ဖြစ်သနည်း" ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ၌ ဘုရားလောင်း ကိုယ်တော်မြတ်အား "အာရုံကို တပ်တက်သော တဏှာ ဖြစ်သည်ရှိသော် ဥပါဒါန်တရားဖြစ်၏၊ အာရုံ၌တပ်ခြင်းလက္ခဏာ ရှိသော တဏှာဟူသော အကြောင်းကြောင့် ဥပါဒါန်တရား လေးပါးဖြစ်၏"၊ ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းမိခြင်း, ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည်ဖြစ်၏။

၆။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည် ဖြစ်၏၊ "အဘယ်တရား ဖြစ်သည် ရှိသော် တဏှာဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်း

ကြောင့် တဏှာဖြစ်သနည်း”၊ ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားအလောင်း ကိုယ်တော်မြတ်အား “အာရုံကို ခံစားခြင်းလက္ခဏာရှိသော ဝေဒနာဖြစ်သည် ရှိသော် တဏှာဖြစ်၏၊ အာရုံကိုခံစားခြင်း လက္ခဏာရှိသော ဝေဒနာ ဟူသော အကြောင်းကြောင့် တဏှာဖြစ်၏”၊ ဤသို့ အသင့်အမှန် သားဖြင့် နှလုံးသွင်းတော် မူမိခြင်း ပညာဖြင့် ထိုထွင်း၍ သိတော် မူခြင်းသည်ဖြစ်၏။

၇။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည် ဖြစ်၏၊ “အဘယ်အကြောင်းတရား ဖြစ်သည်ရှိသော် ဝေဒနာ ဖြစ်သည်နည်း၊ အဘယ်မည်သော အကြောင်းကြောင့် ဝေဒနာဖြစ်သနည်း”၊ ဤသို့သော အကြံ တော်သည်ဖြစ်၏၊ ထိုအခါ၌ ဘုရားလောင်း ကိုယ်တော်မြတ်အား “အာရုံကိုတွေ့ခြင်း လက္ခဏာရှိသော ဖဿတရားဖြစ်သည်ရှိသော် ဝေဒနာဖြစ်၏၊ အာရုံကို တွေ့ခြင်းလက္ခဏာရှိသော ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏”၊ ဤသို့ အသင့်အမှန်အား ဖြင့် နှလုံးသွင်းတော်မူခြင်း၊ ပညာဖြင့် ထိုးထွင်း၍ သိတော်မူခြင်း သည် ဖြစ်၏။

၈။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ “အဘယ် အကြောင်းတရား ဖြစ်သည်ရှိသော် ဖဿ ဖြစ်သနည်း၊ အဘယ် အကြောင်းကြောင့် ဖဿဖြစ်သနည်း”၊ ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား “စက္ခာယတန၊ သောတာ

ယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတန တည်းဟူသော သဠာယတန တရားဖြစ်သည်ရှိသော် ဖဿဖြစ်၏၊ အဇ္ဈတ္တိကာယတန ခြောက်ပါးဟူသော သဠာယတန ဟူသော အကြောင်းကြောင့် ဖဿဖြစ်၏”၊ ဤသို့ အသင့် အမှန်အားဖြင့် နှလုံးသွင်းမိခြင်း, ပညာဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည်ဖြစ်၏။

၉။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ “အဘယ်အကြောင်းတရား ဖြစ်သည်ရှိသော် သဠာယတန ဖြစ်သနည်း၊ အဘယ်အကြောင်း ကြောင့် သဠာယတနဖြစ်သနည်း”၊ ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားအလောင်း ကိုယ်တော်မြတ်အား “နာမ် ရုပ် ဖြစ်သည်ရှိသော် သဠာယတနဖြစ်၏၊ နာမ် ရုပ် ဟူသော အကြောင်းကြောင့် သဠာယတနဖြစ်၏”၊ ဤသို့ အမှန်အားဖြင့် နှလုံးသွင်းတော်မူခြင်း, ပညာဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၁၀။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ “အဘယ်အကြောင်းတရား ဖြစ်သည်ရှိသော် နာမ်ရုပ် ဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သနည်း”၊ ဤသို့သော အကြံ တော်သည်ဖြစ်၏၊ ထိုအခါ၌ ဘုရားလောင်း ကိုယ်တော်မြတ်အား “ပဋိသန္ဓေဝိညာဉ် ဖြစ်သည်ရှိသော် နာမ်ရုပ်ဖြစ်၏၊ ပဋိသန္ဓေ ဝိညာဉ်ဟူသော အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏”၊ ဤသို့

အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူခြင်း, ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၁၁။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည်ဖြစ်၏၊ "အဘယ်တရား ရှိသည် ရှိသော် ဝိညာဉ် ဖြစ်သနည်း၊ အဘယ်တရားဟူသော အကြောင်းကြောင့် ဝိညာဉ် ဖြစ်သနည်း"၊ ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ၌ ဘုရားလောင်းအား "နာမ်, ရုပ် ရှိသည် ရှိသော် ဝိညာဉ်ဖြစ်၏"၊ နာမ်,ရုပ်ဟူသော အကြောင်းကြောင့် ဝိညာဉ်ဖြစ်၏" ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းခြင်း, ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏။

၁၂။ ထိုအခါ၌ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့သော အကြံတော်သည် ဖြစ်၏၊ "စင်စစ်သဖြင့် ဝိညာဉ်သည် တဖန်လည်၍ ဖြစ်ပြန်၏၊ ဤဝိညာဉ်သည် နာရုပ်မှတပါးသို့မသွား၊ ဤသို့ အပြန်အလည် ဖြစ်သဖြင့် ဤဝိညာဉ်သည် ဖြစ်လည်း ဖြစ်ရာ၏၊ အိုလည်း အိုရာ၏၊ သေလည်း သေရာ၏၊ စုတေလည်း စုတေရာ၏"၊ ဤသို့နှလုံးသွင်းတော်မူခြင်း, ဆင်ခြင်တော်မူခြင်းသည် ဘုရားလောင်း ကိုယ်တော်မြတ်အား ဤပစ္စုပ္ပန်ဘဝ၌သာ ဆင်ခြင်တော် မူသတည်း။

ဤတရားအပေါင်းတို့တွင် တဏှာ, ဥပါဒါန်, ဘဝတို့ကို မြင်တော်မူသဖြင့် ပစ္စုပ္ပန်သဝ၌ ဝိညာဉ်၏အကြောင်းဖြစ်သော

အတိတ်၌ဖြစ်သော သင်္ခါရတို့ကိုလည်း, သင်္ခါရတို့၏ အကြောင်းဖြစ်သော မောဟဟု ဆိုအပ်သော အဝိဇ္ဇာကိုလည်း မြင်တော်မူသဖြင့် အတိတ်နှင့်ပစ္စုပ္ပန်ကို ယှက်စပ်၍ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်တွေးဆ နှလုံးသွင်း၍ သုံးသပ်တော်မူ၏၊ ဤသို့လျှင် မြတ်စွာဘုရားအလောင်း ကိုယ်တော်မြတ်အား ရှေး၌ သူတပါးတို့၏ အထံမှ မကြားဘူးကုန်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ပညာတည်းဟူသော မျက်စိသည်ဖြစ်၏၊ အပြားအားဖြင့် သိခြင်းသည်ဖြစ်၏၊ ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ ပညာတည်းဟူသော အလင်းသည် ထင်ရှားစွာ ဖြစ်လေ၏။

---

## ၆၈။ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းအကြောင်း

### ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူခြင်း

ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်တော်မူပြီးမှ သစ္စာလေးပါးကို သိခြင်းငှာ အလိုတော်ရှိသော ဘုရားလောင်း ကိုယ်တော်မြတ်အား လုံ့လဝီရိယတရားကို ရှေ့ထားသဖြင့် အားထုတ်တော်မူအပ်သော ဥဿာဟတရားသည် မလျော့သည်ဖြစ်၍ ရှေ့ရှုထင်သော သတိရှိသည် ဖြစ်၏၊ သတိသမ္ပဇဉ်၌ မတွေဝေခြင်းကြောင့် ငြိမ်းသောကိုယ်ရှိသည်, ပူပန်ခြင်းမရှိသည် ဖြစ်၏၊ ကောင်းစွာထားအပ်သော စိတ်သည် တည်ကြည်သည် ဖြစ်၏။

ထိုဘုရားအလောင်း ကိုယ်တော်မြတ်သည် ကာမတို့၌ ဆိတ်ရှိသာလျှင် အကုသိုလ်တရားတို့မှ ဆိတ်ရှိသာလျှင် ဝိတက်, ဝိစာရနှင့်သာကွဖြစ်သော ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ပီတိသုခ ရှိသော ပဌမစျာန်သို့ ကပ်၍ စံနေတော်မူ၏။

ဝိတက်, ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ကိုယ်တွင်းသန္တာန်၌ ကောင်းစွာကြည်ခြင်းရှိသော စိတ်၏မြတ်သော တည်ကြည်သော အဖြစ်ရှိသော သမာဓိကြောင့်ဖြစ်သော ပီတိ ရှိသော ဝိတက်, ဝိစာရမရှိသော ဒုတိယစျာန်သို့ ကပ်၍ စံနေတော်မူ၏။

နှစ်သက်ခြင်းပီတိမှ ကင်းခြင်းကြောင့် လျစ်လျူရှုလျက် စံနေတော်မူ၏၊ သတိရှိသည်ဖြစ်၍ အဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သုခကို နာမကာယ ခံစား၏၊ ဘုရားလောင်း ကိုယ်တော်မြတ် အစရှိသော အရိယာ သူတော်ကောင်းတို့၏ လျစ်လျူရှုလျက် သတိရှိသည်ဖြစ်၍ ချမ်း မြေ့ သာ ယာ စွာ စံနေရ၏ဟု အကြင်စျာန်ကို ကြားကုန်၏၊ ထို တတိယစျာန်သို့ ကပ်၍ စံနေတော်မူ၏။

သုခကို ပယ်ခြင်းကြောင့်၎င်း, ဒုက္ခကိုပယ်ခြင်းကြောင့်၎င်း ရှေးဦးစွာကသာလျှင် သောမနဿ, ဒေါမနဿတို့၏ ချုပ်ကြခြင်းကြောင့် ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာနှင့်ယှဉ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ကပ်၍ စံနေတော်မူ၏။

ထိုဘုရားလောင်း ကိုယ်တော်မြတ်သည် ဤသို့ စတုက္က နည်းအားဖြင့် ရူပါဝစရ စတုတ္ထဈာန်ကို ကပ်၍ စံနေတော်မူသဖြင့် စိတ်သည် ကောင်းစွာတည်ကြည်သည်ရှိသော် စင်ကြယ်ဖြူစင်သော် ကိလေသာဟူသော မှုမရှိသော် ကိလေသာ ကင်းပြီးသော် နူးညံ့ သိမ်မွေ့စွာ ဖြစ်သော် တန်ခိုးဘန်ဆင်းခြင်းငှာ ခံ့သည်ရှိသော် တည်ကြည်သည် ရှိသော် မတုန်မလှုပ်သော အဖြစ်သို့ရောက်သည် ရှိသော် ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်သော ဉာဏ်ကို ရခြင်းငှာ စိတ်တော်သို့ ညွတ်စေ၏၊ ထိုဘုရားလောင်း ကိုယ်တော်မြတ်သည် တပါးမက များသောအပြား ရှိသော ရှေး၌နေခဲ့ဘူးသော ခန္ဓာအစဉ်သို့ အောက်မေ့တော်မူ၏၊ ဤသို့ အောက်မေ့အပ်သော ခန္ဓာသည် အဘယ်နည်း ဟူမူကား- တဖြစ်ကိုလည်း, နှစ်ဖြစ်ကိုလည်း, သုံးဖြစ်ကိုလည်း, လေးဖြစ်ကိုလည်း, ငါးဖြစ်ကိုလည်း, ဆယ်ဖြစ်တို့ကိုလည်း, အဖြစ်နှစ်ဆယ်တို့ကိုလည်း, အဖြစ် သုံးဆယ်တို့ကိုလည်း, အဖြစ် လေးဆယ်တို့ကိုလည်း, အဖြစ် ငါးဆယ်တို့ကိုလည်း, အဖြစ်တရာတို့ကိုလည်း, အဖြစ်တထောင်တို့ကိုလည်း, အဖြစ်တသိန်းတို့ကိုလည်း, တပါးမကများကုန်သော သံဝဋ္ဋကပ်တို့ကိုလည်း, များစွာကုန်သော ဝိဝဋ္ဋ ကပ်တို့ကိုလည်း, များစွာကုန်သော သံဝဋ္ဋ ဝိဝဋ္ဋ ကပ်တို့ကိုလည်း အောက်မေ့တော်မူ၏။

ဤမည်သောဘဝ၌ ဤသို့အမည်ရှိ၏၊ ဤသို့အနွယ်ရှိ၏၊ ဤသို့ အဆင်းရှိ၏၊ ဤသို့အစာအဟာရရှိ၏၊ ဤသို့ ဆင်းရဲချမ်းသာကို ခံစား၏၊ ဤသို့အသက်၏ အပိုင်းအခြားရှိ၏၊ ငါသည် ထိုကိုယ်၏ အဖြစ်မှ စုတေသည်ရှိသော် ဤမည်သော ဘဝ၌ ဖြစ်၏၊ ထိုဘဝ၌လည်း ဤသို့အမည်ရှိ၏၊ ဤသို့အနွယ်ရှိ၏၊ ဤသို့

အဆင်းရှိ၏၊ ဤသို့အစာအာဟာရရှိ၏၊ ဤသို့ ဆင်းရဲချမ်းသာကို ခံစားရ၏၊ ဤသို့ အသက်အပိုင်းအခြား ရှိ၏၊ ထိုသုသိတာ နတ်ပြည်၌ သေတကေတုနတ်သားအဖြစ်မှ စုတေသော်ဤသိဒ္ဓတ် မင်းသားအဖြစ်သို့ ရောက်တော်မူ၏၊ ဤသို့ အခြင်းအရာနှင့်တကွ ဖြစ်သော တပါးမကများသော အပြားရှိသော ရှေး၌နေခဲ့ဘူး သော ခန္ဓာကို အစဉ်အတိုင်း အောက်မေ့တော်မူ၏၊ ဤသို့ ရှေး၌ နေခဲ့ဘူးသော ခန္ဓာဒွါစဉ်ကို အောက်မေ့တတ်သော သိတတ်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကို ဘုရားလောင်း ကိုယ်တော်မြတ် သည် ညဉ့်ဦးယံ၌ ရတော်မူ၏။

## ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူခြင်း

၁။ ဤပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကို ရတော်မူပြီး သော ဘုရားလောင်းကိုယ်တော်မြတ်အား သန်းခေါင်ယံ၌ ဤသို့ အကြံဖြစ်ပြန်တော်မူ၏၊ "အဘယ်အကြောင်းတရား မဖြစ်သည် ရှိသော် ဇရာမရဏ အိုခြင်း, သေခြင်းသည် မဖြစ်သနည်း၊ အဘယ် တရား၏ ချုပ်ခြင်းကြောင့် ဇရာမရဏသည်ချုပ်သနည်း"၊ ဤသို့ သော အကြံတော်သည် ဖြစ်ပြန်၏၊ ထိုအခါ၌ ဘုရားလောင်း အား အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူခြင်း, ပညာတော် ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏၊ "ဇာတိမရှိသော် ဇရာမရဏသည် မဖြစ်၊ ဇာတိ၏ ချုပ်ခြင်းကြောင့် ဇရာမရဏ သည် ချုပ်၏"၊ ဤသို့ အသိဉာဏ် ဖြစ်တော်မူ၏။

၂။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား ဤသို့ အကြံဖြစ်တော်မူ၏၊ "အဘယ်တရားမရှိသော် ဇာတိ မဖြစ်

သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဇာတိချုပ်သနည်း” ဤသို့ ကြံဆင်ခြင်တော်မူ၏၊ ထိုအခါ ဘုရားလောင်းကိုယ်တော်မြတ်သည် အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏၊ “စင်စစ်အားဖြင့်ကား ဘဝမဖြစ်သည်ရှိသော် ဇာတိမဖြစ်ရာ၊ ဘဝ၏ချုပ်ခြင်းကြောင့် ဇာတိသည် ချုပ်၏”၊ ဤသို့ ပညာတော်ဖြင့် ထိုးထွင်းကြံဆ သိတော်မူရ၏။

၃။ ထို့နောင်မှ “အဘယ်တရား မဖြစ်သည်ရှိသော် ဘဝမဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဘဝသည် ချုပ်သနည်း”၊ ဤသို့ ဘုရားလောင်း ကိုယ်တော်မြတ်အား အကြံတော်သည်ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား “ဥပါဒါန်တရားလေးပါး မဖြစ်သည်ရှိသော် ဘဝသည် မဖြစ်၊ ဥပါဒါန်တရား လေးပါး ချုပ်ခြင်းကြောင့် ဘဝသည် ချုပ်ရာ၏”၊ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူမိခြင် ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၄။ ထို့နောင်မှ “အဘယ်တရား မဖြစ်သည်ရှိသော် ဥပါဒါန် မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်သနည်း”၊ ဤသို့ ဘုရားလောင်း ကိုယ်တော်မြတ်အား အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား “တဏှာမဖြစ်သည်ရှိသော် ဥပါဒါန် မဖြစ်ရာ၊ တဏှာ၏ ချုပ်ခြင်းကြောင့် ဥပါဒါန်သည် ချုပ်၏”၊ ဤသို့

အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၃။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား "အဘယ်တရားဖြစ်သည် ရှိသော် တဏှာ မဖြစ်သနည်း။ အဘယ်တရား၏ ချုပ်ခြင်းကြောင့် တဏှာချုပ်သနည်း"၊ ဤသို့ အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား "ဝေဒနာ မဖြစ်သည်ရှိသော် တဏှာမဖြစ်ရာ၊ ဝေဒနာ၏ချုပ်ခြင်းကြောင့် တဏှာသည် ချုပ်ရာ၏"၊ ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၄။ ထို့နောင်မှ "အဘယ်တရား မဖြစ်သည်ရှိသော် ဝေဒနာမဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဝေဒနာချုပ်ရာသနည်း"၊ ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားအလောင်း ကိုယ်တော်မြတ်အား "ဖဿ မဖြစ်သည် ရှိသော် ဝေဒနာမဖြစ်ရာ၊ ဖဿ၏ ချုပ်ခြင်းကြောင့် ဝေဒနာသည် ချုပ်၏"၊ ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၅။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား "အဘယ်တရား မဖြစ်သည်ရှိသော် ဖဿ မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် ဖဿ ချုပ်သနည်း"၊ ဤသို့သော

အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားအလောင်း ကိုယ်တော်မြတ်အား "သဠာယတန မရှိသော် ဖဿ မဖြစ်ရာ၊ သဠာယတန၏ ချုပ်ခြင်းကြောင့် ဖဿချုပ်၏"၊ ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၈။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား "အဘယ်တရား မဖြစ်သည်ရှိသော် သဠာယတန မဖြစ်ရာသနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် သဠာယတန ချုပ်သနည်း" ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ ဘုရားအလောင်း ကိုယ်တော်မြတ်အား "နာမ်ရုပ်မရှိသော် သဠာယတန မဖြစ်ရာ၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတနသည် ချုပ်၏"၊ ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၉။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား "အဘယ်တရား မဖြစ်သည် ရှိသော် နာမ်ရုပ်မဖြစ်သနည်း၊ အဘယ်တရား၏ ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်သနည်း" ဤသို့သော အကြံတော်သည် ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရား အလောင်း ကိုယ်တော်မြတ်အား "ဝိညာဉ် မဖြစ်သည် ရှိသော် နာမ်ရုပ် မဖြစ်ရာ၊ ဝိညာဉ်၏ ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏"၊ ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏။

၁၀။ ထို့နောင်မှ ဘုရားလောင်း ကိုယ်တော်မြတ်အား "အာယတနတရားမဖြစ်သည်ရှိသော် ဝိညာဉ် မဖြစ်သနည်း၊ အာယတန တရား၏ ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်သနည်း" ဤသို့ကြံတော်မူခြင်းသည် ဖြစ်၏၊ ထိုအခါ ဘုရားလောင်း ကိုယ်တော်မြတ်အား "နာမ်ရုပ် မရှိသော် ဝိညာဉ် မဖြစ်ရာ၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် ဝိညာဉ်ချုပ်၏" ဤသို့ အသင့်အမှန်အားဖြင့် နှလုံးသွင်းတော်မူမိခြင်း, ပညာတော်ဖြင့် ထိုးထွင်း၍ သိတော်မူခြင်းသည် ဖြစ်၏၊ ဤသို့ တွေးတောကြံဆ သုံးသပ် ဆင်ခြင်တော်မူ၏။

ဤတရား အပေါင်းတို့တွင် တဏှာ,ဥပါဒါန်,ဘဝတို့၏ ချုပ်ခြင်းကို မြင်တော်မူသော ဘုရားလောင်း ကိုယ်တော်မြတ်သည် အတိတ်၌ဖြစ်သော အဝိဇ္ဇာသင်္ခါရတို့၏ ချုပ်ခြင်းကိုလည်း မြင်တော်မူ၏၊ အကြင် "နာမရူပနိရောဓာ ဝိညာဏနိရောဓော" အစရှိသော ပဋိစ္စသမုပ္ပါဒ်ကို ငါရပြီ၊ ဤ ပဋိစ္စသမုပ္ပါဒ်တရားသည် သစ္စာလေးပါးတရားကို သိခြင်း၏ အကြောင်းတည်း။

ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလောမ အားဖြင့် အတိတ်ပစ္စုပ္ပန် စပ်၍ အောက်မေ့ သုံးသပ် ဆင်ခြင်တော်မူ၏။

ဘုရားလောင်း ကိုယ်တော်မြတ်အား "နိရောဓော နိရောဓော" ဟု ရှေး၌ သူတပါးတို့၏အထံမှ မကြားဘူးကုန်သော ပဋိစ္စသမုပ္ပါဒ် ပဋိလုံတရားတို့၌ ပညာမျက်စိသည် ဖြစ်၏၊ အပြားအားဖြင့် သိခြင်းသည် ဖြစ်၏၊ ထိုးထွင်း၍ သိခြင်းသည် ဖြစ်၏၊ ပညာဟူသော အလင်းသည် ဖြစ်၏၊ထို့နောင်မှ စတုက္ကနည်းအား

ဖြင့် ရူပါဝစရ ဈာန်လေးပါးသို့ ကပ်၍ စံနေတော်မူ၏၊ ဤသို့ စတုတ္ထဈာန် သမာဓိဖြင့် စိတ် တည်ကြည်သည်ရှိသော် ထက်ဝန်း ကျင် ဖြူစင်သည်ရှိသော် ကိလေသာဟူသော မြူမရှိသည်ရှိသော် ကိလေသာ ကင်းပြီးသည်ရှိသော် နူးညံ့သိမ်မွေ့စွာ ဖြစ်သည် ရှိသော် တန်ခိုး ဘန်ဆင်းခြင်းငှာ ခံ့၍ တည်သည်ရှိသော် မတုန် မလှုပ်သောအဖြစ်သို့ ရောက်သည်ရှိသော် သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို သိတတ်သော ဉာဏ်အလို့ငှာ စိတ်ကို ရှေ့ရှုညွတ်စေ ၏၊ ထို ဘုရားအလောင်း ကိုယ်တော်မြတ်သည် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင်ကို လွန်သော နတ်ဒိဗ္ဗဖြစ်သော မျက်စိဖြင့် စုတေသော သတ္တဝါတို့ကို မြင်တော်မူ၏၊ ပဋိသန္ဓေ နေသော သတ္တဝါတို့ကို မြင်တော်မူ၏၊ ယုတ်ကုန်သော သတ္တဝါ မြတ်ကုန်သော သတ္တဝါတို့ကို သိတော်မူ၏၊ အဆင်းလှကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏၊ အဆင်းမလှကုန် သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏၊ ကောင်း သော အလားရှိကုန်သော သတ္တဝါ၊ မကောင်းသော အလားရှိ ကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိတော်မူ၏၊ ကံအား လျော်စွာ လားသော သတ္တဝါတို့ကို အပြားအားဖြင့် သိတော် မူလေ၏။

"အချင်းတို့....ဤသတ္တဝါတို့သည် ကာယဒုစရိုက်သုံးပါး နှင့် ပြည့်စုံကုန်၏၊ ဝစီဒုစရိုက်လေးပါးနှင့် ပြည့်စုံကုန်၏၊ မနော ဒုစရိုက်သုံးပါးနှင့် ပြည့်စုံကုန်၏၊ အရိယာ သူတော်ကောင်းတို့ကို စွပ်စွဲကဲ့ရဲ့တတ်ကုန်၏၊ မှားသောအယူ ရှိကုန်၏၊ ယုတ်မာသော ပါဏာတိပါတ အစရှိသောအမှုကို စွဲလမ်းကုန်၏၊ ထိုသတ္တဝါ

တို့သည်ခန္ဓာကိုယ်ပျက်သည်မှစုတိစိတ်၏အထက်၌မကောင်းသော သူတို့၏ လားရာဖြစ်သော အစုတ်စုတ် အပြတ်ပြတ် မတ်တတ် စောက်ထိုး မှိုင်းမျှော် တစောင်း ဒသာ င်း ပြောင်း လိမ်ရှုပ် အယုတ်တမာတို့၏ ကျရာဖြစ်သော ချမ်းသာကင်းသော ငရဲသို့ သာလျှင် ဖြစ်ရကုန်၏"။

"အချင်းတို့... ဤသတ္တဝါတို့သည် ကာယသုစရိုက်သုံးပါး နှင့် ပြည့်စုံကုန်၏၊ ဝစီသုစရိုက်လေးပါးနှင့် ပြည့်စုံကုန်၏၊ မနော သုစရိုက်သုံးပါးနှင့် ပြည့်စုံကုန်၏၊ ကောင်းသော အယူရှိကုန်၏၊ ကာယ သုစရိုက် အစရှိသော ကောင်းသောအမှုကို ဆောက်တည် ကုန်၏၊ အရိယာ သူတော်ကောင်းတို့အား မစွပ်စွဲတတ်ကုန်၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်သည်မှ စုတိစိတ်၏ အထက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော နတ်ပြည်သို့ လားရ ကုန်၏"။

ဤသို့လျှင် အထူးသဖြင့် စင်ကြယ်သော လူတို့၏ အမြင် ကို လွန်သော နတ်မျက်စိဖြင့် စုတေသော သတ္တဝါတို့ကို မြင်၏၊ ပဋိသန္ဓေ နေဆဲဖြစ်သော သတ္တဝါတို့ကို မြင်တော်မူ၏၊ ယုတ်ကုန် သော, မြတ်ကုန်သော, အဆင်းလှကုန်သော, အဆင်းမလှကုန် သော, ကောင်းသော အလားရှိကုန်သော, မကောင်းသော အလားရှိကုန်သော, ကံအားလျော်စွာ လားကုန်သော သတ္တဝါ တို့ကို အပြားအားဖြင့် သိတော်မူ၏၊ နှစ်ခုမြောက်သော ဤ ဒိဗ္ဗစက္ခုဉာဏ်တော် သည် သန်းခေါင်ယံ၌ ဖြစ်တော်မူ၏၊ အဝိဇ္ဇာ ပျောက်ကင်း၍ အမိုက်မှောင် ရှင်းလွတ်ပြီးလျှင် ကြွင်းမဲ့ဉာဏ်

အလုံးစုံကို ကုန်စင်စွာ ရွှေဉာဏ်ကွန်ယက်၌ ပြက်ပြက် ကွင်းကွင်း တိလင်းသေချာ သိသာခြားနား ထင်ရှားလင်းခြင်း မြင်တော်မူ ခြင်း အဖြစ်သို့ ရောက်တော်မူလေ၏။

## အာသဝက္ခယဉာဏ်ကို ရတော်မူခြင်း

မိုးသောက်ယံ၌ ဘုရားလောင်း ဆိုက်တော်မြတ်သည် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အာရုံဖြစ်သော ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို ရှေ့ရှုတော်မူ၏၊ ရုပ်သည် ဤသို့သဘောရှိ၏၊ ရုပ်၏ဖြစ်ခြင်းသည် ဤသို့တည်း၊ ရုပ်၏ချုပ်ခြင်းသည် ဤသို့ တည်း၊ ဝေဒနာသည် ဤသို့သဘောရှိ၏၊ ဝေဒနာ၏ ဖြစ်ခြင်း သည် ဤသို့တည်း၊ ဝေဒနာ၏ ချုပ်ခြင်းသည် ဤသို့တည်း၊ သညာသည် ဤသို့သဘောရှိ၏၊ သညာ၏ ဖြစ်ခြင်းသည် ဤသို့ တည်း၊ သညာ၏ ချုပ်ခြင်းသည် ဤသို့တည်း၊ သင်္ခါရသည် ဤသို့သဘောရှိ၏၊ သင်္ခါရ၏ဖြစ်ခြင်းသည် ဤသို့တည်း၊ သင်္ခါရ၏ ချုပ်ခြင်းသည် ဤသို့တည်း၊ ဝိညာဉ်သည် ဤသို့သဘောရှိ၏၊ ဝိညာဉ်၏ ဖြစ်ခြင်းသည် ဤသို့တည်း၊ ဝိညာဉ်၏ချုပ်ခြင်းသည် ဤသို့တည်း၊ ဤသို့ ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို ရှု၍ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ အားဖြင့် စီးဖြန်းသုံးသပ် ဆင်ခြင်တော်မူ၏။

ထို့နောင် စတုက္ကနည်းအားဖြင့် ရူပါဝစရစျာန်လေးပါး သို့ကပ်၍ စံနေတော်မူ၏၊ ဤသို့ ရူပါဝစရ စျာန်သမာဓိဖြင့် စိတ်သည် ကောင်းစွာ တည်ကြည်သည် ရှိသော် စင်ကြယ်သည်

ရှိသော် ဖြူစင်သည်ရှိသော် ကိလေသာတည်း ဟူသော မြူမရှိသည် ရှိသော် ကင်းပြီးသော ကိလေသာရှိသည် ရှိသော် နူးညံ့သိမ်မွေ့သည် ရှိသော် တန်ခိုးဖန်ဆင်းခြင်းငှာ ခံ့သည်ရှိသော် တည်ကြည်သည်ရှိသော် မတုန်မလှုပ်သော အဖြစ်သို့ ရောက်သည် ရှိသော် ဘုရားလောင်း ကိုယ်တော်မြတ်သည် အာသဝေါ တရားတို့ကို ကုန်စေတတ်သော ဉာဏ်အလို့ငှာ စိတ်ကို ရှေ့ရှုညွှတ်စေ၏။

ထိုဘုရားလောင်း ကိုယ်တော်မြတ်သည် ဤလောကီစိတ် ၈၁, လောဘကြဉ်သော စေတသိက် ၅၁, ရုပ် ၂၈, ဤအလုံးစုံသည် ဒုက္ခသစ္စာမည်၏ ဟူ၍ ထိုးထွင်း၍ သိတော်မူ၏၊ ဤလောဘသည်ကား ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာမည်၏ဟု ထိုးထွင်း၍ သိတော်မူ၏၊ ဤနိဗ္ဗာန်သည်ကား ဒုက္ခ၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာမည်၏ဟု သိတော်မူ၏၊ မဂ်လေး ခုဥ္ဖယှဉ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတည်း ဟူသော မဂ္ဂင်ရှစ်ပါးသည် ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာမည်၏ဟု ထိုးထွင်း၍ သိတော်မူ၏၊ တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ,အဝိဇ္ဇာသုံးပါးသည် အာသဝေါမည်၏ဟု ထိုးထွင်း၍ သိတော်မူ၏၊ လောဘသည် အာသဝေါလေးပါးတို့၏ ဖြစ်ကြောင်းဟူ၍ ထိုးထွင်း၍ သိတော်မူ၏၊ နိဗ္ဗာန်သည်ကား အာသဝေါလေးပါးတို့၏ ချုပ်ရာဟူ၍ သိတော်မူ၏၊ မဂ္ဂင်ရှစ်ပါးသည်ကား အာသဝေါလေးပါးတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်ဟု သိတော်မူ၏။

ဤသို့ သိတော်မူသော ဤသို့ မြင်တော်မူသော ဘုရားလောင်း ကိုယ်တော်မြတ်အား စိတ်သည် ကာမာသဝမှ လွတ်၏ဟု အဟုတ်အမှန်ကို ထိုးထွင်း၍ သိတော်မူ၏၊ ဘဝါသဝမှ စိတ်သည် လွတ်၏၊ ဒိဋ္ဌာသဝမှ စိတ်သည် လွတ်၏၊ အဝိဇ္ဇာသဝမှ စိတ်သည် လွတ်၏၊ အာသဝေါ လေးပါးမှ လွတ်ပြီးသော အခါ၌ ငါသည် အာသဝေါ တရား လေးပါးတို့မှ လွတ်ပြီးသည် ဖြစ်၏ဟု အသိဉာဏ် ဖြစ်တော်မူ၏၊ ငါ့အား ပဋိသန္ဓေနေခြင်းသည် ကုန်ပြီ၊ မဂ်တည်းဟူသော အကျင့်ကို ငါသည် သုံးအပ်ပြီ၊ ပြုအပ်သော မဂ်ကိစ္စကိုပြုအပ်ပြီ၊ တပါးသော မဂ်ကိစ္စကို ပြုဘွယ် အလို့ငှာ မရှိပြီဟူ၍ ထိုးထွင်း၍ သိတော်မူ၏၊ ဤသို့လျှင် ဆိုအပ်ပြီးသော နည်းအားဖြင့် အာသဝေါတရားတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကို နေအရုဏ် တက်လူဆဲဆဲ မတက်မီ ရှေးအဘို့၌ ရတော်မူသဖြင့် သစ္စာလေးပါး မှိုက်တရားတို့ကို ကောင်းစွာ မဖေါက်မပြန် မိမိအလိုလို သိတော်မူတတ်သော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၏။

အာသဝက္ခယဉာဏ်ကို ရတော်မူသည်နှင့် တပြိုင်နက် တချက်တည်း သဗ္ဗညုတဉာဏ်, မဟာဝဇိရဉာဏ်, ကရုဏာသမာပတ္တိဉာဏ်, ဝိဇ္ဇာပဋိသမ္ဘိဒါဉာဏ်, ဝေသာရဇ္ဇဉာဏ် ၄, အသာဓါရဏဉာဏ်, အဘိညာဉ်ခြောက်ပါး, ဒသဗလဉာဏ်, နဝဂုဏ်ကိုးပါး, အစိန္တေယျလေးပါး ၁၄, ဗုဒ္ဓဉာဏ် ၁၈, ဗုဒ္ဓဉာဏ် ၄၄, ဉာဏ် ၅၀,ဉဒယဗ္ဗယ ဉာဏ် ၇၁, ဉာဏ် ၇၇, ဉာဏ်, သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်,ဓမ္မတာ အပြားသုံးဆယ်, ခြောက်သွယ်သော

ရောင်ခြည်တော်၊ ဤသို့ အစရှိကုန်သော ဘုရားရှင်၏ ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့သည် အရှုအ်မတက်မီ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် တချက်တည်း ပြည့်စုံတော်မူလေ၏။

အရှင်ဂေါတမ သုံးလူ့အထွတ် သဗ္ဗညု မြတ်စွာဘုရားသည် ဘိုးတော် အဥ္ဇနမင်းကြီးနှင့် အရှင်ဒေဝိလရသေ့ တိုင်ပင်၍ ဖြိုထားအပ်သော ကောဇာသက္ကရာဇ် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဥ့်မိုးသောက်ယံ အရုဏ်မတက်မီ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ထိုနောက် အနာဂါမ်ဖြစ်သော သဟမ္ပတိ ဗြဟ္မာမင်း တောင်းပန်သောကြောင့် မိဂဒါဝုန် ရဂုံသာမော သမင်တော၌ ဓမ္မစကြာတရားကို ဟောတော်မူက တဆယ့်နှစ်ကုဋေ ဗိုလ်ခြေ သိန်းသောင်း အပေါင်းများစွာ လူရောနတ်ပါ ဗြဟ္မာနှင့်တကွ ကျွတ်တမ်း ဝင်ကြရလေကုန်၏၊ လကျ်ာရံကား- ပညာအရာ၌ တေဒဂ်ရတော်မူသော ဥပတိဿ မထေရ်တည်း၊ လက်ဝဲရံကား- တန်ခိုးဣဒ္ဓိပါဒ်အရာ၌ တေဒဂ်ဘားတော်မူသော ကောလိတ မထေရ်တည်း၊ အလုပ်အကျွေးကား- ရှင်အနန္ဒာ မထေရ်တည်း၊ လကျ်ာရံ ရဟန္တာမကား-ဥပ္ပလဝဏ် ထေရီမတည်း၊ လက်ဝဲရံကား-ခေမာမည်သော ရဟန္တာမဘည်း၊ ဥပါသကာ ဒါယကာ ယောကျ်ား အလုပ်အကျွေးကား-စိတ္တ နှင့် ဟတ္ထာဠဝက တို့သည် အကြီးအမှူး နှစ်ယောက်တို့တည်း၊ ဥပါသိကာ ဒါယိကာမ

အလုပ်အားကျူးကား- နန္ဒမာတာ, ဥတ္တရမာတာ မည်သော သူကြွယ်မ နှစ်ယောက်ဘို့ကား အမူးအကြီးတို့တည်း၊ အရပ် ဉာဏ်တော်ကား-တဆယ့်ရှစ် တောင် မြင့်တော်မူ၏၊ အသက် တော်ကား-အနှစ်ရှစ်ဆယ်တိုင်တိုင် ရှည်တော်မူ၏၊ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။

စွယ်တော်မြတ် လေးဆူအပြင် ရှစ်စရွတ် မျှ ပမာဏ အတိုင်းအရှည်ရှိသော ဓာတ်တော်တို့ကိုကား ဒေါဏပုဏ္ဏားက ဝေခြမ်းသဖြင့် အဇာတသတ်မင်းတစရွတ်, ဝေသာလီမင်းတစရွတ်, ကပိလဝတ်မင်းစသော ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ တစရွတ်၊ အလ္လကပ္ပမင်း တစရွတ်,ရာမမင်း တစရွတ်, ဝေဋ္ဌဒီပမင်း တစရွတ်, ပါဝါမင်း တစရွတ်, ကုသိနာရုံမင်း တစရွတ်-အားဖြင့် ရှစ်ပြည်ထောင်သော မင်းတို့အား ရှစ်စရွတ်မျှသော ဓာတ်တော် တို့ကို ပျမ်းမျှကမ်းလှမ်း ဝေခြမ်းပေးအပ်လိုက်ပြီးလျှင် လေးဆူ သော စွယ်တော်မြတ်တို့အနက် လကျ်ာအထက် စွယ်တော်ကို ကား သိကြားမင်း, လကျ်ာအောက် စွယ်တော်ကိုကား ပဏ္ဍသရ နဂါးမင်း, အထက် လက်ဝဲစွယ်တော်ကိုကား ဂန္ဓာလရာဇ်မင်း, အောက်လက်ဝဲစွယ်တော်ကိုကား ကလိင်္ဂရာဇ်မင်းတို့မှစ၍ လူမင်း, နတ်မင်းများ ဆည်းကပ်ရိုကျိုး ရှိခိုးကိုးကွယ် ပသ ပူဇော်ကြကုန် သည် အထင်အရှားတည်း၊ ဒေါဏပုဏ္ဏားလည်း မြွက်ဟမိန့်ကြား မြတ်စွာဘုရား၏ ဗျာဒိတ်တော်မြတ်အတိုင်း ပျမ်းမျှကမ်းလှမ်း ဝေခြမ်းပေးအပ် လိုက်ရပေသတည်း။

## ၆၉။ ရင့်မာတက်ကျိပ်တို့ကို ဆိုခြင်းအကြောင်း

၁။ မေတ္တေယျ
၂။ ရာမမင်း
၃။ ပသေနဒီ ကောသလမင်း
၄။ အဘိဘူနတ်ကြီး
၅။ ဒီဃသောနိ အမည်ရှိသော ရာဟုအသုရိန်
၆။ စင်္ကိပုဏ္ဏား
၇။ သုဘလုလင်
၈။ တောဒေယျပုဏ္ဏား
၉။ နာဠာဂိရိဆင်
၁၀။ ပလလဲဆင်မင်း

ဤတကျိပ်သော ဘုရားအလောင်းတို့သည် အစဉ်အတိုင်း နောင် လာလတ္တံ့သောအခါ၌ သဗ္ဗညုတဉာဏ်သို့ ရောက်ကုန်လတ္တံ့ ။

---

## ၇၀။ အရိမေတ္တေယျ ဘုရားရှင်၏ အကြောင်း

ထိုအခါ အရိမေတ္တေယျ လောကထွတ်တင် လူတွင်ထင်ရှား ဘုရားတဆူ ပွင့်တော်မူလတ္တံ့သော အကြောင်းအထူပွတ္တိကား ဌာနစံပျော် နေပြည်တော်မှာ ကေတုမတီပြည်တည်း၊ ခမည်းတော်ကား သုဗြဟ္မမင်းဆရာခေါ် ပုဏ္ဏားတော်တည်း၊ မြတ်မယ်တော်ကား ဗြဟ္မဝတီ ပုဏ္ဏေးမတည်း။

ဣသိပတန မိဂဒါဝုန်တော၌ အရိမေတ္တယျ အလောင်းတော်ဖြစ်သော အဇိတ လုလင်ကို ဖွားမြင်လေက သင်္ခစကြာဝတေးမင်း ကောက်တော်မူလျက် သားပြု၍ မွေးမြူတော်မူသဖြင့် အရွယ်သို့ ရောက်လတ်သော် စန္ဒမုခိ မင်းသမီးနှင့် နှစ်ပါးစုံဘက် နှစ်သက်ကြည်ရွှင် မင်းပွဲယဉ်က ဗြဟ္မဝဍ္ဎ သားတော်ကို မီးရှူးသန့်စင်ဖွားမြင်တော်မူပြီးလျှင် ဥယျာဉ်ကစား ထွက်တော်မူရာ နတ်များဖန်ဆင်း၍ပြသော နိမိတ်ကြီးလေးပါးကို မြင်ကာ ညတွင်းချင်းတောထွက်တော်မူ၍ ဒုက္ကရစရိယာ ခြောက်ရက်ကျင့်ပြီးမှ စန္ဒမုခိမိဖုရား ကပ်လှူအပ်သော ဃနာနို့ဆွမ်းကို ခံယူသုံးဆောင်တော်မူပြီးလျှင် နေ့အဘို့ နေ့သန့်တော်မူပြီးသော် ညချမ်းသောအခါမှဗောဓိချာ ကန်ကော်ပင်သို့ ခိုဝင် ဆိုက်ရောက်တော် မူလေ က အမြင့် ခြောက်ဆယ့်လေးတောင် အစောက်ရှိသော ရတနာရွှေပလ္လင်ပေါက်၍ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူမိက သစ္စာလေးပါး မြိုက်တရားကို သိမြင်တော်မူပြီးမှ ဣသိပတန မိဂဒါဝုန်ပန်းဥယျာဉ်၌ ဓမ္မစကြာတရားကို ဟောတော်မူက လူရော နတ်ပါများစွာထွေထွေ ကုဋေတသိန်း တွက်ကိန်းညီမျှ ကျွတ်ကုန်ကြ၏။

လက်ျာရံဖြစ်သော ရဟန္တာယောကျ်ားကား အသောကမထေရ်တည်း၊ လက်ဝဲရံကား ဗြဟ္မဒေဝ ရဟန္တာတည်း၊ အလုပ်

အကျေးကား သီဟမထေရ် ရဟန္တာတည်း၊ လက်ျာရံ ထေရီ ရဟန္တာမကား ပဒုမတည်း၊ လက်ဝဲရံကား သုမနထေရီ ရဟန္တာမ တည်း၊ အရိမေတ္တယျ မြတ်စွာဘုရားရှင်၏ အရပ်ဥာဏ်တော်ကား အတောင်ရှစ်ဆယ် သပ္ပါယ်တော်မူလှ၏၊ အသက်တော်ကား ရှစ်သောင်းတိုင်တိုင် ရှည်တော်မူ၏၊ သာသနာတော်ကား အနှစ် သုံးသိန်း ထားတော်မူခဲ့လတ္တံ့သတည်း။

## ၇၁။ လေးသင်္ချေနှင့် ကမ္ဘာတသိန်းထက်၌ ရှေးဘုရားတို့ထံ အလောင်းတော် ဗျာဒိတ်ခံခြင်းအကြောင်း

၁။ ထိုလေးသင်္ချေနှင့် ကမ္ဘာတသိန်း ထက်၌ ပွင့်တော်မူသမျှသော သဗ္ဗညု ရှင်တော်ဘုရားတို့အနက် တဏှင်္ကရာ ဘုရားရှင်သည် စရည်းပင် ၌ ပွင့်တော်မူ သည်၊ အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသော ကြောင့် ရှင်ဂေါတမ ဘုရားအလောင်း တော် ဗျာဒိတ်မခံရသေး။

၂။ မေဓင်္ကရာ ဘုရားရှင်သည် ပေါက်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော် ဗျာဒိတ်မခံရသေး။

၃။ သရဏင်္ကရာ ဘုရားရှင်သည် သံသတ်ပင် ၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော် ဗျာဒိတ်မခံရသေး။

၄။ ဒီပင်္ကရာဘုရားရှင်သည် ညောင်ကြတ်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် သုမေဓါ ရသေ့ဖြစ်၍ ကိုယ်ကိုတံတားခင်းလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၅။ ကောဏ္ဍည ဘုရားရှင်သည် သာလကလျာဏီ ပေါဓိ၌ ပွင့်တော်မူသည်၊ ယင်းသည့် သစ်ပင်ကား အတောင်သုံးဆယ်မျှသော အမြစ်ဖြင့် မြေထဲ၌ တည်ပြီးမှ ပေါက်၍ နေ့ခြင်းကြီးသည်၊ ဘုရားရှင်များ ပွင့်တော်မူသော အခါ စကြဝတေးမင်းများ ဖြစ်တော်မူသော အခါတို့၌သာ ရှိသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ဝိဇိတာဝီ စကြာမင်း ဖြစ်၍ အလှူကြီးပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသတည်း။

၆။ မင်္ဂလာဘုရားရှင်သည် ကန့်ကော်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည်သုရုစိပုဏ္ဏားဖြစ်၍ အလှူကြီးပေးသဖြင့် ဗျာဒိတ် ခံ သော ကြောင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်း ရလေသည်။

၇။ သုမန ဘုရားရှင်သည် ကန့်ကော်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် အတုလနဂါးမင်း ဖြစ်၍ စည်စောင်းငြင်းတို့ဖြင့် ပူဇော် လျက် အလှူကြီးပေး၍ ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေ သည်။

၈။ ရေဝတ ဘုရားရှင်သည် ကန့်ကော်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် အတိဒေဝပုဏ္ဏား ဖြစ်၍ ကိလေသာကို ချိုးဖဲ့ဖျက်ဆီး

ပယ် စွန့် နိုင် ခြင်း ကို ချီးမွမ်းထောပနာ လျက် ကိုယ်ရုံဖြင့် ပူဇော်၍ ဗျာဒိတ်ခံ သဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရ လေသည်။

၉။ သောဘိတ ဘုရားရှင်သည် ကန့်ကောပင် ၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် သုဇာတ ပုဏ္ဏား ဖြစ်၍ အလှူပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေ သည်။

၁၀။ အနောမဒဿီဘုရားရှင်သည် ဖေါက်ကြံ့ ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမဘုရား အလောင်းတော်သည် ဘီလူးစစ်သူကြီး ဖြစ်၍ အလှူပေးလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေ သည်။

၁၁။ ပဒုမဘုရားရှင်သည် ကြောင်လျှာပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် ခြင်္သေ့မင်းဖြစ်၍ ဓမ္မသဘာဝ ပလ္လင်တော်နား၌ ခ,စား လျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ် ပန်းကို ဆင်မြန်းရလေသည်။

၁၂။ နာရဒဘုရားရှင်သည် ကြောင်လျှာပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် ရသေ့ဖြစ်၍ သရက္ခန် နံ့သာဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသောကြောင့် နိယတ ဗျာဒိတ် ပန်းကို ဆင်မြန်းရလေသည်။

၁၃။ ပဒုမုတ္တရ ဘုရားရှင်သည် အင်ကြင်းပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် ဇဋိလ မင်းဖြစ်၍ သင်္ကန်းလှူလျက် ဗျာဒိတ်ခံသောကြောင့်

နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေ
သည်။

၁၄။ သုမေဓဘုရားရှင်သည် ထိန်ပင်၌ပွင့်တော်
မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်း
တော်သည် ဥတ္တရ ပုဏ္ဏား လု လင် ဖြစ် ၍
ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတ
ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၁၅။ သုဇာတဘုရားရှင်သည် ကြခတ်ဝါးပင်
ရင်း၌ ပွင့် တော် မူ သည်၊ ရှင်ဂေါတမ
ဘုရားအလောင်းတော်သည် စကြာမင်း
ဖြစ်၍ ရတနာ ခု နှစ် ပါး တို့ နှင့် တ ကွ
လေးကျွန်းလုံးကို စွန့်လှူလျက် ဗျာဒိတ်
ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်း
ရလေသည်။

၁၆။ ပိယဒဿီ ဘုရားရှင်သည် ရေခံတက်ပင်၌
ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား
အလောင်းတော်သည် ကဿပ ပုဏ္ဏား

ဖြစ်၍ သံဃာအာရာမ်လှူလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၁၇။ အတ္ထဒဿီ ဘုရားရှင်သည် စကားပင်၌ ပွင့်တော်မူသည်၊ ဘုရားအလောင်းတော်သည် သုသီမ အမည်ရှိသော ပုဏ္ဏားသူဌေးဖြစ်၍ ထင်ရှားပန်းဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၁၈။ ဓမ္မဒဿီ ဘုရားရှင်သည် သံသတ်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် သိကြားမင်း ဖြစ်၍ ပန်းနံ့သာ, စည်, စောင်းငြင်းတို့ဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၁၉။ သိဒ္ဓတ္ထ ဘုရားရှင်သည် မဟာလေ့ကား ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားလောင်းတော်သည် မင်္ဂလ ရသေ့ ဖြစ်၍ ဇမ္ဗူ့သပြေသီးဖြင့် ပူဇော်လျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၂၀။ တိဿဘုရား ရှင် သည် ပိ တောက် ပင် ၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရား အလောင်းတော်သည် သုဇာတ မင်းဖြစ် ၍ ရသေ့ပြုပြီးလျှင် နတ် ၌ ဖြစ် သော ယင်ရှားပန်း, ကက္ကူရူပန်း, ကြာပဒုမာ ပန်း, ပင်လယ်ကသစ်ပန်းတို့ဖြင့် ပူဇော် ပြီးလျှင် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ် ပန်းကို ဆင်းမြန်းရလေသည်။

၂၁။ ဖုဿာဘုရားရှင်သည် ကြက်ဆူပင် ၌ ပွင့် တော် မူ သည်၊ ရှင် ဂေါ တ မ ဘုရား အလောင်းတော်သည် ဝိဇိတာဝီ မင်းဖြစ်

၍ ရဟန်းပြုလျက် ဗျာ ဒိတ် ခံ သ ဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၂၂။ ဝိပဿီ ဘုရားရှင်သည် သခွပ်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် အတုလ နဂါးမင်းဖြစ်၍ ရတနာအင်းပျဉ်လှူလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၂၃။ သိခီဘုရားရှင်သည် ပုဏ္ဍရိက်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် အရိန္ဒမမင်း ဖြစ်၍ ဆင်ရတနာကို လှူလျက် ဗျာဒိတ်ခံသဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၂၄။ ဝေဿဘူ ဘုရားရှင်သည် အင်ကြင်းပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် သုဒဿန မင်းဖြစ်၍ သက်န်းလှူလျက် ဗျာဒိတ် ခံ သ ဖြင့် နိယတဗျာဒိတ်ပန်းကို ဆင် မြန်း ရ လေသည်။

၂၅။ ကကုသန်ဘုရားရှင်သည် ကုက္ကိုပင် ၌ ပွင့်တော် မူ သည်၊ ရှင် ဂေါ တ မ ဘုရားအလောင်းတော်သည် ခေမ မင်းဖြစ်၍ ဆေးမျိုးလှူလျက် ဗျာ ဒိတ် ခံ သ ဖြင့် နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၂၆။ ကောဏာဂုံ ဘုရားရှင်သည် ရေသဖန်းပင်၌ ပွင့်တော်မူသည်၊ရှင်ဂေါတမဘုရားအလောင်းတော်သည် ပဗ္ဗတ မင်းဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင် မြန်း ရ လေ သည်။

၂၇။ ကဿပဘုရားရှင်သည် ပညောင်ပင်၌ ပွင့်တော်မူသည်၊ ရှင်ဂေါတမ ဘုရားအလောင်းတော်သည် ဇောတိပါလ ပုဏ္ဏားဖြစ်၍ ရဟန်းပြုလျက် ဗျာဒိတ်ခံသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသည်။

၂၈။ ငါတို့သုံးလူ့ထွတ်တင် အရှင်ဂေါတမ ဘုရားသည်ညောင်ဗုဒ္ဓေါပင်၌ပွင့်တော်မူသည်၊အရိမေတ္တေယျ ဘုရားအလောင်းတော် အဇိတ ရဟန်းကို ဗျာဒိတ်ပေးတော်မူသဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းရလေသတည်း။

## ၇၂။ နှစ်ကျိပ်ရှစ်ဆူဘုရား

၁။ တဏှင်္ကရာဘုရား
၂။ မေဓင်္ကရာဘုရား
၃။ သရဏင်္ကရာဘုရား
၄။ ဒီပင်္ကရာဘုရား
၅။ ကောဏ္ဍညဘုရား
၆။ မင်္ဂလဘုရား
၇။ သုမနဘုရား
၈။ ရေဝတဘုရား
၉။ သောဘိတဘုရား
၁၀။ အနောမဒဿီဘုရား
၁၁။ ပဒုမဘုရား
၁၂။ နာရဒဘုရား
၁၃။ ပဒုမုတ္တရဘုရား
၁၄။ သုမေဓဘုရား

၁၅။ သုဇာတဘုရား
၁၆။ ပိယဒဿီဘုရား
၁၇။ အတ္ထဒဿီဘုရား
၁၈။ ဓမ္မဒဿီဘုရား
၁၉။ သိဒ္ဓတ္ထဘုရား
၂၀။ တိဿဘုရား
၂၁။ ဖုဿဘုရား
၂၂။ ဝိပဿီဘုရား
၂၃။ သိခီဘုရား
၂၄။ ဝေဿဘူဘုရား
၂၅။ ကကုသန်ဘုရား
၂၆။ ကောဏာဂုံဘုရား
၂၇။ ကဿပဘုရား
၂၈။ ဂေါတမ ဘုရား-ဟူ၍သတည်း။

## ဓါတ်တော်အပြားလေးပါး

၁။ ဘုရားဓာတ်တော်,
၂။ ပစ္စေကဗုဒ္ဓါဓာတ်တော်,
၃။ ရဟန္တာဓာတ်တော်,
၄။ စကြဝတေးမင်းဓာတ်တော်,
ဤသည်လျှင် လေးပါးတည်း။

## ဂေါတမဘုရား၏ဗျာဒိတ်ခံအဖြစ်တော်

ခြင်္သေ့တပါး၊ နဂါးနှစ်ဦး၊ ဘီလူးတခါ၊ ဣန္ဒာတဖြစ်၊ လူဇာတ်ဆယ့်ကိုး၊ မင်းမျိုးဗြဟ္မသတ်၊ စက္ကဝတ်ဒွေး၊ သူဌေးကောမာဏဝသုံး၊ နှလုံးသိမ်မွေ့၊ ရသေ့ပဥ္စ၊ သမဏနော၊ အရောရာဖြင့်၊ ရှင်စောမြတ်စွာ၊ တို့ဆရာလျှင်၊ ကမ္ဘာသိန်းနေ၊ သင်္ချေ လေး ထပ်၊ ဆယ့် နှစ် ကပ် တွင်၊

သဗ္ဗညုတ၊ဗုဒ္ဓတံဆိပ်၊ ငါးမာရ်နှိပ်သား၊ နှစ်ကျိပ်လေးပါး၊ ရှင်တော်များ၌၊ ဝပ်တွားကျိုးနွံ၊ ဗျာဒိတ်ခံ၍၊ သယမ္ဘူစစ်၊ ကိုယ်တော်ဖြစ်သည်။ ။သုံးခေတ်မကိုဋ္ဋ သျှောင်ပန်းတည်း။

## ကမ္ဘာနှင့်ဘုရား

တဆူသာရ၊ ဒွေးမဏ္ဍနှင့်၊ ဝရသုံးဖြာ၊ သာရမဏ္ဍ၊ လေးဗုဒ္ဓတည်၊ ဘဒ္ဒမူကား၊ ငါးထွေပြားသား၊ ဘုရားနှင့်ကပ်၊ ပညပ်ငါးအင်၊ ကမ္ဘာတွင်၌၊ ဒီပင်, မင်္ဂလ၊ သုမနနှင့်၊ ရေဝတ,သောဘိ၊ အညီကောန်၊ သာရမဏ်တည့်၊ တဖန်ထိုမှ၊ ကောဏ္ဍညသမ္ဗုဒ်၊ ပဒုမုတ်က၊သိဒ္ဓတ္ထ,ဝိပဿီ၊တွင်ညီသာရ၊အနောမတခြား၊ပဒုမ,နာရဒကား ဝရမည်သာ၊ သုမေဓ,သုဇာတ၊ မြတ်တိဿနှင့်၊ ဖုဿဟူပြီ၊ သိခီ,ဝေဿဘူ၊ အတူမဏ္ဍ၊ ကြွင်းထသုံးလူ့၊ ကကုသန္ဓ၊

ကောဏာဂမနနှင့်၊ ကဿပ မြတ်စွာ၊ ပွင့်ရာဘဒ္ဒ၊ အကျဉ်းပြသည်၊ ဗုဒ္ဓဘုရား ငါးတန်တည်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်း အထူပွတ် အ ရုပ် ရုပ် စ ကား အစီအစဉ် များကို သောဘတ္တကီ မဟာ နိ ဒါန်း, အဋ္ဌသာလိနီ, ဗုဒ္ဓဝင်အဋ္ဌကထာ စသော ကျမ်းများမှာ ဆို ရ ည်။

## သတိပြုဘွယ်

၁။ ပိဋကတ်ပင်လယ်၊ နယ်ကျယ်၊ အလွယ် တတ်ပြီမထင်နှင့်။

၂။ တနည်းတွေ့ရုံ၊ ကျမ်းမစုံ၊ အာရုံတယ်၍ မတင်းနှင့်။

၃။ ကေစိသဘော၊ ဟကျမ်းဟော၊ အပြော တယ်၍ မပြင်းနှင့်။

## ၇၃။ သိဒ္ဓတ်မင်းသား၏ မိဖုရားငါးပါး သားတော်ငါးပါးတို့ အကြောင်း

ကဿပဟု၊ ဗုဒ္ဓမြတ်စွာ၊ သုံးရွာသခင်
မြတ်ချစ်ရှင်၏၊ ဗုဒ္ဓမွေခံ၊ နာမံမည်မှတ်၊
သိဒ္ဓတ်မင်းအား၊ မြောက်သားငါးယောံ၊
ကြီးမြောက်ယသော်၊ ထိုရော်သုမိတ္တာ၊
ကဥ္စနနှင့်၊ မင်္ဂလဟူ၊ ဘွဲ့မူသာယာ၊
မလ္လိကာ မိဖုရား၊ စဉ်လိုက်ထားမှ၊
သားကားငါးယောက်၊ ကြီးမြောက်
နန်းလျာ၊ ရာဟုလာဟု၊ ရေးမှတ်ပြုရ၊
ထိုမှတဝ၊သုမိတ္တာလျှင်၊မွေးမြင်သည်သား၊
အများခေါ်ကြ၊ သားပုတ္တာလျှင်၊ အမည်
တွင်မှု၊ ကဥ္စနမိဖုရား၊ မွေးသည်သား
ကား၊ အများတွင်ခေါ်၊ သားတော်
ဥပရောဂ၊ တွင်ပေစွဟု၊ မင်္ဂလဟူ၊
သားတော်မူလည်း၊ ထိုတူမည်ရ၊ ထိုမှ
တပါး၊ မိဖုရားမလ္လိကာ၊ သားတော်မှာ

လည်း၊ မည်သာတွင်ဘိ၊ ဇာတိဝရ၊
ပေါင်းစုကလည်း၊ ပဥ္စပုတ္တ၊ ဘွဲ့တော်
ရ၏၊ အရိယငါး၊ ဖြစ်ကြောင်းများကို၊
နောက်သားသိမြင်၊ ဗုဒ္ဓဝင်မှ၊ အကျဉ်း
ပြ၏၊ ထိုမှတဖန်၊အမှန်သိရ ဒိဿနိကာယ်
အကျယ်ကျမ်းပြ၊ သိပ္ပါရ၏၊ လောက
သခင်၊ လူတွင်လူမြတ်၊ သိဒ္ဓတ်မင်းသား၊
ဘုရားအနွယ်၊ ကျဉ်းကျယ်ထုတ်ပြ၊
လေးဝသောသူ၊ လေးမျိုးလူတို့၊ သိယူလို
ငြား၊ မှတ်သားစိမ့်ငှာ၊ ပျို့ကဗျာနှင့်၊
လင်္ကာငြိမ့်ဖြောင်း၊ ဉာဏ်ဖြင့်လောင်း၍
ထုံးဟောင်းသက်သေ၊ ကျမ်းကိုဖွေမှ၊
တွေ့ပါကလည်း၊ ခဏမကြာ၊ ကဗျာ
စီကုံး၊ အကျဉ်းရုံး၍၊ နောင်ထုံးစဉ်လာ၊
မျိုးလေးဖြာတို့၊ သိသာခြားနား၊
မှတ်သားစရာ၊ ကျမ်းလာအလို၊ လင်္ကာ
ဆိုသည်၊မှတ်လိုသူတို့ သိကြောင်းတည်း။

## ၇၄။ နှစ်ကျိပ်ရှင်ဆူစေတီတော်များ အကြောင်း

မဟာကပ္ပေါ၊ သင်္ချေလေးရပ်၊ ကပ်,
တသိန်းမျှ၊ ပွင့်ကုန်ကြသော၊ ဗုဒ္ဓသရီ၊
စေ တီ တော် ဝယ်၊ သ ပ္ပါယ် တင့် ဆုံး၊
မြေမှုန့်လုံးမျှ၊ ကျုံးမကသည်၊ သုံးလူ့
ဘုံလွန်၊ ဘုရားမွန်တို့၊ ရည်ညွှန်ဓမ္မဓာတ်
ကိန်း ဝပ် စံ ပျော်၊ စေတီတော်ဝယ်၊
ဉာဏ်တော်နှိမ့်မြင့်၊ အ ချင့် အ စောက်၊
မြင့်မောက်သရီ၊ ဒီပင်္ကရာ၊ ထွတ်ချာ
ဘုန်းစည်၊ ရွှေစေတီမှာ၊ ခြောက်သာ
သုံးဆယ်၊မြင့်ဖြူးသွယ်၏၊တင့်တယ်ထွန်းပ
မင်္ဂလာအကျော်၊ စေတီတော်မှာ၊ သင်္ချာ
တွက်မူ၊ ယူဇနာသုံးဆယ်၊ မြင့်သွယ်
မောက်မောက်၊မိုးတိမ်ရောက်၏၊ ထိုနောင်
ရှင်စော၊ အနောမဒဿီ၊ စေတီတော်
စောက်၊ မြင့်မောက်ဖြူးသွယ်၊ နှစ်ဆယ့်

ငါးယူဇနာ၊ သင်္ချာပမာဏ၊ သပ္ပါယ်လျှ၏
ထိုမှုလွတ်တု၊ ပဒုမုတ္တရ၊ နာမသညီ၊ စေတီ
မြင့်မောက်၊ ထွန်းတောက် ဖြူး သွယ်၊
တဆယ့်နှစ်ယူဇနာ၊ အာ ကာ စွင့် စွင့်၊
မြင့်ထက်မြင့်၏၊ သုံးဆင့်အညီ၊ ပိယဒဿီ
ဓမ္မဒဿီ၊ တိဿ၊ သိဒ္ဓိ၊ သ ညီ လေး ဆူ၊
ဘုန်းလူထွန်းပေါ်၊ စေ တီ တော် ကား၊
တောဇော်ရေတူ၊ သုံးယူဇနာ၊ သင်္ချာ
ဖြိုးတင့်၊ မိုဃ်းသို့မြင့်၏၊ စွင့်စွင့်ငွါးငွါး၊
မိုဃ်းဖျားတိမ်ဝ၊ သုမန၊ နာရဒ၊ သိဒ္ဓတ္ထမူ၊
သုံး ဆူ အ ညီ၊ စေ တီ တော် စောက်၊
ဖြိုးမောက်ပျံ့မွှေး၊ လေးယူဇနာ၊ ညီညာ
သဖြင့်၊ မိုဃ်းတိမ်မြင့်၏၊ တိုးဆင့်ရှင်ကြည်
ဝိပဿီနှင့်၊ မည်တော်ကောဏ္ဍည၊ ဗုဒ္ဓ
နှစ်ဆူ၊ ခုနှစ်ယူဇနာ၊ သင်္ချာပမာဏ၊
မြင့်ကုန်ကြ၏၊ ကဿပရှင်ပင်၊ စေတီတွင်
ကား၊ ပ ရန် မျှား ချည့်၊ မရှုကြည့်ဘဲ၊

စိဘိ၍သာ၊ တယူဇနာ၊ မှန်စွာရွှေရှု၊
ဉာဏ်တော်ပု၏၊ သုဇာတမြတ်၊ မွေခတ်
သရီ၊ စေတီတော်မှာ၊ သုံးဂေါသာ
တည့်၊ ထွက်ချာလူ့ဘ၊ ကကုသန္ဓ၊ ဝံသ
ခြေရွှေ၊ စေတီတော်သည်း၊ တဂေါ
တည်းမြှင့်၊ ဘုန်း မီး တောက် ပြောင်၊
လောင်အုံ့ရွှေလျှံ၊ စေတီတော်သည်၊
စောက်ခေါဉာဏ်မြှင့်မောက်ဖူးတည်း။

ဆုထူးပန် ဗုဒ္ဓဝင် ပြီးပြီ

# ဆုထူးပန်
# ဗုဒ္ဓဝင်

